# ၂၀၁၁ ခုနှစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့

# နှစ်ပတ်လည်မှတ်တမ်း







စီမံရေးနှင့်လေ့ကျင့်ရေး ညွှန်ကြားရေးမှူးရုံးက စီစဉ်ထုတ်ဝေသည်

# ဒို့တာဝန်အရေး (၃) ပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | **ရည်မှန်းချက်တာဝန်(၄)ရပ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း** | | |
| ၁ | **နိဒါန်း** | ၁ | |
| | (က) မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ မူဝါဒများ | ၁ | |
| | (ခ) ရည်မှန်းချက်တာဝန်များ | ၁ | |
| | (ဂ) လုပ်ငန်းတာဝန်များ | ၂ | |
| | (ဃ) မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖွဲ့စည်းပုံ | ၂ | |
| | (င) မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ပါဝင်သောအဖွဲ့အစည်းများ | ၃ | ၅ |
| | (စ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်ပါဝင်သောအဖွဲ့အစည်းများ | ၆ | ၇ |
| ၂။ | **ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး** | | |
| | (က) သောင်းကျန်းသူလှုပ်ရှားမှု | ၈ | ၉ |
| | (ခ) ရဲတပ်ဖွဲ့ဝင်များ တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်လျက် သောင်းကျန်းသူများနှင့် တိုက်ပွဲဖြစ်ပွားမှုများ | ၉ | |
| | (ဂ) နိုင်ငံတော်အဆင့် အခမ်းအနားများ၌ လုံခြုံရေးဆောင်ရွက်ချက် | ၉ | ၁၄ |
| | (ဃ) နိုင်ငံတော်ကာကွယ်ရေးအရန်အင်အားစု တည်ဆောက်ရေး ဆောင်ရွက်ချက် | ၁၄ | ၁၈ |
| ၃။ | **တရားဥပဒေစိုးမိုးရေး** | | |
| | (က) အမှုကြီး(၁၀)မျိုး၊ အခြားအမှု(၇)မျိုး၊ ကြိုတင်ကာကွယ်မှု(၉)မျိုး၊ တရားစွဲတင်မှုများ | ၁၉ | ၂၀ |
| | (ခ) အမှုကြီး(၁၀)မျိုး၊ အခြားအမှု(၇)မျိုး၊ ကြိုတင်ကာကွယ်မှု(၉)မျိုး ဖြစ်ပွားမှု နှိုင်းယှဉ်ချက် | ၂၀ | ၂၂ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | (ဂ) ၂၀၁၁ ခုနှစ်အတွက် အမှုကြီး(၁၀)မျိုး၊ အခြားအမှု(၇)မျိုး၊ ကြိုတင်ကာကွယ်မှု(၉)မျိုး၊ စွဲတင်၊ ပြီးပြတ်၊ အပြစ်ကျ၊ တရားသေ/ ရှင်လွှတ်၊ အယူခံပြင်ဆင်တက်ရောက်မှုများ | ၂၃ | ၂၇ |
| | (ဃ) လောင်းကစားပပျောက်ရေး ဆောင်ရွက်ချက် | ၂၈ | |
| | (င) ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေအတည်ပြု ပြဋ္ဌာန်းခြင်း | ၂၉ | |
| | (စ) ဓါတုဗေဒစစ်ဆေးရေးဌာန၏ လုပ်ရှားဆောင်ရွက်မှုများ | ၂၉ | ၃၃ |
| | (ဆ) နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေး ဆောင်ရွက်ချက်များ | ၃၄ | |
| | (၁) လူကုန်ကူးတားဆီးနှိမ်နင်းရေးအထူးအဖွဲ့များ တိုးချဲ့ဖွဲ့စည်းခြင်း | ၃၅ | |
| | (၂) ထူးခြားသည့် လူကုန်ကူးမှုခင်းများ | ၃၅ | |
| | (၃) လူကုန်ကူးခံရသူများ၊ လွှဲပြောင်းပေးမှု | ၃၅ | |
| | (၄) ဆွေးနွေးပွဲများ ဆောင်ရွက်မှု | ၃၅ | ၃၇ |
| | (၅) သင်တန်းပို့ချမှုများ | ၃၇ | ၃၈ |
| | (၆) ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု | ၃၈ | ၄၁ |
| ၄။ | **မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး** | ၄၂ | |
| | (က) တားဆီးနှိမ်နင်းရေးဆောင်ရွက်ချက်များ | ၄၂ | ၄၃ |
| | (ခ) ဘိန်းခင်းများ ဖျက်ဆီးခြင်း | ၄၄ | |
| | (ဂ) စိတ်ကြွရူးသွပ်ဆေးပြားရိုက်စက်များဖမ်းဆီးခြင်း | ၄၅ | |
| | (ဃ) မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားများကျင်းပခြင်း | ၄၅ | ၄၉ |
| | (င) နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း | ၅၀ | ၅၁ |
| | (စ) နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း | ၅၂ | ၅၉ |
| | (ဆ) မူးယစ်ဗဟိုအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း | ၅၉ | ၆၇ |

မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
| --- | --- | --- | --- |
| | | မှ | ထိ |
| ၅။ | **ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေး** | ၆၈ | ၇၂ |
| ၆။ | **၂၀၁၁ ခုနှစ်အတွင်း ထူးခြားမှုခင်းဖော်ထုတ်မှုများ** | ၇၃ | |
| | (က) ရွှေပြည်သာသုံးလောင်းပြိုင်လူသတ်မှု | ၇၄ | ၇၅ |
| | (ခ) ပျဉ်းမနားမြို့တွင် လူသေအလောင်း ဖျောက်မှုအားဖော်ထုတ်ခြင်း | ၇၆ | ၇၉ |
| | (ဂ) လှိုင်လင်ရဲစခန်း မယ(ပ) ၁၁/၂၀၁၁ မူး/စိတ် ၁၅/၁၉(က)/၂၁ | ၇၉ | ၈၁ |
| | (ဃ) တာချီလိတ်ရဲစခန်း မယ(ပ) ၃၄/၂၀၁၁ မူး/စိတ်၁၅/၁၉(က)/၂၁ | ၈၁ | ၈၆ |
| | (င) တောင်ကြီးရဲစခန်း(ပ) ၂၅၆/၂၀၁၁ ပုဒ်မ ၃၈၀ | ၈၆ | ၈၇ |
| | (စ) မုံရွာရဲစခန်း(ပ) ၄၂၄/၂၀၁၁ ပုဒ်မ ၃၇၉/၅၄ | ၈၈ | |
| | (ဆ) တမူးရဲစခန်း(ပ) ၂၉၇/ ၂၀၁၁ လက်နက်ပုဒ်မ ၁၉-က | ၈၉ | |
| | (ဇ) ကလေးရဲစခန်း (ပ) ၂၉၇/ ၂၀၁၁ လက်နက်ပုဒ်မ ၁၉-က | ၈၉ | |
| | (ဈ) မြဝတီရဲစခန်း (ပ) ၁၀၄/၂၀၁၁၊ ၁၀၅/ ၂၀၁၁ လက်နက်ပုဒ်မ ၁၉-က၊ ပုဒ်မ ၄၈၉(ခ)/ ၄၈၉(ဂ) (ပ) ၁၁၆/၂၀၁၁၊ ၁၁၇/ ၂၀၁၁ ပုဒ်မ ၄၈၉(ခ)/ ၄၈၉(ဂ ) | ၉၀ | ၉၄ |
| | **တည်ဆောက်ရေးတာဝန်(၄) ရပ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း** | ၉၅ | |
| ၇။ | **စိတ်ဓါတ်ဖြင့် တည်ဆောက်ခြင်း** | ၉၆ | |
| | (က) စံပြရဲ၊ ရဲကျင့်ဝတ် စာမေးပွဲများ ကျင်းပခြင်း | ၉၆ | ၉၈ |
| | (ခ) လုပ်ငန်းတာဝန်ထူးချွန်စွာ ထမ်းဆောင်မှုကြောင့် ဂုဏ်ပြုဆုချီးမြှင့်မှုများ | ၉၉ | ၁၀၀ |
| | (ဂ) စည်းကမ်းမလိုက်နာမှုကြောင့် အပြစ်ပေးအရေးယူမှုများ | ၁၀၀ | ၁၀၄ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | (ဃ) ရဲတပ်သားသစ်စုဆောင်းရေး စီမံချက်(မင်းသား ၂) | ၁၀၄ | ၁၀၆ |
| | (င) ပုံရိပ်စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်မှု | ၁၀၆ | ၁၀၉ |
| | (စ) မြန်မာနိုင်ငံရဲတပ်ဖွဲ့စည်းရုံးရေးကော်မတီ ဆောင်ရွက်ချက်များ | ၁၁၀ | ၁၁၆ |
| ၈။ | **လေ့ကျင့်ရေးဖြင့် တည်ဆောက်ခြင်း** | | |
| | (က) ပြည်တွင်းသင်တန်းများ စေလွှတ်တက်ရောက်မှု | ၁၁၇ | ၁၁၉ |
| | (ခ) ပြည်ပသင်တန်းများ စေလွှတ်တက်ရောက်မှု | ၁၂၀ | ၁၂၁ |
| | (ဂ) ဘာသာရပ်ပို့ချရန် သင်ခန်းစာများ ပြုစုပေးခြင်း | ၁၂၁ | |
| | (ဃ) ပြိုင်ပွဲများ ကျင်းပခြင်း | ၁၂၁ | |
| | (င) မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုဇာတ်လမ်းရိုက်ကူးထုတ်လွှင့်ခြင်း | ၁၂၂ | |
| | (စ) နှစ်လည်မဂ္ဂဇင်း ရိုက်နှိပ်ဖြန့်ဝေခြင်း | ၁၂၂ | ၁၂၅ |
| ၉။ | **သက်သာချောင်ချိရေးဖြင့် တည်ဆောက်ခြင်း** | ၁၂၆ | |
| | (က) စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ခြင်း | ၁၂၆ | ၁၂၇ |
| | (ခ) သာရေး/ နာရေး၊ လူမှုရေး၊ ရန်ပုံငွေ ဆောင်ရွက်မှု | ၁၂၈ | |
| | (ဂ) သာရေး/နာရေး၊ လူမှုရေး၊ ရန်ပုံငွေထောက်ပံ့မှု | ၁၂၈ | ၁၃၁ |
| | (ဃ) အားကစားဆောင်ရွက်ချက်များ | ၁၃၂ | ၁၃၄ |
| ၁၀။ | **အုပ်ချုပ်ရေးဖြင့် တည်ဆောက်ခြင်း** | ၁၃၅ | |
| | (က) အကြီးအကဲများ စစ်ဆေးခြင်း | ၁၃၅ | ၁၄၂ |
| | (ခ) ပြည်သူလူထုပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း | ၁၄၃ | ၁၄၄ |
| | (ဂ) ပြည်သူအမှန်တကယ် အသိအမှတ်ပြုသော ရဲအစစ်ဖြစ်ရေး ဆောင်ရွက်ခြင်း | ၁၄၅ | |
| | (ဃ) ဖွဲ့စည်းရေးဆိုင်ရာဆောင်ရွက်ချက်များ | ၁၄၅ | ၁၅၄ |
| | (င) ဆက်သွယ်ရေး ဆောင်ရွက်ချက်များ | ၁၅၄ | ၁၅၇ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | (စ) ဘွဲ့ထူး/ဂုဏ်ထူးနှင့် ဆုချီးမြှင့်မှု | ၁၅၈ | |
| ၁၁။ | **ထောက်ပံ့ရေးဆိုင်ရာ ဆောင်ရွက်ချက်များ** | | |
| | (က) ရဲစခန်းများ မြေဂရန်ရရှိရေး၊ ရေ၊ မီးရရှိရေး ဆောင်ရွက်ပေးမှု | ၁၅၉ | |
| | (ခ) အဆောက်အဉီများ ဆောက်လုပ်ခြင်း | ၁၅၉ | ၁၆၀ |
| | (ဂ) မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များရရှိခြင်း | ၁၆၀ | ၁၆၁ |
| | (ဃ) လက်နက်၊ ခဲယမ်းများ တပ်ဆင်ထုတ်ပေးခြင်း | ၁၆၁ | ၁၆၂ |
| | (င) စက်ကိရိယာများ ဝယ်ယူဖြည့်ဆည်းခြင်း | ၁၆၂ | |
| | (စ) စက်သုံးဆီခွဲတမ်း တိုးမြှင့်ရရှိခြင်း | ၁၆၂ | |
| | (ဆ) ရိက္ခာငွေ ၅၀၀ိ/- တိုးမြှင့်ခံစားခွင့်ပြုခြင်း | ၁၆၂ | ၁၆၄ |
| ၁၂။ | **နိဂုံး** | ၁၆၅ | |

## ရည်မှန်းချက်တာဝန်(၄) ရပ်

- ပြည်တွင်း လုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး။
- တရားဥပဒေစိုးမိုးရေး။
- မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး။
- ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေး။

## သစ္စာလေးချက်

၁။ ငါတို့သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ သစ္စာကို စောင့်သိရိုသေပါမည်။

၂။ ငါတို့သည် တရားဥပဒေနှင့်အညီ တိတိကျကျ မှန်မှန်ကန်ကန် ရပ်တည် ဆောင်ရွက်ပါမည်။

၃။ ငါ့အား အထက်မှပေးအပ်သော အမိန့်နှင့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပါမည်။

၄။ ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်ဖွဲ့အတွက် ငါ၏ အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏။



ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို



ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်



မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ် ကျော်ကျော်ထွန်း



ဒုတိယရဲချုပ် ရဲမှူးချုပ် ဇော်ဝင်း



ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် ခင်မောင်စီ



ရဲဇရးချုပ် ရဲမှူးချုပ် သိန်းတင်



ရဲထောက်ချုပ် ရဲမှူးချုပ် ဝင်းစိုး



မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ကျော်ကျော်ထွန်း

# ရဲချုပ်၏ဥယျောဇဉ်

ယနေ့ဆိုလျှင် နိုင်ငံတော်အစိုးရသည် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလမ်းကြောင်းကို ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာတွင် ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေး လမ်းကြောင်းသစ်သို့ စနစ်တကျ အောင်မြင်စွာ ကူးပြောင်း တည်ဆောက်နိုင်ခဲ့ပြီဖြစ်သည်။ စစ်မှန်စိုင်မာသည့် ဒီမိုကရေစီနှင့် လောကပါလတရားများ ထွန်းကားသော နိုင်ငံတော်သစ်ကြီး တည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက် ကြရာတွင် အခြေခံအကျဆုံးဖြစ်သည့် တရားဥပဒေစိုးမိုးရေးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက် တာဝန်တစ်ခုလည်းဖြစ်ပေသည်။

ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအတွက် အရေးကြီးဆုံးလုပ်ငန်းစဉ်ဖြစ်သည့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ် (Good Governance)နှင့် သန့်ရှင်းသောအစိုးရ (Clean Government) ပေါ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက် လျက်ရှိရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ကျောသားရင်သားမခွဲခြားဘဲ " တရားဥပဒေနှင့်အညီ တိတိကျကျ မှန်မှန်ကန်ကန် ရပ်တည်ဆောင်ရွက်ပါမည် "ဆိုသည့် သစ္စာလေးချက်ပါ အတိုင်း အလေးထားလိုက်နာဆောင်ရွက်လျက်ရှိပေသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် တရားဥပဒေနှင့်အညီ မှန်ကန်စွာတာဝန်ထမ်းဆောင်နိုင်ရန်အတွက် ရဲလုပ်ငန်းစွမ်းရည်မြင့်မားရေး၊ လုပ်ထုံးလုပ်နည်းများ ပိုင်နိုင်ကျွမ်းကျင်ရေးနှင့် ပြည်သူလူထုပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရေးတို့မှာ အထူးအရေးကြီးလှပေသည်။

မျက်မှောက်ကာလတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကိုသာမက ပြည်တွင်းလုံခြုံရေးတာဝန်များကိုပါ တာဝန်ယူထမ်းဆောင်နေပြီဖြစ်ရာ ရဲတပ်ဖွဲ့ဝင်တိုင်း၏ စိတ်ဓါတ်၊ စည်းကမ်းနှင့် အရည်အသွေး မြင့်မားပြည့်ဝရေးတို့မှာ ပိုမိုအရေးပါလာပြီဖြစ်သည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်သူ့ရင်သွေးများဖြင့် ဖွဲ့စည်းထားသည့်အတိုင်း ပြည်သူ့အကျိုးစီးပွားကို အလေးထားကာ တရားဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်အလုပ်အကျွေးပြုရင်း မွန်မြတ်လှသည့် ရည်မှန်းချက်တာဝန်(၄)ရပ်ကို ဦးထိပ်ပန်ဆင်လျက် အနာဂတ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဂုဏ်ရောင် ထွန်းပြောင်စေမည့် ရဲတပ်ဖွဲ့ဝင်ကောင်းများဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးအနက်ထား တိုက်တွန်းအပ်ပေသည်။

ရဲချုပ်

# ရည်မှန်းချက်တာဝန် (၄) ရပ်
# အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

## ရည်မှန်းချက်တာဝန် (၄) ရပ်

- ပြည်တွင်း လုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး။
- တရားဥပဒေစိုးမိုးရေး။
- မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး။
- ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေး။

# မြန်မာနိုင်ငံရဲတပ်ဖွဲ့

## နိဒါန်း

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ ဌာနကြီး ၃ ခုနှင့် တပ်ဖွဲ့တစ်ခုအနက် တစ်ခုတည်းသော တပ်ဖွဲ့ဖြစ်ပါသည်။ တပ်မတော်နှင့် ညီနောင်သဖွယ် လက်တွဲ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံသစ် တည်ဆောက်ရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နေသော ဒုတိယလက်နက်ကိုင်အဖွဲ့အစည်းဖြစ်ပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် မိမိ၏ အဓိကတာဝန်ဖြစ်သော ပြည်တွင်း လုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီး ကာကွယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေးတာဝန်များကို သစ္စာ(၄)ချက် ဦးထိပ်ရွက်လျက် ကျေပွန်စွာဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံသူ၊ နိုင်ငံသားများ တရားဥပဒေစိုးမိုးမှုအောက်တွင် အေးချမ်းသာယာစွာနေထိုင်နိုင်ရေး၊ လုပ်ကိုင်စားသောက် နိုင်ရေးတို့သည် အဓိကကျသည့်အလျောက် အဆိုပါတာဝန်များ အောင်မြင်စွာဆောင်ရွက် နိုင်ရန် မူဝါဒ(၃)ရပ်ကို အခြေခံကာ ရည်မှန်းချက်တာဝန် (၄)ရပ်နှင့် လုပ်ငန်းတာဝန်(၆)ရပ် တို့ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

### မူဝါဒ(၃)ရပ်

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော် ဆောင်ရွက်ရာ တွင် အောက်ပါမူဝါဒ(၃)ရပ်ကို လမ်းညွှန်ချက်အဖြစ် ခံယူဆောင်ရွက်လျက်ရှိပါသည်-

(က) မျိုးချစ်စိတ်ရှိရမည်။

(ခ) စွမ်းရည်ပြည့်ဝရမည်။

(ဂ) ခေတ်မီရမည်။

### မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်(၄)ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပြည်တွင်း လုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး။

(ခ) တရားဥပဒေစိုးမိုးရေး။

(ဂ) မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး။

(ဃ) ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေး။

## မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုပ်ငန်းတာဝန်

ရည်မှန်းချက်တာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အောက်ပါ လုပ်ငန်းတာဝန်(၆)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်-

(က) ပြစ်မှုမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေး။

(ခ) ဖြစ်ပွားသောပြစ်မှုများကို စုံစမ်းစစ်ဆေးဖော်ထုတ်တရား စွဲတင်ရေး။


(ဂ) နိုင်ငံတော်အတွင်း စည်းကမ်းသေဝပ်တည်ငြိမ်ရေး။

(ဃ) ပြည်သူလူထုလုံခြုံရေး။

(င) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်ကို တားဆီးနှိမ်နင်းရေး။

(စ) ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေး။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**




မှတ်ချက်။ - ကွပ်ကဲရေးမှူးရုံးအင်အားသည် ဌာနချုပ်အင်အားဖြစ်သည်။
ဌာနချုပ်အင်အားတွင် ဌာနချုပ်အရန်အင်အားထည့်သွင်းပြီး။
- နစရ (၁)၊(၂) ဖွဲ့စည်းပုံဖျက်သိမ်းပြီး။

နိုင်ငံတော်သမ္မတရုံး၊ အစိုးရအဖွဲ့၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာနတို့၏ အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ဖွဲ့စည်းထားသော အဖွဲ့အစည်းများတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ပါဝင်သော အဖွဲ့အစည်းများ-

| စဉ် | အဖွဲ့အစည်း/ကော်မတီ | ရဲချုပ် | မှတ်ချက် |
|---|---|---|---|
| ၁ | မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများအန္တရာယ်တားဆီး ကာကွယ်ရေး ဗဟိုအဖွဲ့(တားဆီးနှိမ်နင်းရေးကြီးကြပ်မှု အဖွဲ့) | ဥက္ကဋ္ဌ | မူးယစ်ဗဟိုအဖွဲ့၏ ၂၄-၁၁-၂၀၁၁ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၁ |
| ၂ | ပြည်ထဲရေးဝန်ကြီးဌာန အားကစား ကော်မတီ | ဥက္ကဋ္ဌ | ပြည်ထဲရေးဝန်ကြီးဌာန၏ ၂-၃-၂၀၀၄ ရက်စွဲပါစာအမှတ်၊ ၁၁၀၁(ဝ၅)/ ၈၂၆/ ရေး ၂ |
| ၃ | လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ် ပေးရေးအဖွဲ့ | ဒုဥက္ကဋ္ဌ | လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ ၂၇-၂-၂၀၀၆ အမိန့်အမှတ် ၁/ ၂၀၀၆ |
| ၄ | ဘင်္ဂလီမ်စတက်အဖွဲ့၏ တတိယအကြိမ် မြောက် ထိပ်သီးအစည်းအဝေးတွင် လုံခြုံလည်လှေလာ ကြည့်ရှုစီမံပေးရေး ဆပ်ကော်မတီ | ဒုဥက္ကဋ္ဌ | နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဖွဲ့စည်းမိန့်တင်ပြထားဆဲ။ |
| ၅။ | နိုင်ငံခြားသားများ ကြီးကြပ်ထိန်းသိမ်း စောင့်ရှောက်ရေးကော်မတီ | အတွင်းရေးမှူး | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ၂၁-၆-၁၉၉၆ ရက်စွဲပါစာအမှတ်၊ ၁၀၅/၁(၃-၁)/ နဝတ |
| ၆ | ပြည်ထဲရေးဝန်ကြီးဌာန စည်းရုံးရေး ကော်မတီ | အတွင်းရေးမှူး | ၉-၁၁-၁၉၉၈ ရက်နေ့တွင် ဖွဲ့စည်းသည်။ |
| ၇ | မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေ သော ဆေးဝါးများအန္တရာယ် တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့ | အတွင်းရေးမှူး | ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာ ၁၇/၂၀၁၁ |
| ၈ | ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး ဗဟိုအာဏာပိုင်အဖွဲ့ | အတွင်းရေးမှူး | အစိုးရအဖွဲ့၏ ၆-၆-၂၀၀၄အမိန့်ကြော်ငြာစာအမှတ် ၆/ ၂၀၀၂ |
| ၉ | တရားမဝင် နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ဗဟိုထိန်းချုပ်ရေးအဖွဲ့ | အတွင်းရေးမှူး | အစိုးရအဖွဲ့၏ ၂၇-၅-၂၀၁၁ အမိန့် ကြော်ငြာစာအမှတ် ၁၀/ ၂၀၁၁ |

| စဉ် | အဖွဲ့အစည်း/ကော်မတီ | ရဲချုပ် | မှတ်ချက် |
|---|---|---|---|
| ၁၀ | လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ | အတွင်းရေးမှူး | အစိုးရအဖွဲ့၏၁၂-၂-၂၀၀၆ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၂/၂၀၀၆ |
| ၁၁ | သေနတ်ကိုင်ဆောင်ခွင့် လိုင်စင်/ပါမစ် စိစစ်ရေးအဖွဲ့ | အဖွဲ့ဝင် | ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန၏၁၈-၅-၁၉၇၇ရက်စွဲပါစာအမှတ်၊ ၁၀၃/၁၄/ ရအဖ |
| ၁၂ | နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီပြင်ဆင်ဖွဲ့စည်းခြင်း အပိုဒ် (ထ)မှ ပြည်ထဲရေးဆိုင်ရာလုပ်ငန်းဆပ်ကော်မတီ | အဖွဲ့ဝင် | နိုင်ငံတော်သမ္မတရုံး၏အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၁ |
| ၁၃ | မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့ | အဖွဲ့ဝင် | နိုင်ငံတော်သမ္မတရုံး၏အမိန့်ကြော်ငြာစာအမှတ် ၅၃/၂၀၁၁ |
| ၁၄ | ပုံနှိပ်သူများ ထုတ်ဝေသူများ မှတ်ပုံတင် နှင့် စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှု ဗဟိုအဖွဲ့ | အဖွဲ့ဝင် | နိုင်ငံတော်သမ္မတရုံး၏အမိန့်ကြော်ငြာစာအမှတ် ၄၀/၂၀၁၁ |
| ၁၅ | အမျိုးသားမြို့ပြလေကြောင်း လုံခြုံရေး ကော်မတီ | အဖွဲ့ဝင် | ပြည်ထောင်စုအစိုးရအဖွဲ့၏အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၁ |
| ၁၆ | ရေကြောင်းသင်္ဘောနှင့် ဆိပ်ကမ်းဆိုင်ရာ လုံခြုံရေးကြီးကြပ်မှုကော်မတီ | အဖွဲ့ဝင် | ပြည်ထောင်စုအစိုးရအဖွဲ့၏အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၁ |
| ၁၇ | ဘင်းမ်စတက်အဖွဲ့၏ တတိယအကြိမ်မြောက် ထပ်သီးအစည်းအဝေးတွင် ဆက်သွယ်ရေး ဆပ်ကော်မတီနှင့် လုံခြုံရေးဆပ်ကော်မတီ | အဖွဲ့ဝင် | နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဖွဲ့စည်းမိန့်တင်ပြထားဆဲ။ |
| ၁၈ | မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်ကာကွယ် စောင့်ရှောက်ရေးအဖွဲ့တွင် လုံခြုံရေးဆပ် ကော်မတီ | အဖွဲ့ဝင် | မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့၏ ၁-၁၁-၂၀၁၁ရက်စွဲပါစာအမှတ် ၃-၅/၄၀(က)/၅၁၅၇ |

| စဉ် | အဖွဲ့အစည်း/ကော်မတီ | ရဲချုပ် | မှတ်ချက် |
|---|---|---|---|
| ၁၉ | မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့တွင် အရေးပေါ်ကာလ ထောက်ပံ့ရေးနှင့် အမိုးအကာထူထောင်ရေးဆပ်ကော်မတီ | အဖွဲ့ဝင် | မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့၏ ၁-၁၁-၂၀၁၁ရက်စွဲပါစာအမှတ် ၃-၅/၄၀(က)/၅၁၅၇ |
| ၂၀ | မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့တွင် ပို့ဆောင်ရေးနှင့် လမ်းကြောင်း ရှင်းလင်းရေး ဆပ်ကော်မတီ | အဖွဲ့ဝင် | မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့၏ ၁-၁၁-၂၀၁၁ရက်စွဲပါစာအမှတ် ၃-၅/၄၀(က)/၅၁၅၇ |
| ၂၁ | ဗဟိုအစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ | အဖွဲ့ဝင် | ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်၊ ၁/ ၂၀၀၂ |
| ၂၂ | အစားထိုးဖွံ့ဖြိုးရေး ကြီးကြပ်မှုအဖွဲ့ | အဖွဲ့ဝင် | မူးယစ်ဗဟိုအဖွဲ့၏ ၂၄-၁၁-၂၀၁၁ အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၁၁ |

နိုင်ငံတော်သမ္မတရုံး၊ အစိုးရအဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာနတို့၏ အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ဖွဲ့စည်းထားသော အဖွဲ့အစည်းများတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ပါဝင်သော အဖွဲ့အစည်းများ-

| စဉ် | အဖွဲ့အစည်း/ကော်မတီ | ဒုတိယရဲချုပ် | မှတ်ချက် |
|---|---|---|---|
| ၁ | မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့ | ဥက္ကဋ္ဌ | မူးယစ်ဗဟိုအဖွဲ့၏ ၂၄-၁၁-၂၀၁၁ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၁ |
| ၂ | မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထုတ်လုပ်ရာတွင် အသုံးပြုသော ဓါတုပစ္စည်းများ ကြီးကြပ်ရေး အဖွဲ့ | ဥက္ကဋ္ဌ | မူးယစ်ဗဟိုအဖွဲ့၏ ၂၄-၁၁-၂၀၁၁ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၁ |
| ၃ | မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ကြီးကြပ်မှု လုပ်ငန်းအဖွဲ့ | အတွင်းရေးမှူး | မူးယစ်ဗဟိုအဖွဲ့၏ ၂၄-၁၁-၂၀၁၁ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၁ |
| ၄ | မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့၏ လုံခြုံရေးဆပ်ကော်မတီ | အတွင်းရေးမှူး | မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေး အဖွဲ့၏၁-၁၁-၂၀၁၁ရက်စွဲပါ စာအမှတ်၃-၅/၄၀(က)/၅၁၅၇ |
| ၅ | ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဗဟိုအာဏာပိုင် အဖွဲ့ | တွဲဖက် အတွင်းရေးမှူး | အစိုးရအဖွဲ့၏ ၆-၆-၂၀၀၄ ရက်စွဲပါအမိန့်ကြော်ငြာစာ အမှတ်၊ ၂၀/၂၀၀၄ |
| ၆ | ပြည်ထဲရေးဝန်ကြီးဌာန အားကစား ကော်မတီ | အဖွဲ့ဝင် | ပြည်ထဲရေးဝန်ကြီးဌာန၏ ၂-၃-၂၀၀၄ ရက်စွဲပါစာအမှတ်၊ ၁၁၀၁(၀၅)/ ၈၂၆/ ရေး ၂ |
| ၇ | ဖမ်းဆီးရမိသောမူးယစ်ဆေးဝါးများ စီမံခန့်ခွဲရေးအဖွဲ့ | အဖွဲ့ဝင် | မူးယစ်ဗဟိုအဖွဲ့၏ ၂၄-၁၁-၂၀၁၁ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၁ |
| ၈ | နိုင်ငံခြားရေးမူဝါဒ ကော်မတီ | အဖွဲ့ဝင် | နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်၄၆/၂၀၁၁ |

| စဉ် | အဖွဲ့အစည်း/ကော်မတီ | ဒုတိယရဲချုပ် | မှတ်ချက် |
|---|---|---|---|
| ၉ | မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ | အဖွဲ့ဝင် | ပြည်ထောင်စုအစိုးရအဖွဲ့ အမိန့် ကြော်ငြာစာအမှတ် ၁၇/၂၀၁၁ |
| ၁၀ | မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့တွင် အရေးပေါ်ကာလကွပ်ကဲမှုဆပ်ကော်မတီ | အဖွဲ့ဝင် | မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့၏ ၁-၁၁-၂၀၁၁ရက်စွဲပါစာအမှတ် ၃-၅/၄၀(က)/၅၁၅၇ |
| ၁၁ | မြန်မာ- ထိုင်းဒေသဆိုင်ရာ နယ်ခြားကော်မတီ | အဖွဲ့ဝင် | အစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၄၃/၂၀၁၁ |

## ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး

**သောင်းကျန်းသူလှုပ်ရှားမှု**

၂၀၁၁ ခုနှစ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ် များ အလိုက်သောင်းကျန်းသူလှုပ်ရှားမှုအနေဖြင့် ကချင်ပြည်နယ်တွင် (၃၃၂)ကြိမ်၊ ကယားပြည်နယ်တွင် (၆)ကြိမ်၊ ကရင်ပြည်နယ်တွင် (၁၀၇)ကြိမ်၊ ချင်းပြည်နယ်တွင် (၂)ကြိမ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် (၂)ကြိမ်၊ တနင်္သာရီတိုင်း ဒေသကြီးတွင် (၆)ကြိမ်၊ ပဲခူးတိုင်းဒေသကြီးတွင် (၂၃)ကြိမ်၊ မန္တလေးတိုင်းဒေသကြီးတွင် (၃)ကြိမ်၊ မွန်ပြည်နယ်တွင် (၃၃)ကြိမ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် (၄)ကြိမ်၊ ရှမ်းပြည်နယ်တွင် (၁၆၀)ကြိမ်၊ ဧရာဝတီတိုင်း ဒေသကြီးတွင် (၃)ကြိမ်၊ စုစုပေါင်းအကြိမ် (၆၈၃)ကြိမ် ရှိပါသည်။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် ထူးခြားလှုပ်ရှားမှုများအနေဖြင့် အောက်ပါအတိုင်းဖြစ်ပွါးခဲ့ပါသည်-

(က) **ပစ်ခတ်သတ်ဖြတ်ဖျက်ဆီးမှုဖြစ်စဉ်။** (၈၀)ကြိမ် ဖြစ်ပွားခဲ့ရာ ပြည်သူသေဆုံး ၈၈ ဦး၊ ဒဏ်ရာရ ၇၅ ဦး၊ ယန္တရားယာဉ် ၃ စီး၊ CDMA စက်ခန်း ၁ ခု၊ ကွန်ပျူတာ ၁ လုံး၊ ကင်မရာ ၁ လုံး၊ လက်ကိုင်ဖုန်း ၂ လုံး၊ ရွှေထည်ပစ္စည်း ၃ မျိုး၊ ဆိုင်ခန်း ၄ ခန်း၊ ရုံးဌာနအဆောက်အဦ ၁ လုံး ပျက်စီး၍ ငွေကျပ် ၁၃. ၂ သိန်းအားလုယက်ယူဆောင်သွားခဲ့ပါသည်။

(ခ) **မိုင်းထောင်ဖောက်ခွဲမှုဖြစ်စဉ်။** မိုင်းထောင်ဖောက်ခွဲမှုအကြိမ် (၂၇၅) ကြိမ်ဖြစ်ပွားခဲ့ရာ သေဆုံး ၃၁ ဦး၊ ဒဏ်ရာရ ၉၀ ဦး၊ မော်တော်ယာဉ် ၁၁ စီး၊ ယန္တရားယာဉ် ၁၁ စီး၊ ရုံးဌာန အဆောက်အဦ ၂၆ လုံး၊ တံတား ၈၉ စင်း၊ ကြိုးတံတား ၇ စင်း၊ ရထားသံလမ်း ၁၈ နေရာ၊ ရထားတွဲ ၁ တွဲ ၊ ဇလီဖားတုံး ၁၃ တုံး၊ ကားလမ်း ၁၈ နေရာ၊ နေအိမ် ၃၁ လုံး၊ တာဝါတိုင် ၁၀ တိုင်၊ ဖုန်းလိုင်းတိုင် ၂ တိုင်၊ ဓါတ်အားလိုင်းတိုင် ၄ တိုင်၊ ရေယာဉ် ၂ စီး၊ သံဖောင် ၂ ခု၊ ဆိုင်ကယ်/စက်ဘီး ၂ စီး တို့ ပျက်စီးခဲ့ပါသည်။

(ဂ) **ဖမ်းဆီးခေါ်ဆောင်မှု၊ ဆက်ကြေးငွေနှင့် လုယက်ယူဆောင်မှုဖြစ်စဉ်။** (၁၃၅) ကြိမ်ဖြစ်ပွားခဲ့ရာ မော်တော်ယာဉ် ၄ စီးနှင့် လက်ကိုင်ဖုန်း ၁ လုံးတို့အားလုယက်ယူဆောင်သွားခဲ့ပြီး ဖမ်းဆီး ၇၂၆ ဦးတွင် လွတ်/ထွက်ပြေး ၁၂၉ ဦးဖြစ်ရာဖမ်းဆီးထားဆဲ ၅၉၇ ဦးဖြစ်ပါသည်။ ဆက်ကြေးငွေ ၆၂၀. ၁၇ သိန်းယူဆောင်သွားခဲ့ပါသည်။

(ဃ) **မီးရှို့ဖျက်ဆီးမှုဖြစ်စဉ်။** (၂၈) ကြိမ်ဖြစ်ပွားခဲ့ရာ မော်တော်ယာဉ် ၁၁ စီး၊ ယန္တရားယာဉ် ၈ စီး၊ လက်ကိုင်ဖုန်း ၁ လုံး၊ ရွှေထည်ပစ္စည်း ၅ မျိုး၊ ရုံးဌာနအဆောက်အဦ ၇ လုံး၊ အစိုးရမှူလတန်းကျောင်း ၁ ကျောင်း၊ တံတား ၇ စင်း၊ ကြိုးတံတား ၁ စင်း၊ နေအိမ်/တဲအိမ် ၄၁ လုံးတို့အားဖျက်ဆီးခဲ့ပါသည်။

(င ) **မိုင်းနင်းမိမှုဖြစ်စဉ်။** (၁၀၉) ကြိမ်ဖြစ်ပွားခဲ့ရာ သေဆုံးသူ ၂၄ ဦး၊ ဒဏ်ရာရ ၁၃၃ ဦး၊ မော်တော်ယာဉ် ၂ စီး၊ လှည်း ၁ စီးပျက်စီးခဲ့ပါသည်။

(စ ) **မိုင်း/ဗုံး တွေ့ရှိမှုဖြစ်စဉ်။** (၄၀) ကြိမ်ဖြစ်ပွားခဲ့ရာ မိုင်း/ဗုံး ၅၂ လုံး တွေ့ရှိခဲ့ပါသည်။

## ရဲတပ်ဖွဲ့များ၊ တပ်မတော်နှင့်ပူးပေါင်းလျက် သောင်းကျန်းသူများနှင့် တိုက်ပွဲဖြစ်ပွားမှုများ

၂၀၁၁ ခုနှစ်အတွင်း ကချင်ပြည်နယ်ရဲတပ်ဖွဲ့တွင် ၂၄ ကြိမ်၊ ကယားပြည်နယ် ရဲတပ်ဖွဲ့တွင် ၁ ကြိမ်၊ ကရင်ပြည်နယ်ရဲတပ်ဖွဲ့တွင် (၁၀)ကြိမ်၊ စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့တွင် (၂)ကြိမ်၊ မွန်ပြည်နယ်ရဲတပ်ဖွဲ့တွင် (၃)ကြိမ်၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့တွင် (၁၉)ကြိမ်၊ စုစုပေါင်း (၅၉)ကြိမ် ဖြစ်ပွားခဲ့ပါသည်။ ရန်သူ့အလောင်း ၂ လောင်း၊ အရှင် ၁၀ ဦး၊ အမာခံ ၈ ဦး ဖမ်းဆီးရမိပြီး လက်နက် ၁၃ လက်၊ ခဲယမ်း ၃၂ တောင့်နှင့် ငွေကျပ် ၁၂ သိန်းခန့် သိမ်းဆည်းရမိကာ အလင်းဝင်ရောက်မှု ၃ ကြိမ်တွင် အင်အား ၂၀၊ လက်နက် ၁၂ လက်၊ ခဲယမ်း ၂၉၆ တောင့်၊ ဗုံး/မိုင်း ၂၅ လုံးနှင့် ဆက်သွယ်ရေးစက် ၂ လုံး တို့ ပါရှိခဲ့ပါသည်။

## နိုင်ငံတော်အဆင့် အခမ်းအနားများ၌ လုံခြုံရေး ဆောင်ရွက်ခဲ့မှုအခြေအနေ

**မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား။** ၂၃-၁-၂၀၁၁ ရက်နေ့ ညနေပိုင်းတွင် ၂၀၀၉ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားအား နေပြည်တော် မြို့တော်ခန်းမ လေဟာပြင်ဇာတ်ရုံ၌ ကျင်းပပြုလုပ်ခဲ့ရာ အရာရှိ(၈၆)ဦး၊ အခြားအဆင့် (၄၅၃)ဦး၊ စုစုပေါင်း (၅၃၉) ဦးဖြင့် လုံခြုံရေးဆောင်ရွက်ခဲ့ပါသည်။

**လွတ်လပ်ရေးနေ့အခမ်းအနား။** ၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနားကို နေပြည်တော်မြို့တော်ခန်းမ၌ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ အရာရှိ (၁၁၆)ဦး၊ အခြားအဆင့် (၇၇၂)ဦး၊ စုစုပေါင်း (၈၈၈) ဦးဖြင့်လုံခြုံရေး ဆောင်ရွက်ခဲ့ပါသည်။

**ပြည်ထောင်စုနေ့အခမ်းအနား။** ၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက်၊ ပြည်ထောင်စု နေ့၊ နိုင်ငံတော်အလံတင်အခမ်းအနား၊ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားနှင့် အထိမ်းအမှတ် ညစာစားပွဲ အခမ်းအနားများကို ၁၂-၂-၂၀၁၁ ရက်နေ့တွင် နေပြည်တော်မြို့တော်ခန်းမရင်ပြင်၌

ကျင်းပပြုလုပ်ခဲ့ရာ အရာရှိ(၁၀၀)ဦး၊ အခြားအဆင့်(၅၅၃)ဦး၊ စုစုပေါင်း(၆၅၃)ဦးဖြင့် လုံခြုံရေးဆောင်ရွက်ခဲ့ပါသည်။

**ဥပ္ပါတသန္တိစေတီတော် ဝါဆိုသင်္ကန်းကပ်လှူပွဲအခမ်းအနား။** ဥပ္ပါတသန္တိစေတီတော် ဝါဆိုသင်္ကန်း ကပ်လှူပွဲအခမ်းအနားကို ၁၂-၇-၂၀၁၁ ရက်မှ ၁၄-၇-၂၀၁၁ ရက်နေ့ထိ နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်တွင် ကျင်းပပြုလုပ်ခဲ့ရာ ရဲတပ်ဖွဲ့ဝင်အင်အား အရာရှိ(၆၃)ဦး၊ အခြားအဆင့်(၅၀၅)ဦး၊ စုစုပေါင်း(၅၆၈)ဦးဖြင့် လုံခြုံရေးဆောင်ရွက်ခဲ့ပါသည်။

**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအခမ်းအနား။** (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအား ၁၄-၁၀-၂၀၁၁ ရက်မှ ၂၅-၁၀-၂၀၁၁ ရက်နေ့ထိ နေပြည်တော်ရှိ MICC ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် အမှတ်(၇)တည်းခိုရေး စခန်းတို့တွင် ကျင်းပပြုလုပ်ခဲ့ရာ ရဲတပ်ဖွဲ့ဝင်အင်အား အရာရှိ(၁၆၂)ဦး၊ အခြားအဆင့်(၉၁၂)ဦး၊ စုစုပေါင်း(၁၀၇၄)ဦးဖြင့် လုံခြုံရေးဆောင်ရွက်ခဲ့ပါသည်။

**ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ပူဇော်ခံခြင်းအခမ်းအနား။** အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

(က) **နေပြည်တော်။** တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား နေပြည်တော်၊ ဥပ္ပါတသန္တိ စေတီတော်တွင် ၆-၁၁-၂၀၁၁ ရက်မှ ၂၁-၁၁-၂၀၁၁ ရက်နေ့ထိ ကိန်းဝပ်အပူဇော်ခံစဉ် ရဲတပ်ဖွဲ့ဝင်အင်အား အရာရှိ(၇၂)ဦး၊ အခြားအဆင့်(၅၀၆)ဦး ၊ စုစုပေါင်း(၅၇၈)ဦးဖြင့် လုံခြုံရေး ဆောင်ရွက်ခဲ့ပါသည်။

(ခ) **ရန်ကုန်မြို့။** ရန်ကုန်မြို့ရှိ ကမ္ဘာအေးစေတီ၊ မဟာပါသာဏလိုဏ်ဂူ၌ ၂၂-၁၁-၂၀၁၁ ရက်မှ ၇-၁၂-၂၀၁၁ ရက်နေ့ထိ ရဲတပ်ဖွဲ့ဝင်အင်အား အရာရှိ(၁၀၃)ဦး၊ အခြားအဆင့်(၁၂၂၃)ဦး၊ စုစုပေါင်း(၁၃၂၆)ဦးဖြင့် လုံခြုံရေးဆောင်ရွက်ခဲ့ပါသည်။

(ဂ) **မန္တလေးမြို့။** မန္တလေးမြို့ရှိ မဟာအတုလဝေယံ(အတုမရှိ)ကျောင်းတော်၌ ၈-၁၂-၂၀၁၁ ရက်မှ ၂၄-၁၂-၂၀၁၁ ရက်နေ့ထိ ရဲတပ်ဖွဲ့ဝင်အင်အား အရာရှိ(၂၀၈)ဦး၊ အခြားအဆင့်(၈၆၀)ဦး၊ စုစုပေါင်း(၁၀၆၈)ဦးဖြင့် လုံခြုံရေးဆောင်ရွက်ခဲ့ပါသည်။

**(၁၁)ကြိမ်မြောက်အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဆိုင်ရာဝန်ကြီး အဆင့်အစည်းအဝေးနှင့်(၁၂)ကြိမ်မြောက် အာဆီယံကြေးနန်း ဆက်သွယ်ရေးနှင့် သတင်းအချက် အလက်နည်းပညာဆိုင်ရာအဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး။** ၅-၁၂-၂၀၁၁ ရက်မှ ၉-၁၂-၂၀၁၁ ရက်ထိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနတွင် ကျင်းပပြုလုပ်ခဲ့ရာ ရဲတပ်ဖွဲ့ဝင်အရာရှိ(၂၀၈)ဦး၊ အခြားအဆင့် (၈၆၀)ဦး၊

စုစုပေါင်း(၁၀၆၈) ဦးဖြင့် လုံခြုံရေးဆောင်ရွက်ပေးခဲ့ပါသည်။

**စတုတ္ထအကြိမ် GMS ထိပ်သီးအစည်းအဝေး။** စတုတ္ထအကြိမ် GMS ထိပ်သီး အစည်းအဝေးကို နေပြည်တော်၊ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနတွင် ၁၈-၁၂-၂၀၁၁ ရက်မှ ၂၀-၁၂-၂၀၁၁ ရက်ထိ ကျင်းပပြုလုပ်ခဲ့ရာ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံနှင့် အာရှဖွံ့ဖြိုးရေး ဘဏ်တို့မှ ကိုယ်စားလှယ် စုစုပေါင်း ၄၇၈ ဦးတက်ရောက်ခဲ့ပြီး ရန်ကုန်နှင့် နေပြည်တော်တို့တွင် ရဲတပ်ဖွဲ့ဝင်အရာရှိ(၄၀၈)ဦး၊ အခြားအဆင့်(၂၁၉၀)ဦး၊ စုစုပေါင်း(၂၅၉၈)ဦးဖြင့် လုံခြုံရေးဆောင်ရွက်ခဲ့ပါသည်။

**လိုင်စင်မဲ့မော်တော်ယာဉ်သိမ်းဆည်းရမိမှုနှင့် အပ်နှံပြီးစီးမှုအခြေအနေ။** ၂၀၁၁ ခုနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့နယ်မြေများအတွင်း လိုင်စင်မဲ့မော်တော်ယာဉ် ၅၀၀ စီး သိမ်းဆည်းရမိပြီး ယင်းသိမ်းဆည်းရမိသည့် ယာဉ်များအနက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီး ဌာနသို့ လွှဲပြောင်းအပ်နှံခဲ့သည့် ယာဉ် ၄၄၄ စီး၊ တရားရုံးများသို့ အပ်နှံခဲ့သည့်ယာဉ် ၉ စီး၊ လိုင်စင်ရှိ၍ ပိုင်ရှင်ပြန်ပေးခဲ့သည့် ယာဉ် ၁၅ စီး၊ ရဲစခန်းထိန်းသိမ်းထားရှိ ယာဉ် ၃၂ စီးရှိပါသည်။ ရဲစခန်းထိန်းသိမ်းထားရှိယာဉ် ၃၂ စီးအား သက်ဆိုင်ရာ ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၏ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း အတည်ပြု ပြန်ကြားချက်ရရှိပါက အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသို့ အမြန်အပ်နှံနိုင်ရေး ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

အများပြည်သူစိတ်ဝင်စားသည့်မှုခင်းများ၊ ထူးခြားသည့်မှုခင်းများကို အောက်ပါအတိုင်း ဖော်ထုတ်နိုင်ခဲ့ပါသည်-

(က) **ရန်ကုန်-မန္တလေး အမှတ်(၃)အဆန်ရထားဗုံးပေါက်ကွဲမှု**

(၁) ၁၈-၅-၂၀၁၁ ရက် ၁၅၅၄ နာရီအချိန် ရန်ကုန်- မန္တလေး အမှတ်(၃)အဆန် ရထားသည် တပ်ကုန်းမြို့နယ်၊ ရွှေမြို့ဘူတာနှင့် ဆင်သေဘူတာအကြား မိုင်တိုင်အမှတ် ၂၄၉/၂ အနီးတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ပြီး အမျိုးသား ၄ ဦး၊ အမျိုးသမီး ၅ ဦး ဒဏ်ရာရ ရှိခဲ့သဖြင့် တပ်ကုန်း ရဲစခန်း(ပ) ၁၀၄/၂၀၁၁၊ ၁၉၀၈ ခုနှစ်၊ ပေါက်ကွဲစေတတ်သောအရာဝတ္ထုများအက်ဥပဒေပုဒ်မ ၃ ဖြင့် အမှုဖွင့် အရေးယူခဲ့ ပါသည်။

(၂) အမှုအားစုံစမ်းစစ်ဆေးဖော်ထုတ်ခဲ့ရာ တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ KNU အဖွဲ့တွင် တပ်သားအဆင့်ဖြင့် တာဝန်ထမ်း ဆောင်ခဲ့သည့် တရားခံ ကျော်ဒီ(ခ) မာရီနိုအား ၂၉-၅-၂၀၁၁

ရက်နေ့တွင် ရှမ်းပြည်နယ်၊ ပင်လောင်းမြို့နယ်၊ သပြေကုန်း ကျေးရွာ အုပ်စု၊ ကသောင်းကျေးရွာအနီး လယ်တဲတစ်ခုတွင် ဖမ်းဆီးရမိခဲ့ပါသည်။

(၃) တရားခံ ကျော်ဒီ(ခ)မာရီနိုနှင့် ပူးပေါင်း ပါဝင်ကျူးလွန်သူ ရှာလစ်ခွေ၊ ရှင်မွေလ၊ စောကထော်၊ စောထူးဝါး၊ စောထူးစေး တို့အား ၁၉၀၈ ခုနှစ်၊ ပေါက်ကွဲစေတတ်သော အရာဝတ္ထုများ အက်ဉပဒေပုဒ်မ ၃/၆/ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရလည်းကောင်း၊ ၁၉၀၈ ခုနှစ် မတရားအသင်း အက်ဥပဒေပုဒ်မ ၁၇ (၁)/ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂ အရ လည်းကောင်း၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ / ၃၂၆/ ၁၀၉/ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ လည်းကောင်း အမှုများကို သီးခြားစီခွဲ၍ သက်ဆိုင်ရာ တရားရုံး အသီးသီးသို့ တရားစွဲတင်ပို့နိုင်ခဲ့ပါသည်။

## (ခ) နေပြည်တော် မြို့မဈေး အများသုံးသန့်စင်ခန်း ပေါက်ကွဲမှု

(၁) နေပြည်တော် မြို့မဈေး အများသုံးသန့်စင်ခန်းတွင် ၁၀-၆-၂၀၁၁ ရက် ၂၁၃၀ အချိန် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ အမျိုးသား ၂ ဦး၊ အမျိုးသမီး ၁ ဦးဒဏ်ရာရရှိခဲ့ပြီး သန့်စင်ခန်း များ၏အမိုး နှင့်နံရံများပျက်စီးသွားသဖြင့် နေပြည်တော်၊ အမှတ်(၄) ရဲစခန်း (ပ) ၄၅/၂၀၁၁၊ ၁၉၀၈ ခုနှစ်၊ ပေါက်ကွဲစေတတ်သော အရာဝတ္ထုများ အက်ဥပဒေပုဒ်မ ၃ ဖြင့် အမှုဖွင့် အရေးယူခဲ့ပါသည်။

(၂) ပေါက်ကွဲမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးခဲ့ရာ ၁၂-၆-၂၀၁၁ ရက်တွင် အောင်ကိုလတ် (ခ) အောင်ကြီး ၃၅ နှစ် (ဖ) ဦးရဲအောင်(ကွယ်)အား အမှတ်(၅) စစ်အခြေခံလေ့ကျင့်ရေးတပ်၊ ရေတာရှည်မြို့နယ်၊ ရေနီမြို့တွင် ဖမ်းဆီးရမိခဲ့ပါသည်။

(၃) တရားခံ အောင်ကိုလတ်(ခ)အောင်ကြီးနှင့် ပူးပေါင်းပါဝင် ကျူးလွန်သူ တီးရှယ်၊ ကရင်လူငယ်၊ ဒယ်ဖိုး(ခ)အဖိုးကြီး ဆိုသူတို့အား ၁၉၀၈ ခုနှစ် ပေါက်ကွဲစေတတ်သော အရာဝတ္ထုများ အက်ဥပဒေပုဒ်မ ၃/၆/ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ လည်းကောင်း၊ ၁၉၀၈ ခုနှစ် မတရားအသင်း အက်ဥပဒေပုဒ်မ ၁၇ (၁)/ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ လည်းကောင်း၊ ၁၉၄၇ ခုနှစ် ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆(၁)/၉/ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရလည်းကောင်း၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၆/ ၃၂၄/၁၀၉/ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ

၅၀၂ အရလည်းကောင်း အမှုများကို သီးခြားစီခွဲ၍ သက်ဆိုင်ရာ တရားရုံး အသီးသီးသို့ တရားစွဲတင်ပို့နိုင်ခဲ့ပါသည်။

**(ဂ) နေပြည်တော်၊ မန္တလေး၊ ပြင်ဦးလွင်တို့တွင် ဗုံးပေါက်ကွဲမှု**

(၁) ၂၄-၆-၂၀၁၁ ရက်နေ့ ၁၁၅၅ အချိန် နေပြည်တော်ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်(၄၆)ရှိ ဒေါ်သန်းမြင့်ပိုင် နံကပ်နှစ်ထပ်အိမ်အတွင်းမှ ပေါက်ကွဲမှုဖြစ်ပွား၍ နံကပ်နှစ်ထပ်အိမ် (၁)လုံး ပျက်စီးသွားခဲ့ပြီး အခင်းဖြစ်နေရာတွင် အဖြူရောင်အခဲနယ်များ (ဓါတ်ခွဲစမ်းသပ်ချက်အရ ဆိုဒီယမ်ဆိုင်ရာနိုက်များဟု သိရသည်)ကို တွေ့ရှိခဲ့ပါသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍နေပြည်တော်အမှတ်(၁)ရဲစခန်း (ပ)၆၉/၂၀၁၁၊ ပေါက်ကွဲစေတတ် သောဝတ္ထုပစ္စည်းများ အက်ဥပဒေ ပုဒ်မ-၃ ဖြင့် အရေးယူခဲ့ပါသည်။ အဆိုပါအမှုမှ ဖမ်းမိ တရားခံ စိုင်းကျော်သန်းပါ (၄)ဦးအား ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ အက်ဥပဒေပုဒ်မ-၃/၆ဖြင့်လည်းကောင်း၊ ထွက်ပြေးတိမ်းရှောင်နေသော တရားခံ စိုင်းကျော်မြင့်ဦးပါ (၅)ဦးတို့အား ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအက်ဥပဒေပုဒ်မ-၃/၆/ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ- ၅၁၂ ဖြင့်လည်းကောင်း တရားစွဲတင်ပို့ခဲ့ပါသည်။

(၂) ၂၄-၆-၂၀၁၂ ရက်နေ့ ၁၁၅၀ အချိန် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ဈေးချိုဟိုတယ်ရှေ့တွင် ရပ်ထားသော ၃ခ/၁၉၀၄ ဟိုင်းလပ်ဆပ်ယာဉ်ပေါ်မှ ဗုံးပေါက်ကွဲမှု ဖြစ်ပွား၍ အနီးရှိဈေးချို အလုပ်သမား နိုင်ဝင်း ၃၀ နှစ်နှင့် မနှင်းနှင်းစန်း ၁၇ နှစ်တို့တွင် ဒဏ်ရာများရရှိသဖြင့် အမှတ်(၈)ရဲစခန်း(ပ)၃၅၄/၂၀၁၁၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအက်ဥပဒေပုဒ်မ-၃ ဖြင့် အရေးယူခဲ့ပါသည်။ အဆိုပါအမှုမှ ဖမ်းမိတရားခံ စိုင်းကျော်သန်းပါ (၇)ဦးအား ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ အက်ဥပဒေ ပုဒ်မ-၆ ဖြင့် လည်းကောင်း၊ ထွက်ပြေးတိမ်းရှောင်နေသော တရားခံ စိုင်းကျော်မြင့်ဦးပါ (၆)ဦးတို့အား ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ အက်ဥပဒေ ပုဒ်မ- ၃/ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ- ၅၁၂ ဖြင့်လည်းကောင်း တရားစွဲတင်ပို့ခဲ့ပါသည်။

(၃) ၂၄-၆-၂၀၁၁ ရက်နေ့ ၁၁၅၅ အချိန် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၃)၊ (၄)ရပ်ကွက်၊ အောင်ဇေယျလမ်းတွင် ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ ပြင်ဦးလွင် ရဲစခန်းမှူး

ရဲအုပ်အောင်မြင့်ကြည်နှင့်အဖွဲ့သည် သက်သေများနှင့်အတူ သွားရောက် စစ်ဆေးခဲ့ရာ အိမ်အမှတ်(၅၁/က)နေ စိုင်းဆမ် ၂၇ နှစ်၊ ရပ်ကွက်ကြီး(၃)၊ လားရှိုးမြို့နေသူ ၎င်းရမ်းနေထိုင်သည့်နေအိမ် သွပ်မိုးအုတ်ကာ တစ်ထပ်တိုက်အိမ်မှာပျက်စီးကာ လူတစ်ဦး တစ်ယောက်မျှ ဒဏ်ရာရရှိမှုမရှိကြောင်း စစ်ဆေးတွေ့ရှိရ၍ ပေါက်ကွဲမှု ဖြစ်ပွားအောင် ပြုလုပ်သူအား အရေးယူပေးရန် ဒုရဲအုပ်မြစန်းဌေးမှ တရားလိုပြုလုပ်တိုင်တန်းသဖြင့် ပြင်ဦးလွင်ရဲစခန်း(ပ)၁၀၈/၂၀၁၁၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ အက်ဥပဒေပုဒ်မ- ၃ ဖြင့် အရေးယူခဲ့ပါသည်။အဆိုပါအမှုမှ ဖမ်းမိတရားခံ စိုင်းကျော်သန်းပါ (၄)ဦးနှင့် ထွက်ပြေးတိမ်းရှောင်နေသော တရားခံ စိုင်းကျော်မြင့်ဦးပါ (၆)ဦးတို့အား ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ အက်ဥပဒေ ပုဒ်မ- ၃/ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ- ၅၁၂ ဖြင့် တရားစွဲတင်ပို့ ခဲ့ပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် တပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်တစ်ရပ်ဖြစ်သော ပြည်တွင်း လုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် အတွက် မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ ရဲစခန်းနယ်မြေအသီးသီးတွင် နယ်မြေရဲကင်းများ ဖွင့်လှစ် ဆောင်ရွက်ခြင်း၊ နေ့ကင်း၊ ညကင်းများ ဆောင်ရွက်ခြင်း၊ လှည့်ကင်းအမျိုးမျိုး၊ ရပ်ကင်း၊ ဝပ်ကင်းတို့ကို နေ့-ည စဉ်ဆက်မပြတ် လှုပ်ရှားဆောင်ရွက်ခြင်း၊ မိတ်ဖက်အဖွဲ့ အစည်းများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်သူလူထု ပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်၊ အိမ်တိုင်ရာရောက် ရဲလုပ်ငန်းစနစ်တို့ကို စနစ်တကျ အကောင်အထည် ဖော်ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတာဝန်ကို အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။

## နိုင်ငံတော်ကာကွယ်ရေးအရန်အင်အားစုတည်ဆောက်ရေးဆောင်ရွက်ချက်

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ပင်မလုပ်ငန်းတာဝန်မှာ ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်း သာယာရေး၊ တရားဥပဒေစိုးမိုးရေးဖြစ်သည့်အားလျော်စွာ ပြည်တွင်းလုံခြုံရေးအတွက် နိုင်ငံတော်အရေးပေါ် အချိန်ကျရောက်လျှင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အား နိုင်ငံတော် ကာကွယ်ရေးအရန်အင်အားစုအဖြစ် ပြောင်းလဲဆောင်ရွက် နိုင်ရန်အတွက် ၁၉၉၆ ခုနှစ်၊ ပထမ ၆ လပတ်ကာလမှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၌ လှုပ်ရှားတိုက်ခိုက်ရေးတပ်ရင်း၊ နယ်မြေလုံခြုံရေး

တပ်ရင်းနှင့် ပင်မရဲလုပ်ငန်းတာဝန်များ ထမ်းရွက်ရေးအဖွဲ့များကို ဖွဲ့စည်း၍ စုဖွဲ့မှုနှင့် ခံစစ်/တိုက်စစ် လေ့ကျင့်စုဖွဲ့မှုများကို တပ်စုအဆင့်၊ တပ်ခွဲအဆင့်၊ တပ်ခွဲ ၂ ခွဲပါစစ်ကြောင်းအဆင့်၊ တပ်ရင်းအဆင့်များ အဖြစ် စုဖွဲ့မှုများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၁၉၉၆ ခုနှစ်မှစတင်၍ ၁၈ နှစ်မှ ၂၅ နှစ်ထိတပ်ဖွဲ့ဝင်များအား လှုပ်ရှားတိုက်ခိုက်ရေး တပ်ရင်း၊ ၂၆ နှစ်မှ ၄၀ နှစ်ထိတပ်ဖွဲ့ဝင်များအား နယ်မြေလုံခြုံရေးတပ်ရင်းနှင့် ၄၁ နှစ်မှ ၆၀ နှစ်ထိ တပ်ဖွဲ့ဝင်များနှင့် အမျိုးသမီးတပ်ဖွဲ့ဝင်များ၊ အရပ်ဘက်ဝန်ထမ်းများအား ပင်မရဲလုပ်ငန်း တာဝန် ထမ်းရွက်ရေးအဖွဲ့များအဖြစ် သတ်မှတ်ခဲ့ပြီး နှစ်စဉ် တပ်ရင်းများစုဖွဲ့၍ ဇာတ်တိုက် လေ့ကျင့်ခဲ့ပါသည်။

၂၀၁၁ ခုနှစ်အတွင်း ဇာတ်တိုက်လေ့ကျင့်မှုများမှာ တပ်ရင်းအဆင့် ၃၆ ကြိမ်၊ တပ်ခွဲ ၂ ခွဲပါ စစ်ကြောင်းအဆင့် ၃၃၉ ကြိမ်၊ တပ်ခွဲအဆင့် ၅၃၇၀ ကြိမ်၊ တပ်စုအဆင့် ၁၄၅၆၀ ကြိမ်၊ စုစုပေါင်း ၂၀၃၀၅ ကြိမ် လေ့ကျင့်ဆောင်ရွက်ခဲ့ပါသည်။

## တရားဥပဒေစိုးမိုးရေး




**မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဗုဒ္ဓစွယ်တော်မြတ် ပင့်ဆောင်သည့် အခမ်းအနား လုံခြုံရေး ဆောင်ရွက်နေစဉ်**




ရဲတပ်ရင်းကွပ်ကဲမှုအဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ မော်တော်ယာဉ်များဖြင့် လှည့်ကင်း တာဝန်ဆောင်ရွက်နေစဉ်



ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ရန်ကုန်မြစ်အတွင်း ရေယာဉ်ဖြင့် လှည့်ကင်းတာဝန် ဆောင်ရွက်နေစဉ်



ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ အိမ်တိုင်ရာရောက် ရဲလုပ်ငန်း
ဆောင်ရွက်နေစဉ်



မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ လယ်ယာမြေလုပ်ငန်းခွင် လုံခြုံရေး
ဆောင်ရွက်နေစဉ်



ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ မြန်အောင် ရေနံမြေလုံခြုံရေးတာဝန်
ဆောင်ရွက်နေစဉ်



ယာဉ်ထိန်းတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနေပြည်တော်၊ မြို့မဈေးရှေ့တွင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး
လုပ်ငန်းများ ဆောင်ရွက်နေစဉ်

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်သူလူထုတစ်ရပ်လုံး တရားဥပဒေစိုးမိုးရေး၊ တရားဥပဒေ၏ ကာကွယ်စောင့်ရှောက်မှုအောက်တွင် ချမ်းမြေ့သာယာပျော်ရွှင်စွာ ပရိယေသန ဝမ်းစာရှာဖွေ၊ နေထိုင်၊ စားသောက်နိုင်ရေးအတွက် မှုခင်းများအား အမြန်ဖော်ထုတ် အရေးယူပြီး ပြစ်မှုကျူးလွန်သူများအား ထိရောက်ဟန့်တားသည့်ပြစ်ဒဏ်များရရှိရေးတွက် တရားစွဲတင်ပို့ခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ ၂၀၁၁ ခုနှစ်အတွင်းအောက်ပါအတိုင်း စုံစမ်းစစ်ဆေးဖော်ထုတ်တရားစွဲတင်ပို့နိုင်ခဲ့ပါသည်-

**၂၀၁၁ ခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် အမှုကြီး (၁၀) မျိုးတရားစွဲတင်မှုအခြေအနေ**

| စဉ် | အမှုအမျိုးအစား | ဖြစ်ပွားမှု | စွဲတင်မှု | ပိတ်သိမ်းမှု | စွဲတင်ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | လူသတ်မှု | ၁၂၄၅ | ၁၁၂၀ | ၂၃ | ၉၂ |
| ၂ | ဓါးပြမှု | ၁၃ | ၁၁ | ၁ | ၉၂ |
| ၃ | လုယက်မှု | ၁၀၄ | ၇၂ | ၈ | ၇၅ |
| ၄ | ပြန်ပေးမှု | ၄၁ | ၁၁ | - | ၂၇ |
| ၅ | မုဒိမ်းမှု | ၆၀၅ | ၅၇၉ | ၁၂ | ၉၈ |
| ၆ | ဖောက်ထွင်းမှု | ၁၅၀ | ၁၁၄ | ၂ | ၇၇ |
| ၇ | တိရစ္ဆာန်ခိုးမှု | ၃၉ | ၃၆ | - | ၉၂ |
| ၈ | ပုန်ကန်မှု | - | - | - | - |
| ၉ | လက်နက်မှု | ၁၁ | ၁၀ | ၁ | ၁၀၀ |
| ၁၀ | မတာရေးအသင်း | ၈၂ | ၇၉ | ၂ | ၉၉ |
| စုစုပေါင်း | | ၂၂၉၀ | ၂၀၃၃ | ၄၉ | ၉၁ |

## ၂၀၁၁ခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် အခြားအမှု(၇)မျိုး တရားစွဲတင်မှုအခြေအနေ

| စဉ် | အမှုအမျိုးအစား | ဖြစ်ပွားမှု | စွဲတင်မှု | ပိတ်သိမ်းမှု | စွဲတင်ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | ခိုးမှု ဖ(၁) | ၄၆၈ | ၃၁၉ | ၁၁ | ၇၀ |
| ၂ | ခိုးမှု(စက်ဘီး) | ၁၄၀ | ၁၁၈ | ၁ | ၈၅ |
| | ခိုးမှု(ဆိုင်ကယ်) | ၅၂၄ | ၂၈၂ | ၁၃ | ၅၅ |
| | ခိုးမှု (ကား) | ၂၉ | ၂ | ၂၀ | ၇၄ |
| ၃ | ခိုးမှု (နှိုက်) | ၁၇၅ | ၉၈ | - | ၅၆ |
| ၄ | ခိုးမှု(ရိုးရိုး) | ၂၅၅၇ | ၁၆၂၃ | ၁၀၅ | ၆၆ |
| ၅ | ခိုးမှု (၃၈၂) | ၁၆၂ | ၁၁၃ | ၃ | ၇၀ |
| ၆ | နာကျင်(ယာဉ်) | ၉၄၁၄ | ၇၈၅၆ | ၅၆၇ | ၈၉ |
| | နာကျင်(ရိုးရိုး) | ၆၅၉၉ | ၆၀၄၂ | ၂၃၂ | ၉၅ |
| ၇ | ကျန်အခြားအမှု | ၂၀၄၉၇ | ၁၉၈၄၆ | ၅၀၉ | ၉၅ |
| **စုစုပေါင်း** | | **၄၁၅၆၅** | **၃၆၃၁၇** | **၁၄၉၃** | **၉၀** |

## ၂၀၁၁ ခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ကြိုတင်ကာကွယ်မှု (၉) မျိုးတရားစွဲတင်မှု အခြေအနေ

| စဉ် | အမှုအမျိုးအစား | ဖြစ်ပွားမှု | စွဲတင်မှု | ပိတ်သိမ်းမှု | စွဲတင်ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | လက်နက်ပုန်း | ၂၂၀၀ | ၂၀၈၁ | ၁၄ | ၉ |
| ၂ | လောင်းကစား | ၃၄၀၅ | ၃၃၇၂ | ၆ | ၉၉ |
| ၃ | ပြည့်တန်ဆာ | ၁၉၅၆ | ၁၉၅၆ | - | ၁၀၀ |
| ၄ | ကျင့် ၅၄ | ၃၃၇၈ | ၃၀၁၅ | ၂၉၃ | ၉၈ |
| ၅ | ယစ်မျိုး | ၁၅၅၅၈ | ၁၅၅၅၇ | ၁ | ၁၀၀ |
| ၆ | ရဲအက် | ၄၆၉၄၉ | ၄၆၉၄၅ | ၃ | ၉၉ |
| ၇ | ခြေချုပ် | ၃၂၇၄ | ၃၂၆၈ | ၃ | ၉၉ |
| ၈ | မူးယစ် | ၃၁၅၃ | ၃၀၈၂ | ၈ | ၉၈ |
| ၉ | အရေးပေါ်၅(ည) | ၇ | ၂ | ၃ | ၅၀ |
| **စုစုပေါင်း** | | **၇၉၈၈၀** | **၇၉၃၇၈** | **၃၃၁** | **၉၉** |

## မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် အမှုကြီး (၁၀) မျိုးဖြစ်ပွားမှုနှိုင်းယှဉ်ချက်

## (၂၀၁၀ ခုနှစ် နှင့် ၂၀၁၁ ခုနှစ်)

| စဉ် | အမှုအမျိုးအစား | ၂၀၁၀ ခုနှစ် | ၂၀၁၁ ခုနှစ် | တိုး/လျော့ |
|---|---|---|---|---|
| ၁ | လူသတ်မှု | ၇၉၅ | ၁၂၄၅ | +၄၅၀ |
| ၂ | ဓါးပြမှု | ၁၈ | ၁၃ | -၅ |
| ၃ | လုယက်မှု | ၄၈ | ၁၀၄ | +၅၆ |
| ၄ | ပြန်ပေးမှု | ၂ | ၄၁ | +၃၉ |
| ၅ | မုဒိမ်းမှု | ၃၇၇ | ၆၀၅ | +၂၂၈ |
| ၆ | ဖောက်ထွင်းမှု | ၁၁ | ၁၅၀ | +၁၃၉ |
| ၇ | တိရစ္ဆာန်ခိုးမှု | ၅၄ | ၃၉ | -၁၅ |
| ၈ | ပုန်ကန်မှု | - | - | - |
| ၉ | လက်နက်မှု | ၁၇ | ၁၁ | -၆ |
| ၁၀ | မတရားအသင်း | ၄၂ | ၈၂ | +၄၀ |
| **စုစုပေါင်း** | | **၁၃၆၄** | **၂၂၉၀** | **+၉၂၆** |

## မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် အခြားအမှု (၇) မျိုးဖြစ်ပွားမှုနှိုင်းယှဉ်ချက်

## (၂၀၁၀ ခုနှစ် နှင့် ၂၀၁၁ ခုနှစ်)

| စဉ် | အမှုအမျိုးအစား | ၂၀၁၀ခုနှစ် | ၂၀၁၁ခုနှစ် | တိုး/လျော့ |
|---|---|---|---|---|
| ၁ | ခိုးမှု မ(၁) | ၅၃၆ | ၄၆၈ | -၆၈ |
| ၂ | ခိုးမှု(စက်ဘီး) | ၁၂၄ | ၁၄၀ | +၁၆ |
| | ခိုးမှု(ဆိုင်ကယ်) | ၅၀၁ | ၅၂၄ | +၂၃ |
| | ခိုးမှု (ကား) | ၃၁ | ၂၉ | -၂ |
| ၃ | ခိုးမှု (နွား) | ၁၄၉ | ၁၇၅ | +၂၆ |
| ၄ | ခိုးမှု(ရိုးရိုး) | ၂၂၈၆ | ၂၅၅၇ | +၂၇၁ |
| ၅ | ခိုးမှု (၃၈၂) | ၁၅၇ | ၁၆၂ | +၅ |
| ၆ | နာကျင်(ယာဉ်) | ၈၃၄၅ | ၉၄၁၄ | +၁၀၆၉ |
| | နာကျင်(ရိုးရိုး) | ၇၀၅၄ | ၆၅၉၉ | -၄၅၅ |
| ၇ | ကျန်အခြားအမှု | ၂၁၁၀၁ | ၂၁၄၉၇ | +၃၉၆ |
| **စုစုပေါင်း** | | **၄၀၂၈၄** | **၄၁၅၆၅** | **+၁၂၈၁** |

## မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ကြိုတင်ကာကွယ်မှု (၉) မျိုးဖြစ်ပွားမှုနှိုင်းယှဉ်ချက်

## (၂၀၁၀ ခုနှစ် နှင့် ၂၀၁၁ ခုနှစ်)

| စဉ် | အမှုအမျိုးအစား | ၂၀၁၀ခုနှစ် | ၂၀၁၁ခုနှစ် | တိုး/လျော့ |
|---|---|---|---|---|
| ၁ | လက်နက်ပုန်း | ၂၅၂၀ | ၂၂၀၀ | -၃၂၀ |
| ၂ | လောင်းကစား | ၁၉၀၄ | ၃၄၀၅ | +၁၅၀၁ |
| ၃ | မြည်းတန်ဆာ | ၁၉၇၃ | ၁၉၅၆ | -၁၇ |
| ၄ | ကျွဲ နွား | ၄၂၅၇ | ၃၃၇၈ | -၈၇၉ |
| ၅ | ယစ်မျိုး | ၁၄၇၈၃ | ၁၅၅၅၈ | +၇၇၅ |
| ၆ | ခိုးဆက် | ၅၅၇၃၆ | ၄၆၉၄၉ | -၈၇၈၇ |
| ၇ | ခြေချုပ် | ၄၆၈၅ | ၃၂၇၄ | -၁၄၁၁ |
| ၈ | မူးယစ် | ၂၇၀၆ | ၃၁၅၃ | +၄၄၇ |
| ၉ | အနေပေါ် ၅(ည) | ၁၃ | ၇ | -၆ |
| **စုစုပေါင်း** | | **၈၈၅၇၇** | **၇၉၈၈၀** | **-၈၆၉၇** |

## ၂၀၁၁ ခုနှစ်အတွင်း အမှုကြီး (၁၀)မျိုး စွဲတင်၊ ပြီးပြတ်၊ အပြစ်ကျ၊ တရားသေ/ရှင်လွှတ်၊ အယူခံပြင်ဆင်မှုအခြေအနေ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ယခင်နှစ် တရားရုံး လက်ကျန် | ယခုနှစ် စွဲတင် | ပြီးပြတ် သည့် အမှုပေါင်း | အပြစ်ကျ သည့် အမှုပေါင်း | တရားသေ လွှတ်မှု ပေါင်း | တရားရှင် လွှတ်မှု ပေါင်း | အယူခံ တက်ရောက် မှုပေါင်း | ပြင်ဆင်မှု တက်ရောက် မှုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ၁ | ကခရ | ၃၈ | ၉၇ | ၄၃ | ၄၂ | ၁ | - | ၁ | ၂ |
| ၂ | ကယရ | ၂ | ၁၀ | ၈ | ၈ | - | - | - | - |
| ၃ | ကရရ | ၁၄ | ၄၇ | ၃၃ | ၃၁ | ၂ | - | ၁ | - |
| ၄ | ခပရ | - | ၁၂ | ၄ | ၃ | - | - | - | ၁ |
| ၅ | စကရ | ၃၄ | ၁၅၄ | ၁၃၉ | ၁၃၄ | ၄ | ၁ | ၃ | ၁ |
| ၆ | တနရ | ၁၀ | ၇၃ | ၇၅ | ၇၄ | - | - | - | ၃ |
| ၇ | ပခရ | ၃၁၆ | ၂၈၂ | ၂၃၇ | ၂၂၀ | ၉ | ၃ | ၆ | ၄၈ |
| ၈ | မကရ | ၅၁ | ၁၆၅ | ၁၅၅ | ၁၄၈ | ၅ | ၂ | ၁ | - |
| ၉ | မတရ | ၁၀၃ | ၃၀၉ | ၂၈၄ | ၂၇၂ | ၉ | ၃ | ၅ | ၄ |
| ၁၀ | မပရ | ၂၇ | ၉၅ | ၈၅ | ၇၇ | ၅ | ၂ | ၄ | ၂ |
| ၁၁ | ရခရ | ၁၂၂ | ၁၃၄ | ၉၃ | ၇၇ | ၅ | ၆ | ၄ | ၂၀ |
| ၁၂ | ရကရ | ၂၄၈ | ၄၁၅ | ၃၉၁ | ၃၇၁ | ၉ | ၁၁ | ၂ | ၁၆ |
| ၁၃ | ရပရ | ၄၆ | ၁၉၃ | ၁၄၆ | ၁၄၂ | ၁ | ၁ | ၁ | ၃ |
| ၁၄ | ဧရရ | ၁၃၆ | ၃၃၁ | ၃၂၂ | ၃၁၂ | ၇ | ၃ | ၇ | ၃ |
| **စုစုပေါင်း** | | **၁၁၇၇** | **၂၃၁၇** | **၂၀၀၅** | **၁၉၁၁** | **၅၇** | **၃၂** | **၃၅** | **၁၀၃** |


## ၂၀၁၁ ခုနှစ်အတွင်း အခြားအမှု (၇) မျိုး စွဲတင်၊ ပြီးပြတ်၊ အပြစ်ကျ၊ တရားသေ/ရှင်လွှတ်၊ အယူခံပြင်ဆင်မှုအခြေအနေ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ယခင်နှစ် တရားရုံး လက်ကျန် | ယခုနှစ် စွဲတင် | ပြီးပြတ် သည့် အမှုပေါင်း | အပြစ်ကျ သည့် အမှုပေါင်း | တရားသေ လွှတ်မှု ပေါင်း | တရားရှင် လွှတ်မှု ပေါင်း | အယူခံ တက်ရောက် မှုပေါင်း | ပြင်ဆင်မှု တက်ရောက် မှုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ၁ | ကခရ | ၂၆၀ | ၁၀၉၉ | ၉၂၄ | ၉၂၀ | - | ၄ | - | ၈ |
| ၂ | ကယရ | ၁၄ | ၁၀၂ | ၉၈ | ၇၇ | ၁ | ၁ | - | ၂ |
| ၃ | ကရရ | ၁၁၅ | ၅၀၉ | ၄၈၆ | ၃၈၅ | ၁ | - | ၁ | - |
| ၄ | ခပရ | ၇ | ၁၀၁ | ၈၄ | ၆၄ | - | ၂ | - | ၇ |
| ၅ | စကရ | ၂၉၂ | ၂၄၂၅ | ၂၃၆၈ | ၂၁၅၅ | ၃၆ | ၁၀ | ၂၁ | ၇ |
| ၆ | တနရ | ၁၃၄ | ၉၀၄ | ၈၉၀ | ၇၀၈ | ၁၁ | ၇ | ၃ | ၉ |
| ၇ | ပခရ | ၅၄၇၅ | ၄၅၆၂ | ၄၄၁၅ | ၃၉၇၂ | ၇၅ | ၃၀ | ၃၃ | ၁၁၈ |
| ၈ | မကရ | ၃၂၂ | ၁၉၉၄ | ၁၉၄၅ | ၁၇၈၄ | ၂၄ | ၃၀ | ၆ | ၁ |
| ၉ | မတရ | ၁၉၆၇ | ၆၀၉၁ | ၆၅၃၉ | ၆၃၃၃ | ၄၈ | ၅၅ | ၃ | ၅ |
| ၁၀ | မပရ | ၄၇၀ | ၁၂၀၄ | ၁၃၅၂ | ၁၂၂၉ | ၃၉ | ၁၁ | ၁၉ | ၈၆ |
| ၁၁ | ရခရ | ၇၁၃ | ၁၀၈၉ | ၁၂၂၉ | ၁၀၈၇ | ၁၈ | ၂၀ | ၇ | ၄၅ |
| ၁၂ | ရကရ | ၆၆၁၉ | ၁၁၀၅၁ | ၁၁၃၈၁ | ၁၀၀၂၃ | ၁၈၇ | ၁၃၅ | ၄၅ | ၇၄ |
| ၁၃ | ရပရ | ၄၃၈ | ၂၁၈၉ | ၂၀၄၂ | ၁၉၀၆ | ၇ | ၈ | ၃ | ၂၆ |
| ၁၄ | ဧရရ | ၇၃၂ | ၂၅၄၄ | ၂၀၃၆ | ၂၃၈၇ | ၃၀ | ၁၆ | ၃၀ | ၁၆ |
| **စုစုပေါင်း** | | **၁၇၅၅၈** | **၃၆၃၃၄** | **၃၆၂၈၉** | **၃၃၁၃၀** | **၄၇၇** | **၃၃၁** | **၁၇၀** | **၄၀၄** |


## ၂၀၁၁ ခုနှစ်အတွင်း ကြိုတင်ကာကွယ်မှု (၉) မျိုး စွဲတင်၊ ပြီးပြတ်၊ အပြစ်ကျ၊ တရားသေ/ရှင်လွှတ်၊ အယူခံပြင်ဆင်မှုအခြေအနေ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ယခင်နှစ် တရားရုံး လက်ကျန် | ယခုနှစ် စွဲတင် | ပြီးပြတ် သည့် အမှုပေါင်း | အပြစ်ကျ သည့် အမှုပေါင်း | တရားသေ လွှတ်မှု ပေါင်း | တရားရှင် လွှတ်မှု ပေါင်း | အယူခံ တက်ရောက် မှုပေါင်း | ပြင်ဆင်မှု တက်ရောက် မှုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ၁ | ကခရ | ၂၀၉ | ၁၈၄၇ | ၁၆၅၂ | ၁၆၄၉ | ၃ | - | ၃ | ၅ |
| ၂ | ကယရ | ၁ | ၈၀ | ၆၉ | ၆၈ | - | ၁ | - | - |
| ၃ | ကရရ | ၃၁ | ၄၃၇ | ၄၂၆ | ၄၂၆ | - | - | - | - |
| ၄ | ခပရ | ၁ | ၁၉၁ | ၁၈၅ | ၁၈၅ | - | - | - | - |
| ၅ | စကရ | ၇၀ | ၉၆၀၄ | ၉၅၂၁ | ၉၅၂၀ | ၈ | ၁ | ၈ | ၁ |
| ၆ | တနရ | ၄၅ | ၁၇၀၉ | ၁၇၃၂ | ၁၇၃၀ | ၂ | - | ၁၄ | ၁၁ |
| ၇ | ပခရ | ၇၂၀ | ၁၁၂၁၅ | ၁၁၀၄၆ | ၁၁၀၂၀ | ၁၄ | ၁၀ | ၂၀ | ၂၄ |
| ၈ | မကရ | ၅၂ | ၅၈၅၁ | ၅၈၃၉ | ၅၈၃၅ | ၃ | ၁ | ၄ | ၂ |
| ၉ | မတရ | ၁၉၈ | ၁၁၀၉၁ | ၁၁၉၁၀ | ၁၀၉၀၇ | ၃ | - | ၃ | - |
| ၁၀ | မပရ | ၂၆ | ၃၀၁၃ | ၂၉၈၄ | ၂၉၇၇ | ၅ | ၁ | ၅ | ၁၂ |
| ၁၁ | ရခရ | ၄၇ | ၃၁၅၃ | ၃၁၄၆ | ၃၁၄၀ | ၄ | ၂ | ၃ | ၅ |
| ၁၂ | ရကရ | ၁၀၁၅ | ၁၈၈၂၂ | ၁၉၀၄၅ | ၁၈၉၅၆ | ၆၅ | ၂၄ | ၄၂ | ၅၀ |
| ၁၃ | ရပရ | ၂၀၄ | ၄၁၉၀ | ၄၀၂၇ | ၄၀၀၂ | ၁၅ | - | ၁၆ | ၅ |
| ၁၄ | ရေရ | ၆၈ | ၂၈၅၃ | ၂၆၇၆ | ၂၆၄၉ | ၁၆ | ၁၁ | ၁၆ | ၁၁ |
| | **စုစုပေါင်း** | **၂၇၉၂** | **၄၄၀၅၆** | **၄၄၂၀၈** | **၄၄၀၆၇** | **၁၃၈** | **၅၁** | **၁၃၄** | **၁၂၆** |


## ၁၉၉၀ ခုနှစ်မှ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် နှစ်အလိုက်ခိုးမှု ၅ မျိုးဖြစ်ပွားအခြေပြဇယား



## ၁၉၉၀ ခုနှစ်မှ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် နှစ်အလိုက်အခြားအမှု ၇ မျိုးအခြေပြဇယား



**၁၉၉၀ ခုနှစ်မှ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ**
**မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် အမှုကြီး ၁၀ မျိုး ဖြစ်ပွားမှုအခြေအနေ**



☆

**လောင်းကစားပပျောက်ရေးဆောင်ရွက်ချက်**

၁၉-၆-၂၀၁၁ ရက်နေ့မှစ၍ လောင်းကစားမှုပပျောက်ရေးစီမံချက်ရေးဆွဲကာ အောက်ပါအတိုင်း ကော်မတီ/ အဖွဲ့များ ဖွဲ့စည်း ဆောင်ရွက်ခဲ့ပါသည်-

(က) **လောင်းကစားမှုပပျောက်ရေးကြီးကြပ်မှုကော်မတီ။** လောင်းကစားမှုပပျောက်ရေး ကြီးကြပ်မှုဗဟိုကော်မတီကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ဖွဲ့စည်းဆောင်ရွက်၍ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ကြီးကြပ်ရေး ကော်မတီများတွင် သက်ဆိုင်ရာ ရဲတပ်ဖွဲ့မှူးများမှ ဥက္ကဋ္ဌအဖြစ် ပါဝင်၍ ဌာနဆိုင်ရာ ရပ်မိရပ်ဖ NGO များပါဝင်သော အဖွဲ့အစည်းများကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ရေး သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ အဖွဲ့ထံ တင်ပြ၍ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

(ခ) **လောင်းကစားမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့။** လောင်းကစားမှုတားဆီးနှိမ်နင်းရေး ဗဟိုအဖွဲ့ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ဖွဲ့စည်း၍ တိုင်းဒေသကြီး/ ပြည်နယ်နှင့် ခရိုင်အလိုက် လောင်းကစားတားဆီးနှိမ်နင်းရေး အထူးအဖွဲ့ များကို တိုင်းဒေသကြီး/ ပြည်နယ်ရဲတပ်ဖွဲ့မှူးများ၏ အစီအစဉ်ဖြင့် သက်ဆိုင်ရာ နယ်မြေ အလိုက် သတင်းတပ်ဖွဲ့၊ မှုခင်းတပ်ဖွဲ့၊ စည်ပင်သာယာရဲတပ်ဖွဲ့နှင့် ရထားရဲတပ်ဖွဲ့မှ အရာရှိများပါ ထည့်သွင်း ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါသည်။

(ဂ) **လောင်းကစားမှုအသိပညာပေးအဖွဲ့။** နယ်မြေအလိုက် လောင်းကစားအသိပညာပေး အဖွဲ့ များကို ရဲတပ်ဖွဲ့၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများဖြင့် ဖွဲ့စည်းပြီး ပညာပေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရာ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

(ဃ) **စာရင်းကောက်ယူရေးအဖွဲ့။** နယ်မြေအလိုက် လောင်းကစားသူများစာရင်းကောက်ယူရေး အဖွဲ့များကို သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့များအလိုက် ဖွဲ့စည်းခြင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအနေဖြင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ ရပ်မိရပ်ဖများ ပါဝင်သော လောင်းကစားစာရင်းကောက်အဖွဲ့၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများပါဝင်သော လောင်းကစားစာရင်း ကောက်အဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

(င) **စာရင်းများကြီးကြပ်မှုအဖွဲ့ ဖွဲ့စည်းခြင်း။** မြို့နယ်အလိုက်ဖွဲ့စည်းထားသည့် လောင်းကစားစာရင်း ကောက်ယူရေး အဖွဲ့များမှ ကောက်ယူတင်ပြသည့်

စာရင်းများကို မြို့နယ်နှင့် ခရိုင်အဆင့်တွင် သက်ဆိုင်ရာ ရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာ၊ အုပ်ချုပ်ရေးအဖွဲ့နှင့် မြို့မိမြို့ဖများ ပါဝင်သောအဖွဲ့ဖြင့် ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါသည်။

## ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် ဆိုင်ရာဥပဒေ အတည်ပြုပြဋ္ဌာန်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ ပုဒ်မခွဲ(ခ)တွင် နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး (သို့မဟုတ်) ပြည်သူတို့၏ ကိုယ်ကျင့်တရား အကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ စီတန်းလှည့်လည် ခွင့် အခွင့်အရေးများကို လွတ်လပ်စွာသုံးစွဲဆောင်ရွက်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည့်အလျောက် နိုင်ငံသားများက ယင်းအခွင့်အရေးများကို ဥပဒေနှင့်အညီ သုံးစွဲဆောင်ရွက်နိုင်ရန် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၅)ဖြင့် ၁၃၇၃ ခုနှစ်၊ နတ်တော်လဆန်း (၇)ရက်၊ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။

## ဓါတုဗေဒစစ်ဆေးရေးဌာန၏ လုပ်ရှားဆောင်ရွက်မှုများ

ဓါတုဗေဒစစ်ဆေးရေးဌာနသည် အချိန်နှင့်အမျှ အောက်ဖော်ပြပါ လုပ်ငန်းများကို လုပ်ရှားဆောင်ရွက်လျှက် ရှိပါသည်-

(၁) ဓါတုဗေဒစစ်ဆေးရေးဌာနရှိ ဓါတ်ခွဲခန်းများသည် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ရဲစခန်းများမှပေးပို့လာသော အမှုတွဲများနှင့် ပတ်သက်သည့် သက်သေခံပစ္စည်းများအားလည်းကောင်း၊ ပြည်သူ့ဆေးရုံများမှ စစ်ဆေးပေးရန် ပေးပို့လာသော အမှုနှင့်ပတ်သက်သည့် စစ်ဆေးပေးရန် ကိစ္စရပ်များအား လည်းကောင်း နေ့စဉ် စစ်ဆေးပေးခြင်းများပြု လုပ်ပေးခဲ့ရာ ၂၀၁၁ ခုနှစ်အတွင်း စစ်ဆေးပေးခဲ့သော အမှုများမှာ-

(၂) နိုင်ငံခြားသို့ ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ/သင်တန်းများ တက်ရောက်ရန် တာဝန်ပေးမှုနှင့် ပတ်သက်၍ ဆောင်ရွက်ခြင်း

## ဓါတ်ခွဲခန်းများ၏ ဆောင်ရွက်ချက်များ

| No; | Division/State | Narcotic Lab; | | General Lab; | | Toxicology Lab; | | Forensic Stain Lab; | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | Rape Cases | | Blood |
| | | MPF | MOH | MPF | MOH | MPF | MOH | MPF | MOH | MPF |
| 10 | NAYPYITAW | 11 | 17 | - | - | - | 8 | - | - | - |
| 2 | YANGON | 319 | 27 | 14 | 72 | 15 | 1824 | 246 | 100 | 146 |
| 3 | MANDALAY | 148 | 254 | 11 | 109 | 2 | 383 | 177 | 132 | 144 |
| 4 | TANINTHAYI | 142 | 196 | - | 4 | - | 10 | 23 | 41 | 41 |
| 5 | SAGAING | 342 | 283 | 2 | 56 | 5 | 184 | 78 | 91 | 85 |
| 6 | MAGUE | 4 | 9 | 2 | 100 | - | 97 | 73 | 89 | 90 |
| 7 | AYEYAWADDY | 6 | 13 | 3 | 13 | 11 | 229 | 126 | 168 | 140 |
| 8 | PAGU(East) | 29 | 52 | 2 | 26 | 2 | 309 | 82 | 144 | 86 |
| 9 | PAGU(West) | 4 | 3 | - | - | 2 | 139 | 43 | 55 | 59 |
| 10 | KAYA | 9 | 30 | - | 7 | - | 30 | 2 | 6 | 5 |
| 11 | KAYIN | 56 | 45 | 1 | 5 | - | 11 | 22 | 22 | 13 |
| 12 | CHIN | 5 | 4 | - | 9 | - | 2 | 3 | 3 | 8 |
| 13 | KACHIN | 984 | 1266 | 1 | 33 | 2 | 25 | 28 | 48 | 42 |
| 14 | MON | 35 | 34 | 4 | 24 | - | 47 | 37 | 33 | 35 |
| 15 | RACHAING | 68 | 43 | 1 | 8 | 2 | 81 | 27 | 36 | 94 |
| 16 | SHAN(North) | 652 | 380 | 3 | 60 | 1 | 17 | 14 | 19 | 10 |
| 17 | SHAN(South) | 205 | 135 | - | 36 | 1 | 13 | 13 | 16 | 12 |
| 18 | SHAN(East) | 108 | 60 | - | 32 | 2 | 14 | 9 | 2 | 53 |
| **Total** | | **3127** | **2851** | **44** | **594** | **45** | **3423** | **1047** | **1005** | **1063** |

(၃) **သင်တန်းများပို့ချပေးခြင်း။** အောက်ဖော်ပြပါ သင်တန်းများကို ပို့ချခဲ့ပါသည်-

(က) အခြားအဆင့် ယာဉ်ထိန်းရဲ နှင့် ရဲတပ်သားသင်တန်းများ။


(ခ) ယာဉ်ထိန်းရဲအရာရှိနှင့် ရဲအရာရှိသင်တန်းများ။

(ဂ) တပ်မတော်မှ ပြောင်းရွှေ့လာသော အရာရှိများအား မိမိတို့ဌာနနှင့် ပတ်သက် ၍ ရှင်းလင်းတင်ပြခြင်း။

(ဃ) ဆေးတက္ကသိုလ်(၁)၊ ဆေးတက္ကသိုလ်(မန္တလေး)နှင့် ဆေးတက္ကသိုလ် (တပ်မတော်)များမှ ဥပဒေရေးရာ ဆေးပညာမဟာသိပ္ပံဘွဲ့လွန် သင်တန်းသားများ(၃+၅+၉= ၁၇ ဦး)အား သင်တန်းများ ပို့ချပေးခြင်း။

(၄) **ဌာနတွင်းအလုပ်ရုံဆွေးနွေးပွဲ။** ပထမအကြိမ်ကို ဓါတ်ခွဲခန်းတစ်ခုလျှင် ခေါင်းစဉ်နှစ်ခုစီဖြင့် ခေါင်းစဉ်ခြောက်ခုအား ၂၈. ၈. ၂၀၁၁ ရက်နေ့တွင် ဓါတုဗေဒစစ်ဆေးရေးဌာနခွဲ (ရန်ကုန်)၌ ကျင်းပခဲ့ပါသည်။ တစ်လတစ်ကြိမ် ဌာနတွင်း ဆွေးနွေးပွဲများကို ဆက်လက် လုပ်ဆောင်လျှက် ရှိပြီး၊ ဒုတိယအကြိမ်

**ခါတ်ခွဲခန်းများ၏ ဆောင်ရွက်ချက် အခြေပြဇယား**




**အစွန်းအထင်းခါတ်ခွဲခန်း-**

-ရဲစခန်း(သုတ်အစွန်းအထင်း)

-ဆေးရုံ(သုတ်အစွန်းအထင်း)

-ရဲစခန်း(သွေးအစွန်းအထင်း)

**အထွေထွေခါတ်ခွဲခန်း-**

-ထွေအုပ်ရုံး/အကောက်ခွန်
နှင့်အခြားဌာနများ

| စဉ် | အရာရှိအမည် | ရာထူး | အကြောင်းအရာ | ရက်စွဲ | | သွားသည့်နိုင်ငံ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | မှ | ထိ | | |
| ၁ | ဒေါ်သီတာဦး | ဒုညွှန်မှူး | အာရှဒေသခါတ်ခွဲစမ်းသပ်စစ်ဆေးမှုကွန်ယက်ဆိုင်ရာ တတိယ အကြိမ် အစည်းအဝေး | ၂၅. ၅. ၁၁ | ၂၇. ၅. ၁၁ | တောင်ကိုရီးယား ဆိုးလ်မြို့ | ဆဋ္ဌမကြိမ် |
| ၂ | ဒေါက်တာ ဥာဏ်မင်းထွန်း | လ/ထ ညွှန်မှူး | လျှို့ဝှက်ခါတ်ခွဲခန်းများစုံစမ်းစစ်ဆေးရေးခါတုဗေဒပညာရှင်များအဖွဲ့၏(၂၁)ကြိမ်မြောက် အစည်းအဝေး | ၇. ၉. ၁၁ | ၁၀. ၉. ၁၁ | အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ် ဆီယက်တယ်မြို့ | ဒသမကြိမ် |
| ၃ | ဒေါက်တာ နေလင်းအောင် | ဦးစီးအရာရှိ | မူးယစ်ဆေးဝါးခါတ်ခွဲခြင်းဆိုင်ရာရက်တိုသင်တန်း | ၁၄. ၁၁. ၁၁ | ၁၈. ၁၁. ၁၁ | အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ | ပထမကြိမ် |
| ၄ | ဒေါ်မြင့်မြင့်သောင်း | ဦးစီးအရာရှိ | ခါတုဆေးဝါးမြင့်ပြုလုပ်သောလက်လုပ်ရုံးဆိုင်ရာဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲ | ၂၉. ၁၁. ၁၁ | ၃၀. ၁၁. ၁၁ | စင်္ကာပူ နိုင်ငံ | ပထမကြိမ် |

ဌာနတွင်း အလုပ်ရုံ ဆွေးနွေးပွဲအား ဓါတုဗေဒ စစ်ဆေးရေးဌာန (နေပြည်တော်) တွင် ၂၅. ၁၂. ၂၀၁၁ ရက်နေ့၌ ကျင်းပပြီးဖြစ်ပါသည်။ တတိယအကြိမ် ဌာနတွင်း အလုပ်ရုံ ဆွေးနွေးပွဲ အား ၂၉. ၄. ၂၀၁၂ ရက်နေ့တနင်္ဂနွေနေ့တွင် ကျင်းပသွားမည် ဖြစ်ပါသည်။

(၅) **မူးယစ်ဓါတ်ခွဲခန်းဖွင့်ခြင်း။** ဓါတုဗေဒစစ်ဆေးရေးဌာန (နေပြည်တော်) တွင် ၁. ၃. ၂၀၁၁ နေ့တွင် စတင်ဖွင့်လှစ် တာဝန်ထမ်းဆောင်လျှက်ရှိပြီး၊ ဤရုံး၏ ၃၀. ၄. ၂၀၁၁ ရက်စွဲပါစာအမှတ်၊၁၀၀၁( ၀၁ ) / ၀၀၁ / ဦး ၁ ဖြင့် အထွေထွေ ဓါတ်ခွဲခန်းဖွင့်လှစ်ခွင့်ရရှိရေး တင်ပြထားပြီး ဖြစ်ပါသည်။

(၆) **ဆေးအကာကွယ်ပေးလုပ်ငန်းများဆောင်ရွက်ခြင်း။** မိမိတို့ဌာနအနေဖြင့် ထမ်းဆောင်ရန်တာဝန်တွင် တိုက်ရိုက်ပါဝင် ပတ်သက်မှုမရှိသော်လည်း၊ အထက်မှ တာဝန်ပေးချက်အရ ဌာနတွင်းရှိ ဆရာဝန်များနှင့် ဦးစီးအရာရှိများ ပူးပေါင်း၍ အစားအသောက်များ စစ်ဆေးပေးခြင်း၊အရေးပေါ် ဆေးကုသမှုများ ဆောင်ရွက်ပေးခြင်း နှင့် အခြားကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျှက်ရှိပါသည်-

(က) ၂၀၁၁ ခုနှစ် ဇန်နဝါရီလအတွင်း လွှတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနား၌ ဆေးအကာအကွယ်ပေးခြင်း။

(ခ ) (၄၇)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဆေးအကာအကွယ်ပေးခြင်း။

(ဂ ) ကုလသမဂ္ဂလုံခြုံရေးကောင်စီ၊ အကြမ်းဖက် နှိမ်နင်းရေးကော်မတီ အလုပ်အမှုဆောင်ညွှန်ကြားရေးမှူးရုံး ဒုတိယအလုပ်အမှုဆောင် ညွှန်ကြားရေးမှူး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့(၁၁)ဦးအား ၂၁. ၁၁. ၂၀၁၁ မှ ၂၅. ၁၁. ၂၀၁၁ အထိဆေးအကာအကွယ်ပေးခြင်း။

(ဃ) (၃၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ရဲချုပ်များ ညီလာခံကို ၂၀၁၂ ခုနှစ် မေလအတွင်း ကျင်းပမည်ဖြစ်ရာ ဆေးအကာအကွယ် ပေးတာဝန် ထမ်းဆောင်ရန်ဖွဲ့စည်းခြင်း။

(၇) (၂၄)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှု နှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ပြည်နယ်/တိုင်းဒေသကြီးများမှ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးနှင့် ဓါတုဆေးရည်များ မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားများ၌ အန္တရာယ်ကင်းရှင်းမှု ရှိစေရေး၊ လေထုညစ်ညမ်းမှုမရှိစေရေးနှင့် မီးရှို့စဉ်မူးယစ် ဆေးဝါးများ စာရင်းအတည်ပြု စစ်ဆေးနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာန ချုပ်၊ဓါတုဗေဒစစ်ဆေးရေးဌာနမှ အရာရှိများအား တာဝန်ပေးအပ်ခဲ့ပါသည်။

(၈) **ဓါတုဗေဒစစ်ဆေးရေးဌာန အမှတ်အသားတံဆိပ် (Logo)။** ဓါတုဗေဒစစ်ဆေးရေး ဌာန၏ ၂၁. ၁၀. ၂၀၁၁ ရက်စွဲပါစာအမှတ် ၊၁၀၀၆(၀၁)/၀၀၄/ ဦး ၅ ဖြင့် တင်ပြခဲ့ရာ ရဲချုပ်၏ ခွင့်ပြုချက်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၏ ၂၇. ၁၀. ၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁၀၃၈(၅၀)/၅၀၆/ ဦး ၅ဖြင့် အောက်ပါ ဓါတုဗေဒစစ်ဆေးရေးဌာနအမှတ်အသားတံဆိပ် (Logo) ကို အသုံးပြုရန် ခွင့်ပြုပေးခဲ့ပါသည်။



**မှုခင်းတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ လက်ဗွေစစ်ဆေးဆောင်ရွက်စဉ်**

## နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေး ဆောင်ရွက်ချက်များ

နိုင်ငံဖြတ်ကျော်မှုခင်းဌာနကို ၂၀၀၅ ခုနှစ်တွင် ဖွဲ့စည်းပြီးနောက် နိုင်ငံဖြတ်ကျော်မှုခင်းများဖြစ်သော အကြမ်းဖက်မှု၊ မူးယစ်မှု၊ ငွေကြေးခဝါချမှု၊ လူကုန်ကူးမှု၊ လက်နက်မှောင်ခိုမှု၊ ပင်လယ်ဓါးပြမှု၊ စီးပွားရေးမှုခင်းနှင့် ကွန်ပျူတာမှုခင်းများ တိုက်ဖျက်ရေးတို့အား အာဆီယံရဲအဖွဲ့၊ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့၊ ကုလသမဂ္ဂရဲအဖွဲ့၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၁၇-၁-၂၀၁၁ မှ ၁၈-၁-၂၀၁၁ရက်နေ့အထိ မန္တလေးမြို့၊ ဆီဒိုးနားဟိုတယ်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့နှင့် ARTIP စီမံကိန်းတို့ ပူးပေါင်းဖွင့်လှစ်သည့် တရားသူကြီးများနှင့် ဥပဒေအရာရှိများအတွက် လူကုန်ကူးမှုဆိုင်ရာသင်တန်းသို့ ပြည်နယ်/ တိုင်းဒေသကြီးများမှ ခရိုင်အဆင့်တရားသူကြီးများ၊ ခရိုင်အဆင့် ဥပဒေအရာရှိများနှင့် ရဲအရာရှိများ စုစုပေါင်း(၃၁)ဦး တက်ရောက်ခဲ့ပါသည်။

၂၁-၁-၂၀၁၁ မှ ၂၂-၁-၂၀၁၁ ရက်နေ့အထိ ရန်ကုန်မြို့၊ ကုန်သည်ကြီးများဟိုတယ်၊ ကုန်းဘောင်ခန်းမတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် ARTIP စီမံကိန်းတို့ ပူးပေါင်းဖွင့်လှစ်သည့် တရားသူကြီးများနှင့် ဥပဒေအရာရှိများအတွက် လူကုန်ကူးမှုဆိုင်ရာသင်တန်းသို့ ပြည်နယ်/တိုင်းဒေသကြီးများမှ ခရိုင်အဆင့် တရားသူကြီး၊ ဥပဒေအရာရှိများနှင့် ရဲအရာရှိများ စုစုပေါင်း (၃၅) ဦး တက်ရောက်ခဲ့ပါသည်။

၁၀-၅-၂၀၁၁ ရက်နေ့တွင် ARTIP စီမံကိန်းအပေါ် ပြန်လည်သုံးသပ်သည့် အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ အမရာဟိုတယ်တွင် ပြုလုပ်ခဲ့ရာ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်အရာရှိ ၂၀ ဦး တက်ရောက်ခဲ့ပါသည်။

၃၀-၅-၂၀၁၁ ရက်နေ့မှ ၃-၆-၂၀၁၁ ရက်နေ့အထိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်နှင့် ARTIP စီမံကိန်းတို့ ပူးပေါင်းဖွင့်လှစ်သည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့များ၏ စီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှုသင်တန်းကို နေပြည်တော်ရှိ အမရာဟိုတယ်၌ ပြုလုပ်ခဲ့ရာ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အထူးအဖွဲ့များမှ တပ်ဖွဲ့ဝင်အရာရှိ ၂၇ ဦး တက်ရောက်ခဲ့ပါသည်။

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့များ၏ အသိပညာပေးလုပ်ငန်း ဆောင်ရွက်မှုများ အနေဖြင့် လူကုန်ကူးမှုအန္တရာယ်များ ဟောပြောပို့ချခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေ၍ အသိပညာပေးခြင်း၊ လူမြင်ကွင်းများတွင် အသိပညာ ပေးပိုစတာများ စိုက်ထူ၍ ပညာပေးခြင်း၊ မော်တော်ယာဉ်များတွင် အသိပညာပေး စတေကာများကပ်၍ ပညာပေးခြင်းများကို လေ့ကျင့်ထားသည့် မိမိတပ်ဖွဲ့ဝင်များမှ လည်းကောင်း၊ ဌာနဆိုင်ရာများ၊ NGO, INGO များနှင့် ပူးပေါင်းဆောင်ရွက်၍ လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၁ ခုနှစ်အတွင်း အထူးအဖွဲ့များမှ အသိပညာပေး ဆွေးနွေးမှု(၁၀၈၆) ကြိမ်ပြုလုပ်ခဲ့ရာ ပြည်သူ(၁၁၃၂၂၀၄) ဦးတက်ရောက်ခဲ့ကြပါသည်။ ထို့အပြင် NGO, INGO များနှင့် ပူးပေါင်း၍ အသိပညာပေးမှု (၁၅၄) ကြိမ်ပြုလုပ်ခဲ့ရာ ပြည်သူ(၂၀၁၅၆)ဦး တက်ရောက်ခဲ့ကြပါသည်။

## လူကုန်ကူးတားဆီးနှိမ်နင်းရေး အထူးအဖွဲ့တိုးချဲ့ဖွဲ့စည်းခြင်း

ကယားပြည်နယ် လွိုင်ကော်မြို့တွင် အထူးအဖွဲ့အသစ်တစ်ဖွဲ့ကို ပြည်ထဲရေး ဝန်ကြီးဌာန၏ ယာယီဖွဲ့စည်း ခွင့်ပြုမိန့်အရ ၁၉-၁၂-၂၀၁၁ ရက်၌ ရဲအုပ်(၁)ဦး၊ ဒုရဲအုပ်(၂)ဦး ပေါင်း(၃)ဦးဖြင့် ဖွင့်လှစ်ခဲ့ပါသည်။ ထို့အပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဩစတြေးလျနိုင်ငံ ပြည်ထောင်စုရဲတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် လားရှိုး/ကျိုင်းတုံ/ လွယ်ဂျယ်/ ဗန်းမော်/ စစ်တွေ/မောင်တော စသည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့ ရုံး ၆ ရုံး ၏ အဆောက်အဦများကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။

## ထူးခြားသည့် လူကုန်ကူးမှုဆိုင်ရာမှုခင်းများ

၂၀၁၁ ခုနှစ်အတွင်း သမီးရည်းစားအဖြစ် ချစ်ကြိုက်ဟန်ဆောင်၍ လူကုန်ကူး ရောင်းစားသည့် ထူးခြားမှုခင်း (၃)မှု ပေါ်ထွက်နိုင်ခဲ့ပါသည်။ ၄င်းအမှုများအား မူဆယ်ရဲစခန်း(ပ) ၂၉၄/၂၀၁၁၊ ပြစ်မှုပုဒ်မ ၃၆၆၊ သီပေါမြို့နယ်၊ နမ့်လန် ရဲစခန်း(ပ) ၁၈/၂၀၁၁ လူကုန်ကူး ဥပဒေပုဒ်မ ၂၄၊ လှိုင်သာယာရဲစခန်း (ပ) ၅၂၀/၂၀၁၁ လူကုန်ကူးမှုပုဒ်မ၂၄ တို့ဖြင့် အမှုဖွင့် အရေးယူခဲ့ပါသည်။ ထို့အပြင် လူကုန်ကူးမှုအားဂိုဏ်းဖွဲ့ကျူးလွန်သည့် (၅) မှုကိုလည်း ဖေါ်ထုတ်နိုင်ခဲ့ရာ မူဆယ်ရဲစခန်း (ပ) ၇၅/၂၀၁၁၊ လူကုန်ကူး ဥပဒေပုဒ်မ ၂၈(က)၊ မူဆယ်ရဲစခန်း (ပ) ၇၆/၂၀၁၁ လူကုန်ကူးဥပဒေပုဒ်မ ၂၈(က)၊ မူဆယ်ရဲစခန်း (ပ) ၇၇/၂၀၁၁ လူကုန်ကူး ဥပဒေပုဒ်မ ၂၈(က)၊ မူဆယ်ရဲစခန်း (ပ) ၁၀၆/၂၀၁၁ လူကုန်ကူးဥပဒေပုဒ်မ ၂၄/၃၂ မူဆယ် ရဲစခန်း (ပ) ၁၁၅/၂၀၁၁ လူကုန်ကူးဥပဒေပုဒ်မ ၂၈(က)တို့ဖြင့် အမှုဖွင့်အရေးယူ နိုင်ခဲ့ပါသည်။

၂၀၁၁ ခုနှစ်အတွင်း လူကုန်ကူးမှုပေါင်း (၁၃၆)မှု အရေးယူနိုင်ခဲ့ပြီး တရားခံ ၃၅၁ ဦး (ကျား ၁၂၆၊ မ ၂၂၅)၊ လူကုန်ကူးခံရသူ ၂၆၅ ဦး (ကျား ၄၅၊ မ ၂၂၀) တို့ ဖော်ထုတ်နိုင်ခဲ့ပါသည်။

## လူကုန်ကူးခံရသူများလွှဲပြောင်းပေးမှုအခြေအနေ

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဆိုင်ရာနယ်စပ်ဆက်ဆံရေးရုံး (BLO)များမှ လူကုန်ကူးမှု ကျူးလွန်သူ တရားခံ များနှင့် လူကုန်ကူးခံရသူများ လွှဲပြောင်းပေးလျှက်ရှိရာ ၂၀၁၁ခုနှစ်အတွင်း မူဆယ်-ရွှေလီ၌ (၁၁)ကြိမ်၊ တရားခံ (၁၈)ဦး၊ လူကုန်ကူးခံရသူ (၁၁၅) ဦး၊ လွယ်ဂျယ်-ကျန်းဖုန်းတွင်(၁)ကြိမ်၊ တရားခံ(၁)ဦး၊ လူကုန်ကူးခံရသူ (၈) ဦး တို့ကို တရုတ်နိုင်ငံဘက်မှ လွှဲပြောင်းပေးခဲ့ပါသည်။

## ဆွေးနွေးပွဲများ ဆောင်ရွက်မှု

(က) ၂၀၁၁ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် မြန်မာ-တရုတ် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီး အဆင့် အစည်းအဝေးကို နေပြည်တော်ရှိ မြန်မာ အပြည်ပြည် ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနတွင် ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စု သမ္မတမြန်မာ နိုင်ငံတော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့် ခေါင်းဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့နှင့်တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးMr. Huang Ming ခေါင်းဆောင် သော

တရုတ်ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ခဲ့ကြပါသည်။ နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များ သည် မိမိတို့နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်ယုံကြည်မှုတို့ကို အခြေခံလျက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

(ခ) ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် မြန်မာ-လာအို နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာအပေါ် အကောင်အထည်ဖော်ရေး ဝန်ကြီးအဆင့်အစည်းအဝေးကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံဘက်မှ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို ခေါင်းဆောင်သော အဖွဲ့နှင့် လာအိုနိုင်ငံဘက်မှ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနဝန်ကြီး H.E Dr Thongbanh SENG A PHONE ခေါင်းဆောင်သောအဖွဲ့တို့ တက်ရောက်ခဲ့ကြပါသည်။ ယင်းအစည်းအဝေးတွင် နှစ်နိုင်ငံအကျိုးတူ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေး သဘောတူခဲ့ကြပါသည်။

(ဂ) ၂၁-၁-၂၀၁၁ မှ ၂၂-၁-၂၀၁၁ ရက်နေ့အထိ ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၊ ကုန်းဘောင်ခန်းမတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် ARTIP စီမံကိန်းတို့ ပူးပေါင်း ဖွင့်လှစ်သည့် တရားသူကြီးများနှင့် ဥပဒေအရာရှိများအတွက် လူကုန်ကူးမှုဆိုင်ရာ သင်တန်းသို့ တိုင်းဒေသကြီး/ပြည်နယ်များမှ ခရိုင်အဆင့် တရားသူကြီး၊ ဥပဒေအရာရှိများနှင့် ရဲအရာရှိများ စုစုပေါင်း (၃၅) ဦး တက်ရောက်ခဲ့ပါသည်။ နိုင်ငံ့ဖြတ်ကျော်မှုခင်းဌာနမှ ဒုတိယရဲမှူးကြီး ရာလျှန်မုန်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အဖွဲ့မှူး ဒုတိယရဲမှူးကြီးညွန့်လှိုင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ညွှန်ကြားရေးမှူး (ပြစ်မှု) ဦးမျိုးမြင့်၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူး၊ ဦးခင်မောင်ဦး၊ ARTIP စီမံကိန်း အဖွဲ့ခေါင်းဆောင် Mr. Willem Pretorius၊ ဥပဒေရေးရာအကြံပေး Ms. Claire Mattam တို့မှ ဆွေးနွေးပို့ချခဲ့ပါသည်။

(ဃ) ၁၇-၁-၂၀၁၁ မှ ၁၈-၁-၂၀၁၁ရက်နေ့အထိ မန္တလေးမြို့၊ ဆီဒိုးနားဟိုတယ်တွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့်ARTIPစီမံကိန်းတို့ ပူးပေါင်း ဖွင့်လှစ်သည့် တရားသူကြီးများ နှင့် ဥပဒေအရာရှိများအတွက် လူကုန်ကူးမှုဆိုင်ရာ သင်တန်းသို့ တိုင်းဒေသကြီး/ပြည်နယ်များမှ ခရိုင်အဆင့် တရားသူကြီးများ ခရိုင်အဆင့် ဥပဒေအရာရှိများနှင့် ရဲအရာရှိများ စုစုပေါင်း(၃၁)ဦး တက်ရောက်ခဲ့ပါသည်။ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့မှူး ဒုတိယရဲမှူးကြီး ညွန့်လှိုင်၊ ပြည်ထောင်စု

တရားလွှတ်တော်ချုပ်မှ ညွှန်ကြားရေးမှူး ဦးတင်ဝင်း၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဦးခင်မောင်ဦး၊ ARTIP စီမံကိန်း အဖွဲ့ခေါင်းဆောင် Mr. Willem Pretorius နှင့် ဥပဒေရေးရာအကြံပေး Ms. Claire Mattam တို့မှ ဆွေးနွေးပို့ချခဲ့ပါသည်။

(င) လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁/၂၀၁၁) ကို ၃၀-၁-၂၀၁၁ ရက်နေ့ ၁၆၃၀အချိန်၌ ပြည်ထဲရေးဝန်ကြီးဌာန၊ စုစည်းခန်းမတွင် ကျင်းပ ပြုလုပ်ခဲ့ရာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုနှင့် အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများ၊တိုင်းဒေသကြီး/ ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးများ၊ ကုလသမဂ္ဂနှင့် အစိုးရ မဟုတ်သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ စုစုပေါင်း (၅၃)ဦး တက်ရောက်ခဲ့ကြပါသည်။ ယင်းအစည်းအဝေးတွင် (၅)နှစ် စီမံကိန်း (၂၀၁၂-၂၀၁၆)မူကြမ်းကို အတည်ပြုခဲ့ကြပါသည်။

(စ) ၁၀-၅-၂၀၁၁ ရက်နေ့တွင် ARTIP စီမံကိန်းအပေါ် ပြန်လည်သုံးသပ်သည့် အလုပ်ရုံ ဆွေးနွေးပွဲကို နေပြည်တော်ရှိ အမရာဟိုတယ်တွင် ပြုလုပ်ခဲ့ရာ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အထူးအဖွဲ့မှ တပ်ဖွဲ့ဝင် အရာရှိ ၂၀ ဦး တက်ရောက် ခဲ့ပါသည်။

## ၂၀၁၁ခုနှစ်အတွင်း သင်တန်းပို့ချမှုများ

(က) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ အရိန္ဒမာခန်းမတွင် UNIAP ၏ အကူအညီဖြင့် ပြည်သူလူထုမှ လူကုန်ကူးမှုသတင်းများပေးပို့နိုင်မည့် Hot Line တယ်လီဖုန်း ဆက်သွယ်ရေးစနစ် ထူထောင်ရာတွင် ကျွမ်းကျင် တတ်မြောက်စေရန် ရည်ရွယ်ပြီး အထူးအဖွဲ့များမှ တပ်ဖွဲ့ဝင်(၂၂)ဦးအား ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့တွင် Hot Line တယ်လီဖုန်း တပ်ဆင်အသုံးပြုရေး ဆိုင်ရာ သင်တန်း ဖွင့်လှစ်ခဲ့ပါသည်။

(ခ) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အရိန္ဒမာခန်းမတွင် လူကုန်ကူးမှုတားဆီး ကာကွယ် ရေး ဗဟိုအဖွဲ့နှင့် UNIAP တို့ ပူးပေါင်း၍ လူကုန်ကူးမှုအဖြစ်များသည့် မြို့နယ် (၄၂)မြို့နယ်တွင် အထူးစီမံချက် ဖြင့်ကြိုတင်ကာကွယ်ရေးနှင့် တားဆီးနှိမ်နင်းရေး ဆောင်ရွက်ရန်ရည်ရွယ်ပြီး ယင်း (၄၂)မြို့နယ် မှ ရဲမှူး (ဦးစီး)၊ ဒုရဲမှူး၊ ရဲအုပ်နှင့် အမှုစစ်တို့အား ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့မှ ၃၀ ရက်နေ့အထိ

လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အထူးသင်တန်းအမှတ်စဉ်(၁)အား သင်တန်းသား (၄၈)ဦးဖြင့် လည်းကောင်း၊ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှ ၃ ရက်နေ့ အထိ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အထူးသင်တန်း အမှတ်စဉ် (၂)အား သင်တန်းသား (၅၅)ဦးဖြင့်လည်းကောင်း ဖွင့်လှစ်ခဲ့ပါသည်။

(ဂ) ၃၀-၅-၂၀၁၁ ရက်နေ့မှ ၃-၆-၂၀၁၁ ရက်နေ့အထိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်နှင့် ARTIP စီမံကိန်းတို့ ပူးပေါင်းဖွင့်လှစ်သည့် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အထူးအဖွဲ့များ၏ စီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှုသင်တန်းဖွင့်ပွဲကို နေပြည်တော်ရှိ အမရာဟိုတယ်၌ ပြုလုပ်ရာ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအဖွဲ့မှူး ဒုတိယရဲမှူးကြီးညွန့်လှိုင်၊ ARTIP စီမံကိန်းအဖွဲ့ ခေါင်းဆောင် Mr. Willem Pretorius၊ စီမံကိန်း၏ ရဲအကြံပေးပုဂ္ဂိုလ် Mr.Jerrart Smith နှင့် စီမံကိန်းမန်နေဂျာ ဦးခင်မောင်ဝင်းတို့မှ ပို့ချခဲ့ပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူး အဖွဲ့များမှ တပ်ဖွဲ့ဝင်အရာရှိ ၂၇ ဦး တက်ရောက်ခဲ့ပါသည်။

## ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု

(က) **UNICEF နှင့် ပူးပေါင်းဆောင်ရွက်မှု ။** ၂၉-၆-၂၀၁၁ရက်နေ့တွင် ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ ပြုလုပ်ခဲ့သော Human Trafficking Stakeholder' Meeting သို့ လူကုန်ကူးမှု တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့၊ တွဲဘက်အတွင်းရေးမှူး ရဲဦးစီးအရာရှိချုပ်၊ ရဲမှူးချုပ် ခင်မောင်စီ၊ UN Resident Humanitarian Coordinator Mr. Bishow Parajuli နှင့် UNICEF, UNIAP, IOM အဖွဲ့များမှ တာဝန်ရှိသူများ INGO, NGO အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။

(ခ) မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် ဩစတြေးလျနိုင်ငံပြည်ထောင်စုရဲတပ်ဖွဲ့တို့ပူးပေါင်း ဆောင်ရွက်မှုဖြင့် လားရှိုး/ ကျိုင်းတုံ/လွယ်ဂျယ်/ဗန်းမော်/စစ်တွေ/ မောင်တောစသည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အထူး အဖွဲ့ရုံး ၆ ရုံးကို ဩစတြေးလျပြည်ထောင်စုရဲတပ်ဖွဲ့ အကူအညီဖြင့် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ အဆိုပါ ရုံးများအနက် ၃-၇-၂၀၁၁ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည့် လားရှိုး လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အထူးအဖွဲ့ရုံးအား မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ် ကျော်ကျော်ထွန်းမှ ဖွင့်လှစ်ပေးခဲ့ပါသည်။



လာအိုနိုင်ငံတွင် ကျင်းပပြုလုပ်သည့် အာဆီယံရဲချုပ်များညီလာခံသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊
ရဲချုပ် ကျော်ကျော်ထွန်း အစည်းအဝေးတက်ရောက်စဉ်



မြန်မာ– တရုတ် လူကုန်ကူးမှုဆိုင်ရာ ဆက်ဆံရေးရုံး(မူဆယ်/ ရွှေလီ) ပုံမှန်အစည်းအဝေး
ကျင်းပ ပြုလုပ်စဉ်




မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် UNICEF တို့ ပူးပေါင်းဖွင့်လှစ်သည့် ကလေးသူငယ်စုံစမ်းစစ်ဆေးမှု ဆိုင်ရာ လုပ်ထုံးလုပ်နည်း နည်းပြမွမ်းမံသင်တန်း ပြုလုပ်စဉ်




ကော့သောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အထူးအဖွဲ့မှ တပ်ဖွဲ့ဝင် (၁)ဦး လူကုန်ကူးမှု အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေစဉ်

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အကြမ်းဖက်မှုနှိမ်နှင်းရေးကော်မတီ၊ အလုပ်အမှုဆောင် ညွှန်ကြားရေးမှူးရုံး (CTED) မှ ဒုတိယအလုပ်အမှုဆောင်ညွှန်ကြားရေးမှူး Mr.Weixiong Chen ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တို့သည် အလုပ်သဘောအစည်း အဝေးအား ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့မှ ၂၅ ရက်နေ့အထိ နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန၊ စုစည်းခန်းမ၌ ကျင်းပ ပြုလုပ်ခဲ့ပါသည်။

☆ ☆ ☆

## မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး

### တားဆီးနှိမ်နင်းရေးဆောင်ရွက်ချက်များ

၂၀၁၁ ခုနှစ်အတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်အထူးအဖွဲ့တို့မှ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| | | | | | |
|---|---|---|---|---|---|
| (က) | ဘိန်း | ၃၆၉ | မှု | ၈၂၈. ၂၇၁၇ | ကီလို |
| (ခ) | ဘိန်းဖြူ | ၇၄၃ | မှု | ၄၂. ၄၃၉၉ | ကီလို |
| (ဂ) | ဘိန်းဆီခဲ | ၈၉ | မှု | ၆၀. ၀၃၇၅ | ကီလို |
| (ဃ) | အဆင့်နိမ့်ဘိန်း | ၂၁၉ | မှု | ၂၈၁. ၆၄၆၈ | ကီလို |
| (င) | ဆေးခြောက် | ၁၈၃ | မှု | ၁၉၆. ၃၉၂၁ | ကီလို |
| (စ) | စိတ်ကြွရူးသွပ်ဆေးပြား | ၈၃၆ | မှု | ၅၈၉၄၁၈၈. ၇၅ | ပြား |
| (ဆ) | စိတ်ကြွဆေးအကြေမှုန့် | ၁ | မှု | ၁၀. ၀၉၇၁ | ကီလို |
| (ဇ) | ဘိန်းညိုမှုန့် | ၂ | မှု | ၃၆. ၈၈၃၇ | ကီလို |
| (ဈ) | ဘိန်းစာမှုန့် | ၉၁ | မှု | ၉၆၉. ၄၉၄ | ကီလို |
| (ည) | ဓါတုဆေးရည် | ၂ | မှု | ၉၉၇၆ | လစ်တာ |
| (ဋ) | ဓါတုဆေးမှုန့် | - | မှု | ၆၁၁၅၀ | ကီလို |
| (ဌ) | ဆူဒိုအက်ဖီဒရင်း | ၁၆ | မှု | ၁၆၈၀. ၄၁၈ | ကီလို |
| (ဍ) | မော်ဖင်းထိုးဆေး | ၂ | မှု | ၄၆၉၄ | ပုလင်း |
| (ပ) | အိုက်စ် | ၁၁ | မှု | ၃၃. ၄၀၁၉ | ကီလို |
| (ဏ) | ဒိုင်ယာဇီပင်ဆေးပြား | ၂ | မှု | ၈၅၇၀၇၅ | ပြား |
| (တ) | ဒိုင်ယာဇီပင်ထိုးဆေး | ၂ | မှု | ၆၈၂၂၂ | ပုလင်း |
| (ထ) | အက်ဖီဒရင်း | ၂ | မှု | ၁၁၀. ၀၃ | ကီလို |
| (ဒ) | ကေဖင်း | ၂ | မှု | ၅၅၇. ၈၈၁ | ကီလို |
| (ဓ) | ဘိန်းရည် | ၁၀ | မှု | ၇၇. ၀၇၁ | လစ်တာ |

| | | | | | |
|---|---|---|---|---|---|
| (န) | အယ်ပရာဇိုလမ်ဆေးပြား | ၅ | မှု | ၂၈၉၈၇. ၅ | ပြား |
| (ပ) | ဖြူပရီနော်ဖင်း | - | မှု | ၄၂ | ပုလင်း |
| (ဖ) | ကက်တမင်း | - | မှု | ၁. ၄ | ကီလို |
| (ဗ) | ထရာမဒေါလ်ထိုးဆေး | - | မှု | ၂၅၄၀ | ပုလင်း |
| (ဘ) | ထရာမဒေါလ်ဆေးပြား | ၁ | မှု | ၁၈၅၀၀၅ | ပြား |
| (မ) | ကော့စတတ်ဆိုဒါ | - | မှု | ၁၇၀. ၅ | ကီလို |
| (ယ) | ဟိုက်ဒြိုကလိုရစ်အက်စစ် | - | မှု | ၃ | လစ်တာ |
| (ရ) | ဆာလဖြူရစ်အက်စစ် | ၁ | မှု | ၅၂၅. ၅ | လစ်တာ |
| (လ) | အီသိုင်းအီသာ | ၁ | မှု | ၁၁၂၀ | လစ်တာ |
| (ဝ) | လိုင်ဇော | - | မှု | ၃၂ | လစ်တာ |
| (သ) | အမိုနီယမ်ကလိုရိုဒ် | - | မှု | ၂၆ | ကီလို |
| (ဟ) | ဆိုဒီယမ်ဘိုင်ကာဗွန်နိတ် | - | မှု | ၁. ၆ | ကီလို |
| (ဠ) | မှတ်ပုံတင်ပျက် | ၂၄ | မှု | | |
| (အ) | အခြားအမှု | ၃ | မှု | | |
| | **စုစုပေါင်း** | **၂၆၁၇** | **မှု** | | |
| | တရားခံ ကျား | ၃၃၀၅ | ဦး | | |
| | တရားခံ မ | ၆၈၆ | ဦး | | |
| | **စုစုပေါင်း** | **၃၉၉၁** | **ဦး** | | |

**ဘိန်းခင်းများဖျက်ဆီးခြင်း**

၂၀၁၀-၂၀၁၁ ခုနှစ်၊ ဘိန်းစိုက်ရာသီအတွင်း တိုင်းဒေသကြီး/ပြည်နယ်များမှ ဘိန်းခင်းများ စိုက်ပျိုး/ ဖျက်ဆီးမှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| **တိုင်းဒေသကြီး/ပြည်နယ်** | **တွေ့ရှိစိုက်ပျိုးမှု** | | **ဖျက်ဆီးမှု** | |
|---|---|---|---|---|
| | **ဧက** | **ဟက်တာ** | **ဧက** | **ဟက်တာ** |
| (က) ကချင် | ၂၀၉၂.၃ | ၈၄၆.၇၄ | ၂၀၉၂.၃ | ၈၄၆.၇၄ |
| (ခ) ကယား | ၉၃.၅ | ၃၇.၈၄ | ၉၃.၅ | ၃၇.၈၄ |
| (ဂ) ချင်း | ၂၃.၄၂ | ၉.၄၈ | ၂၃.၄၂ | ၉.၄၈ |
| (ဃ) စစ်ကိုင်း | ၀.၁၅ | ၀.၀၆ | ၀.၁၅ | ၀.၀၆ |
| (င) မန္တလေး | ၉၇.၁ | ၃၉.၃ | ၉၇.၁ | ၃၉.၃ |
| (စ) ရှမ်း (မြောက်) | ၃၂၅၀.၁ | ၁၃၁၅.၂၉ | ၃၂၅၀.၁ | ၁၃၁၅.၂၉ |
| (ဆ) ရှမ်း (တောင်) | ၈၈၄၃.၅၃ | ၃၅၇၈.၉၃ | ၈၈၄၃.၅၃ | ၃၅၇၈.၉၃ |
| (ဇ) ရှမ်း (အရှေ့) | ၃၀၄၀.၁၅ | ၁၂၃၀.၃၃ | ၃၀၄၀.၁၅ | ၁၂၃၀.၃၃ |
| **စုစုပေါင်း** | **၁၇၄၄၀.၂၅** | **၇၀၅၇.၉၇** | **၁၇၄၄၀.၂၅** | **၇၀၅၇.၉၇** |



**ချင်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ဘိန်းခင်း ဖျက်ဆီးနေစဉ်**

**စိတ်ကြွရူးသွပ်ဆေးပြားရိုက်စက် ဖမ်းဆီးရမိမှု**

၈-၉-၂၀၁၁ ရက်နေ့တွင် တာချီလိတ် (မူးယစ်) မှ ဒုရဲအုပ် နော်ဆိုင် ဦးစီးပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့၊ မိုင်းဖုန်း (ခ) ကျေးရွာအုပ်စု၊ ဝေ့လေလန်ပူးပေါင်း စစ်ဆေးရေးဂိတ်၌ အောင်ရင် မောင်းနှင်ပြီး စိုင်းဖူးလိုက်ပါလာသည့် ၉ခ/၉၅၀၆ (၁၀) ဘီးယာဉ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၆၀၀ ပြား သိမ်းဆည်း ရမိစဉ် ရောက်ရှိလာသော ဆေးပြားများပိုင်ရှင် အိုက်ဆတ် အား ထိုင်းဘတ်ငွေ ၁၀ သိန်းနှင့်အတူ ဖမ်းဆီးရမိပြီး ၎င်းနေထိုင်သော တာချီလိတ်မြို့၊ ဆန်ဆိုင်း (ခ) ရပ်ကွက်၊ (၄) လမ်း၊ အမှတ် (၅/၁၄၉) နေအိမ်၊ ကားဂိုဒေါင်၊ တာချီလိတ်မြို့နယ်၊ မိုင်းဖုန်း(ခ) ကျေးရွာအုပ်စု၊ ပါခုတ်ရွာနေ အိုက်ကျုံး (အိုက်ဆတ်၏ညီ) နေအိမ်၊ ပါခုတ်ရွာ အနီးရှိ အိုက်ဆတ် ၏ ရာဘာခြံနှင့် ဂိုဒေါင်တို့အား ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၁၅၂၀ ပြား၊ အိုက်စ် ၈ ကီလို ၊ ကေဖင်း ၅၅၄ ကီလို၊ ဆူဒိုအက်ဖီဒရင်းပါဆေးပြား ၄ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေ ၃၂၀ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးမှုန့် ၂၄၀ ဂရမ်၊ လက်နက်မျိုးစုံ ၇ လက်၊ ကျည်မျိုးစုံ ၆၅၀ တောင့်၊ အသံတိတ်ကိရိယာ ၈ ခု၊ မော်တော်ယာဉ် ၁၄ စီး၊ ဆိုင်ကယ် ၁၄ စီး၊ WY စာတမ်းပါသံမို ၈၇ ခု၊ စိတ်ကြွဆေးပြားရိုက်ရာတွင် အသုံးပြုသည့် စက်အစိတ်အပိုင်းမျိုးစုံနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ပါသည်။

၈-၁၀-၂၀၁၁ ရက်နေ့ တွင် ရတ ခမရ (၅၀၇) မှ ဗိုလ်ဌေးဝင်း ဦးစီးအဖွဲ့သည် ကွတ်ခိုင်မြို့နယ်၊ တက္ကနိုင်းကျေးရွာ အရှေ့မြောက်ဘက် ၁ မိုင် ၂ ဖာလုံခန့် အကွာ လုဂျာ (မ) ၏ လက်ဖက်စိုက်ခြံအတွင်းရှိ အဆောက်အဦနှင့် တက္ကနိုင်းကျေးရွာ၊ ရပ်ကွက်(၂)၊ အိမ်အမှတ် ခ/၁၆ လုဂျာ (မ) ၏ နေအိမ်တို့အား ရှာဖွေရာ ခြံစောင့်အလုပ်သမား ဆိုင်းအောင် (ကျား) အား တွေ့ရှိပြီး AK ၄၇ ၁ လက်၊ ကျည်အိမ် ၂ ခု ၊ ကျည် ၆၀ တောင့်၊ ပွိုင့် ၃၀၃ ကာဘိုင် ၁ လက် ၊ M-၂၁ မောင်းပြန်ရိုင်ဖယ် ၁ လက်၊ ၆၀-မမ စိန်ပြောင်း ၂ လက်၊ ယမ်းအခဲအညိုရောင် ၅ တောင့်၊ KIA တပ်ကြပ် အဆင့်ရှိ ယူနီဖောင်း ၁ စုံ၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၂၂၃၆၀ ပြား ၊ စိတ်ကြွရူးသွပ်ဆေးပြားမှုန့် ၉ ကီလို ၊ အက်ဖီဒရင်း ၁၆. ၅ ကီလို၊ အရက်ပျံ ၁၄၀ လီတာ၊ ဟိုက်ဒရိုကလိုရစ် အက်စစ် ၃ လီတာ ၊ ဆာလ်ဖျူရစ်အက်စစ် ၁၄၀ လီတာ၊ ကော့စတစ်ဆိုဒါ ၁၆၀ ကီလို၊ အရိုးမီးသွေးမှုန့် ၂၈ ကီလို၊ စိတ်ကြွဆေးအမှုန့်ကြိတ်စက် ၁ ခု၊ ဆေးပြား ရိုက်စက် ၁ လုံးနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်း ရမိခဲ့ပါသည်။

## ၂၆-၆-၂၀၁၁ ရက်နေ့ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲ အခမ်းအနား ကျင်းပခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားကို ၂၆-၆-၂၀၁၁ ရက်နေ့ ၁၀၀၀ အချိန် မြစ်ကြီးနားမြို့၊ အေးသာယာ လွတ်လပ်ရေး ကွင်း၌ ကျင်းပရာ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်း၊ လုံခြုံရေးနှင့်

နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သန်းအောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရာဝမ်ဂျုံ၊ ပြည်နယ်ဝန်ကြီး ၁၂ ဦး၊ ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ကျောင်းသူ ကျောင်းသားများ အပါအဝင် ပြည်သူလူထုအင်အား စုစုပေါင်း ၁၂၀၀ ဦးတက်ရောက်ခဲ့ပါသည်။ မီးရှို့ဖျက်ဆီးခဲ့သော မူးယစ်ဆေးဝါး များနှင့် တန်ဖိုးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ဘိန်း | ၉၂၇. ၁၈၅၅ | ကီလို |
| (ခ) | ဘိန်းဖြူ | ၃၉. ၆၃၀၂ | ကီလို |
| (ဂ) | ဘိန်းညို | ၀. ၀၄၇၄ | ကီလို |
| (ဃ) | ဘိန်းရည် | ၁၂၇. ၁၅၃ | လစ်တာ |
| (င) | အဆင့်နိမ့်ဘိန်း | ၈၇၄. ၀၈၁ | ကီလို |
| (စ) | ဘိန်းဆီခဲ | ၂၇. ၇၈၃၆ | ကီလို |
| (ဆ) | ဆေးခြောက် | ၁၃. ၁၃၄၈ | ကီလို |
| (ဇ) | စိတ်ကြွဆေးပြား | ၅၃. ၁၈၉၃ | ကီလို |
| (ဈ) | စိတ်ပြောင်းဆေးဝါး | ၅၄၆. ၉၈၈၅ | ကီလို |
| (ည) | အက်ဖီဒရင်း | ၁၃၄. ၉၉၁ | ကီလို |
| (ဋ) | ဆူဒိုအက်ဖီဒရင်း | ၈၃. ၉၂ | ကီလို |
| (ဌ) | ဓာတုဆေးမှုန့် | ၁၀. ၄၆၈ | ကီလို |
| (ဍ) | ဗိုလမ်ဆေးပြား | ၁၁. ၆၃၇၅ | ကီလို |
| (ပ) | ကက်တမင်းထိုးဆေး | ၁၁၈၀ | ပုလင်း |

မီးရှို့ဖျက်ဆီးသည့် မူးယစ်ဆေးဝါး၊ ဓါတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ၏ တန်ဖိုးမှာ မြန်မာငွေ ကျပ် ၈၆၀၄ သန်းကျော် (အမေရိကန်ဒေါ်လာ ၁၁. ၀၃ သန်းကျော်) ဖြစ်ပါသည်။

## ၂၆-၆-၂၀၁၁ ရက်နေ့ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲ အခမ်းအနား ကျင်းပခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ အဝေယာကုန်းသာယာကွင်းတွင် ဖမ်းဆီးရမိမူးယစ်ဆေးဝါး များအား မီးရှို့ဖျက်ဆီးပွဲအခမ်းအနားကို ၂၆-၆-၂၀၁၁ ရက်နေ့ ၀၉၄၅ အချိန်၌ ကျင်းပရာ အခမ်းအနားသို့ ပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်ထဲရေး ဒုတိယဝန်ကြီး

ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ပို့ဆောင်ရေး ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ပညာရေး ဒုတိယဝန်ကြီး ဦးအေးကြူ၊ ကျန်းမာရေး ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ သာသနာရေး ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ငွေ၊ လယ်ယာနှင့်ဆည်မြောင်း ဒုတိယဝန်ကြီး ဦးခင်ဇော်နှင့် ပြည်နယ်ဝန်ကြီး များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်သူလူထု စုစုပေါင်းအင်အား ၃၅၀၀ ဦး တက်ရောက်ခဲ့ပါသည်။ မီးရှို့ဖျက်ဆီးခဲ့သော မူးယစ်ဆေးဝါးများနှင့်တန်ဖိုးမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ဘိန်း | ၂၇၆၇. ၅၄၇၉ | ကီလို |
| (ခ) | ဘိန်းဖြူ | ၁. ၇၆၅၄ | ကီလို |
| (ဂ) | ဘိန်းဆီခဲ | ၆၁. ၂၈၆၈ | ကီလို |
| (ဃ) | အဆင့်နိမ့်ဘိန်း | ၂. ၈၂၆၂ | ကီလို |
| (င) | ဆေးခြောက် | ၃၈၉. ၉၈၅၁ | ကီလို |
| (စ) | စိတ်ကြွဆေးပြား | ၉၁. ၈၅၂၆ | ကီလို |
| (ဆ) | အိုက်စ် | ၅. ၈၉၇၃ | ကီလို |
| (ဇ) | အက်ဖီဒရင်း | ၀. ၉၅၁၅ | ကီလို |
| (ဈ) | စိတ်ပြောင်းဆေးဝါး | ၀. ၄၃၄၄ | ကီလို |
| (ည) | ဘိန်းညိုမှုန့် | ၁၀၁. ၈၉၄၈ | ကီလို |
| (ဋ) | ဒိုင်ရာဇီပင် | ၅၁၅၄၈၀ | ပြား |
| (ဌ) | ဘိန်းရည် | ၂၉၃. ၃၈၈ | လစ်တာ |
| (ဍ) | ဘိန်းစေ့ | ၄၃၈. ၃၂၆၆ | ကီလို |
| (ဎ) | မော်ဖင်းထိုးဆေး | ၇၈၃ | ပုလင်း |
| (ဏ) | စိတ်ကြွဆေးအကြေမှုန့် | ၀. ၀၃၀၉ | ကီလို |
| (တ) | ဘိန်းစာမှုန့် | ၅၇၉. ၆၇၆၄ | ကီလို |
| (ထ) | ဓါတုဆေးမှုန့် | ၂၈ | ကီလို |
| (ဒ) | ဓါတုဆေးရည် | ၁၂. ၉၂၉၈ | လစ်တာ |

မီးရှို့ဖျက်ဆီးသည့် မူးယစ်ဆေးဝါး၊ ဓါတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ၏ တန်ဖိုးမှာ မြန်မာငွေ ကျပ် ၁၅၆၈၄ သန်းကျော် (အမေရိကန်ဒေါ်လာ ၂၀. ၁၁ သန်းကျော်) ဖြစ်ပါသည်။

## ၂၆-၆-၂၀၁၁ ရက်နေ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့တွင် ဖမ်းဆီးရမိ မူးယစ် ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲ အခမ်းအနား ကျင်းပခြင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ ပြည်နယ်အားကစားကွင်းတွင် ဖမ်းဆီးရမိ မူးယစ်ဆေးဝါး များအား မီးရှို့ဖျက်ဆီးပွဲအခမ်းအနားကို ၂၆-၆-၂၀၁၁ ရက်နေ့ ၀၉၃၀ အချိန်၌ ကျင်းပရာ အခမ်းအနားသို့ ပြည်နယ်ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဦးတူးမောင်၊ ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကျောင်းသားကျောင်းသူများ နှင့် ပြည်သူလူထုအင်အား စုစုပေါင်း (၅၀၀) ဦးတက်ရောက် ခဲ့ပါသည်။ မီးရှို့ဖျက်ဆီးခဲ့သော မူးယစ်ဆေးဝါးများ၏ တန်ဖိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ဘိန်း | ၆၁. ၅၃၈၈ | ကီလို |
| ( ခ ) | ဘိန်းဖြူ | ၆၉. ၁၅၅၄ | ကီလို |
| (ဂ ) | အိုက်စ် | ၆၅. ၈၂၉၁ | ကီလို |
| (ဃ) | အဆင့်နိမ့်ဘိန်း | ၀. ၁၇၂၃ | ကီလို |
| ( င ) | ကဖင်းမှုန့် | ၂၁၃၉. ၀၃၁၈ | ကီလို |
| ( စ ) | စိတ်ကြွဆေးပြား | ၂၁. ၄၇၄၂ | ကီလို |
| (ဆ) | အက်တက်ဆီဆေးပြား | ၁၇၃ | ပြား |
| ( ဇ ) | အက်ဖီဒရင်း | ၀. ၃၄၉၈ | ကီလို |
| ( ဈ ) | စိတ်ကြွဆေးအကြေမှုန့် | ၄၅. ၃၈၄ | ကီလို |
| (ည) | ဟိုက်ဒြိုကလိုရစ်အက်စစ် | ၂၅၀၀ | လစ်တာ |
| (ဋ) | ဘိန်းမျိုးစေ့ | ၁၂၂၆. ၁၄၇ | ကီလို |
| (ဌ) | ဆူဒိုအက်ဖီဒရင်း | ၇. ၆၃၁၆ | ကီလို |

မီးရှို့ဖျက်ဆီးသည့် မူးယစ်ဆေးဝါး၊ ဓါတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ၏ တန်ဖိုးမှာ မြန်မာငွေ ကျပ် ၈၃၅၁ သန်းကျော် (အမေရိကန်ဒေါ်လာ ၁၀. ၇၁ သန်းကျော်) ဖြစ်ပါသည်။

## ၂၆-၆-၂၀၁၁ ရက်နေ့ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့တွင် ဖမ်းဆီးရမိ မူးယစ် ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲ အခမ်းအနား ကျင်းပခြင်း

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့ ပြည်ထောင်စုအားကစားကွင်း၌ ဖမ်းဆီးရမိမူးယစ် ဆေးဝါးများအား မီးရှို့ဖျက်ဆီးပွဲအခမ်းအနားကို ၂၆-၆-၂၀၁၁ ရက်နေ့ ၁၀၀၀ အချိန်၌ ကျင်းပရာ အခမ်းအနားသို့ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သူ၊ ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကျောင်းသားကျောင်းသူများအပါအဝင်

ပြည်သူလူထု စုစုပေါင်း ၂၀၀၀ ဦး တက်ရောက်ခဲ့ပါသည်။ မီးရှို့ဖျက်ဆီးခဲ့သော မူးယစ်ဆေးဝါးများ၏တန်ဖိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ဘိန်း | ၈၀၁. ၃၉၀၅ | ကီလို |
| ( ခ ) | ဘိန်းဖြူ | ၃၅. ၈၆၀၉ | ကီလို |
| (ဂ ) | ဘိန်းဆီခဲ | ၂၀. ၈၂၆၇ | ကီလို |
| (ဃ) | အဆင့်နိမ့်ဘိန်း | ၁. ၆၂၀၄ | ကီလို |
| ( င ) | ဆေးခြောက် | ၉. ၅၂၁ | ကီလို |
| ( စ ) | စိတ်ကြွဆေးပြား | ၁၆၅. ၄၄၁၃ | ကီလို |
| (ဆ) | အိုက်စ် | ၀. ၀၀၄ | ကီလို |
| ( ဇ) | အက်ဖီဒရင်း | ၁၂၄. ၄၅၈၅ | ကီလို |
| ( ဈ ) | ဘိန်းရည် | ၁၄. ၇၂၉၁ | လစ်တာ |
| (ည) | ကဖင်း | ၂၃၇. ၉၄ | ကီလို |
| (ဋ) | ဆူဒိုအက်ဖီဒရင်း | ၄၈၂. ၈၂၈၃ | ကီလို |
| (ဌ) | ဟိုက်ဒရိုကလိုရစ်အက်စစ် | ၃၉ | လစ်တာ |
| (ဍ) | အီသာ | ၇၄၀ | လစ်တာ |

မီးရှို့ဖျက်ဆီးသည့် မူးယစ်ဆေးဝါး၊ ဓါတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ၏ တန်ဖိုးမှာ မြန်မာငွေ ကျပ် ၇၉၈၃ သန်းကျော် (အမေရိကန်ဒေါ်လာ ၁၀. ၂၇ သန်းကျော်) ဖြစ်ပါသည်။

မြစ်ကြီးနား၊ တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုးမြို့ နေရာ ၄ ခုတွင် မီးရှို့ဖျက်ဆီးခဲ့သည့် မူးယစ်ဆေးဝါး များ၏ စုစုပေါင်းတန်ဖိုးမှာ မြန်မာငွေ ၄၀၆၂၂ သန်းကျော် (အမေရိကန်ဒေါ်လာ ၅၂. ၀၈ သန်းကျော်) ဖြစ်ပါသည်။

## နိုင်ငံတော်ဘဏ္ဍာသိမ်းဆည်းခြင်း

၁၉၉၃ ခုနှစ်မှ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ မူးယစ်ဆေးဝါးနှင့်ဆက်နွယ်၍ နိုင်ငံတော် ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ငွေကြေးပစ္စည်းများ၏ အရေအတွက်နှင့် စုစုပေါင်းတန်ဖိုးမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | အမျိုးအစား | အရေအတွက် | | တန်ဘိုး |
|---|---|---|---|---|
| ၁ | မြန်မာကျပ် | ၅၅၄၀၇၃၄၀၀ | ကျပ် | ၅၅၄၀၇၃၄၀၀ |
| ၂ | ထိုင်းဘတ်ငွေ | ၅၀၀၃၁၃၈၁ | ဘတ် | ၁၆၂၃၅၀၈၀၀၇ |
| ၃ | တရုတ်ယွမ်ငွေ | ၃၉၄၅၅၆ | ယွမ် | ၅၇၀၀၂၉၆၈ |
| ၄ | အိန္ဒိယရူပီးငွေ | ၂၀၀၀၀ | ရူပီး | ၄၂၂၀၀၀ |
| ၅ | အမေရိကန်ဒေါ်လာ | ၉၄၇၅၁ | ဒေါ်လာ | ၉၄၇၅၁၀၀၀ |
| ၆ | မလေးရှားရင်းဂစ် | ၇၀၃၅ | ရင်းဂစ် | ၄၉၁၀၅၀ |
| ၇ | ဟောင်ကောင်ဒေါ်လာ | ၁၂၀ | ဒေါ်လာ | ၁၀၈၀၀ |
| ၈ | ယူရိုငွေ | ၅၅၀၀ | ယူရို | ၆၀၅၀၀၀၀ |
| ၉ | မော်တော်ယာဉ် | ၃၆၅ | စီး | ၁၁၇၉၃၇၆၈၅၀၀ |
| ၁၀ | မော်တော်ဆိုင်ကယ် | ၁၂၉၆ | စီး | ၅၃၀၈၈၀၀၀၀ |
| ၁၁ | ငွေထည်ပစ္စည်း | ၁၇၅ | မျိုး | ၁၀၆၈၂၀၀၀ |
| ၁၂ | ရွှေထည်ပစ္စည်း | ၇၁၆ ကျပ်သား ၉ ပဲ | - | ၄၃၀၉၇၅၀၀၀ |
| ၁၃ | ထော်လာဂျီ | ၂၀ | စီး | ၆၇၀၀၀၀၀ |
| ၁၄ | ထွန်စက် | ၂ | စီး | ၈၂၀၀၀၀ |
| ၁၅ | စက်ဘီး | ၁၀၉ | စီး | ၆၅၀၀၀၀ |
| ၁၆ | ဆိုက်ကား | ၅ | စီး | ၄၀၀၀၀၀ |
| ၁၇ | စက်လှေ | ၂၆ | စီး | ၁၀၄၀၀၀၀၀ |
| ၁၈ | တိုက်/ မြေ/ အဆောက်အဦ | ၂၄၁ | - | ၂၀၃၅၁၄၀၉၄၀၀ |
| ၁၉ | တိုက်ခန်း | ၁၅ | ခန်း | ၃၀၉၀၀၀၀၀ |
| ၂၀ | မြေကွက် | ၂၀ | ကွက် | ၃၈၃၀၀၀၀၀ |
| ၂၁ | ဖုန်း | ၈၇ | လုံး | ၂၇၂၀၀၀၀ |
| ၂၂ | အခြားပစ္စည်း(စက်ပစ္စည်း/ စကားပြောစက်) | ၆၂ | - | ၃၆၃၅၈၄၀၀ |
| ၂၃ | ငွေစုစာအုပ် | ၃ | အုပ် | ၁၀၆၂၀၄၀ |
| | | | **စုစုပေါင်း** | **၃၇၂၉၇၄၉၄၆၆၅** |

**အမှုပေါင်း** - **၂၄၆၉ မှု**

***တရားခံပေါင်း*** - ***၃၄၈၄ ဦး***



ရှမ်းပြည်နယ်၊ ကွတ်ခိုင်မြို့နယ်၊ တက္ကနိုင်းကျေးရွာတွင် ဖမ်းဆီးရမိသည့်
စိတ်ကြွရူးသွပ်ဆေးပြား၊ ဆေးပြားရိုက်စက်ဆက်စပ်ပစ္စည်းများနှင့် လက်နက်ခဲယမ်းများ



ရှမ်းပြည်နယ်၊ ရေပူစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါး ချက်လုပ်ရာတွင်
အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ

**နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း**

**ကုလသမဂ္ဂမူးယစ်ဆေးဝါးဆိုင်ရာကော်မရှင်တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခြင်း။** မူးယစ်ဆေးဝါးကော်မရှင်ကို ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီ (United Nations Economic and Social Council - ECOSOC) က ၁၉၄၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး မူးယစ်ဆေးဝါးဆိုင်ရာကိစ္စရပ်များအား ကုလသမဂ္ဂ၏စနစ်နှင့်အညီ မူဝါဒချမှတ်သည့် အဆင့်အမြင့်ဆုံးအဖွဲ့အစည်းဖြစ်ပါသည်။ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်ထိ(၄)နှစ်သက်တမ်းရှိ ကုလသမဂ္ဂမူးယစ်ဆေးဝါးဆိုင်ရာကော်မရှင် အဖွဲ့ဝင်အဖြစ် မြန်မာနိုင်ငံသည် အာရှဒေသမှ အီရန်၊ အိန္ဒိယ၊ လာအို၊ လက်ဘနွန်၊ မလေးရှား၊ ထိုင်း နိုင်ငံနှင့် အာရပ်စော်ဘွားများနိုင်ငံတို့နှင့်အတူအရွေးခံခဲ့ရပြီး အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၈ ခုနှစ်တွင် မူးယစ်ဆေးဝါးဆိုင်ရာ ကော်မရှင် အဖွဲ့ဝင်တစ်နိုင်ငံမဟုတ်သော်လည်း လေ့လာသူနိုင်ငံအဖြစ် အစည်းအဝေးများအား တက်ရောက် ခဲ့ပြီး ၂၀၁၀ ခုနှစ်မှ ၂၀၁၃ ခုနှစ်ထိအဖွဲ့ဝင်နိုင်ငံအဖြစ် ပြန်လည်ရရှိခဲ့ပါသည်။

**54th Session of the Commission on Narcotic Drugs (CND)တက်ရောက်ခြင်း။** ၂၀၁၁ ခုနှစ် မတ်လ ၂၈ ရက်မှ ဧပြီလ ၅ ရက်ထိ ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့တွင် ကျင်းပသော (၅၄)ကြိမ် မြောက် ကုလသမဂ္ဂမူးယစ်ဆေးဝါးကော်မရှင်အစည်းအဝေး (54th Session of the Commission on Narcotic Drugs -CND) သို့ မူးယစ်ဗဟိုရုံးနှင့် မူးယစ်ဆေးဝါးပ ပျောက်ရေးဌာနမှ ဌာနမှူး ရဲမှူးကြီး တင်မောင်မောင် နှင့် ဒုတိယညွှန်ကြားရေးမှူး(နိုင်ငံတကာ)မှ ဒုတိယရဲမှူးကြီး တင်အောင် တို့တက်ရောက်ခဲ့ကြပါသည်။

**တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ် ၆ နိုင်ငံနားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး ဆောင်ရွက်ခြင်း။** မြန်မာနိုင်ငံသည် ဒေသခွဲအတွင်း မူးယစ်ဆေးဝါးအလွဲသုံးမှု ထိန်းချုပ်ရေးအတွက် (UNODC) ၏ နည်းပညာနှင့် ရန်ပုံငွေအထောက်အပံ့များဖြင့် တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့နှင့် နားလည်မှုစာချွန်လွှာ (Memorandum Of Understanding , MOU) ကို ၁၉၉၅ ခုနှစ်မေလ ၂၅ ရက်မှ ၂၇ ရက်ထိ တရုတ်နိုင်ငံ၊ ဘေဂျင်းမြို့တွင်ကျင်းပခဲ့သည့် (MOU) ဝန်ကြီးအဆင့်အစည်းအဝေး၌ လက်မှတ်ရေးထိုးအကောင် အထည်ဖော် ဆောင်ရွက် လျက်ရှိပါသည်။ (MOU) အဖွဲ့ဝင်နိုင်ငံများ၏ အစည်းအဝေးဆုံးဖြတ်ချက်များအရ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ စီမံကိန်းများကိုလည်း ဒေသခွဲအတွင်းအကောင် အထည် ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၁ ခုနှစ်အတွင်း တားဆီးနှိမ်နင်းရေးစီမံကိန်း(၃)ခု အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

**တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ် ၆ နိုင်ငံ အဆင့်မြင့်အရာရှိများအစည်းအဝေး နှင့် ဝန်ကြီးအဆင့် အစည်းအဝေးတက်ရောက်ခြင်း။** ဒေသတွင်း မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားသော (၆)နိုင်ငံ အဆင့်မြင့်အရာရှိများအစည်းအဝေး (MoU Senior Officials Committee Meeting ) နှင့် ဝန်ကြီး အဆင့် အစည်းအဝေးကို ၂၀၁၁ ခုနှစ် မေလ ၂၁ ရက်မှ ၂၄ ရက်ထိ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဗီယင်ကျန်းမြို့တွင် ကျင်းပခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့ တက်ရောက်ခဲ့ပါသည်။

နားလည်မှုစာချွန်လွှာနိုင်ငံများ အထောက်အကူပြုရေး စီမံကိန်းဗဟိုတာဝန်ခံများ အစည်းအဝေး(Focal Points Meeting under the Support for MoU Partnership in East Asia - H 15 )ကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်မှ ၂၀ ရက်ထိ လာအိုပြည်သူ့ ဒီမိုကရက် တစ်သမ္မတနိုင်ငံ၊ ဗီယင်ကျန်းမြို့တွင်ကျင်းပခဲ့ရာ မူးယစ်ဗဟိုရုံးမှ ညွှန်ကြားရေးမှူး (နိုင်ငံတကာ) ရဲမှူးကြီး သန်းစိုး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ ပါသည်။

**နှစ်နိုင်ငံမူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး သဘောတူညီချက်များ လက်မှတ်ရေး ထိုးဆောင်ရွက်ခြင်း။** မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးမှောင်ခိုမှုများ၊ အလွဲသုံးမှုများနှင့် ပတ်သက်၍ နှစ်နိုင်ငံပူးပေါင်းထိန်းချုပ် နိုင်ရေးအတွက် နှစ်နိုင်ငံသဘောတူညီချက်များကို လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့ပါသည်။

မြန်မာ-ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးသဘောတူညီချက်များအရ (၁၅)ကြိမ်မြောက် မြန်မာ-ထိုင်းနှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးအစည်းအဝေး (The 15th Thailand-Myanmar Bilateral Meeting on Narcotics Law Enforcement Cooperation) ကို ၂၀၁၁ ခုနှစ်၊ ဇွန်လ ၂၄ ရက်တွင် ထိုင်းနိုင်ငံ၊ ပတ္တယားမြို့၌ကျင်းပခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ရဲချုပ် ကျော်ကျော်ထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့တက်ရောက်ခဲ့ပြီး နှစ်နိုင်ငံနယ်စပ်တွင် မူးယစ်ဆေးဝါး သယ်ဆောင် ရောင်းဝယ်မှု များတိုးမြင့် ဖမ်းဆီးရေး၊ အချိန်နှင့် တပြေးညီသတင်းဖလှယ်ရေးနှင့် အောက်ခြေအဆင့်အရာရှိများ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး ကိစ္စရပ်များအား ဆုံးဖြတ်ခဲ့ပါသည်။

မြန်မာ-တရုတ် နှစ်နိုင်ငံ သဘောတူညီချက်များအရ (၉) ကြိမ်မြောက် မြန်မာ-တရုတ် နှစ်နိုင်ငံ မူးယစ် ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးအစည်းအဝေး (9th Myanmar-China Bilateral Meeting on Drugs Control Cooperation) ကို ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၅ ရက်မှ ၇ ရက်ထိ တရုတ်နိုင်ငံ၊ ကူမင်းမြို့၌ကျင်းပခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ရဲချုပ် ကျော်ကျော်ထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ပြီး အစားထိုးစိုက်ပျိုးရေး လုပ်ငန်းများ၊ ပူးပေါင်းစစ်ဆင်ရေး၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ မူးယစ်ဆေးဝါး သယ်ယူသည့် ကိစ္စနှင့် ပတ်သက်၍ နှစ်ဘက်နိုင်ငံမှ သတင်းဖလှယ်ရေး၊ တရားခံစစ်ကြောရေးနှင့် တရားစီရင်ရေး ကိစ္စရပ်များအား ဆွေးနွေးဆုံးဖြတ်ခဲ့ကြ ပါသည်။

မြန်မာ-လာအို နှစ်နိုင်ငံ သဘောတူညီချက်များအရ ဒုတိယအကြိမ် မြန်မာ-လာအို နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေးဝန်ကြီးအဆင့်အစည်းအဝေး (2nd Myanmar-Laos Bilateral Miniaterial Meeting on Drug Control Cooperation) ကို ၂၀၁၁ ခုနှစ်အောက်တိုဘာလ ၄ ရက်နေ့တွင် နေပြည်တော်၌ အိမ်ရှင်အဖြစ်ကျင်းပခဲ့ရာ မြန်မာနိုင်ငံ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၊ ဝန်ကြီး H.E. Mr.Soubanh SRITHIRATH ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ခဲ့ကြပြီး မဲခေါင်မြစ်အတွင်း မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများ၊ တားဆီးနှိမ်နင်းရေးနှင့် နှစ်နိုင်ငံပူးပေါင်း သတင်းဖလှယ်ရေးလုပ်ငန်းစဉ် များကိုဆွေးနွေးခဲ့ကြပါသည်။

ပထမအကြိမ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင်ရောင်းဝယ်ဖောက်ကားမှုတားဆီးကာကွယ်ရေး အဆင့်မြင့်အရာရှိများအစည်းအဝေးကို ရန်ကုန်မြို့ Park Royal Hotel ၌ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်တွင် အိမ်ရှင်အဖြစ်ကျင်းပခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဌာန၊ ညွှန်ကြားရေးမှူးချုပ် Mr.Khandker Mohammad Ali ခေါင်းဆောင်သော ကိုယ်စားလှယ် (၁၁) ဦးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ရဲချုပ် ကျော်ကျော်ထွန်း ခေါင်းဆောင်သောကိုယ်စားလှယ် (၁၂)ဦးတက်ရောက်ကြပါသည်။ အဆိုပါအစည်းအဝေး၌ မူးယစ်ဆေးဝါးကုန်ကူးမှုပြဿနာအား ပူးပေါင်း ဆောင်ရွက်ရေး၊ အချိန်နှင့်တပြေးညီ သတင်းဖလှယ်ရေးနှင့် ဆက်သွယ်ရေး Focal Point Person များခန့်အပ်ရေး တို့ကိုသဘောတူညီခဲ့ကြပါသည်။

**အာရှနှင့်ပစိဖိတ်ဒေသမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအကြီးအကဲများအစည်းအဝေးတက်ရောက်ခြင်း။**

၂၀၁၁ ခုနှစ်နိုဝင်ဘာလ ၂၂ ရက်မှ ၂၅ ရက်ထိ အိန္ဒိယနိုင်ငံ၊ အက်ဂရာမြို့တွင်ကျင်းပသည့် (၃၅) ကြိမ်မြောက် အာရှနှင့်ပစိဖိတ်ဒေသမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အကြီးအကဲများ အစည်းအဝေး(35th Meeting on Heads of National Drug Law Enforcement Agencies, HONLEA)သို့ မူးယစ်ဗဟိုရုံး မှ ဒုတိယညွှန်ကြားရေးမှူး (နိုင်ငံတကာ) ဒုတိယရဲမှူးကြီး ဇော်လင်းထွန်း တက်ရောက်ခဲ့ပါသည်။

**UNODC နှင့် ပူးပေါင်းဆောင်ရွက်ခြင်း။** ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်မှုခင်းဆိုင်ရာရုံး (Untted Nations Office on Drugs and Crime,UNODC) နှင့် မူးယစ်ဗဟိုတို့ ပူးပေါင်း၍ အောက်ဖော်ပြပါ စီမံကိန်း (၇)ခုကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ် ဆောင်ရွက်လျက် ရှိပါသည်-

(က) လွိုင်လင်မြို့နယ် ကျေးရွာအုပ်စု (၉)ခုအတွင်း လူမှုဘဝမြှင့်တင်ရေးစီမံကိန်း (Support of Uprooted People in Loilen Township, 9 village Tracts) ကို EU ၏ရန်ပုံငွေအမေရိကန်ဒေါ်လာ ၁၃၀၈၅၀၀ ဖြင့် အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပါသည်။

(ခ) ဟိုပုံးမြို့နယ်ရှိ ကျေးရွာအုပ်စု (၆) ခုအတွင်း အစားအစာဖူလုံရေးစီမံကိန်း (Food Security Programme for Myanmar, 6 Village Tracts) ကို EU ၏ရန်ပုံငွေအမေရိကန်ဒေါ်လာ ၂၆၃၅၀၀၀ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

(ဂ) ဟိုပုံးမြို့နယ်ရှိ ကျေးရွာအုပ်စု (၄) ခုအတွင်း အစားအစာဖူလုံရေးစီမံကိန်း (Food Security Programme for Myanmar, 4 Village Tracts) ကို EU ၏ရန်ပုံငွေအမေရိကန်ဒေါ်လာ ၂၃၂၅၀၀၀ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

(ဃ) ပင်လုံမြို့နယ် နှင့် လာအိုနိုင်ငံတွင် အစားအစာဖူလုံတိုးတက်ရေး၊ သီးနှံစိုက်ပျိုး ထုတ်လုပ်မှု တိုးမြှင့်ရေးနှင့်အသေးစားစီးပွားရေး လုပ်ငန်းများ တိုးမြှင့်ရေး စီမံကိန်း (Increasing Food Security and Prmoting Licit Crop Production and Small Farmer Enterprise Development in Lao PDR and Myanmar) ကို Global Fund(Germany) ၏ရန်ပုံငွေအမေရိကန်ဒေါ်လာ ၁၅၇၃၈၀၉ ဖြင့် အကောင် အထည် ဖော်ဆောင်ရွက်လျက်ရှိပါသည်။

(င) မူးယစ်ဆေးစွဲမှုနှင့် HIV/AIDS အပါအဝင် ကျန်းမာရေးဆိုးကျိုးဆက်များအား ကုသပေးရေး စီမံကိန်း (Treating drug dependence and it's health consequences, TREATNET II)ကို OPEC Fund for International Development Spain, Sweden, American မှ ရန်ပုံငွေအမေရိကန် ဒေါ်လာ ၂၀၀၀၀၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

(စ) မူးယစ်ဆေးဝါး သုံးစွဲသူများအကြား HIV/AIDS ကူးစက်ပျံ့နှံ့မှုလျော့ချ ရေးစီမံကိန်း (Reducing the Spread of HIV/AIDS among Drug Users, HAARP) ကို Aus AID မှရန်ပုံငွေ အမေရိကန်ဒေါ်လာ ၄၇၃၄၁၁၈ ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

(ဆ) မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးထိုးသွင်းမှုလျှော့ချခြင်းနှင့် HIV/AIDS အန္တရာယ်ကာကွယ်ခြင်း ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းကို 3 Disease Fund မှရန်ပုံငွေ အမေရိကန်ဒေါ်လာ ၃၅၆၄၃၄၇ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

(ဇ) တရားမဝင်ဘိန်းစိုက်ပျိုးမှုကြီးကြပ်ရေးအစီအစဉ် (Illicit Crop Monitoring

Programme, ICMP) ကို ဂျပန်နိုင်ငံ၏ ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၂၄၅၂၀၈၄ ဖြင့်ဆောင်ရွက်လျက်ရှိပါသည်။

**32nd ASEAN Senior Officials Meeting on Drug Matters(ASOD) အစည်းအဝေး တက်ရောက်ခြင်း။** ၂၀၁၁ ခုနှစ်အောက်တိုဘာလ ၁၀ ရက်မှ ၁၂ ရက်ထိ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့တွင်ကျင်းပသည့် (၃၂) ကြိမ်မြောက် အာဆီယံ မူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (32nd ASEAN Senior Officials Meeting on Drug Matters-ASOD) သို့ မူးယစ်ဗဟိုရုံးဌာနမှူး၊ ရဲမှူးကြီးတင်မောင်မောင်နှင့် အမှတ်(၁) အခြေခံပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးစောသိန်း တို့တက်ရောက် ခဲ့ကြပါသည်။

**မဲခေါင်မြစ်ကြောင်းလုံခြုံရေး (၄) နိုင်ငံ အစည်းအဝေး တက်ရောက်ခြင်း။** ၂၀၁၁ခုနှစ် အောက်တိုဘာလ ၃၀ ရက်မှ ၃၁ ရက်ထိ တရုတ်နိုင်ငံ၊ ဘေဂျင်းမြို့တွင်ကျင်းပသည့် တရုတ်-လာအို-မြန်မာ-ထိုင်းနိုင်ငံ လမ်းဆောင်းမြစ်-မဲခေါင်မြစ် အပြည်ပြည်ဆိုင်ရာ ရေကြောင်း သယ်ယူပို့ဆောင်ရေး လုံခြုံမှုဥပဒေသတ်မှတ်ချက်များ အတိုင်း ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြပါသည်။

**အိမ်ရှင်အဖြစ်လက်ခံကျင်းပခြင်း**

လူထုအတွင်းလိုအပ်ချက်များသုံးသပ်ရေးနှင့်အစီအစဉ်ရေးဆွဲမှုဆိုင်ရာ သင်တန်းကို ရန်ကုန်မြို့ Excel Tower Hotel ၌ ၂၀၁၁ ခုနှစ်မေလ ၁၈ ရက်မှ ၂၀ ရက်ထိ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC) အစီအစဉ်ဖြင့် ဖွင့်လှစ်ပို့ချခဲ့ရာ သင်တန်းသား (၄၁)ဦး တက်ရောက်ခဲ့ပါသည်။

မူးယစ်ဆေးဝါးထိန်းချုပ်ရေး၊ အကူအညီများပံ့ပိုးရေး၊ အစားထိုးစိုက်ပျိုးရေးနှင့် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များတည်ထောင်ရေးအတွက် မြန်မာ-တရုတ် မူးယစ်ဆေးဝါးထိန်းချုပ်ရေးပူးပေါင်း ဆောင်ရွက်မှုအစည်းအဝေးကို ၂၀၁၁ ခုနှစ် ဇွန်လ ၁၆ ရက်နေ့က ရန်ကုန်မြို့ Chatrium Hotel၌ ကျင်းပခဲ့ရာ ရဲမှူးကြီး တင်မောင်မောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ် (၇)ဦးနှင့် တရုတ်နိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင်(China National Narcotics Control Commission, NNCC) မှ ဒုတိယအထွေထွေအတွင်းရေးမှူး ချုပ် Mr. Wang Qianrong ဦးဆောင်သော ကိုယ်စားလှယ်(၉)ဦး တို့တက် ရောက်ခဲ့ပါသည်။

ဒုတိယအကြိမ်မြောက် မြန်မာ-လာအို မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး ဝန်ကြီးအဆင့် အစည်းအဝေးကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (Myanmar International Convention Centre,MICC ) ၌ ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၄ ရက်က ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို

ခေါင်းဆောင် သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်(၁၃)ဦးနှင့် လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၊ ဝန်ကြီး H.E. Mr.Soubanh SRITHIRATH ခေါင်းဆောင် သော ကိုယ်စားလှယ် (၉)ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

မြန်မာ-တရုတ်နှစ်နိုင်ငံ Focal Points အစည်းအဝေးကို ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့က တောင်ကြီးမြို့အေးသာယာဂေါက်ကွင်းဟိုတယ်တွင်ကျင်းပခဲ့ရာ ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူး၊ ရဲမှူးကြီး ဝင်းနိုင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်(၈)ဦးနှင့် တရုတ်နိုင်ငံ အမျိုးသား မူးယစ် ဆေးဝါး ထိန်းချုပ်ရေးကော်မရှင် (China National Narcotics Control Commission , NNCC) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Yan Shang Zhi ခေါင်းဆောင်သော ကိုယ်စားလှယ်(၁၁)ဦး တို့ တက်ရောက်ခဲ့ကြပါသည်။

မြန်မာ-တရုတ် နှစ်နိုင်ငံအစားထိုးဖွံ့ဖြိုးရေး ဝန်ကြီးအဆင့်အစည်းအဝေးကို ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁ ရက်က မူဆယ်မြို့တွင်ကျင်းပခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် (၁၄) ဦး နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Mr. Zhang Xinfeng ခေါင်းဆောင်သော တရုတ်ကိုယ်စားလှယ်(၁၅)ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

၂၀၁၁ ခုနှစ်နိုဝင်ဘာလ ၈ ရက်မှ ၁၀ ရက်ထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ မြန်မာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအရာရှိများအတွက် မူးယစ်ဆေးဝါး ထိန်းချုပ်ရေး ဆိုင်ရာသင်တန်းကို ရန်ကုန်မြို့ မူးယစ်ပြတိုက်တွင် နည်းပြအရာရှိ Pol. Col. Sergey G..Ostyakov နှင့် Pol. Lt. Col. Roman G..Solodky တို့က ဖွင့်လှစ်ပို့ချခဲ့ရာ တားဆီးနှိမ်နင်းရေးအရာရှိ (၄၀) ဦး တက်ရောက်ခဲ့ကြပါသည်။

ပထမအကြိမ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တရားမဝင်ရောင်းဝယ်ဖောက်ကားမှု တားဆီးကာကွယ်ရေး အဆင့်မြင့်အရာရှိများ အစည်းအဝေးကို ရန်ကုန်မြို့ Park Royal Hotel ၌ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်တွင် ကျင်းပခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဌာန၊ ညွှန်ကြားရေးမှူးချုပ် Mr.Khandker Mohammad Ali ခေါင်းဆောင်သောကိုယ်စားလှယ်(၁၁)ဦးနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ်၊ ရဲချုပ် ကျော်ကျော်ထွန်း ခေါင်းဆောင်သောကိုယ်စားလှယ် (၁၂) ဦးတို့ တက်ရောက်ကြပါသည်။

**တွေ့ဆုံဆွေးနွေးမှုများ**

ရန်ကုန်မြို့ အမေရိကန်သံရုံးမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအုပ်ချုပ်မှုအဖွဲ့ရုံး(Drug Enforcement Administration, DEA) မှ Country Attache Mr. John Whalen နှင့်အဖွဲ့ဝင်များက ၂၀၁၁ ခုနှစ်၊ ဧပြီလ၄ ရက် ၁၄၄၅ နာရီအချိန် နေပြည်တော်ရှိ ရဲချုပ်၏ဧည့်ခန်းမ၌ ရဲချုပ် ကျော်ကျော်ထွန်း အား လာရောက်တွေ့ဆုံ၍ မိတ်ဆက်ဂါရဝပြုခဲ့ပြီး နှစ်နိုင်ငံပူးပေါင်း

ဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့ပါသည်။

ရန်ကုန်မြို့ တရုတ်သံရုံးမှ ပထမအတွင်းဝန်၊ ရဲဆက်ဆံရေးအရာရှိ Mr. Hou Yong သည် ၂၀၁၁ခုနှစ် ဧပြီလ ၁၉ ရက်တွင် နေပြည်တော်ရှိ ရဲချုပ် ၏ရုံးခန်းမသို့လာရောက်၍ ရဲချုပ် ကျော်ကျော်ထွန်း အားတွေ့ဆုံခဲ့ ပါသည်။

ရန်ကုန်မြို့ ဩစတြေးလျပြည်ထောင်စုရဲတပ်ဖွဲ့၊ အကြီးတန်းဆက်ဆံရေးအရာရှိ Mr. Ken Harding သည် ၂၀၁၁ ခုနှစ်၊ မေလ ၅ ရက်နေ့ ၁၃၁၅ နာရီအချိန်တွင် ရဲချုပ် ၏ရုံးခန်းမသို့ လာရောက်၍ ရဲချုပ် ကျော်ကျော်ထွန်း နှင့်တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

တရုတ်နိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၊ အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေး ကော်မရှင် မှ အမြဲတမ်းဒုတိယအထွေထွေအတွင်းရေးမှူးချုပ် Mr. Liu Yuejin နှင့်အဖွဲ့ဝင်များသည် ၂၀၁၁ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့၁၄၃၀ အချိန် ရန်ကုန်မြို့၊ မူးယစ်ဆေးဝါး ပပျောက်ရေးအထိမ်းအမှတ် ပြတိုက်၌ ရဲချုပ် ကျော်ကျော်ထွန်း အားလာရောက်တွေ့ဆုံ၍ မူးယစ်ဆေးဝါးမှုခင်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ပါသည်။

ရန်ကုန်မြို့၊ ဩစတြေးလျ ပြည်ထောင်စုရဲတပ်ဖွဲ့မှ အကြီးတန်းရဲဆက်ဆံရေး အရာရှိ Mr. Ken Harding သည် ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်၁၅၃၀ အချိန်တွင် ရဲချုပ် ၏ရုံးခန်းမသို့ လာရောက်၍ ရဲချုပ် ကျော်ကျော်ထွန်း နှင့်တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် (China National Narcotics Control Commission, NNCC) မှဒုတိယညွှန်ကြားရေးမှူး Mr. Zhao Cheng Feng နှင့် အဖွဲ့ဝင်များသည် ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့ ၁၅၀၀ အချိန်တွင် မူးယစ်ဗဟိုရုံးနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာန၊ ဌာနမှူး ၏ရုံးခန်းတွင် ဌာနမှူး ရဲမှူးကြီး တင်မောင်မောင်၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာန၊ ဌာနမှူး ရဲမှူးကြီး စိုးမြင့် နှင့်အဖွဲ့အား လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ မှုခင်းများ ပူးပေါင်းတိုက်ဖျက်ရေးကိစ္စရပ်များအား တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

ထိုင်းနိုင်ငံအခြေစိုက် အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂမူးယစ် ဆေးဝါးနှင့် မှုခင်း ဆိုင်ရာရုံး (UNODC)ဌာနေကိုယ်စားလှယ် Mr. Gary Lewis နှင့်အဖွဲ့ဝင်များသည် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့ ၁၃၀၀ အချိန်တွင် ရဲချုပ်၏ရုံးခန်းမ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ် ကျော်ကျော်ထွန်း နှင့်အဖွဲ့ဝင်များ အားတွေ့ဆုံ၍ ဘိန်းစိုက်ပျိုးမှုပပျောက်ရေးအတွက် အစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဘိန်းစိုက်တောင်သူများအား ဆန်ဖြန့်ဝေပေးရေး၊ အခြေခံစာရင်း ဇယားအချက်အလက်များကောက်ယူရေးကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

ထိုင်းနိုင်ငံအခြေစိုက် အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်း ဆိုင်ရာရုံး(UNODC) ဌာနေကိုယ်စားလှယ် Mr. Gary Lewis နှင့်အဖွဲ့ဝင်များသည် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့ ၁၅၀၀ အချိန်တွင် ရန်ကုန်မြို့၊ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်

ပြတိုက်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ် ဇော်ဝင်း နှင့်အဖွဲ့ဝင်များအား တွေ့ဆုံ၍ ဘိန်းစိုက်ဒေသအတွင်း အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်၊ ဆန်ထောက်ပံ့ပေးရန် ကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

## နိုင်ငံတကာအဖွဲ့အစည်းများလာရောက်မှုများ

ထိုင်းနိုင်ငံအခြေစိုက် အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂမူးယစ် ဆေးဝါးနှင့် မှုခင်း ဆိုင်ရာရုံးဌာနကိုယ်စားလှယ် Mr. Gary Lewis နှင့်အဖွဲ့ဝင်များသည် ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့မှ ဖေဖော်ဝါရီလ ၄ ရက်ထိ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင်ဆောင်ရွက်နေသည့် အစားထိုးဖွံ့ဖြိုးရေး စီမံကိန်းများနှင့် ကျိုင်းတုံဒေသရှိ အစားထိုးဖွံ့ဖြိုးရေးဆောင်ရွက်နိုင်မည့် အခြေအနေတို့အား သွားရောက်လေ့လာခဲ့ပါသည်။

European Union မှ ပူးပေါင်းဆောင်ရွက်ရေးသံအရာရှိ Mr.Oliver MAES နှင့် ရန်ကုန်မြို့ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံးတာဝန်ခံ Mr. Jason William John Eligh တို့သည် မူးယစ်ဗဟိုနှင့် (UNODC) တို့ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နေသော ရှမ်းပြည်နယ် အတွင်းရှိ အစားထိုးဖွံ့ဖြိုးရေးစီမံကိန်းနယ်မြေများသို့ သွားရောက်၍စီမံကိန်း လုပ်ငန်းများ ဆောင်ရွက် မှုနှင့် လိုအပ်ချက်များလေ့လာရန် ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၇ ရက်မှ ၁၁ ရက်ထိ ဟိုပုံးနှင့် တောင်ကြီးဒေသများသို့ သွားရောက်လေ့လာခဲ့ပါသည်။


မူးယစ်ဗဟိုအဖွဲ့နှင့်(UNODC)တို့ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက် နေသည့် မူးယစ်ဆေး အလွဲသုံးမှုနှင့် HIV/AIDS အပါအဝင် ကျန်းမာရေးဆိုးကျိုးဆက်များအား ကုသပေးရေးစီမံကိန်း ( Treating drug dependence and its consequences, TREATNET II) မှ စီမံကိန်းညှိနှိုင်းရေးမှူး Dr. Juana Marin Tomas Rossello နှင့် စီမံကိန်းလက်ထောက် Ms. Pawitra Pumisirisawat တို့သည် စီမံကိန်းလုပ်ငန်းများလေ့လာသုံးသပ်ရန်နှင့် မြန်မာနိုင်ငံမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ ဆွေးနွေးရန် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်မှ ၂၈ ရက်ထိ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော မန္တလေးမြို့ နှင့် လားရှိုးမြို့များသို့ သွားရောက် လေ့လာခဲ့ပါသည်။

## မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာ အမှတ် ၁၇/၂၀၁၁ ဖြင့် မူးယစ်ဗဟိုအဖွဲ့ကို ၂၇-၃-၂၀၁၁ ရက်နေ့တွင် အဖွဲ့ဝင်(၁၉)ဦးဖြင့် အောက်ပါအတိုင်း ပြင်ဆင် ဖွဲ့စည်းထားရှိပြီး ဖြစ်ပါသည် -




ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို မူးယစ်ဗဟိုအဖွဲ့ (၂/ ၂၀၁၂ )အစည်းအဝေး တက်ရောက်စဉ်




ကုမင်းမြို့၌ ပြုလုပ်သည့် (၉)ကြိမ်မြောက် မြန်မာ–တရုတ် မူးယစ်ဆေးဝါး ပူးပေါင်း ထိန်းချုပ်ရေးအစည်းအဝေးသို့ ရဲချုပ် ကျော်ကျော်ထွန်း တက်ရောက်စဉ်

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ ) | ပြည်ထောင်စုဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ ) | ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ) | ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဈ ) | ဒုတိယဝန်ကြီး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်သမ္မတရုံး | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | အဖွဲ့ဝင် |
| (ဎ ) | စစ်ဦးစီးဗိုလ်မှူးကြီး(စီမံ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | စစ်ဦးစီးမှူး(ပထမတန်း)၊ တပ်မတော်စစ်ဖက်ရေးရာလုံခြုံရေး အရာရှိချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ဒုတိယရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ထ) | ရဲဦးစီးအရာရှိချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ဒ ) | ရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အတွင်းရေးမှူး |
| (ဓ) | ဌာနမှူး၊မူးယစ်ဗဟိုရုံးနှင့်မူးယစ်ဆေးဝါးပပျောက်ရေးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ | တွဲဖက်အတွင်းရေးမှူး |

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့သည် ၁၉၉၃ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအခန်း(၄)ပုဒ်မ ၇ အရ အပ်နှင်း ထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် အောက်ဖော်ပြပါ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးနှိမ်နင်းရေး ဆိုင်ရာအဖွဲ့(၁၃)ဖွဲ့ကို အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၁ ဖြင့် ၂၄-၁၁-၂၀၁၁ ရက် နေ့တွင် ဖွဲ့စည်းခဲ့ပြီး ယင်းအဖွဲ့အသီးသီး၏လုပ်ငန်းတာဝန်များကိုလည်းသတ်မှတ်ခဲ့ပါသည်-

(က) တားဆီးနှိမ်နင်းရေးကြီးကြပ်မှုအဖွဲ့
(ခ) တားဆီးနှိမ်နင်းရေးအဖွဲ့
(ဂ) သီးနှံများအစားထိုးစိုက်ပျိုးရေးအဖွဲ့
(ဃ) မွေးမြူရေးအဖွဲ့
(င) ဆေးကုသရေးအဖွဲ့
(စ) ပြန်လည်ထူထောင်ရေးအဖွဲ့
(ဆ) ကျောင်းသားလူငယ်များ အသိပညာပေးရေးအဖွဲ့
(ဇ) ပြည်သူများအား အသိပညာပေး လှုံ့ဆော်ရေးအဖွဲ့
(ဈ) ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ စီမံခန့်ခွဲရေးအဖွဲ့
(ည) နိုင်ငံတကာဆက်ဆံရေးအဖွဲ့
(ဋ) အစားထိုးဖွံ့ဖြိုးရေးကြီးကြပ်မှုအဖွဲ့
(ဌ) အစားထိုးဖွံ့ဖြိုးရေးအဖွဲ့
(ဍ) မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထုတ်လုပ်ရာတွင် အသုံးပြုသော ဓာတု ပစ္စည်းများကြီးကြပ်ရေးအဖွဲ့

**တားဆီးနှိမ်နင်းရေးကြီးကြပ်မှုအဖွဲ့**။ ဖွဲ့စည်းပုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | ရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | စစ်ဦးစီးမှူး (ပထမတန်း) ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)(စီမံဌာနခွဲ) | အဖွဲ့ဝင် |
| (ဇ) | စစ်ဦးစီးမှူး (ပထမတန်း) တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး | အဖွဲ့ဝင် |
| (ဈ) | ဒုတိယရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အတွင်းရေးမှူး |

**တားဆီးနှိမ်နင်းရေးအဖွဲ့။** ဖွဲ့စည်းပုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဒုတိယရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဥက္ကဋ္ဌ

(ခ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန

(ဂ) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန အဖွဲ့ဝင်

(ဃ) ရဲဦးစီးအရာရှိချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အဖွဲ့ဝင်

(င) ကွပ်ကဲရေးမှူး၊ ရဲတပ်ရင်းများကွပ်ကဲမှုအဖွဲ့ရုံး အဖွဲ့ဝင်

(စ) စစ်ဦးစီးမှူး( ဒုတိယတန်း) အဖွဲ့ဝင်
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) (စီမံဌာနခွဲ)

(ဆ) စစ်ဦးစီးမှူး( ဒုတိယတန်း) အဖွဲ့ဝင်
တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး

(ဇ) ဌာနမှူး၊ မူးယစ်ဗဟိုရုံးနှင့်မူးယစ်ဆေးဝါးပပျောက် အတွင်းရေးမှူး
ရေးဌာန

**ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ စီမံခန့်ခွဲရေးအဖွဲ့။** ဖွဲ့စည်းပုံမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဥက္ကဋ္ဌ

(ခ) ညွှန်ကြားရေးမှူးချုပ်၊ အဖွဲ့ဝင်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

(ဂ) ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန အဖွဲ့ဝင်

(ဃ) ညွှန်ကြားရေးမှူးချုပ်၊ကျန်းမာရေးဦးစီးဌာန အဖွဲ့ဝင်

(င) ဒုတိယရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အဖွဲ့ဝင်

(စ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ဓာတုဗေဒ စစ်ဆေးရေးဌာန၊မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ဆ) စစ်ဦးစီးမှူး(ပထမတန်း) အဖွဲ့ဝင်
တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး

(ဇ) စစ်ဦးစီးမှူး(ဒုတိယတန်း) အဖွဲ့ဝင်
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စီမံဌာနခွဲ

(ဈ) ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အတွင်းရေးမှူး

**အစားထိုးဖွံ့ဖြိုးရေးကြီးကြပ်မှုအဖွဲ့။** ဖွဲ့စည်းပုံမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဥက္ကဋ္ဌ

(ခ) ရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အဖွဲ့ဝင်
(ဂ) ညွှန်ကြားရေးမှူး၊ အဖွဲ့ဝင်
ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန
(ဃ) ညွှန်ကြားရေးမှူး(ကုသရေး)၊ ကျန်းမာရေးဦးစီးဌာန အဖွဲ့ဝင်
(င) အထွေထွေမန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အဖွဲ့ဝင်
(စ) အထွေထွေမန်နေဂျာ၊ အဖွဲ့ဝင်
မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း
(ဆ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(ဇ) ဒုတိယညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထုတ်လုပ်ရာတွင် အသုံးပြုသော ဓာတုပစ္စည်းများ ကြီးကြပ်ရေးအဖွဲ့။** ဖွဲ့စည်းပုံမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဒုတိယရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဥက္ကဋ္ဌ
(ခ) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန အဖွဲ့ဝင်
(ဂ) ညွှန်ကြားရေးမှူး၊ (အစားအသောက်ဆေးဝါးကွပ်ကဲရေး) အဖွဲ့ဝင်
ကျန်းမာရေးဦးစီးဌာန
(ဃ) ညွှန်ကြားရေးမှူး၊ (မူးယစ် ဆေးဝါးပပျောက်ရေး) အဖွဲ့ဝင်
မူးယစ်ဗဟိုရုံးနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာန
(င) ညွှန်ကြားရေးမှူး၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန အဖွဲ့ဝင်
(စ) ညွှန်ကြားရေးမှူး ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အဖွဲ့ဝင်
(ဆ) ညွှန်ကြားရေးမှူး၊ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အဖွဲ့ဝင်
(ဇ) ကိုယ်စားလှယ်တစ်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အဖွဲ့ဝင်
(ဈ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်
တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ်ရုံး
(ည) ဥက္ကဋ္ဌ က တာဝန်ပေးအပ်သူ အတွင်းရေးမှူး

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့သည် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ အခန်း (၄) ပုဒ်မ ၈ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် အောက်ဖော်ပြပါ ဒေသဆိုင်ရာမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့အသီးသီး၏ လုပ်ငန်းတာဝန်

များကို အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၁ ဖြင့် ၂၄-၁၁-၂၀၁၁ ရက်နေ့တွင်သတ်မှတ်ခဲ့ပါသည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့

(ခ) နေပြည်တော် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီး ကာကွယ်ရေးအဖွဲ့

(ဂ) ခရိုင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့


(ဃ) မြို့နယ်၊မြို့နယ်ခွဲမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီး ကာကွယ်ရေးအဖွဲ့

(င) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့


**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့**။ ဖွဲ့စည်းပုံမှာ အောက်ပါအတိုင်း ဖြစ်သည်-

| | | |
|---|---|---|
| (က) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အုပ်ချုပ်ရေးမှူး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေအရာရှိ | အဖွဲ့ဝင် |
| (ဃ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျန်းမာရေးဦးစီးမှူး | အဖွဲ့ဝင် |
| (င) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပညာရေးမှူး | အဖွဲ့ဝင် |
| (စ) | စစ်ဦးစီးမှူး(ပထမတန်း)<br>စစ်ဘက်ရေးရာလုံခြုံရေးဌာန၊ တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ဆ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသဖွံ့ဖြိုးမှု<br>ကြီးကြပ်ရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ်<br>ပြည်နယ်နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ<br>ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး | အတွင်းရေးမှူး |
| (ဈ) | ကြီးကြပ်သူအရာရှိ၊ မူးယစ်အထူး<br>အဖွဲ့(သို့မဟုတ်) ရဲမှူး(ဦးစီး)၊ တိုင်းဒေသကြီး သို့မဟုတ်<br>ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | တွဲဖက်အတွင်းရေးမှူး |


## ဘိန်းပမ်းဆီးရမိမှု




## ဘိန်းဖြူပမ်းဆီးရမိမှု



# အက်ပီဒရင်းပမ်းဆီးရမှု



# စိတ်ကြွဆေးပမ်းဆီးရမိမှု



## ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေး

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အတိုင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာ နယ်မြေများအတွင်း စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများတွင် ပါဝင်လုပ်အားပေးခြင်း၊ လူမှုရေးလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တွင် ပါဝင်ဆောင်ရွက်ခြင်းတို့အပြင် ၂၀၁၁ ခုနှစ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့ ကျောင်းများအလိုက် ပြည်သူ့အကျိုးပြုလုပ်ငန်း ၁၂၈၇၀ ကြိမ်ကို အင်အား ၄၉၇၆၆၆ ဦးဖြင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များအနက် တစ်ခု ဖြစ်ပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်သူလူထု၏ အကျိုးစီးပွားကို ထာဝစဉ်ကာကွယ်စောင့်ရှောက်ပြီး ပြည်သူလူထု၏ဆန္ဒကို တရားဥပဒေနှင့် အညီ ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါသည်။ တပ်ဖွဲ့ဝင်များသည် နိုင်ငံတော်တည်ငြိမ်ရေး နှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် ပြည်သူလူထုနှင့်အတူတကွ ပူးပေါင်းဆောင်ရွက် ကာ ပြည်သူ့အကျိုးပြု လုပ်ငန်းများ၊ နယ်မြေလှည့်ကင်းတာဝန်များ၊ ပြစ်မှုဖော်ထုတ်ခြင်း လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိပါသည်။ " ပြည်သူပါမှ အောင်ပွဲရ " ဆိုသည့် အယူအဆဖြင့် ပြည်သူလူထုတစ်ရပ်လုံးမှ ယုံကြည်ကိုးစားစွာတာဝန်အရ မိမိတို့ ဆောင်ရွက်နေသည့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများတွင် အတူတကွ ပူးပေါင်းပါဝင် လာစေရေးအတွက် တပ်ဖွဲ့ဝင်များက သာသနိက အဆောက်အဦများ၊ ဘုရား၊ တန်ဆောင်း၊ ကျောင်း၊ ဆေးရုံများ သန့်ရှင်းသာယာလှပအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြခြင်းဖြင့် ပြည်သူနှင့် ရင်းနှီးကျွမ်းဝင်မှုများ ရရှိခဲ့ကြသည်။ ထို့အပြင် လူထုနှင့်လက်တွဲလျက် သဘာဝဘေးအန္တရာယ်များ၊ ရေဘေး၊ လေဘေး၊ မီးဘေးအန္တရာယ်များကြုံတွေ့နေရသည့် ပြည်သူလူထုအား ကယ်ဆယ်ကူညီမှုများ ပြုလုပ်ခဲ့ပါသည်။

သတင်းတပ်ဖွဲ့သည် မြေပေါ်မြေအောက် အဖျက်သမားများက အပြစ်မဲ့လူထုအတွင်း ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိစေရန် သတင်းကွန်ယက်ဖြန့်ထုတ်လျက် ကြိုးပမ်းကာကွယ်ပေးလျက်ရှိပါသည်။ ထို့သို့ သတင်းကွန်ယက်များဖြန့်ကျက် ထားရာ၌ ပြည်သူလူထုသည် အရေးအပါဆုံး အင်အား တစ်စုဖြစ်သည်နှင့်အညီ တပ်ဖွဲ့ဝင်များသည် ပြည်သူနှင့်တစ်သားတည်းဖြစ်စေရန် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်ခဲ့ကြသည်။

စည်ပင်သာယာရဲတပ်ဖွဲ့သည် မြို့တော်နေပြည်သူများ ကိုယ်စိတ်ရွှင်လန်း ကျန်းမာစွာ သန့်ရှင်းကြည်လင်သော သောက်သုံးရေများရရှိစေရေးအတွက် သောက်သုံး ရေကန်များ၊ ရေပိုက်လိုင်းများအား လုံခြုံစိတ်ချ ဘေးကင်းစေရန် နေ့ညမပြတ် စောင့်ကြပ်ပေးလျက် ရှိပါသည်။

ရထားရဲတပ်ဖွဲ့သည် ပြည်သူလူထုအပေါ် ခိုးဆိုးလုယက်တိုက်ခိုက်သတ်ဖြတ်မှုများ ကျူးလွန်တတ်ပြီး ပြည်သူလူထုစိတ်ဆင်းရဲအောင် အမျိုးမျိုးနှောင့်ယှက်တတ်သည့် ရဲပြေး၊ စစ်ပြေး၊ တရားခံပြေး၊ ရဲဘက်ပြေးစသည့် ပြေး ၄ ပြေးများကို ဖမ်းဆီးခြင်းဖြင့် ပြစ်မှုကြိုတင်ကာကွယ်ရေး ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပြေး ၄ ပြေးအများအပြားကို ဖော်ထုတ် ဖမ်းဆီးနိုင်သည်နှင့် အမျှ ပြည်သူအများ စိတ်အေးချမ်းသာမှုရရှိပြီး ရပ်ရွာအေးချမ်းသာယာမှုကို ဖြစ်ပေါ်စေ ပါသည်။ ထို့အပြင် ရထားရဲတပ်ဖွဲ့သည် နေ့စဉ် ပြည်သူလူထုနှင့်ထိတွေ့ ဆက်ဆံနေရသဖြင့် ပြည်သူလူထု အပေါ်တွင် မတရားမောက်မာဖိနှိပ် ပြောဆိုဆက်ဆံခြင်းများ မပြုလုပ်မိစေရန် ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်လျက်ရှိသည့်အပြင် ဘူတာရုံအတွင်း အသက်အရွယ်ကြီးသူများ ကလေးသူငယ်များနှင့် ဝန်ထုပ်ဝန်ပိုးများကိုကူညီ သယ်ပိုးပေးခြင်းဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိပါသည်။

တိုင်းဒေသကြီး/ပြည်နယ်၊ တပ်ဖွဲ့နယ်မြေရဲစခန်း၊ ရဲကင်းများသည် ပြည်သူလူထု ပူးပေါင်းပါဝင် သော ရဲလုပ်ငန်းကို အသွင်သစ်ဖြင့် စီမံချက်ချမှတ် ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်သူ၏ ချစ်ခင်ကိုးစားမှုများရရှိနိုင်ရေးအတွက် ဘုရားပရဝုဏ်၊ ကျောင်းပတ်ဝန်းကျင်များနှင့် ရပ်ကွက် ကျေးရွာများတွင်ပါမကျန် လမ်းဖောက်လုပ်ခြင်း၊ တံတား ဆောက်ခြင်း၊ ရေတွင်း ရေကန်တူးဖော် ခြင်း၊ နွေရာသီရေရှားပြတ်လပ်နေသည့် ပြည်သူများထံ ရေစည်များပို့ပေးခြင်း စသဖြင့် ပြည်သူ လူထုနှင့် တသားတည်းရောထွေးယှက်နွယ်ခံစားကာ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်း ထိန်းသိမ်းရေးအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များသည် လမ်းဆုံ၊ လမ်းခွ၊ မီးပွိုင့်များတွင် စောင့်ကြပ် တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။ မော်တော်ယာဉ်များ စနစ်တကျ မောင်းနှင် သွားလာနိုင်ရန်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြောပွဲ၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းဆိုင်ရာပြပွဲများပြုလုပ်၍ ပြည်သူများ ယာဉ်အန္တရာယ်မှ ဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးအတွက် အသိပညာပေးခြင်း၊ ကူညီဖေးမ ပေးခြင်း၊ လမ်းညွှန်ပြခြင်း တို့ကိုဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၁ ခုနှစ်အတွင်း ပခုက္ကူဒေသ၌ ဖြစ်ပွားခဲ့သော ရေဘေးအန္တရာယ်၊ ရန်ကုန်တိုင်း ဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၌ဖြစ်ပွားခဲ့သော မီးဘေးအန္တရာယ်၊ ရခိုင်ပြည်နယ်၌ ဖြစ်ပွားခဲ့သော သဘော်ာဝမ်းဗိုက်ပေါက်၍ ရေဝင်နစ်မြုပ်မည့် သဘာဝဘေးအန္တရာယ်များကျ ရောက်စဉ်တွင် သဘာဝဘေးအန္တရာယ်ကျရောက်နေသူများအား ကူညီကယ်ဆယ်ခြင်း၊ ပိတ်ဆို့ နေသောလမ်းများအား ရှင်းလင်းခြင်း၊ အဆောက်အဦပျက်များအား ရှင်းလင်းခြင်း၊ ပြိုလဲနေသော သစ်ပင်များအား ရှင်းလင်းခြင်း၊ အဆောက်အဦများ ပြန်လည် တည်ဆောက်ခြင်း၊ ရေတွင်း

ရေကန်များ ပြန်လည်တူးဖော်ခြင်း၊ သဘာဝဘေးအန္တရာယ် များ အတွက် ကူညီထောက်ပံ့သည့် ပစ္စည်းများအား လေဆိပ်၊ ရေဆိပ်၊ ကားဂိတ်များတွင် သယ်ယူပို့ဆောင်ပေးခြင်း၊ သင်္ဘော၊ ကား၊ လေယာဉ်၊ ရေယာဉ်များပေါ်သို့ တင်ပို့ဆောင်ရွက် ပေးခြင်း၊ သက်ကြီးရွယ်အိုများ၊ ထိခိုက်ဒဏ်ရာရသူများအား အကူအညီပေးခြင်း၊ ဘေးအန္တရာယ် ကျရောက်ရာဒေသမှ ပစ္စည်းများ ကူညီရွှေ့ပြောင်း သယ်ယူပို့ဆောင်ပေးခြင်း၊ လုံခြုံရေးဆောင် ရွက်ပေးခြင်းများဖြင့် ကူညီဆောင်ရွက်ခဲ့ပါသည်။

## ၂၀၁၁ ခုနှစ် တိုင်းဒေသကြီး/ပြည်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များ၏ ပြည်သူ့ အကျိုးပြု လုပ်ငန်းများဆောင်ရွက်မှု

| စဉ် | တပ်ဖွဲ့ | ၂၀၁၁ ခုနှစ် | | | |
|---|---|---|---|---|---|
| | | နေ့ကြီးရက်ကြီး | မီးဘေး | ရေဘေး | လေဘေး |
| ၁ | နရခ | ၄ | - | - | - |
| ၂ | ရကဖ | ၁၁ | ၁ | - | ၁ |
| ၃ | မခရ | ၁ | - | - | - |
| ၄ | သတရ | ၄၂ | ၂၅ | ၃၀ | ၁၅ |
| ၅ | ရထရ | ၅၆ | - | ၄ | - |
| ၆ | စသရ | - | - | - | - |
| ၇ | ကခရ | ၅၉ | ၁၁ | ၁ | - |
| ၈ | ကယရ | ၅ | ၁ | - | - |
| ၉ | ကရရ | ၂၇ | ၁ | ၁၀ | - |
| ၁၀ | ခပရ | ၁၁ | ၄၄ | ၂ | ၂ |
| ၁၁ | စကရ | ၁၅၅ | - | ၁၆ | - |
| ၁၂ | တနရ | ၁၂ | ၈ | ၄ | ၃ |
| ၁၃ | ပခရ | ၂၉ | ၆ | ၃ | ၂ |
| ၁၄ | မကရ | ၁၂၄ | ၉ | ၂ | ၂ |
| ၁၅ | မတရ | ၄၅ | ၃၁ | ၃၄ | ၁ |
| ၁၆ | မပရ | ၄၉ | ၉ | ၉ | ၅ |
| ၁၇ | ရခရ | ၂၀ | ၁၉ | ၂၂ | - |
| ၁၈ | ရကရ | ၁၁ | ၅၂ | ၁၀ | - |
| ၁၉ | ရပရ | ၈ | - | ၇ | - |
| ၂၀ | ဧရရ | ၂၈ | ၃ | ၂၉ | ၁ |
| | စုစုပေါင်း | ၆၉၇ | ၂၂၀ | ၁၈၃ | ၃၂ |



မန္တလေးတိုင်းဒေသကြီးမှ ရဲတပ်ဖွဲ့ဝင်များ မိတ္ထီလာခရိုင်အတွင်း
ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်



ရဲတပ်ရင်းများမှ တပ်ဖွဲ့ဝင်များ ပခုက္ကူဒေသ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ
ကူညီဆောင်ရွက်စဉ်



ရခိုင်ပြည်နယ်မှ တပ်ဖွဲ့ဝင်များ နောင်တော်မြစ်အတွင်း သင်္ဘောဝမ်းဗိုက်ပေါက်၍နစ်မြုပ်မည့်
အောင်တံခွန်(၂)သင်္ဘောမှ ခရီးသည်များအားကယ်ဆယ်ရေးလှေများဖြင့် ကယ်တင်နေစဉ်



ကချင်ပြည်နယ်၊ ကျားထိန်းသိမ်းရေးရဲစခန်းမှ တပ်ဖွဲ့ဝင်များ သစ်တောဝန်ထမ်းများနှင့်
ပူးပေါင်း၍ စနစ်ချောင်းအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ်

# ၂၀၁၁ ခုနှစ်အတွင်း ထူးခြားမှုခင်း ဖော်ထုတ်မှုများ

## ရွှေပြည်သာ သုံးလောင်းပြိုင်လူသတ်မှု

၂-၇-၂၀၀၆ ရက် ၀၆၃၅ အချိန် ရွှေပြည်သာမြို့နယ်၊ (၃)ရပ်ကွက်၊ နွယ်သာကီ လမ်းသွယ်(၁)၊ အမှတ်(၁၆/၉၀)၊ နေအိမ်၌ မီးလောင်နေကြောင်းသတင်းအရ ရွှေပြည်သာရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ် တင်စိုးက သွားရောက်စစ်ဆေးခဲ့ရာ နေအိမ်အပေါ်ထပ် အိပ်ခန်းတစ်ခန်းမှာ မီးလောင်ကျွမ်းသွားပြီး တန်ဖိုး(၁၅၀၀၀၀ိ/-) ခန့် ဆုံးရှုံးခဲ့ကြောင်း၊ နေအိမ်အောက်ထပ် လှေကား ခြေရင်းတွင် အိမ်ရှင် ဦးအုန်းမောင်၊ ဒေါ်ခင်အေးသွယ်နှင့် အိမ်ဖော် မမေဆွိတို့ ၃ ဦး သေဆုံးနေကြောင်းတွေ့ရှိရသဖြင့် ရွှေပြည်သာရဲစခန်း (ပ)၅၂၀/၂၀၀၆၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၈၅/၁၀၂ အရ အမှုဖွင့်အရေးယူခဲ့ပါသည်။ အခင်းဖြစ်ပြီး ၁ နှစ်ခန့်အကြာ ၂၁-၆-၂၀၀၇ ရက်တွင် မှုခင်းတပ်ဖွဲ့မှ လွှဲပြောင်းလက်ခံ စစ်ဆေးခဲ့ပါသည်။

မှုခင်းတပ်ဖွဲ့မှ အမှုစစ်အဖွဲ့သည် အခင်းဖြစ်အရပ်အား အကြိမ်ကြိမ်စစ်ဆေးသုံးသပ်ခြင်း၊ ပတ်ဝန်းကျင်သက်သေများအား စုံစမ်းစစ်ဆေးခြင်း၊ မှုခင်းဆရာဝန်ကြီးများနှင့် အဖွဲ့ထံဆွေးနွေး စုံစမ်းခြင်း၊ သေဆုံးသူများနှင့် စီးပွားရေး၊ လူမှုရေး ဆက်နွယ်ပတ်သက်သော သက်သေခံ စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ပြစ်မှုကျူးလွန်သူ ဇင်နောင်ဝင်း(ခ)ဇောရိုးအား ဖော်ထုတ်နိုင်ခဲ့ပါသည်။

လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ အေးရိပ်မွန်အိမ်ရာ၊ တိုက်(၁၀)၊ အခန်း(၀၀၄)နေ မအေးသဇင်ဖြူ (ခ)မဖြူ ၂၈ နှစ်(ဘ)ဦးစန်းဦးသည် ခင်ပွန်းဖြစ်သူ ဇင်နောင်ဝင်း(ခ)ဇောရိုးမှ ပြစ်မှုကျူးလွန်ခဲ့မှု၊ ၎င်းအား ပြန်လည်ပြောဆိုချက်များကိုင်၎င်း၏သဘောဆန္ဒအလျောက် ၉-၈-၂၀၁၁ ရက်တွင် အင်းစိန်မြို့နယ်တရားရုံး၌ ကြိုတင်ထွက်ဆိုချက်ပေးခဲ့ရာ အင်းစိန်မြို့နယ် ဒုတိယမြို့နယ် တရားသူကြီး(၂) ဦးနိုင်လင်းမှ ပြစ်မှု အထွေထွေအမှုအမှတ် ၂၆၁/၂၀၁၁ ဖြင့် လက်ခံရယူခဲ့ ပါသည်။ အမှုမှတရားခံ ဇင်နောင်ဝင်း(ခ)ဇောရိုး ၃၀ နှစ် (ဖ)ဦးသက်အောင်သည် ၎င်းကိုယ်တိုင် ပြစ်မှုကျူးလွန်ခဲ့ပုံနှင့်ပတ်သက်၍ ဖြောင့်ချက်ပေးလိုကြောင်း တင်ပြချက်အရ ၁၀-၈-၂၀၁၁ ရက်တွင် အင်းစိန်မြို့နယ်တရားရုံး၌ ဖြောင့်ချက်ပေးခဲ့ရာ အင်းစိန်မြို့နယ် ဒုတိယမြို့နယ် တရားသူကြီး(၂) ဦးနိုင်လင်းမှ ပြစ်မှုအထွေထွေအမှုအမှတ် ၂၆၂/၂၀၁၁ ဖြင့် လက်ခံရယူခဲ့ပါသည်။

အခင်းဖြစ်ပွားစဉ် နေအိမ်ရှိ လူ ၃ ဦးစလုံး အသတ်ခံခဲ့ရသဖြင့် သေဆုံးသူများပိုင် ပါဆုံး ပစ္စည်းများအား အတည်ပြုနိုင်ခြင်း မရှိသော်လည်း ဖမ်းဆီးရမိသူ ဇင်နောင်ဝင်း (ခ) ဇောရိုး ၏ ထွက်ဆိုချက်အရ ငွေသား သိန်း ၁၀၀ ကျော်ခန့်နှင့် အဖိုးတန် ရွှေ ကျောက်မျက် ရတနာများ အခင်းဖြစ်နေအိမ်မှ ယူဆောင်ရရှိခဲ့ကြောင်း သိရှိရပါသည်။ အမှုဖြင့်ဖမ်းဆီးထားသူ ၂ ဦး၏ နေအိမ်များအား သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့ရာ တရားခံ ဇင်နောင်ဝင်း (ခ)ဇောရိုး၏နေအိမ်မှ သက်သေခံပစ္စည်း တစ်စုံတစ်ရာ သိမ်းဆည်းရရှိခြင်းမရှိခဲ့သော်လည်း ၎င်း၏ မိခင်ဖြစ်သူ တယ်လီဖုန်း တပ်ဆင်ရာတွင် စိုက်ထုတ်ပေးအပ်ခဲ့သည့် ငွေကျပ် ၃ သိန်းအား ၎င်း၏မိခင်မှ ပြန်လည်ပေးအပ်သဖြင့် သိမ်းဆည်းခဲ့ပါသည်။ တရားခံ ကျော်မင်း(ခ)မင်းဇော်၏

နေအိမ်မှ အမေရိကန်ဒေါ်လာ၊ ရွှေထည်၊ ကျောက်မျက်ရတနာများ၊ စိန်/ရွှေပစ္စည်းများနှင့် အရောင်း/အဝယ် ဘောက်ချာစာရွက်များ၊ စုစုပေါင်း ပစ္စည်းမျိုးစုံ ၂၅ မျိုး (ခန့်မှန်းတန်ဘိုး ၄၁၄၈၀၀၀ိ/-)အား ရှာဖွေတွေ့ရှိ၍ အမှုဖြင့် သိမ်းဆည်းခဲ့ပါသည်။ တရားခံ ကျော်မင်း(ခ) မင်းဇော် ပြစ်မှုကျူးလွန်ရာမှ ရရှိသည့်ငွေများအနက် ဘောလုံးပွဲ လောင်းကြေးငွေအဖြစ် ပေးအပ်ခဲ့သည့် ငွေကျပ် သိန်း ၈၀ ကို ၂၆-၈-၂၀၁၁ ရက်တွင် ရန်ကင်းမြို့နယ်၊ စက်မှု ၁ လမ်း၊ တိုက် ၃၇၀၊ အခန်း ၁၇ နေ စိုးလှိုင်(ခ)စိုးကြီး နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/အနောက်ရပ်ကွက်၊ ဒေါ်သိန်းတင်လမ်း၊ တိုက် ၁၆၊ ၄ လွှာ(ယာ)နေ ကိုတာ(ခ)ကိုမြသွင် တို့ထံမှ သိမ်းဆည်း ရရှိခဲ့ပါသည်။ အမှုမှတရားခံ ၂ ဦး ပြစ်မှုကျူးလွန်စဉ် အသုံးပြုခဲ့သည့် ယာဉ်အမှတ်၊ ၃ခ/၆၃၂၂ ရှမ်းစတားဂျစ်ယာဉ်အား တရားခံ ကျော်မင်း(ခ)မင်းဇော်ထံမှ ၁၀-၂-၂၀၁၁ ရက်တွင် ငွေကျပ် ၃၅ သိန်းဖြင့် ဝယ်ယူခဲ့သူ ရန်ကင်းမြို့နယ်၊ ၁၃ ရပ်ကွက်၊ မြနန္ဒာလမ်း၊ အမှတ်(၃၅၉/စီ)နေ ဦးဇော်ဝင်း ၆၄ နှစ်(ဘ)ဦးစံမြိုင်မှ ၃ခ/၆၃၂၂ ယာဉ်အား ၃၀-၈-၂၀၁၁ ရက်တွင် အပ်ပေးသဖြင့် အမှုဖြင့် သိမ်းဆည်းခဲ့ပါသည်။

လောင်းကစားဒိုင် ကိုတာ(ခ)ကိုမြသွင်နှင့် ကိုစိုးလှိုင်(ခ)ကိုစိုးကြီးတို့ ၂ ဦးသည် ၎င်းတို့၏ ဆန္ဒအလျှောက် ၂၆-၈-၂၀၁၁ ရက်တွင် အင်းစိန်မြို့နယ်တရားရုံး၌ ကြိုတင်ထွက်ဆိုချက် ပေးခဲ့ရာ အင်းစိန်မြို့နယ်တရားရုံး၊ ဒုတိယမြို့နယ်တရားသူကြီး(၂) ဦးနိုင်လင်းမှ စိုးလှိုင် (ခ)စိုးကြီး၏ ထွက်ဆိုချက်အား ပြစ်မှုသေးအမှတ်၊ ၂၇၈/၂၀၁၁ ဖြင့်လည်းကောင်း၊ ကိုတာ (ခ)ကိုမြသွင်၏ ထွက်ဆိုချက်အား ပြစ်မှုသေးအမှတ်၊ ၂၇၉/၂၀၁၁ ဖြင့်လည်းကောင်း အသီးသီး လက်ခံခဲ့ပါသည်။

အမှုမှတရားခံ ဇင်နောင်ဝင်း(ခ)ဇောရိုးနှင့် ကျော်မင်း(ခ)မင်းဇော်တို့သည် ပြစ်မှုကျူးလွန် ခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့သည့်အပြင် သက်သေ မအေးသဇင်ဖြူ(ခ)မဖြူ၏ ထွက်ဆိုချက် အရ လည်းကောင်း၊ လက်ပုံစံကျွမ်းကျင်သူ၏ တိုက်ဆိုင်စစ်ဆေးထင်မြင်ချက်အရ လည်းကောင်း ပြစ်မှုကျူးလွန်ခဲ့ကြကြောင်း စစ်ဆေးပေါ်ပေါက်ပါသည်။

အမှုနှင့်ပတ်သက်၍ စစ်ဆေးပေါ်ပေါက်ချက်များကို မြောက်ပိုင်းခရိုင်ဥပဒေရုံးသို့ ဥပဒေ အကြံပြုချက် တောင်းခံခဲ့ပြီး ဥပဒေအကြံပြုချက်နှင့်အညီ အမေရိကန် ဒေါ်လာ ၁၀၀ တန် ၈ ရွက် လက်ဝယ်ထားရှိသူ တရားခံ ကျော်မင်း(ခ)မင်းဇော်အပေါ် ၂၅-၈-၂၀၁၁ ရက် ၁၆၂၀ အချိန်တွင် ရန်ကင်းရဲစခန်း(ပ)၂၃၀/၂၀၁၁၊ ၁၉၄၇ ခုနှစ် နိုင်ငံခြားငွေ လဲလှယ်မှုစည်းမျဉ်း သတ်မှတ်ရေး အက်ဥပဒေပုဒ်မ ၂၄(၁)ဖြင့် ထပ်မံ အမှုဖွင့် အရေးယူ ခဲ့ပါသည်။

ရွှေပြည်သာရဲစခန်း(ပ)၅၂၀/၂၀၀၆ အမှုမှတရားခံ ကျော်မင်း(ခ)မင်းဇော်နှင့် ဇင်နောင်ဝင်း (ခ)ဇောရိုးတို့အား ၂-၉-၂၀၁၁ ရက်တွင် စွဲချက်အမှတ် ၇၃၅/၂၀၁၁၊ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၀၂/၃၉၄/၄၃၆/၂၀၁ ဖြင့် တရားစွဲတင်ပို့ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်း ခရိုင်တရားရုံးမှ ပြစ်မှုကြီးအမှတ် ၁၁၂/၂၀၁၁ ဖြင့် ဒုတိယခရိုင်တရားသူကြီး ဦးလှဝင်းမှ လက်ခံစစ်ဆေးလျက်ရှိပါသည်။



သုံးလောင်းပြိုင် လူသတ်မှုမှ တရားခံက အသုံးပြုခဲ့သည့် ထီးရိုးသံချောင်း၏ ထားခဲ့သည့် နေရာအား ပြသနေစဉ်



လူ့သေအလောင်းဖျောက်မှုမှ တရားခံ မိုးသီဟ(ခ)မိုးကြီးက ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သော သက်သေခံပစ္စည်းအား လိုက်လံပြသစဉ်

## ပျဉ်းမနားမြို့တွင်လူသေအလောင်းဖျောက်ဖျက်မှုအားဖော်ထုတ်ခြင်း

နေပြည်တော်ခရိုင်၊ ပျဉ်းမနားမြို့နယ်၊ ကင်ပွန်းတန်းကျေးရွာ၊ သကြားစက်လမ်း၊ အမှတ်(၁/၂၉၄)နေ ဦးထွန်းလှိုင်၏သား မောင်သန်းထွန်းလှိုင်(ခ)ငပန့်(ခ)ဖိုးသံ ၁၉ နှစ်သည် ၁၃-၃-၂၀၁၁ ရက် ၂၁၀၀ အချိန်ခန့်က ပျဉ်းမနားမြို့နယ်၊ တပ်ပိုးရွာမှ အာဟာရသုခဈေးသို့ သွားသည့် မြေနီလမ်း၌ ဆိုင်ကယ်မှောက် သေဆုံးခဲ့သဖြင့် ပျဉ်းမနားရဲစခန်း(ပ) ၁၃၆/၂၀၁၁၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄-က ဖြင့် အရေးယူဆောင်ရွက်ခဲ့ပါသည်။ အမှုနှင့် ပတ်သက်၍ သေဆုံးသူ၏ဖခင် ဦးထွန်းလှိုင်မှ ၎င်း၏သား သေဆုံးရခြင်းမှာ တစ်စုံတစ်ဦး၏ ပယောဂ ကြောင့် သေဆုံးခြင်းဖြစ်နိုင်၍ အမှုမှန်ဖော်ထုတ်ပေးပါရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ်ထံ လိပ်မူ တိုင်ကြား၍ မှုခင်းတပ်ဖွဲ့မှူး ထံ မိတ္တူပေးပို့ခဲ့ပါသည်။ မှုခင်းတပ်ဖွဲ့မှ တိုင်စာရရှိချိန် ကနဦးအတည်ပြု စုံစမ်းချက်အရ လူသတ်/အလောင်း ဖျောက်ဖျက်မှုဖြစ်ကြောင်း ခိုင်မာစွာ သိရှိရသဖြင့် အမှုအား မှုခင်းတပ်ဖွဲ့သို့ လွှဲပြောင်းစစ်ဆေးခွင့်ပြုရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်သို့ တင်ပြခဲ့ပြီး ၉-၈-၂၀၁၁ နေ့တွင် လွှဲပြောင်းလက်ခံ စစ်ဆေးခဲ့ပါသည်။

အမှုတွဲနှင့်အခင်းဖြစ်အရပ်ကိုလေ့လာရာတွင် သန်းထွန်းလှိုင် သေဆုံးရခြင်းမှာ မူးယစ်ဆေး လွန်၍ သေဆုံးခြင်း(သို့မဟုတ်)တစ်ဦးတစ်ယောက်၏ ပယောဂကြောင့် သေဆုံးရခြင်း ဖြစ်နိုင်သည်ဟု ယူဆကြောင်း၊ သေဆုံးသည့်နေရာနှင့် အလောင်းတွေ့သည့်နေရာမှာ တစ်နေရာတည်း မဖြစ်နိုင်ကြောင်း သုံးသပ်တွေ့ရှိခဲ့ရပါသည်။ ထို့ကြောင့် သေဆုံးသူ သန်းထွန်းလှိုင်၏ အပေါင်းအသင်းများအတွင်းစုံစမ်းခဲ့ရာ ၎င်းတို့သည် အရက်နှင့်မူးယစ် ဆေးဝါး သုံးစွဲလေ့ရှိသူများဖြစ်ကြောင်း၊ အခင်းဖြစ် ၁၂-၃-၂၀၁၁ ရက်ခန့်က သေဆုံးသူနှင့် မိုးသီဟ(ခ)မိုးကြီး ၂၀ နှစ်(ဘ)ဦးမိုးနိုင်၊ အမှတ်(၈/၂၇)၊ ၄ လမ်း၊ ရွှေချီရပ်ကွက်၊ ပျဉ်းမနားမြို့ နေသူတို့ အတူရှိနေခဲ့ကြောင်း စုံစမ်း အတည်ပြုနိုင်ခဲ့ပါသည်။ အဆိုပါသတင်းကို အခြေခံ ၍ သေဆုံးသူ သန်းထွန်းလှိုင်၊ မိုးသီဟ(ခ)မိုးကြီးတို့နှင့် အရင်းနှီးဆုံး သူငယ်ချင်းများဖြစ်သော ဟိန်းဇော်ဖြိုး(ခ) ချစ်ကောင်းနှင့် ပြည့်လင်းစိုး (ခ)ကိုပြည့်တို့ ၂ ဦးထံ ချဉ်းကပ် စည်းရုံး မေးမြန်းခဲ့ရာ ၁၃-၃-၂၀၁၁ ရက် ညပိုင်းက မိုးသီဟ(ခ)မိုးကြီး၏ အကူအညီ တောင်းခံချက်အရ ၎င်း၏ နေအိမ်တွင် မူးယစ်ဆေးဝါး သုံးစွဲ၍ရှော့ဖြစ်ပြီး သေဆုံးခဲ့သော သန်းထွန်းလှိုင်၏ အလောင်းအား ပျဉ်းမနားမြို့ အပြင်ဘက်ရှိ ကင်ပွန်းတန်းဈေးအနီး၊ မြေနီလမ်းပေါ်တွင် ဆိုင်ကယ်တိမ်းမှောက်ဟန် ဖန်တီး၍ စွန့်ပစ်ပေးခဲ့ရကြောင်း အတည်ပြု သတင်းရရှိခဲ့ပါသည်။

အဆိုပါသတင်းအရ အမှုမှ မသင်္ကာတရားခံ မိုးသီဟ(ခ)မိုးကြီး ၂၀ နှစ်(ဘ)ဦးမိုးနိုင်၊ အမှတ် (၈/၂၇)၊ ၄ လမ်း၊ ရွှေချီရပ်ကွက်၊ ပျဉ်းမနားမြို့နေသူအား စစ်ဆေးရာ ၁၂-၃-၂၀၁၁ နေ့ ၁၆၀၀ အချိန်ခန့်က ၎င်းနှင့် သေဆုံးသူ သန်းထွန်းလှိုင် (ခ)ငပန့်(ခ)ဖိုးသံတို့နှစ်ဦးသည် ဒက္ခိဏသီရိမြို့နယ်၊ ရွာမအုပ်စု၊ ရွှေပြည်ကျေးရွာနေ ကျော်စိုးထံမှ ဘိန်းဖြူမှုန့် ၃၀၀၀ိ/- ဖိုး ဝယ်ယူပြီး၊ လယ်ဝေးမြို့နယ်၊ ကြို့ပင်ကြီးကျေးရွာ အနောက်ဖက် တာတမံ လှည်းလမ်းဘေးရှိ

သရက်ပင်နှင့် ထန်းပင်အနီးတွင် မူးယစ်ဆေး သုံးစွဲခဲ့ကြကြောင်း၊ ကျန်ရှိသော ဘိန်းဖြူနှင့် ပတ်သက်၍ ၎င်းတို့ ၂ ဦး စကားများခဲ့ပြီး မိုးသီဟ(ခ)မိုးကြီးမှ သန်းထွန်းလှိုင်၏ ဦးခေါင်းကို ကျောက်ခဲဖြင့် တစ်ချက်ထုနှက်ပြီး ကျောက်ခဲအား လှည်းလမ်းဝဲဘက်သို့ ပစ်ချခဲ့ကြောင်း၊ထိုစဉ် သန်းထွန်းလှိုင်မှာ သတိလစ် သွားခဲ့ပြီး သန်းထွန်းလှိုင်ကို ဆိုင်ကယ် နောက်မှတင်၍ ကျော်စိုး၏ နေအိမ်ဘက်သို့ မောင်းထွက်စဉ် ကိုက် ၂၀ ခန့်အကွာ အရောက်၌ ဆိုင်ကယ်ပေါ်မှ နောက်လန် ပြုတ်ကျခဲ့ကြောင်း၊ ကျော်စိုးနှင့် မျိုးဇော်(ခ) ပတ်ပျော့(နောက်မှ အမည်သိရသူ) တို့၏ အကူအညီဖြင့် သန်းထွန်းလှိုင်၏ ပါးစပ်အတွင်းသို့ ဆားများထည့်သွင်း၍ရေတိုက်ခြင်း၊ အသက်ရှူရန် ရင်ဘတ်အား ဖိနှိပ်ခြင်းများ ပြုလုပ်ခဲ့သော်လည်း၊ သတိပြန်လည်လာခြင်း မရှိသည့် အတွက် ဒက္ခိဏသီရိမြို့နယ်၊ ရွာမအုပ်စု မြောက်ကျောင်းစုကျေးရွာ၊ အမှတ် ၂၃ နေ ဦးသန်းထွန်း ၆၆ နှစ် (ဘ)ဦးဘဝင်း (တရားမဝင် ဆေးကု)နေအိမ်သို့ ဆေးကုသရန် သွားရောက်ခဲ့ကြောင်း သိရှိရပါသည်။

ဦးသန်းထွန်း နေအိမ်ရောက်ရှိစဉ် သန်းထွန်းလှိုင်မှာ သတိလစ်နေဆဲဖြစ်ပြီး ဘိန်းဖြူ သုံးစွဲစဉ် ဆေးလွန်သွားသဖြင့် ဆေးကုသပေးရန် အကူအညီတောင်းခံခဲ့ရာ ဖြေဆေးတစ်လုံးနှင့် အကြောဆေးတစ်လုံးတို့ကို ထိုးပေးပြီး သောက်ဆေးများလည်း ပေးလိုက်ကြောင်း၊ ၎င်းနောက် မိုးသီဟ(ခ) မိုးကြီး၏ နေအိမ်ဝင်ပေါက်သို့ ရောက်သည်အထိ ကျော်စိုး၊ မျိုးဇော် (ခ)ပတ်ပျော့နှင့် ဒေါ်ညိုဝင်းတို့မှ ဆိုင်ကယ်ဖြင့် လိုက်ပို့ပေးခဲ့ကြောင်း၊ သန်းထွန်းလှိုင် မှာ “ဝူးဝူး”ဟု အသံများ တစ်ခါတစ်ရံ ထွက်နေပြီး သတိလစ်နေဆဲဖြစ်ကြောင်း၊ မိုးသီဟ (ခ)မိုးကြီး၊ ၎င်း၏မိဘများ ဖြစ်သော ဦးမိုးနိုင်နှင့် ဒေါ်ချိုချိုဝင်းတို့မှ သန်းထွန်းလှိုင်ကို နေအိမ်အပေါ်ထပ်ရှိ အိပ်ခန်း အတွင်းသို့ တွဲတင်ပေးခဲ့ကြောင်း၊ ၁၃-၃-၂၀၁၁ ရက် နံနက် ၀၁၃၀ အချိန်ခန့်တွင် ပါးစပ်မှ အမြှုပ်များထွက်၍ မိုးသီဟ(ခ)မိုးကြီး၏ နေအိမ်ပေါ်တွင် သန်းထွန်းလှိုင် သေဆုံးနေသည်ကို တွေ့ရှိရကြောင်း စစ်ဆေးသိရှိရပါသည်။

သန်းထွန်းလှိုင် သေဆုံးသွားကြောင်းကို ၎င်း၏မိခင်ဒေါ်ချိုချိုဝင်း (အလက(၁)၊ ပျဉ်းမနားမြို့၊ အလယ်တန်းပြ ဆရာမ)အား အသိပေးပြီး၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ ဗိုလ်တောက်ထိန် လမ်းနေ ဟိန်းဇော်ဖြိုး(ခ)ချစ်ကောင်းနှင့် မြို့ဦးရပ်ကွက်၊ ဗိုလ်တောက်ထိန် လမ်းနေ ပြည့်လင်းစိုး(ခ)ကိုပြည့်တို့ ၂ ဦး၏ အကူအညီဖြင့် ၁၃-၃-၂၀၁၁ ရက်နေ့ ည ၂၀၃၀ အချိန်ခန့်တွင် ပျဉ်းမနားမြို့နယ်၊ တပ်ပိုးရွာနှင့် ကင်ပွန်းတန်းဈေးအကြားရှိ မြေနီလမ်း ယာဘက်အစပ်တွင် ဆိုင်ကယ် တိမ်းမှောက်သေဆုံးဟန်ဖြင့် စွန့်ပစ်ခဲ့ကြောင်း စစ်ဆေးသိရှိ ရပါသည်။

အမှုအား ခိုင်မာစွာတည်ဆောက်၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ဥပဒေအကြံပြုချက် တောင်းခံခဲ့ပြီး အကြံပြုချက်နှင့်အညီ ၃၁-၈-၂၀၁၁ နေ့တွင် ပျဉ်းမနားရဲစခန်း (ပ)၁၃၆/၂၀၁၁၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ အမှုမှ သေဆုံးသူ သန်းထွန်းလှိုင်အား တရားမဝင်ဆေးကုသသူ

ဦးသန်းထွန်းမှ ဆေးထိုးအပ်၊ ဆေးထိုးပိုက်နှင့် အသုံးအဆောင် ပစ္စည်းများအား လက်ဝယ်ထားရှိကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မှုခင်းတပ်ဖွဲ့မှ ရဲအုပ် ချစ်မောင်က တရားလို ပြုလုပ်ကာ ဦးသန်းထွန်းအပေါ် ဒက္ခိဏသီရိမြို့နယ်၊ ပေါက်တောရဲစခန်း(ပ)၁၃၉/၂၀၁၁၊ ယစ်မျိုးအက်ဥပဒေပုဒ်မ ၃၃ အရ အမှုဖွင့်အရေးယူခဲ့ပါသည်။ပျဉ်းမနားရဲစခန်း(ပ) ၁၃၆/၂၀၁၁၊ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၀၂ အမှုမှ သေဆုံးသူ သန်းထွန်းလှိုင်အား တရားမဝင် ဆေးကုသပေးသူ ဦးသန်းထွန်းသည် မြန်မာနိုင်ငံဆေးကောင်စီမှထုတ်ပေးထားသော တရားဝင် လိုင်စင်မရှိဘဲ ဆေးကုသခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မှုခင်းတပ်ဖွဲ့မှ ရဲအုပ် ချစ်မောင်က တရားလို ပြုလုပ်ကာ ဦးသန်းထွန်း အပေါ် ဒက္ခိဏသီရိမြို့နယ်၊ ပေါက်တောရဲစခန်း (ပ)၁၄၀/၂၀၁၁၊ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေပုဒ်မ ၄၁ အရ အမှုဖွင့်အရေးယူခဲ့ပါသည်။

ဥပဒေအကြံပြုချက်နှင့်အညီ အမှု ၃ မှုအား ၁-၉-၂၀၁၁ ရက်နေ့တွင် နေပြည်တော်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ခရိုင်တရားသူကြီး ဦးသိန်းထွန်းမှ ပျဉ်းမနား ရဲစခန်း(ပ) ၁၃၆/၂၀၁၁၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ အမှုမှ တရားခံ မိုးသီဟ (ခ)မိုးကြီး၊ တရားခံ မိုးသီဟ(ခ)မိုးကြီး၏ ဖခင် မိုးနိုင်၊ ဟိန်းဇော်ဖြိုး(ခ)ချစ်ကောင်းနှင့် ပြည့်လင်းစိုး (ခ)ကိုပြည့် တို့ ၄ ဦးအပေါ် ပျဉ်းမနားရဲစခန်းစွဲချက်အမှတ် ၄၆၂/၂၀၁၁၊ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀၂/၂၀၁၁ ဖြင့် တရားစွဲတင်ပို့ခဲ့ရာ ပြစ်မှုကြီးအမှတ် ၆၂/၂၀၁၁ ဖြင့် လည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ်၊ ပေါက်တောရဲစခန်း(ပ)၁၃၉/၂၀၁၁၊ ယစ်မျိုးအက်ဥပဒေ ပုဒ်မ ၃၃ အမှုမှ တရားခံ ဦးသန်းထွန်း အပေါ် ပေါက်တောရဲစခန်းစွဲချက်အမှတ် ၁၂၄/၂၀၁၁၊ ယစ်မျိုးအက်ဥပဒေ ပုဒ်မ ၃၃ ဖြင့်တရားစွဲတင်ပို့ခဲ့ရာ ပြစ်မှုကြီးအမှတ် ၆၃/၂၀၁၁ ဖြင့်လည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ်၊ ပေါက်တောရဲစခန်း(ပ)၁၄၀/၂၀၁၁၊ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေပုဒ်မ ၄၁ အမှုမှ တရားခံ ဦးသန်းထွန်း အပေါ် ပေါက်တောရဲစခန်းစွဲချက်အမှတ် ၁၂၅/၂၀၁၁၊ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေပုဒ်မ ၄၁ ဖြင့် တရားစွဲတင်ပို့ခဲ့ရာ ပြစ်မှုကြီး အမှတ် ၆၄/၂၀၁၁ ဖြင့်လည်းကောင်း အသီးသီး လက်ခံစစ်ဆေးခဲ့ပြီး တရားခံမိုးသီဟအား ပုဒ်မ ၃၀၄အရ ထောင်ဒဏ် ၅ နှစ်၊ တရားခံ ဟိန်းဇော်ဖြိုး၊ မိုးနိုင်၊ ပြည့်လင်းမိုးတို့အား ပုဒ်မ ၂၀၁ ဒုတိယပိုင်းအရ ထောင်ဒဏ် ၇ လစီ ကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့ပါသည်။

## လှိုင်လင်ရဲစခန်းမယ(ပ)၁၁/၂၀၁၁၊ မှုး/စိတ် ၁၅/၁၉(က)/၂၁

အမှုမှာ ၁. ၉. ၂၀၁၁ ရက်နေ့ ၀၇၁၅ အချိန်တွင် တောင်ကြီးမှုးယစ် လှိုင်လင်လုပ်ရှားအဖွဲ့မှ ရဲအုပ်တင်စိုး ဦးစီးတပ်ဖွဲ့ဝင်များ၊ လှိုင်လင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး ဒုစရိုက်နှိမ်နင်းရေးအဖွဲ့မှ ရဲအုပ်အောင်စံကျော် ဦးစီးတပ်ဖွဲ့ဝင်များ၊ စစဖ၊ စရဖ၊ အကခ၊ လဝက၊ သစ်တောအဖွဲ့တို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လှိုင်လင်မြို့အထွက် ပူးပေါင်း စစ်ဆေးရေးစခန်း ခန့်မှန်းမြေပုံညွှန်း MD 50501265 တွင် မူးယစ်ဆေးဝါးသတင်းအရ နမ့်စန်မှ တောင်ကြီးဘက်သို့ မင်္ဂါမူလဲ(ခ)မနန်းခင်၊ ၅၃ နှစ်၊ (ဘ)ဦးကျိုးကျိန်ရှင်၊ ကိုးကန့်/ဗုဒ္ဓ၊ ရောင်း/ဝယ်၊ အမှတ်(၂၄၄)၊

ဘုရင့်နောင်လမ်း၊ ရပ်ကွက်(၁)၊ နမ့်စန်မြို့နေသူ မောင်းနှင်ပြီး မခင်လှ(ခ)မအားလန်၊ ၄၂ နှစ်၊ (ဘ)ဦးကျိုးကျိန်ရှင်၊ ကိုးကန့်/ဗုဒ္ဓ၊ ရောင်း/ဝယ်၊ အမှတ်(၃၁၈)၊ ဝတ်မှုန်လမ်း၊ နယ်မြေ(၂)၊ ဘုရားဖြူရပ်ကွက်၊ တောင်ကြီးမြို့နေသူ လိုက်ပါလာသော ယာဉ်အမှတ် ၄ခ/၄၄၄၆ နံပါတ်ပါ တိုက်ဂါးဖိုးဝှီး ၁ ခန်းခွဲ အပြာရောင်ယာဉ်(လိုင်စင်စိစစ်ဆဲ)အား သက်သေ များနှင့်အတူရှာဖွေရာ ယာဉ်မောင်းထိုင်ခုံနောက်ခန်းရှိ Tool Box အံဝှက်အတွင်းမှ အပြာရောင်ပလပ်စတစ်အိတ်ဖြင့် ထုပ်လျက် WY စာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပြားစီပါ ၇၀၀ ထုပ်၊ စုစုပေါင်းဆေးပြား ၁၄၀၀၀၀ ပြား၊ အလေးချိန် ၁၄ ကီလို(စိတ်ကြွရူးသွပ်ဆေးပြား ၁ ပြားလျှင် ကာလပေါက်စျေးငွေကျပ် ၄၀၀၀ နှုန်းဖြင့်) တန်ဖိုးငွေကျပ် သိန်း ၅၆၀၀၊ မင်္ဂါမူလဲ(ခ) မနန်းခင်ကိုင်ဆောင်ထားသည့် ပိုက်ဆံအိတ်အတွင်းမှ ၀၉၈၃၆၂၆၇၀ နံပါတ်ပါ CDMA ဖုန်း ၁ လုံးနှင့် မခင်လှ(ခ)မအားလန်ကိုင်ဆောင်သည့် ပိုက်ဆံအိတ်အတွင်းမှ ၀၉၅၂၁၅၀၄၆ နံပါတ်ပါ I-Phone ၁ လုံးတို့ကို တွေ့ရှိသဖြင့် ဒုရဲအုပ်စိန်အောင်မှ သက်သေများရှေ့ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ပါသည်။

အမှုမှ တရားခံ ၂ ဦးအားစစ်မေးရာ သိမ်းဆည်းရမိစိတ်ကြွဆေးပြားများကို ကွန်ဟိန်းမြို့နယ်၊ ကာလိ မြို့နယ်ခွဲ၊ တာကော်အုပ်စု၊ ဖာလမ်းရွာနေ အိုက်သားဆိုသူက နမ့်စန်မြို့မှ တောင်ကြီးမြို့၊ ကွန်ပျူတာတက္ကသိုလ် အနီးသို့ သယ်ဆောင်ခ ငွေကျပ်သိန်း ၅၀ ပေး၍ သယ်ဆောင်ခိုင်းခြင်းဖြစ်ကြောင်း၊ အိုက်သားမှ စိတ်ကြွဆေးပြား များကို ၁. ၉. ၂၀၁၁ ရက်နေ့ ၁၀၀၀ အချိန်တွင် ကွန်ပျူတာတက္ကသိုလ်ရှေ့တွင် လာရောက်ယူဆောင်မည်ဖြစ်ကြောင်း၊ သယ်ဆောင်ခငွေအား ပစ္စည်းပေးအပ်ချိန်တွင် ပေးမည်ဖြစ်ကြောင်း၊ အိုက်သား၏ပုံသဏ္ဌာန်မှာ အသက် ၄၀ နှစ်ခန့်၊ အရပ် ၅ ပေ ၅ လက်မခန့်၊ အသားဖြူ၊ ဆံပင်ဘိုကေ၊ မျက်နှာပြား၊ မျက်ခုံးသင့်၊ နှာခေါင်းသင့်၊ ရှမ်း လူမျိုးဖြစ်ကြောင်းနှင့် စိတ်ကြွဆေးပြားများကို နမ့်စန်မြို့မှ နမ့်စန်-လွိုင်လင်ကားလမ်းအတိုင်း မော်တော်ယာဉ်ဖြင့် သယ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ် ပေါက်ခဲ့သဖြင့် မင်္ဂါမူလဲ(ခ)မနန်းခင်နှင့် မခင်လှ(ခ)မအားလန်တို့ ၂ ဦးအား အရေးယူပေးရန် ရဲအုပ်တင်စိုးမှ တရားလိုပြုလုပ်တိုင်တန်းသဖြင့် ၁. ၉. ၂၀၁၁ ရက်နေ့ ၁၂၁၀ အချိန် လွိုင်လင်ရဲစခန်း မယ(ပ)၁၁/၂၀၁၁၊ မူး/စိတ် ၁၅/၁၉(က)/၂၁ အရ အမှုဖွင့်အရေးယူမှုကို ဒုရဲအုပ်မျိုးမင်းမှ စစ်ဆေးသောအမှုဖြစ်ပါသည်။

အဆိုပါဖမ်းဆီးရမိမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးမှ တရားခံများကို အသေးစိတ် စစ်ဆေးပြီး ကွင်းဆက်ဖော်ထုတ်သွားရန်နှင့် သိမ်းဆည်းရမိမော်တော်ယာဉ်ကို ကျွမ်းကျင်သူဘော်ဒီဆရာ/ဝပ်ရှော့ ဆရာများခေါ်ယူပြသပြီး အစိတ်အပိုင်းတစ်ခုစီဖြုတ်၍ အသေးစိတ်ထပ်မံရှာဖွေရန် ညွှန်ကြားချက်အရ ၉. ၁. ၂၀၁၁ ရက်နေ့တွင် တရားခံ ၂ ဦးအား အသေးစိတ်စစ်ကြောခဲ့ပြီး ၂. ၉. ၂၀၁၁ ရက်နေ့ ၀၆၁၅ အချိန် လွိုင်လင်မြို့ သွယ်စင်ကျော်ကား ဘော်ဒီဝပ်ရှော့ဆရာ ဦးကျော်ခိုင်အား လွိုင်လင်ရဲစခန်းသို့ခေါ်ယူ၍ ပူးပေါင်းအဖွဲ့သည်

သက်သေများနှင့်အတူ သိမ်းဆည်းရမိမော်တော်ယာဉ်၏ ကိုယ်ထည် အတွင်းအပြင်၊ စက်ခေါင်း၊ အင်ဂျင်ပိုင်း၊ ကိုယ်ထည်အောက်ပိုင်းနှင့် အပေါ်ပိုင်းတို့ကိုဖြုတ်၍ အသေးစိတ်ရှာဖွေမှုပြုလုပ်ခဲ့ရာ ယာဉ်နောက်ပိုင်းရှိ ဆေးရောင်မှာ ပုံမှန်မဟုတ်ဘဲ အရောင်းအနည်းငယ်ကွာခြားပြီး ပတ်တီးကိုင်၍ ထပ်မံဆေးသုတ်ထားသည်ကို တွေ့ရှိ၍ အသေးစိတ်စစ်ဆေးရာ ဖိုက်ဘာအုပ်ထားသည့် ယာဉ်နောက်ပိုင်းဘယ်ဘက်ခြမ်း ဘော်ဒီအတွင်းပိုင်းမှ အပြာရောင် ပလပ်စတစ်ဖြင့်ထုပ်လျက် WY စာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပြားစီပါအထုပ် ၄၀၀ ထုပ်၊ ယာဉ်နောက်ပိုင်းညာဘက်ခြမ်း ဘော်ဒီအတွင်းပိုင်းမှ အပြာရောင်ပလပ်စတစ်ဖြင့်ထုပ်လျက် WY စာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပြားစီပါအထုပ် ၄၀၀ ထုပ်၊ စုစုပေါင်းစိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၀၀ ပြား၊ အလေးချိန် ၁၆ ကီလို တန်ဖိုးကျပ်သိန်း ၆၄၀၀ ကို ထပ်မံရှာဖွေတွေ့ရှိ၍ ဒုရဲအုပ်စိန်အောင်မှ သိမ်းဆည်းခဲ့ပြီး အထက်ပါအမှုတွင် ထည့်သွင်းအရေးယူထား ရှိပါသည်။ အမှုအား တောင်ကြီးခရိုင် တရားရုံးမှ တရားခံမငွါမူလဲ(ခ) နန်းခင်နှင့် မခင်လှ(ခ) မအားလန်တို့အား မူး/စိတ် ပုဒ်မ ၁၉(က)အရ အလုပ်နှင့် ထောင်ဒဏ် ၃၅ နှစ်စီ ကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့ပါသည်။

## တာချီလိတ်ရဲစခန်းမယ(ပ) ၃၄/၂၀၁၁၊ မူး/စိတ် ပုဒ်မ ၁၅/၁၉(က)/၂၁ နှင့်ကွင်းဆက်အမှုများ

အမှုမှာ ၈. ၉. ၂၀၁၁ ရက်နေ့ ၁၉၃၀ အချိန် တာချီလိတ်မြို့ ဝေလေလန်ပူးပေါင်း စစ်ဆေးရေးဂိတ် ခမ မပည (PC -638027) တွင် တာဝန်ကျတာချီလိတ်မှူးယစ်မှ ဒုရဲအုပ် နော်ဆိုင် ဦးစီးအဖွဲ့၊ ဝမ်ပုံရဲစခန်းမှ ဒုရဲအုပ် ဝင်းနိုင်စိုး ဦးစီးအဖွဲ့၊ ဌာနဆိုင်ရာများနှင့် သက်သေများသည် မိုင်းဖုန်း(က)အုပ်စု၊ ပါခုတ်ကျေးရွာဘက်မှ တာချီလိတ်မြို့ဘက်သို့ အောင်ရင် မောင်းနှင်ပြီး ယာဉ်နောက်လိုက် စိုင်းဖူးလိုက်ပါလာသည့် ယာဉ်အမှတ်၊ ၉ခ/ ၉၅၀၆၊ နီဆန်းယူဒီ (၁၀)ဘီး အပြာရောင် ယာဉ်အား စစ်ဆေးရှာဖွေရာ ယာဉ်ကိုယ်ထည်ယာဘက်အောက်ရှိ Tool Box အတွင်းမှ WY စာတမ်းပါ စိတ်ကြွရူးသွပ်ဆေးပြား(၁၄၀၀၀၀)ပြား၊ ယာဉ်မောင်းခန်းအတွင်းမှ WY စာတမ်းပါ စိတ်ကြွ ရူးသွပ်ဆေးပြား(၆၀၀)ပြား၊ စုစုပေါင်း(၁၄၀၆၀၀)ပြား၊ အလေးချိန် ၁၄. ၀၆ ကီလိုဂရမ် ကာလတန်ဖိုးကျပ် (၄၂၁၈)သိန်းခန့်အား ရှာဖွေတွေ့ရှိရပြီး စစ်မေးရာ ၎င်းတို့ သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြားများအား တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက်နေ၊ အိုက်ဆတ်ထံပို့ဆောင်မည်ဖြစ်ကြောင်းသိရှိရပြီး အိုက်ဆတ်အား ဖမ်းဆီးရမိရေး စီမံဆောင်ရွက်နေစဉ် အိုက်ဆတ်သည် ယာဉ်အမှတ်၊ ၄ဂ/၆၃၈၉ တိုယိုတာဆပ်ဖ် ယာဉ်အား မောင်းနှင်ပြီး တာချီလိတ်မှ ဝေလေလန်ဂိတ်သို့ ရောက်လာခဲ့သဖြင့် အိုက်ဆတ်အား ဖမ်းဆီးရမိခဲ့ပြီး ၎င်းယာဉ်အားရှာဖွေရာ ထိုင်းနိုင်ငံသုံး ဘတ်ငွေ(၁၀)သိန်းအား ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် (၁)အောင်ရင်၊ (သ)၄၀/၂၀၁၁ နှစ်၊ (ဘ) ဦးစံပွင့် ၊၉/မကန(နိုင်)၀၂၅၂၁၂ ၊ ယာဉ်မောင်း၊ ရှမ်း/ဗုဒ္ဓ၊ မယ်ခေါင်ရပ်ကွက်၊တာချီလိတ်မြို့၊ (၂) စိုင်းဖူး၊ (သ) ၃၀/၂၀၁၁ နှစ်၊



တရားခံ မငွါမူလဲ(ခ)မနန်းစင်နှင့် မစင်လှ(ခ)မအားလန်တို့အား သိမ်းဆည်းရမိ
မူးယစ်ဆေးဝါးပစ္စည်းများနှင့်အတူ တွေ့ရစဉ်




တာချီလိတ်ရဲစခန်း မယ (ပ)၃၄/၂၀၁၁၊ မူး/စိတ်ပုဒ်မ ၁၅/၁၉(က)/၂၁ အမှုမှ
ဖမ်းဆီးရမိသည့် စိတ်ကြွဆေးပြားများနှင့် ဆက်စပ်ပစ္စည်းများ




တာချီလိတ်ရဲစခန်း မယ (ပ)၃၄/ ၂၀၁၁၊ မူး/စိတ်ပုဒ်မ ၁၅/၁၉(က)/ ၂၁ အမှုမှ ဖမ်းဆီးရမိ သော သက်သေခံလက်နက်/ခဲယမ်းများနှင့် စိတ်ကြွဆေးပြားများနှင့် ဆက်စပ်ပစ္စည်းများ



(ဘ)ဦးစိုင်းလုံ၊ ၁၃/တခလ(နိုင်) ၀၄၆၄၈၄၊ ရှမ်း/ဗုဒ္ဓ၊ အရောင်းအဝယ်၊ အမှတ်(၁/၈၀)၊ဆန်ဆိုင်း (ခ) ရပ်ကွက် ၊တာချီလိတ်မြို့ နှင့် မူးယစ်ဆေးဝါးများလက်ခံမည့်သူ (၃)အိုက်ဆတ်၊ (သ) ၄၇/၂၀၁၁ နှစ်၊ (ဘ)ဦးအိုက်ဖက်၊ ၁၃/တခလ(နိုင်) ၀၀၅၁၅၉၊ ရှမ်း/ဗုဒ္ဓ၊ လယ်လုပ်၊ အမှတ်(၅/၁၄၉) ၊(၄)လမ်း၊ ဆန်ဆိုင်း (ခ) ရပ်ကွက် ၊တာချီလိတ်မြို့နေသူတို့အား တာချီလိတ်ရဲစခန်း မယ(ပ) ၃၄/၂၀၁၁၊ မူး/စိတ် ပုဒ်မ ၁၅/၁၉(က)/၂၁ အရ အမှုဖွင့်အရေးယူ ဆောင်ရွက်မှုဖြစ်ပါသည်။

တရာခံ အောင်ရင်၊ စိုင်းဖူး၊ အိုက်ဆတ် တို့အားစစ်မေးပြီးနောက် ၈. ၉. ၂၀၁၁ ရက်နေ့ ၂၀၃၀ အချိန်တွင် ခမရ(၃၃၁)မှ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ဇေယျာဝင်း ဦးစီးအဖွဲ့၊ တာချီလိတ်မူးယစ်ကြီးကြပ်သူ ဦးစီးအဖွဲ့၊ တာချီလိတ်စခန်းမှူးနှင့် အဖွဲ့တို့သည် သက်သေများနှင့်အတူ အမှတ်(၁၄၉)၊ ၄ လမ်း၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ တာချီလိတ်မြို့ အိုက်ဆတ်၏နေအိမ်နှင့် အိမ်ဝန်းအားရှာဖွေရာ အောက်ပါမူးယစ်ဆေးဝါးများနှင့်ဆက်စပ်ပစ္စည်းများ အား ရှာဖွေတွေ့ရှိသိမ်းဆည်း ရမိခဲ့ပါသည်-

(က) အိုက်စ် (၈)ကီလို (ကာလတန်ဖိုး ကျပ် ၁၆၀၀ သိန်းခန့်)

(ခ) ကဖင်းမှုန့် (၅၁၅)ကီလို (ကာလတန်ဖိုး ကျပ် ၃၈၆ သိန်းခန့်)

(ဂ) နီ/ညိုရောင် ဆိုးဆေးမှုန့် (၂၂. ၁)ကီလိုခန့်

(ဃ) ဆူဒိုအဖက်ဒရင်းပါ အဖြူရောင်ဆေးပြား(၄)ကီလိုခန့် (ကာလတန်ဖိုး ကျပ် ၅ သိန်းခန့်)

(င) အဖြူရောင်အီသိုင်းဗန်နလင်ပေါင်ဒါ(၁၀)ကီလိုခန့်

(စ) WY စာတမ်းပါ တံဆိပ်ရိုက်မို (၂၉)ချောင်း

(ဆ) လျှပ်စစ်ခါတ်အားအသုံးပြုသည့် ထုပ်ပိုးစက် (၁)လုံး

(ဇ) ပွိုင့် ၂၂ ငါးလုံးပြူး ဆုံလည်ပြောင်းတိုသေနတ် (၁)လက်နှင့် ၄င်းကျည် (၅) တောင့်

(ဈ) စတင်းသေနတ်ပုံစံတူ(အမျိုးအစားစိစစ်ဆဲ) (၁)လက်

(ည) အရှည်(၁)ပေခန့်ရှိ အသံတိပ်ကိရိယာ (၁) ခု

(ဋ) ထိုင်းနိုင်ငံလုပ် ၁၂ ဗို့ကျည် (၂၅)တောင့်

(ဌ) ပွိုင့် ၃၈ ဗို့ကျည် (၇)တောင့်

(ဍ) ထိုင်းနိုင်ငံသုံးဘတ်ငွေ (၂၄၈) သိန်း

(ပ) လိုင်စင်မဲ့မော်တော်ယာဉ် (၈)စီး၊ လိုင်စင်ရှိမော်တော်ယာဉ်(၂)စီး

(ဖ) မော်တော်ဆိုင်ကယ် (၁၄)စီး တို့အား ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် တရားခံ အိုက်ဆတ်အား တာချီလိတ်ရဲစခန်း မယ(ပ)၃၅/၂၀၁၁၊ မူး/စိတ် ပုဒ်မ ၁၅/၁၆(ခ)/ ၁၉(က)/၂၀(က)/၂၂(ခ) အရ ဆက်လက် အမှုဖွင့်အရေးယူဆောင်ရွက်မှုဖြစ်ပါသည်။

၈. ၉. ၂၀၁၁ ရက်နေ့ ၂၀၃၀ အချိန်တွင် ခမရ(၃၃၁)မှ ဗိုလ် ငြိမ်းချမ်းအောင် နှင့်အဖွဲ့၊ ဝမ်ပုံရဲစခန်းမှူး ရဲအုပ် စန်းယုနိုင်နှင့်အဖွဲ့၊ တာချီလိတ်(မူးယစ်)မှ ရဲအုပ် မြင့်နိုင်ဦးနှင့်အဖွဲ့၊ နယ်မြေခံပြည်သူ့စစ်များ၊ သက်သေများပါဝင်သောအဖွဲ့သည် အမှုနှင့်စပ်ဆိုင်သည့် တာချီလိတ်မြို့၊ မိုင်းဖုန်း(ခ)အုပ်စု၊ တရားခံ အိုက်ဆတ် ၏ညီ အိုက်ကျုံး ၏ နေအိမ် ခမ-မပည (PC -065512) အား ဝင်ရောက်ရှာဖွေရာ အောက်ပါမူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့ပါသည်-

(က) WY စာတမ်းပါ စိတ်ကြွဆေးပြား ၈၉၀၀ ပြား(ကာလတန်ဖိုး ကျပ် ၂၆၇ သိန်းခန့်)

(ခ) စိတ်ကြွမူးယစ်ဆေးအကြေ/အမှုန့် ၅၆၀ ဂရမ်(ကာလတန်ဖိုး ကျပ် ၁၄၄ သိန်းခန့်)

(ဂ) ဆေးပြား(၂၀၀)ရေတွက်နိုင်သော ပလပ်စတစ်ပုံစံပြား (၆)ခု

(ဃ) ဘယ်လဂျီယံနိုင်ငံလုပ် တစ်လုံးထိုးပြောင်းချောသေနတ်အရှည်(၁)လက်

(င) ထိုင်းနိုင်ငံလုပ် ၁၂ ဗို့ကျည်(၃၉)တောင့်တို့အား သိမ်းဆည်းရမိခဲ့၍ မအီနှစ်(သ) ၃၄/၂၀၁၁ နှစ် (ဘ) ဦးအိုက်နစ်၊ ၁၃/တခလ(နိုင်) ၀၃၉၃၈၅၊ ရှမ်း/ဗုဒ္ဓ၊ မှီခို၊ အမှတ် (၆၁)၊ပါခုတ်နိုရွာ၊ မိုင်းဖုန်း(ခ)အုပ်စု၊ တာချီလိတ်မြို့ နေသူနှင့် အိုက်ကျုံး (တိမ်းရှောင်) (သ) ၄၅/၂၀၁၁ နှစ်၊ (ဘ) ဦးအိုက်ဖတ်၊ ၁၃/တခလ(နိုင်) ၀၇၅၇၃၅၊ ရှမ်း/ဗုဒ္ဓ လယ်လုပ်၊ အမှတ် (၆၁) ပါခုတ်နိုရွာ မိုင်းဖုန်း(ခ)အုပ်စု၊ တာချီလိတ်မြို့နေသူတို့(၂)ဦးအား တာချီလိတ်ရဲစခန်း မယ(ပ) ၃၆/၂၀၁၁ ၊မူး/စိတ် ပုဒ်မ ၁၅/၁၉(က)/၂၂(ခ)/၂၁ အရ အမှုဖွင့်အရေးယူ ဆောင်ရွက်မှုဖြစ်ပါသည်။

၉. ၉. ၂၀၁၁ ရက်နေ့ ၀၀၄၀ အချိန်တွင် ခမရ (၃၃၁)မှ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး ဇေယျာဝင်း ဦးစီး၍ ဝမ်ပုံရဲစခန်းနှင့် တာချီလိတ်မူးယစ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဖုန်း(ခ)အုပ်စု၊ ပါခုတ်နိုရွာရှိ တရားခံ အိုက်ဆတ် ပိုင်ဆိုင်သော ရာဘာခြံဝန်း နှင့် ဂိုဒေါင်များအား ဝင်ရောက်ရှာဖွေရာ အောက်ပါမူးယစ်ဆေးဝါး၊ လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများအားရှာဖွေတွေ့ရှိ ခဲ့ပါသည်-

(က) ကဖင်းမှုန့် (၃၉)ကီလို (ကာလတန်ဖိုးကျပ် ၂၉ သိန်းခန့်)

(ခ) ဆေးပြားရိုက်စက် အစိတ်အပိုင်းနှင့် ဆက်စပ်ပစ္စည်းမျိုးစုံ(၃၂)ခု

(ဂ) ဂျာမဏီနိုင်ငံလုပ် ပွိုင့် ၂၂ မောင်းပြန်ရိုင်ဖယ် (အသံတိတ် ကိရိယာတပ်လျှက်) (၁)လက်၊ ၄င်းကျည်အိမ် (၂)ခု

(ဃ) Remington အမျိုးအစားပွိုင့် ၂၂ ပြောင်းရှည် (အသံတိတ် ကိရိယာတပ်လျှက်) (၁)လက်၊ ၄င်းကျည်အိမ် (၁) ခု

(င) ပွိုင့် ၂၂ အမျိုးအစား ပစ်စတို အရှည် ၁ လက်

(စ) အသံတိတ်ကိရိယာ (၄)ခု

(ဆ) ၁၂ ဗို့ကျည် ၂၅ တောင့်

(ဇ) ပွိုင့် ၂၂ ကျည် ၂၄၀ တောင့်

ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် ၉. ၉. ၂၀၁၁ ရက်နေ့ ၁၀၃၀ အချိန်တွင် တရားခံ အိုက်ဆတ်၏ ရာဘာခြံအား အသေးစိတ်ထပ်မံရှာဖွေရာ အောက်ပါမူးယစ်ဆေးဝါး၊ လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများအား ရှာဖွေတွေ့ ရှိသိမ်းဆည်းခဲ့ပါသည်-

(က) WY စာတမ်းပါ စိတ်ကြွရူးသွပ်ဆေးပြား၂၀၂၀ ပြား(ကာလတန်ဖိုး ၆၀. ၆ သိန်းခန့်)

(ခ) WY စာတမ်းပါ တံဆိပ်ရိုက်မို (၂၁)ခု ၊ စာတမ်းမပါမို (၁၈)ခု၊ သံမိုအပိတ် (၁၉)ခု နှင့် သံဇန်း(၂)ချပ်

(ဂ) Mod M3 Super 90 အီတလီနိုင်ငံလုပ် ဝင်ချပ်စတာ အမျိုးအစား ပြောင်းရှည် သေနတ်(၁)လက်

(ဃ) ၁၂ ဗို့ကျည် ၇၀ တောင့်

(င) ပွိုင့် ၃၈ ဗို့ကျည် ၈၅ တောင့်

(စ) ပွိုင့် ၂၂ ရွှေရောင်ကျည် ၈၇ တောင့်

(ဆ) ပွိုင့် ၂၂ ငွေရောင်ကျည် ၅၀ တောင့်

(ဇ) ပွိုင့် ၂၂ ကျည်ရှည် ၁၇ တောင့်

(စျ) Bushnell တံဆိပ်ပါ စနိုက်ပါ(၁)ခု

(ည) ဂျပန်နိုင်ငံလုပ် မြေထိုးစက်(၁)စီး

(ဋ) အပြာရောင်လယ်ထွန်စက်(၁)စီး

အထက်ပါမူးယစ်ဆေးဝါး၊ လက်နက်/ခဲယမ်း၊ ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိခဲ့၍ တရားခံအိုက်ဆတ်အား တာချီလိတ်ရဲစခန်း မယ(ပ) ၃၇/၂၀၁၁၊ မူး/စိတ်ပုဒ်မ ၁၅/၁၆(ခ)/၂၂(ခ)အရ အမှုဖွင့် အရေးယူဆောင်ရွက်ခဲ့ပြီး တာချီလိတ်ခရိုင်တရားရုံးမှ စစ်ဆေးလျက်ရှိပါသည်။

## တောင်ကြီးအမှတ်(၁)ရဲစခန်း(ပ)၂၅၆/၂၀၁၁၊ ပြစ်မှုပုဒ်မ ၃၈၀

အမှုမှာ ၆. ၉. ၂၀၁၁ ရက်နေ့ ၀၉၃၀ အချိန်ခန့်တွင် ဦးဇော်မျိုးထွန်း၊ ၃၆ နှစ်၊ (ဘ)ဦးမြင့်ရွှေ၊ မွတ်စလင်/ အစ္စလာမ်၊ (ရှမဝမှန်ဆိုင်လုပ်ငန်း)၊ မ/၂၉၆၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြို့မရပ်ကွက်၊ တောင်ကြီးမြို့နေသူသည် အိပ်ယာမှနိုးစဉ် အိပ်ခန်းအတွင်းထားရှိသည့် မီးခံသေတ္တာကို ဖွင့်ကြည့်ရာ ဘိုးဘွားလက်ထက်ပိုင် အလေးချိန် ၅ ကျပ်သားခန့်ရှိ အခေါက်ရွှေလက်ကောက်ပြား ၁ ကွင်း၊ တန်ဖိုးငွေကျပ် ၃၅ သိန်း၊ အလေးချိန် ၇ ကျပ်သားခန့်ရှိ အခေါက်ရွှေလက်ကောက်ပြား ပြောင်ကွင်း ၁၀ ကွင်း၊ တန်ဖိုးငွေကျပ် ၄၉ သိန်း၊ အလေးချိန် ၂ ကျပ်သားခန့်ရှိ အခေါက်ရွှေ ဘယက်လည်ဆွဲ ၁ ကုံး၊ တန်ဖိုးငွေကျပ် ၁၄ သိန်း၊ အလေးချိန် ၅ မူးသားခန့်ရှိ အခေါက်ရွှေ နားကပ် ၁ ရံ၊ တန်ဖိုးငွေကျပ် ၃ သိန်း ၅ သောင်း၊ အလေးချိန် ၁ ကျပ်သားခန့်ရှိ အခေါက်ရွှေ လက်ကောက် ၁ ကွင်း၊ တန်ဖိုးငွေကျပ် ၇ သိန်း၊ အလေးချိန် ၅ မူးသားခန့်ရှိ အခေါက်ရွှေလက်စွပ် ၁ ကွင်း၊ တန်ဖိုးငွေကျပ် ၃ သိန်း ၅ သောင်း၊ ယိုးဒယားဆေးခြယ် ရွှေဆွဲကြိုး ၁ ကုံး၊ တန်ဖိုးငွေကျပ် ၁၄ သိန်း၊ အလေးချိန် ၁ ကျပ်သားခန့်ရှိ အခေါက်ရွှေ ဟန်းချိန်း ၁ ခု၊ တန်ဖိုးငွေကျပ် ၇ သိန်း၊ အလေးချိန် ၁ ကျပ်သားခန့်ရှိ စိန်လော့ကတ်သီး ၁ ခု၊ တန်ဖိုးငွေကျပ် ၁၀ သိန်း၊ အလေးချိန် ၁ ကျပ်သားခန့်ရှိ စိန်လက်စွပ် ၂ ကွင်း၊ တန်ဖိုးငွေကျပ် ၁၀ သိန်း၊ အလေးချိန် ၅ မူးသားခန့်ရှိ စိန်နားကပ် ၁ ရံ၊ တန်ဖိုးငွေကျပ် ၃ သိန်း ၅ သောင်း၊ မြန်မာငွေစက္ကူရောရာ ကျပ်သိန်း ၅၀၀တို့ ပျောက်ဆုံးနေသဖြင့် စုံစမ်းရာ ဇနီးဖြစ်သူ မဇူဒါရီ(ခ)မလှယဉ်နွဲ့၊ ၃၆ နှစ်၊ (ဘ)ဦးလှဝေ(ခ) ဦးအီဗဟာအင်၊ မွတ်စလင်/အစ္စလာမ်နှင့် ဆိုင်အလုပ်သမားဖြစ်သူ ဇင်မင်းသူ၊ ၂၀ နှစ်၊ (ဘ)ဦးစိုးမြင့်၊ ဗမာ/ဗုဒ္ဓ၊ မရွှေကျေးရွာ၊ သာစည်မြို့နယ်နေသူတို့ ၂ ဦးပူးပေါင်းပြီး ခိုးယူထွက်ပြေးသွားကြောင်း သိရှိရသဖြင့် မဇူဒါရီ(ခ)မလှယဉ်နွဲ့နှင့် ဇင်မင်းသူတို့အား အရေးယူပေးရန် ဦးဇော်မျိုးထွန်းမှ တရားလိုပြုလုပ် တိုင်ကြားသဖြင့် ၉. ၉. ၂၀၁၁ ရက်နေ့ ၁၃၂၀ အချိန် အမှတ်(၁)ရဲစခန်း(ပ)၂၅၆/၂၀၁၁ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၀ အရ အမှုဖွင့်အရေးယူခဲ့ပြီး တောင်ကြီးမြို့နယ်တရားရုံးမှ စစ်ဆေးလျက်ရှိပါသည်။



တောင်ကြီးအမှတ်(၁)ရဲစခန်း(ပ)၂၅၆/၂၀၁၁၊ ပြစ်မှုပုဒ်မ ၃၈၀ အမှုမှ တရားခံ ၂ ဦးနှင့်
သိမ်းဆည်းရမိသက်သေခံပစ္စည်းများ



## ဆိုင်ကယ်များ ဖော်ထုတ်ဖမ်းဆီးရမိမှု

စစ်ကိုင်းတိုင်းဒေသကြီး၊ တိုင်းဒုစရိုက်နှိမ်နင်းရေးအဖွဲ့အနေဖြင့် ခိုး၊ ဆိုး၊ နှိုက်များဖော်ထုတ်ဖမ်းဆီး နိုင်ရေးအတွက် တိုင်းအတွင်းရှိ ယခင်ခိုးမှုပြစ်ချက်ဟောင်းရှိသူများအား စနစ်တကျမှတ်တမ်းပြုစုပြီး တပ်ဖွဲ့ဝင် များအား စောင့်ကြည့်စေခဲ့ရာ ဒုရဲအုပ် ခင်မောင်ဦး နှင့် ဒုတပ်ကြပ်အောင်ကိုမင်း တို့စောင့်ကြည့်နေသော မုံရွာအမှတ်(၁)ရဲစခန်း(ပ)၂၆၀/၂၀၀၂၊ ပြစ်မှုပုဒ်မ ၃၇၉/၅၄၊ ချောင်းဦးရဲစခန်း(ပ)၂၄၉/၂၀၀၉၊ ပြစ်မှုပုဒ်မ ၃၇၉/၅၄ ဖြင့် ထောင်(၁)နှစ်ကျဘူးသူ မုံရွာမြို့နယ်၊ မုံရွေးကျေးရွာ၊ ကန်မရပ်နေသူ ရဲထွန်း၊ ၄၁ နှစ်၊ (ဘ) ဦးတင်ဆောင် ဆိုသူသည် လွန်ခဲ့သော(၁၅)ရက်ခန့်က ရပ်ဆိုး-၁၂၅ ဆိုင်ကယ်(၁)စီးရောင်းချခဲ့ကြောင်း သတင်း ရရှိခဲ့ပြီး ၎င်းအားခေါ်ယူစစ်ဆေးခဲ့ရာ ဆိုင်ကယ်မျိုးစုံ(၁၃)စီး ခိုးယူရောင်းချခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မုံရွာအမှတ်(၁)ရဲစခန်းတွင် (ပ) ၄၂၄/ ၂၀၁၁ ပြစ်မှုပုဒ်မ ၃၇၉/ ၅၄ အပါအဝင် သီးခြားအမှု (၁၂)မှု ရေးဖွင့်အရေးယူခဲ့ပြီး တရားရုံးမှ တရားခံအား အလုပ်နှင့် ထောင်ဒဏ် စုစုပေါင်း (၁၂)နှစ်၊ (၃)လ ချမှတ်ခဲ့ပါသည်။

## လက်နက်များ ဖမ်းဆီးရမိမှု


အမှုမှာ ၈-၁၂-၂၀၁၁ ရက်နေ့ ၁၅၀၀ အချိန် ဒုရဲအုပ် ကျော်ဝင်းထွန်းနှင့်အဖွဲ့သည် သက်သေများ နှင့်အတူ စော်ဘွား(၇)ရပ်ကွက်နေ တရားခံ နိုင်ဝင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အိပ်ခန်း အတွင်းမှ HK-33 မောင်းပြန်ရိုင်ဖယ်ဆွဲဒင်ပါ သေနတ်(၇)လက်၊ ကျည်အိမ်(၇)ခုတို့အား တွေ့ရှိသိမ်းဆည်းရမိ သဖြင့် တမူးရဲစခန်း(ပ)၂၀၈/ ၂၀၁၁၊ လက်နက်ပုဒ်မ ၁၉-က ဖြင့် အရေးယူမှုဖြစ်ပါသည်။ အမှုအား တမူးမြို့နယ်တရားရုံးမှ ပြစ်မှုကြီးအမှတ်၊ ၇၇/၂၀၁၂ အရလက်ခံစစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

## လက်နက်များဖော်ထုတ်သိမ်းဆည်းရမိမှု

၃၁-၈-၂၀၁၁ ရက်နေ့ ၂၂၅၀ အချိန် ကလေးခရိုင်ရဲတပ်ဖွဲ့မှူးဦးစီးကြပ်မတ်လျှက် ကလေးခရိုင်အထူးမှုခင်းနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ဒုရဲအုပ် စိန်လွင် နှင့် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ သက်သေများနှင့် အတူ ကလေးမြို့ အောင်မြေမာန်ရပ်ကွက်၊ နယ်မြေ(၆)၊ အိမ်အမှတ်(၄)နေ မောင်ရှမ်း(ခ)မောင်စန်း နေအိမ်အား ဝင်ရောက်ရှာဖွေရာ Sprit စာတမ်းပါ ခရီးဆောင်အိတ် အတွင်းမှ ပစ္စတို(၂)လက်၊ အေကေ-၄၇(၃)လက်၊ ကျည်အိမ်(၃)ခုတို့ တွေ့ရှိ၍စစ်ဆေးရာ ကလေးမြို့နယ်၊ စံပြကျေးရွာနေ သန်းနိုင်ဦး၊ ၄၂ နှစ်၊ (ဘ)ဦးသိန်းအောင်မှ ရောင်းချပေးရန် အပ်နှံထားသော ပစ္စည်းဖြစ်ကြောင်းသိရသဖြင့် ကလေးရဲစခန်း(ပ)၂၉၇/၂၀၁၁၊ လက်နက်ယာယီ ၁၉-က ဖြင့် အရေးယူမှုဖြစ်ပါသည်။ အမှုအား ကလေးခရိုင်တရားရုံးမှ ပြစ်မှုကြီးအမှတ်၊ ၃၇/၂၀၁၁ ဖြင့် လက်ခံစစ်ဆေးပြီး ၃-၁-၂၀၁၂ ရက်နေ့တွင် တရားခံမောင်ရှမ်း (ခ) မောင်စန်း နှင့် သန်းနိုင်ဦးတို့အား အလုပ်နှင့်ထောင် ၂ နှစ်စီချမှတ်ခဲ့ပါသည်။



မုံရွာအမှတ်(၁) ရဲစခန်း (ပ) ၄၂၄ / ၂၀၁၁ ပြစ်မှုပုဒ်မ ၃၇၉/၅၄ အမှုမှတရားခံ(၂)ဦးနှင့်
သိမ်းဆည်းရမိခဲ့သော မော်တော်ဆိုင်ကယ်များ



တမူးရဲစခန်း(ပ) ၂၀၈/ ၂၀၁၁ လက်နက်ပုဒ်မ ၁၉–က အမှုမှ တရားခံများနှင့်
သိမ်းဆည်းရမိသော လက်နက်များ



ကလေးရဲစခန်း (ပ) ၂၉၇/၂၀၁၁ လက်နက်ပုဒ်မ ၁၉-က အမှုမှ တရားခံများနှင့်
သိမ်းဆည်းရမိလက်နက်များ





မြဝတီရဲစခန်း (ပ) ၁၀၄/၂၀၁၁ လက်နက်ပုဒ်မ ၁၉-က အမှုမှ တရားခံကျော်မိုးထံမှ
သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းနှင့် ငွေတုများ

## လက်နက်နှင့် ငွေတုများ ဖမ်းဆီးရမိမှုများ

၁၈. ၄. ၂၀၁၁ ရက်နေ့ ၁၄၀၀ အချိန် မြဝတီရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဆန်းဝင်းနှင့်အဖွဲ့မှ ခရိုင် (ဒ/န)အဖွဲ့၊ မှုခင်းအဖွဲ့တို့နှင့်ပူးပေါင်း၍ မြဝတီမြို့ အမှတ် (၄) ရပ်ကွက်၊ အောင်မြေရွှေဘုံကွက်သစ်နေ ကျော်မိုး (၃၈)နှစ်၊ (ဘ)ဦးတင်ရွှေထံမှ USA စာတမ်းပါ SMITH&WESSON ဆိုလည် ခြောက်လုံးပြူး (၁)လက် ဖေါ်ထုတ်ဖမ်းဆီး ရမိသဖြင့် မြဝတီရဲစခန်း (ပ) ၁၀၄/၂၀၁၁၊ လက်နက်ဥပဒေပုဒ်မ ၁၉-ကဖြင့် အရေးယူခဲ့ပြီး စစ်ကြောချက်အရ မြန်မာငွေ (၁၀၀၀)တန်အသေး အမျိုးအစား ငွေတု (၁၀၀၀)ရွက်အား ဖေါ်ထုတ်သိမ်းဆည်းရမိခဲ့ပါသည်။ အမှုအား ဘားအံခရိုင်တရားရုံးမှ လက်ခံစစ်ဆေးပြီး ၂-၁-၂၀၁၂ ရက်နေ့တွင် တရားခံ ကျော်မိုးအား လက်နက်ပုဒ်မ ၁၉(စ)အရ ထောင်ဒဏ် ၃ နှစ် ချမှတ်ခဲ့ပါသည်။

၁၈. ၄. ၂၀၁၁ ရက်နေ့ ၁၇၃၀ အချိန် မြဝတီရဲစခန်း (ပ)၁၀၄/၂၀၁၁၊ လက်နက်ပုဒ်မ ၁၉-က အမှုမှ တရားခံ ကျော်မိုး၏ ဖေါ်ထုတ်ချက်အရ ကွင်းဆက်တရားခံ မြဝတီမြို့ အမှတ် (၂)ရပ်ကွက်၊ ပတ္တမြားလမ်းနေ သားကြီး (ခ)အောင်ကျော်ဟိန်း (၃၉)နှစ်၊ (ဘ)ဦးထွန်းလွင် ထံမှ မြန်မာငွေ (၁၀၀၀)တန် အသေးအမျိုးအစား ငွေတု (၈၂၉၉)ရွက်အား ဖေါ်ထုတ်သိမ်းဆည်းနိုင်ခဲ့သဖြင့် မြဝတီရဲစခန်း (ပ) ၁၀၅/၂၀၁၁၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၈၉-ခ /၄၈၉-ဂအရ အရေးယူခဲ့ပြီး ကွင်းဆက်တရားခံ (၄)ဦးတို့အား ဖေါ်ထုတ်အရေးယူနိုင်ခဲ့ပါသည်။ အမှုအား ဘားအံခရိုင်တရားရုံးမှ လက်ခံစစ်ဆေးခဲ့ပြီး ၂-၁-၂၀၁၂ ရက်နေ့တွင် တရားခံ ကျော်မိုးအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၈၉(ဂ)အရ ထောင်ဒဏ် ၁ နှစ်၊ တရားခံဇော်မင်းဦးအား ထောင်ဒဏ် ၃ နှစ်၊ တရားခံမင်းနိုင်၊ အောင်ကျော်သိန်း (ခ) သားကြီး၊ သံချောင်း၊ တင်ထွေးတို့အား ထောင်ဒဏ် ၁ နှစ်စီ ချမှတ်ခဲ့ပါသည်။

၂၉. ၄. ၂၀၁၁ ရက်နေ့ ၁၁၃၀ အချိန် မြဝတီရဲစခန်းမှူး ရဲအုပ် အောင်မျိုးလွင်နှင့်အဖွဲ့၊ ခရိုင် ဓ/နအဖွဲ့၊ မှုခင်းတပ်ဖွဲ့တို့ပူးပေါင်း၍ မြဝတီမြို့ အင်ကြင်းမြိုင်ကျေးရွာလမ်းမပေါ်တွင် မမူ (ခ)အဒေါင်း (၃၉)နှစ်၊ (ဘ)ဦးတင်လှ၊ မယ်ကုလွမ်ကျေးရွာ၊ မဲဆောက်မြို့နေသူထံမှ မြန်မာငွေစက္ကူ (၁၀၀၀)တန်အသေးအမျိုးအစား ငွေတု (၉၈)ရွက်၊ (၅၀၀၀)တန် ငွေစက္ကူအတု (၂၀)ရွက် ဖေါ်ထုတ်သိမ်းဆည်းရမိသဖြင့် မြဝတီရဲစခန်း (ပ) ၁၁၆/၂၀၁၁၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၈၉-ခ/၄၈၉-ဂ အရ အရေးယူနိုင်ခဲ့ပါသည်။ အမှုအား ဘားအံခရိုင်တရားရုံးမှ လက်ခံစစ်ဆေးခဲ့ပြီး ၁၀-၁၀-၂၀၁၁ ရက်နေ့တွင် တရားခံ မမူ (ခ) မဒေါင်းအား ဗဟိုဘဏ်ဥပဒေပုဒ်မ ၈၉ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ပါသည်။

၂၉. ၄. ၂၀၁၁ ရက်နေ့ ၁၁၃၀ အချိန် မြဝတီရဲစခန်းမှူး ရဲအုပ် အောင်မျိုးလွင်နှင့်အဖွဲ့၊ ခရိုင် ဓ/နအဖွဲ့၊ မှုခင်းတပ်ဖွဲ့တို့ပူးပေါင်း၍ မြဝတီမြို့ အင်ကြင်းမြိုင်ကျေးရွာလမ်းမပေါ်တွင် မနွယ် (၄၀)နှစ် (ဘ)ဦးဘပု၊ မယ်ကုလွမ်ကျေးရွာ၊ မဲဆောက်မြို့နေသူထံမှ မြန်မာငွေ စက္ကူ (၅၀၀၀)တန် ငွေစက္ကူအတု (၅၀)ရွက် ဖေါ်ထုတ်သိမ်းဆည်းရမိသဖြင့် မြဝတီရဲစခန်း (ပ) ၁၁၇/၂၀၁၁၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၈၉-ခ/၄၈၉-ဂ အရ အရေးယူနိုင်ခဲ့ပါသည်။ အမှုအား ဘားအံခရိုင်တရားရုံးမှ လက်ခံစစ်ဆေးခဲ့ပြီး တရားခံ မနွယ်အား ဗဟိုဘဏ်ဥပဒေပုဒ်မ ၈၉ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ပါသည်။



တရားခံ သားကြီး(ခ)အောင်ကျော်ဟိန်းနှင့် သိမ်းဆည်းရမိငွေတုများ



တရားခံမမှူ(ခ)အခေါင်းနှင့် သိမ်းဆည်းရမိငွေတုများ



**တရားခံမနွယ်နှင့် သိမ်းဆည်းရမိငွေတုများ**



တည်ဆောက်ရေးတာဝန်(၄)ရပ်
အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

## တည်ဆောက်ရေးတာဝန် (၄) ရပ်

၁။ စိတ်ဓာတ်

၂။ လေ့ကျင့်ရေး

၃။ သက်သာချောင်ချိရေး

၄။ အုပ်ချုပ်ရေး

# စိတ်ဓါတ်မြင့်တည်ဆောက်ခြင်း

## စံပြရဲနှင့်ရဲကျင့်ဝတ်စာမေးပွဲများကျင်းပခြင်း

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် မိမိတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ ယုံကြည်ချက် ခံယူချက်မြင့်မားပြီး၊ စိတ်ဓါတ်ကောင်းမွန်ရေး၊ တပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်ထက်မြက်ရေး၊ ကျစ်လျစ်သိပ်သည်းခိုင်မာသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်စေရေး၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မိန့်ကြားချက်နှင့်အညီ မျိုးချစ်စိတ်ရှိပြီး စွမ်းရည်ပြည့်ဝသည့် ခေတ်မီတပ်ဖွဲ့ဖြစ်စေရေးအတွက် မွမ်းမံသင်တန်းများဖွင့်လှစ်သင်ကြားပေးခြင်း၊ တပ်တွင်းဆွေးနွေးပွဲများ၊ မိသားစုစည်းရုံးရေးကော်မတီဆွေးနွေးပွဲများကို လစဉ်ပြုလုပ်ဆွေးနွေးခြင်းတို့ဖြင့် တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ အသိပညာတိုးတက်မြင့်မားရေးအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိ တပ်ဖွဲ့ဝင်များ၏ စိတ်ဓါတ်ကောင်းမွန်မှု၊ စည်းကမ်းကောင်းမွန်မှု၊ သစ္စာစောင့်သိမှု၊ စည်းလုံးညီညွတ်မှု၊ စွမ်းရည်ပြည့်ဝမှုစသည့် စံ(၅)ရပ်ပြည့်မှီရေးအတွက် စံပြရဲစာမေးပွဲနှင့် ရဲကျင့်ဝတ်စာမေးပွဲများအား နှစ်စဉ်ပြုလုပ်ပေးခဲ့ရာ ၂၀၁၁ ခုနှစ်အတွင်း အောက်ပါအတိုင်း ဆုအသီးသီးရရှိခဲ့ပါသည်-

၁။ **၂၀၁၁ ခုနှစ်၊ စံပြရဲ**

- လ၂၁၆၃၁၁ ရဲတပ်ကြပ် မေဇင်ဦး မခရ

၂။ **၂၀၁၁ခုနှစ်၊ ရဲကျင့်ဝတ်ဆုရရှိသူ အမည်စာရင်းနှင့် အဆင့်များ**

(က) **ဒုရဲမှူးအဆင့်**

(၁) ပထမ လ ၁၁၈၃၀၉ ဒုရဲမှူး မောင်မောင်လွင် သတရ
(၂) ဒုတိယ လ ၁၄၆၇၆၃ ဒုရဲမှူး ကျော်သက်ထွန်း စကရ
(၃) တတိယ လ ၁၃၅၄၀၈ ဒုရဲမှူး ကျော်မျိုးမြင့် ရကရ

(ခ) **ရဲအုပ်အဆင့်**

(၁) ပထမ လ ၁၈၃၅၈၂ ရဲအုပ် အောင်ကျော်ဦး သတရ
(၂) ဒုတိယ လ ၁၃၁၂၁၆ ရဲအုပ် တင်လှိုင် စကရ

(ဂ) **ဒုရဲအုပ်အဆင့်**

(၁) ပထမ လ ၂၁၆၆၃၁ ဒုရဲအုပ် ဟိန်းထိုက်ဦး မခရ
(၂) ဒုတိယ လ ၁၆၁၈၆၃ ဒုရဲအုပ် အောင်ဇော်မိုး ရကရ

(၃) တတိယ လ ၂၀၀၈၇၁ ဒုရဲအုပ် ခိုင်ဝင်း သတရ

(ဃ) **ရဲအရာခံ/ရဲတပ်ကြပ်ကြီးအဆင့်**

(၁) ပထမ လ ၁၆၂၂၃၃ ရဲတပ်ကြပ်ကြီး ခင်မာမာလွင် နရခ
(၂) ဒုတိယ လ ၁၇၆၀၀၃ ရဲတပ်ကြပ်ကြီး အောင်မြင့်စိုး ရကရ
(၃) တတိယ လ ၁၆၉၆၉၅ ရဲတပ်ကြပ်ကြီး စိုးအောင်မြတ် သတရ

(င) **ရဲတပ်ကြပ်/ရဲဒုတပ်ကြပ်အဆင့်**

(၁) ပထမ လ ၁၈၆၃၈၆ ရဲတပ်ကြပ် စိုင်းအုန်းခိုင် သတရ
(၂) ဒုတိယ လ ၂၂၄၃၄၉ ရဲဒုတပ်ကြပ် နိုင်လင်းဦး ရဗက

(စ) **ရဲတပ်သားအဆင့်**

(၁) ပထမ လ ၂၃၂၂၉၄ ရဲတပ်သား စောအယ်ထူး ပခရ
(၂) ဒုတိယ လ ၂၃၁၁၄၃ ရဲတပ်သား မင်းချမ်းမောင် စသရ
(၃) တတိယ လ ၂၂၂၇၀၁ ရဲတပ်သားတင်သန်း ရကဖ

(ဆ) **တံခွန်စိုက်ဒိုင်းဆု။** ၂၀၁၁ ခုနှစ် ရဲကျင့်ဝတ်တံခွန်စိုက်ဒိုင်းဆုအား သတင်းတပ်ဖွဲ့မှ ရရှိခဲ့ပါသည်။

**၂၀၁၁ခုနှစ်၊ စံပြရဲဆုရရှိသူ လ၂၁၆၃၁၁ ရဲတပ်ကြပ်မေဇင်ဦး၏ကိုယ်ရေးအကျဉ်း**



ရဲတပ်ကြပ်မေဇင်ဦး သည် ၁၁-၄-၂၀၀၅ ရက်နေ့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ဝင်ရောက်ခဲ့ပါသည်။ အထူးတာဝန်တပ်ဖွဲ့(မာန်အောင်)တွင် အခြေခံရဲတပ်သားသစ် သင်တန်း(၁၂/၂၀၀၅) သို့ တက်ရောက်ခဲ့ပြီး ရဲတပ်သားအဆင့်ဖြင့် မှုခင်းတပ်ဖွဲ့၊ အင်းစိန်တွင် စတင်တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၀၇ခုနှစ်၊ စက်တင်ဘာ အရေးအခင်းကာလအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပေးအပ်သောတာဝန်ကို စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့သဖြင့် ရဲချုပ်မှချီးမြှင့်သော အမှုထမ်းကောင်းလက်မှတ်ကို ရရှိခဲ့ပါသည်။




ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုက စံပြရဲဆုရရှိသူ ရဲတပ်ကြပ်မေဇင်ဦးအား ငွေဖလားဆုချီးမြှင့်စဉ်



မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ်ကျော်ကျော်ထွန်းက ရဲကျင့်ဝတ်ဆုရရှိသူတစ်ဦးအား အဆင့်တိုး ရာထူးတံဆိပ် တပ်ဆင်ပေးနေစဉ်

## လုပ်ငန်းတာဝန် ထူးချွန်စွာထမ်းဆောင်မှုကြောင့် ဂုဏ်ပြုဆုချီးမြှင့်မှုများ

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကိုဦးဆောင်တာဝန်ယူဆောင်ရွက်နေရသည် မှန်သော်လည်း အချို့သော တပ်ဖွဲ့ဝင်များသည် ဖြောင့်မတ်သောစိတ်ဓါတ်၊ မွန်မြတ်သောရည်ရွယ်ချက်၊ ရဲရင့်သော လုပ်ဆောင်ချက်များဖြင့် ထူးချွန်ပြောင်မြောက်စွာ တာဝန်ထမ်းဆောင်ခဲ့မှုကြောင့် တပ်ဖွဲ့၏ဂုဏ်ရောင်ကို ထွန်းပြောင်စေသည်များ ရှိပါသည်။ ထိုသို့ပေးအပ်သည့်တာဝန်အား စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များအား အထက်အကြီးအကဲများက ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်မှုများရှိခဲ့ရာ ၂၀၁၁ ခုနှစ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များမှ မှုခင်းဖေါ်ထုတ်နိုင်မှု၊ မူးယစ်ဆေးဝါး ဖော်ထုတ် ဖမ်းဆီးနိုင်မှု၊ လုပ်ငန်းတာဝန်ကျေပွန်မှုများအတွက် တစ်ဆင့်မြင့်ရာထူးတိုး ချီးမြှင့်ခံခဲ့ရသည့် အရာရှိတပ်ဖွဲ့ဝင် (၂၃)ဦးအနက် (၆)ဦး၏ ဆောင်ရွက်ချက် အကျဉ်းများအား အောက်ပါအတိုင်း ဖော်ပြပါသည်-

(က) မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ လ ၁၁၂၆၃၅ ရဲမှူး ဝင်းစိန်သည် ၁၈-၅-၂၀၁၁ ရက်နေ့ ၁၅၄၅ အချိန် ရန်ကုန်-မန္တလေး အမှတ်(၃)အဆန်ရထားအား ရွှေမြို့ဘူတာနှင့်ဆင်သေဘူတာ အကြားတွင် ဗုံးပေါက်ကွဲမှု၊ ၁၀-၆-၂၀၁၁ ရက်နေ့ ၂၁၃၀ အချိန် နေပြည်တော်မြို့မဈေးရှိ အများသုံးသန့်စင်ခန်းတွင် ဗုံးပေါက်ကွဲမှုတို့မှ တရားခံများဖြစ်သော ကျော်ဒီ(ခ)မာရီနိုအား အမှုစတင်ဖြစ်ပွားပြီး (၁)ရက်အတွင်းလည်းကောင်း၊ အောင်ကိုလတ်(ခ)အောင်ကြီးအား (၄၈)နာရီအတွင်းလည်းကောင်း၊ ဖမ်းဆီးရမိအောင်ဆောင်ရွက်နိုင်ခဲ့သဖြင့် ဒုတိယရဲမှူးကြီးအဆင့်သို့ တိုးမြှင့်ပေးခဲ့ပါသည်။

(ခ) ရထားတပ်ဖွဲ့မှ လ ၂၂၂၉၀၀ ဒုရဲအုပ် ဇော်လင်းသည် ၂၀-၁-၂၀၁၁ ရက်နေ့ ၀၅၀၀ အချိန် ထွက်ခွာသော လားရှိုး- မန္တလေးအစုန် အမှတ် (၁၃၂)ရထားတွင် စီးနင်းလိုက်ပါလာသူ ဒေါ်ခင်သောင်းမြင့်ထံမှ ဘိန်းဖြူဆပ်ပြာခွက် (၉၉)ခွက်၊ အလေးချိန် (၁. ၅၁၂) ကီလိုဂရမ်၊ ကာလတန်ဘိုး (၂၈၅) သိန်း သိမ်းဆည်းရမိနိုင်ခဲ့သဖြင့် ရဲအုပ် အဆင့်သို့တိုးမြှင့်ပေးခဲ့ပါသည်။

(ဂ) မှုခင်းတပ်ဖွဲ့မှ ဒုရဲအုပ် ဇော်ဝင်းသည် ၉-၁၀-၂၀၀၉ ရက်နေ့ ၀၇၀၀ အချိန် နေပြည်တော်ခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ အမျိုးသမီးအဆောင်၊ သဇင်(၃)၊ အဆောင်(၁၁)ရှေ့ လမ်းမပေါ်တွင် လူတစ်ဦး ဒဏ်ရာများဖြင့်သေဆုံးမှုမှ တရားခံ မျိုးသန်းဌေးပါ(၃)ဦးနှင့် သက်သေခံဆိုင်ကယ်ဖျောက်ဖျက်သူ(၁)ဦးအား ဖော်ထုတ်နိုင်ခဲ့သဖြင့် ရဲအုပ် အဆင့်သို့တိုးမြှင့် ပေးခဲ့ပါသည်။

(ဃ) ရဲဗဟိုလေ့ကျင့်ရေးသင်တန်းကျောင်းမှ လ ၁၈၆၅၈၉ ဒုရဲအုပ် စိန်ထွန်းသည် တာဝန်ထမ်း ဆောင်စဉ်ကာလအတွင်း ကျောင်း၏အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ပေးအပ်သည့် တာဝန်များကိုလည်း ကျေပွန်စွာထမ်းဆောင်နိုင်ပြီး ဌာနအတွင်း အခြားတပ်ဖွဲ့ဝင်များ စံနမူနာပြု နေထိုင်နိုင်သူတစ်ဦးဖြစ်သဖြင့် ရဲအုပ် အဆင့်သို့ တိုးမြှင့်ပေးခဲ့ပါသည်။

(င) ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ လ ၁၈၄၈၅၉ ဒုရဲအုပ် ဝင်းမင်းထွေးသည် ရှမ်းသောင်းကျန်းသူ အဖွဲ့မှ ဆက်ကြေးတာဝန်ခံ(၂)ဦးအား ပွိုင့်(၂၂)ပစ္စတို(၁)လက်၊ ၎င်းကျည်(၂၀)တောင့်၊ ကျည်အိမ်(၁)ခု၊ လက်ပစ်ဗုံး(၂)လုံး၊ အခြားသက်သေခံ ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိအောင်ဆောင်ရွက်နိုင်ခဲ့ခြင်းနှင့် တရားခံ(၄)ဦးအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိအောင်ဆောင်ရွက် နိုင်ခဲ့သဖြင့် ရဲအုပ်အဆင့်သို့ တိုးမြှင့်ပေးခဲ့ပါသည်။

(စ) ကယားပြည်နယ်ရဲတပ်ဖွဲ့မှ လ ၁၇၂၄၂၉ ဒုရဲအုပ် ခင်မောင်သန်းသည် မသင်္ကာသူ (၁)ဦးအား ရဲစခန်းသို့ခေါ်ယူစစ်ဆေးရာမှ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီး သေဆုံးသူ မသင်္ကာတရားခံထံတွင် အမ်-၁ တိုက်မိုင်း(၁)လုံး၊ သိမ်းဆည်းရမိကာ ကွင်းဆက်တရားခံ (၂)ဦးအား ဖမ်းဆီးရမိခဲ့သဖြင့် ရဲအုပ် အဆင့်သို့ တိုးမြှင့်ပေးခဲ့ပါသည်။

## စည်းကမ်းမလိုက်နာမှုကြောင့် အပြစ်ပေးအရေးယူမှုများ

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိ တိုင်းဒေသကြီး/ပြည်နယ်၊ တပ်ရင်း/တပ်ဖွဲ့၊ ကျောင်းများရှိ တပ်ဖွဲ့ဝင်များအား ၁-၁-၂၀၁၁ နေ့မှ ၃၁-၁၂-၂၀၁၁ နေ့ထိ ရေး ၃ အရ အရေးယူထားရှိသော မူးယစ်/စည်းကမ်းဖောက်ဖျက်မှု **၂၅၂** မှုတွင် အရာရှိ **၆၈** ဦး၊ အခြားအဆင့် **၂၂၆** ဦး၊ တာဝန်ပေါ့လျော့ ပျက်ကွက်မှု **၁၆၇** မှုတွင် အရာရှိ **၁၇၇** ဦး၊ အခြားအဆင့် **၈၆** ဦး၊ လူမှုရေးဖောက်ပြန်မှု **၄၃** မှုတွင် အရာရှိ **၂၁** ဦး၊ အခြားအဆင့် **၂၃** ဦး၊ လာဘ်ငွေတောင်းခံရယူမှု **၄၃** မှုတွင် အရာရှိ **၄၁** ဦး၊ အခြားအဆင့် **၄၂** ဦး၊ အထက်အရာရှိအနိုင်အထက်ပြုမှု **၁၆** မှုတွင် အခြားအဆင့် **၁၇** ဦး၊ တရားခံထွက်ပြေးလွတ်မြောက်မှု **၂၅** မှုတွင် အရာရှိ **၁၉** ဦး၊ အခြားအဆင့် **၆၁** ဦး၊ ပြည်သူညှဉ်းပန်းမှု **၅** မှုတွင် အရာရှိ **၆** ဦး၊ အခြားအဆင့် **၅** ဦး၊ မတရားသေဆုံးမှု **၁** မှုတွင် အရာရှိ **၂** ဦး၊ အခြားအဆင့် **၇** ဦး၊ အမှုမဖွင့်ပေးမှု **၇** မှုတွင် အရာရှိ **၈** ဦး၊ အခြားအဆင့် **၄** ဦး၊ လုပ်ထုံးလုပ်နည်းမညီဆောင်ရွက်မှု **၂၂** မှုတွင် အရာရှိ **၁၈** ဦး၊ အခြားအဆင့် **၇** ဦး၊ ခိုက်ရန်ဖြစ်ပွါးမှု **၂၀** မှုတွင် အရာရှိ **၆** ဦး၊ အခြားအဆင့် **၃၁** ဦး၊ ရဲလုပ်ငန်းအားနည်းမှု **၁၅** မှုတွင် အရာရှိ **၁၆** ဦး၊ အခြားအဆင့်**၄၆** ဦး၊ လက်အောက်ညှဉ်းပန်းမှု **၂** မှုတွင် အရာရှိ **၂** ဦး၊ ကြီးကြပ်မှုအားနည်းမှု **၄** မှုတွင် အရာရှိ **၅** ဦး၊ ခိုးမှု **၃** မှုတွင်

အခြားအဆင့် **၃** ဦး၊ ခွင့်မဲ့(လက်နက်မဲ့) **၂၄၆** မှုတွင် အရာရှိ **၂၁** ဦး၊ အခြားအဆင့် **၂၂၅** ဦး၊ ရဲပြေးမှု **၅၁၀** မှုတွင် အရာရှိ **၅** ဦး၊ အခြားအဆင့် **၅၅၅** ဦး၊ စုစုပေါင်း **၁၃၈၁** မှုရှိပြီး အရာရှိ **၄၁၅** ဦး၊ အခြားအဆင့် **၁၂၄၆** ဦးအား အောက်ပါအတိုင်းအရေးယူဆောင်ရွက်ခဲ့ပါသည်-

| **စဉ်** | **ပြစ်မှုအမျိုးအစား** | **ရှိ** | **ခြား** |
|---|---|---|---|
| (က) | ထောင်ချ | ၂၃ | ၆၃၄ |
| (ခ) | ထုတ်ပယ် | ၄၀ | ၄၅ |
| (ဂ) | အဆင့်လျှော့ | ၇၃ | ၁၆၂ |
| (ဃ) | အခြားပြစ်ဒဏ် | ၂၇၉ | ၄၀၅ |
| | **စုစုပေါင်း** | **၄၁၅** | **၁၂၄၆** |

လုပ်ငန်းစွမ်းရည်မြှင့်မားရေးအား အစဉ်တစိုက်ဆောင်ရွက်လျက်ရှိသကဲ့သို့ လုပ်ငန်းစွမ်းရည်ညံ့ဖျင်းခြင်း၊ ကြီးကြပ်ကွပ်ကဲမှုအားနည်းခြင်း၊ စည်းကမ်းလိုက်နာမှုအားနည်းခြင်း၊ ကိုယ်ကျင့်တရားပျက်ယွင်းခြင်းအတွက် အောက်ပါအတိုင်းအပြစ်ပေး အရေးယူခဲ့မှုဖြစ်စဉ်အချို့အား သာဓကအဖြစ် ဖော်ပြအပ်ပါသည်-

(က) ရဲဗဟိုလေ့ကျင့်ရေးသင်တန်းကျောင်းမှ လ ၉၅၀၃၂ ဒုရဲမှူး ခင်မောင်ချိုမှ ဒုရဲအုပ်လောင်း သင်တန်းအမှတ်စဉ်(၆၇/၂၀၁၀)မှ သင်တန်းသား(၉)ဦးအား တပ်ပြင်ခေါ်ကာ အရက် သောက်စားမူးယစ်ပြီး ပြည့်တန်ဆာအိမ်သို့ သွားရောက်ပျော်ပါးခဲ့ခြင်းအတွက် ၃-၁-၂၀၁၁ နေ့တွင် ရဲတရားရုံးဖြင့်စစ်ဆေးပြီး တပ်ဖွဲ့မှ ထုတ်ပစ်သည့်ပြစ်ဒဏ်ချမှတ်ခဲ့ပါသည်။

(ခ) မွန်ပြည်နယ်၊ မော်လမြိုင်ရဲစခန်းမှ လ ၁၂၃၃၂၀ ရဲအုပ် မြင့်စိုးမှ လ ၁၆၇၁၆၉ ရဲတပ်ကြပ်ကြီး ဝင်းနိုင်ဆွေတို့သည် ရဲစခန်းလက်နက်တိုက်မှ လက်နက်များကို စနစ်တကျမှတ်ပုံတင်ထုတ်/သွင်းမှု ရှိ/မရှိစစ်ဆေးမှုအားနည်း၍ အမ်-၂၁ (သေနတ်နံပါတ် ၂၁၂၉၇) တစ်လက်ပျောက်ဆုံးခဲ့ခြင်းအား အထက်အဆင့်ဆင့်သို့ ချက်ချင်းသတင်းပို့ တင်ပြမှုမရှိခဲ့ခြင်းအတွက် ၂၆-၉-၂၀၁၁ နေ့တွင် ရဲတရားရုံးဖြင့် စစ်ဆေးပြီး ရဲအုပ် မြင့်စိုးအား ရဲအုပ်အဆင့်မှ ဒုရဲအုပ်အဆင့်သို့ လျှော့ချပြီး ရဲတပ်ကြပ်ကြီး ဝင်းနိုင်ဆွေအား ရဲတပ်ကြပ်ကြီးအဆင့်မှ ရဲတပ်ကြပ်အဆင့်သို့ လျှော့ချသည့် ပြစ်ဒဏ်များချမှတ်ခဲ့ပါသည်။

(ဂ) မှုခင်းတပ်ဖွဲ့မှ လ ၁၇၁၃၄၁ ဒုရဲအုပ် သက်မျိုးသည် တရားဝင်ဇနီးရှိပါလျက် မတင်တင်ဌေးနှင့် လူမှုရေးဖောက်ပြန်ခဲ့ခြင်းအတွက် ၂၀-၁၁-၂၀၁၀ နေ့တွင် ရဲတရားရုံးဖြင့်စစ်ဆေးပြီး ထောင်ဒဏ်(၁)နှစ်ကျခံစေသည့် ပြစ်ဒဏ်ချမှတ်ခဲ့ပါသည်။

(ဃ) ကချင်ပြည်နယ်၊ ဗန်းမော်ရဲစခန်းမှ လ ၁၉၀၁၈၁ ရဲတပ်ကြပ် အောင်ဆန်းဝင်း၊ လ ၂၁၈၂၉၈ ရဲတပ်သား ဇော်လင်းထွန်း၊ လ ၂၂၁၇၅၁ ရဲတပ်သား မျိုးသက်ထွန်းနှင့် လခရ ခ/၁၀၅ ရဲတပ်သားသစ် ဝင်းထက်အောင်တို့သည် မံရွတ်ကျေးရွာနေ လခွေ၏ နေအိမ်သို့ သတင်းအရ မူးယစ်ဆေးဝါး ဝင်ရောက်ရှာဖွေတွေ့ရှိသော်လည်း ဖမ်းဆီးမှုမရှိဘဲ လာဘ်ငွေ(၁၈)သိန်း တောင်းယူခဲ့မှုအတွက် ၂၆-၁-၂၀၁၁ နေ့တွင် ရဲတရားရုံးဖြင့်စစ်ဆေးပြီး ထောင်ဒဏ်(၃)နှစ်စီ ကျခံစေသည့်ပြစ်ဒဏ် ချမှတ်ခဲ့ပါသည်။

(င) မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်အမှတ်(၄)ရဲစခန်းမှ လ ၁၀၇၇၇၀ ရဲတပ်ကြပ် ထွန်းထွန်းနှင့် လ ၁၄၉၄၇၁ ရဲတပ်ကြပ် ဝင်းနိုင်တို့သည် စပါယ် အိမ်ယာ လုံခြုံရေးတာဝန်ပျက်ကွက်မှုအတွက် စခန်းမှူးက မေးမြန်းပြောဆိုသည်ကို မချေမငံရိုင်းပြစွာပြန်လည်ပြောဆိုခဲ့ခြင်းအတွက် ၇-၄-၂၀၁၁ နေ့တွင် ရဲတရားရုံးဖြင့်စစ်ဆေးပြီး ရဲတပ်သားအဆင့်သို့ လျှော့ချသည့် ပြစ်ဒဏ် ချမှတ်ခဲ့ပါသည်။

(စ) ကချင်ပြည်နယ်၊ မြစ်ကြီးနားအမှတ်(၂)ရဲစခန်းမှ လ ၁၆၆၂၃၂ ဒုရဲအုပ် မြင့်ဇော်၊ လ ၁၇၂၉၆၀ ရဲတပ်ကြပ် ခင်မောင်တင့်နှင့် လ ၁၉၈၀၂၉ ရဲတပ်ကြပ် ဝင်းနိုင်ထွန်းတို့သည် ၅-၆-၂၀၁၁ ရက်နေ့ ၁၂၃၀ အချိန် အပြစ်ကျတရားခံအား မြစ်ကြီးနားမှ မန္တလေးသို့ ရထားဖြင့်ပို့စဉ် ရထားပေါ်မှ ခုန်ချထွက်ပြေးမှုအတွက် ၂၆-၉-၂၀၁၁ နေ့တွင် ရဲတရားရုံးဖြင့်စစ်ဆေးပြီး ဒုရဲအုပ် မြင့်ဇော်အား ရဲအရာခံအဆင့်သို့လျှော့ချပြီး ရဲတပ်ကြပ် ခင်မောင်တင့်ပါ(၂)ဦးအား ရဲဒုတပ်ကြပ်အဆင့်သို့ လျှော့ချသည့်ပြစ်ဒဏ်ချမှတ်ခဲ့ပါသည်။

(ဆ) ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်မှ လ ၁၄၇၂၅၀ ဒုရဲအုပ် နိုင်ဝင်းသည် ရေခေါင်းချိန်ရဲကင်းတွင် ၂၅-၃-၂၀၁၁ နေ့ လှည့်ကင်းထွက်စဉ် ရယကအဖွဲ့ဝင် ညွန့်ခင်အား ဝိုင်းဝန်းထိုးကြိတ်ရိုက်နှက် ခဲ့ခြင်းအတွက် ၁-၇-၂၀၁၁ နေ့တွင် ရဲတရားရုံးဖြင့်စစ်ဆေးပြီး ဒုရဲအုပ်အဆင့်မှ ရဲအရာခံအဆင့်သို့ လျှော့ချသည့် ပြစ်ဒဏ်ချမှတ်ခဲ့ပါသည်။

(ဇ) ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးရဲစခန်းမှ လ ၂၀၂၁၈၆ ဒုရဲအုပ် ကျော်မင်းထွဋ်ပါ(၉)ဦးတို့သည် အချုပ်တရားခံ သူရဖုန်းမြင့်မှ မုတ်ဆိတ်ရိတ်ဓါးဖြင့် မိမိကိုယ်ကိုသတ်သေခဲ့မှုအတွက် ၁၃-၁၀-၂၀၁၁ နေ့တွင် ရဲတရားရုံးဖြင့် စစ်ဆေးပြီး အငြိမ်းစားလစာအတွက် ရဲမှုထမ်းသက် (၂)နှစ်စီ လျှော့ချသည့် ပြစ်ဒဏ်ချမှတ်ခဲ့ပါသည်။

(ဈ) မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်ရဲစခန်းမှ လ ၇၀၆၅၇ ဒုရဲမှူး ကျော်ညွန့်၊ လ ၇၈၈၁၁ ရဲတပ်ကြပ်ကြီး ရွှေလေးနှင့် လ ၁၄၂၀၇၆ ရဲတပ်ကြပ် ကြည်လင်တို့သည် စာတတ်ကူရှာနေ ဘိုမင်းဦး မိသားစု(၃)ဦးအား အောင်ကျော်မြင့်ပါ(၉)ဦးမှ အုပ်စုဖွဲ့ရိုက်နှက်မှုအား ရဲအရေးယူ ပိုင်မှုဖြင့် အမှုမဖွင့်ဘဲ တရားရုံးသို့ ဦးတိုက် လျှောက်ထားစေမှုအတွက် ၅-၁၀-၂၀၁၀ နေ့တွင် ရဲတရားရုံးဖြင့်စစ်ဆေးပြီး ဒုရဲမှူး ကျော်ညွန့်အား အငြိမ်းစားလစာအတွက် ရဲမှုထမ်းသက်(၁)နှစ် လျှော့ချသည့်ပြစ်ဒဏ်၊ ရဲတပ်ကြပ်ကြီး ရွှေလေးအား ရဲတပ်ကြပ်အဆင့်သို့ လျှော့ချသည့် ပြစ်ဒဏ်၊ ရဲတပ်ကြပ် ကြည်လင်အား ရဲဒုတပ်ကြပ်အဆင့်သို့ လျှော့ချသည့်ပြစ်ဒဏ်များချမှတ်ခဲ့ပါသည်။

(ည) ရခိုင်ပြည်နယ်၊ မောင်တောမြို့မူးယစ်(အထူး)အဖွဲ့မှ လ ၉၉၇၆၄ ရဲတပ်ကြပ်ကြီး ကျော်အေးမောင်သည် ၁၁-၅-၂၀၁၀ နေ့ ၁၄၃၀ အချိန် မောင်တောမြို့ ဘောလုံးကွင်း အနီး၌ WY စိတ်ကြွဆေးပြား ၂၀၀၀ သယ်ဆောင်လာသူ ဂျော်မီဟူဆောင်းထံမှ ဆေးပြားများ သိမ်းဆည်းပြီး လူအား ပြန်လွှတ်ခဲ့ခြင်း အတွက် ၉-၂-၂၀၁၁ နေ့တွင် ရဲတရားရုံးဖြင့်စစ်ဆေးပြီး အလုပ်နှင့်ထောင်ဒဏ် (၃)နှစ် ကျခံစေသည့်ပြစ်ဒဏ်ချမှတ်ခဲ့ပါသည်။

(ဋ) မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ရဲစခန်းမှ လ ၁၆၅၅၅၀ ဒုရဲအုပ် ဝင်းနိုင်နှင့် ဧရာဝတီတိုင်း ဒေသကြီးမှ လ ၂၁၅၃၄၃ ဒုရဲအုပ် တိုးနိုင်ဦးတို့သည် ကျောက်ဆည်မြို့၊ ဝေဘူချောင် ဘုန်းကြီးကျောင်းအတွင်း နေလသုခ ဆန်စက်မှ အလုပ်သမားများနှင့် ခိုက်ရန်ဖြစ်ပွားခြင်းအတွက် ၂၃-၁၁-၂၀၁၁ နေ့တွင် ရဲတရားရုံးဖြင့် စစ်ဆေးပြီး ဒုရဲအုပ် ဝင်းနိုင်အား ထုတ်ပယ်သည့် ပြစ်ဒဏ်နှင့် ဒုရဲအုပ် တိုးနိုင်ဦးအား ထောင်ဒဏ် (၁)နှစ် ကျခံစေသည့်ပြစ်ဒဏ်ချမှတ်ခဲ့ ပါသည်။

(ဌ) ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းရဲစခန်းမှ လ ၂၁၄၇၈၅ ဒုရဲအုပ် (အလုပ်သင်) သူရိန်ထွန်းသည် မူးယစ်ရမ်းကားပြီး ရဲတပ်သား ငြိမ်းချမ်းဇော်အား လက်သီးဖြင့်ထိုးခဲ့ခြင်းအတွက် ၃၁-၅-၂၀၁၁ နေ့တွင် ရဲတရားရုံးဖြင့် စစ်ဆေးပြီး ဒုရဲအုပ်အဆင့်မှ ရဲအရာခံအဆင့်သို့ လျှော့ချသည့်ပြစ်ဒဏ် ချမှတ်ခဲ့ပါသည်။

(ဍ) မန္တလေးတိုင်းဒေသကြီး၊ ပျဉ်းမနားရဲစခန်းမှ လ ၁၈၅၅၅၉ ဒုရဲအုပ် မင်းကိုထွေးသည် အချုပ်ထောင် အလှည့်ကျကင်းသား ရဲတပ်သား ကျော်သူရသည် တရားခံထံမှ ငွေကြေးရယူ၍ အရက်ဝယ် ပေးခဲ့သည့်ဖြစ်စဉ်တွင် လက်အောက် တပ်ဖွဲ့ဝင်များအပေါ် ကြီးကြပ်မှုအားနည်းခဲ့သည့်အတွက် ၂၃-၃-၂၀၁၁ နေ့တွင် ရဲတရားရုံးဖြင့်စစ်ဆေးပြီး အငြိမ်းစားလစာအတွက် ရဲမှုထမ်းသက်(၁)နှစ်စီ လျှော့ချသည့်ပြစ်ဒဏ် ချမှတ်ခဲ့ပါသည်။

(ပ)	အမှတ်(၁)ရဲလေ့ကျင့်ရေးသင်တန်းကျောင်းမှ ကသ-၁၈၅ ရဲတပ်သားသစ် သန်းနိုင်လင်းသည် သင်တန်းသားများထံမှ အသုံးအဆောင်ပစ္စည်းများနှင့် ငွေများခိုးယူခဲ့ခြင်းအတွက် ရဲတရားရုံးဖြင့် စစ်ဆေးပြီး အလုပ်ကြမ်းနှင့်ထောင်ဒဏ် (၁)နှစ်၊(၆)လ ကျခံစေသည့်ပြစ်ဒဏ်ချမှတ်ခဲ့ပါသည်။

(ဖ)	ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တာရွှေထန်ရဲစခန်းမှ လ ၁၉၉၃၄၄ ရဲအရာခံ ဇော်လင်းနိုင်သည် ယခင်က ခွင့်မဲ့ပျက်ကွက်ခဲ့ခြင်း၊ ယခု ၉-၅-၂၀၁၁ နေ့မှ ၂၄-၅-၂၀၁၁ နေ့ထိ ခွင့်မဲ့ ၁၆ ရက် ပျက်ကွက်ခဲ့ခြင်းအတွက် ၁၂-၇-၂၀၁၁ နေ့တွင် ရဲတရားရုံးဖြင့်စစ်ဆေးပြီး ၁၈-၈-၂၀၁၁ နေ့တွင် ထုတ်ပစ်သည့်ပြစ်ဒဏ် ချမှတ်ခဲ့ပါသည်။

(ဗ)	ကယားပြည်နယ်၊ လွိုင်ကော်ရဲစခန်းမှ လ ၁၈၀၉၅၄ ရဲဒုတပ်ကြပ် သန်းဇော်ဦး သည် ရဲပြေးကာလ ၃ နှစ်၊ ၅ လ၊ ၇ ရက် ကျူးလွန်မှုနှင့် ရဲဝတ်ပစ္စည်းပျောက်ဆုံးမှု အတွက် ၁၄-၇-၂၀၁၁ နေ့တွင် ရဲတရားရုံးဖြင့်စစ်ဆေးပြီး အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၂)နှစ် ကျခံစေသည့်ပြစ်ဒဏ် ချမှတ်ခဲ့ပါသည်။

## ရဲတပ်သားသစ်စုဆောင်းရေးစီမံချက် (မင်းသား-၂)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရဲတပ်သားသစ်စုဆောင်းနိုင်မှုကျဆင်းနေပြီး ပြုန်းတီးအင်အား များပြားလျက်ရှိသဖြင့် မူလရဲလုပ်ငန်းများကို ပြည့်ဝစွာထမ်းဆောင်နိုင်မှုမရှိကြောင်း တွေ့ရှိရ၍ ရဲတပ်သားသစ်စုဆောင်းရေးစီမံချက် မင်းသား-၂ ကို ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်၍ ဆောင်ရွက်ခဲ့ပါသည်။

၁-၁-၂၀၁၁ မှ ၃၁-၁၂ -၂၀၁၁ ရက်နေ့အထိ ရဲတပ်သားသစ် ၆၀၉၅ ဦး စုဆောင်းရရှိခဲ့ပါသည်။ ၂၀၁၁ ခုနှစ်အတွင်း လအလိုက် ရဲတပ်သားသစ် စုဆောင်းရရှိမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က)	ဇန်နဝါရီလအတွင်းစုဆောင်းမှု ၅၂၄ ဦးတွင် ဧရရမှ ၈၉ ဦးဖြင့် အများဆုံး စုဆောင်းခဲ့ပြီး တနရမှ ၂ ဦးဖြင့် အနည်းဆုံး စုဆောင်းရရှိခဲ့ပါသည်။

(ခ)	ဖေဖော်ဝါရီလအတွင်းစုဆောင်းမှု ၅၉၃ ဦးတွင် ရကရမှ ၁၀၅ ဦးဖြင့် အများဆုံး စုဆောင်းခဲ့ပြီး ကရရနှင့် ရပရ(ရှေ့)တို့မှ ၃ ဦးစီဖြင့် အနည်းဆုံး စုဆောင်းရရှိခဲ့ ပါသည်။

(ဂ)	မတ်လအတွင်းစုဆောင်းမှု ၅၉၆ ဦးတွင် ရကရမှ ၁၀၃ ဦးဖြင့် အများဆုံး စုဆောင်းခဲ့ပြီး ကယရမှ ၁ ဦးဖြင့် အနည်းဆုံး စုဆောင်းရရှိခဲ့ပါသည်။

(ဃ)	ဧပြီလအတွင်းစုဆောင်းမှု ၄၇၉ ဦးတွင် ကခရမှ ၈၃ ဦးဖြင့် အများဆုံး စုဆောင်းခဲ့ပြီး ကယရ၊ ခပရနှင့် ရပရ(ရှေ့)တို့မှ ၁ ဦးစီဖြင့် အနည်းဆုံး စုဆောင်းရရှိခဲ့ပါသည်။

(င) မေလအတွင်းစုဆောင်းမှု ၄၈၀ ဦးတွင် ရကရနှင့် ဧရရတို့မှ ၅၇ ဦးစီ ဖြင့် အများဆုံးစုဆောင်းခဲ့ပြီး ကယရမှ ၁ ဦး၊ ကရရ(၃)ဦး၊ ရပရ(ရှေ့)မှ ၃ ဦးစီဖြင့် အနည်းဆုံး စုဆောင်းရရှိခဲ့ပါသည်။

(စ) ဇွန်လအတွင်းစုဆောင်းမှု ၄၃၀ ဦးတွင် ရကရမှ ၇၅ ဦးဖြင့် အများဆုံးစုဆောင်းခဲ့ပြီး တနရမှ ၃ ဦးစီဖြင့် အနည်းဆုံးစုဆောင်းရရှိခဲ့ပါသည်။

(ဆ) ဇူလိုင်လအတွင်းစုဆောင်းမှု ၃၅၈ ဦးတွင် ရကရမှ ၆၅ ဦးဖြင့် အများဆုံး စုဆောင်းခဲ့ပြီး ကခရမှ ၃ ဦးစီဖြင့် အနည်းဆုံးစုဆောင်းရရှိခဲ့ပါသည်။


(ဇ) ဩဂုတ်လအတွင်းစုဆောင်းမှု ၆၇၉ဦးတွင် ဧရရမှ ၁၄၂ဦးဖြင့် အများဆုံး စုဆောင်းခဲ့ပြီး ခပရမှ ၁ ဦးဖြင့် အနည်းဆုံးစုဆောင်းရရှိခဲ့ပါသည်။

(ဈ) စက်တင်ဘာလအတွင်းစုဆောင်းမှု ၅၅၈ ဦးတွင် ဧရရမှ ၉၁ဦးဖြင့် အများဆုံး စုဆောင်းခဲ့ပြီး ခပရမှ ၁ ဦးဖြင့် အနည်းဆုံးစုဆောင်းရရှိခဲ့ပါသည်။

(ည) အောက်တိုဘာလအတွင်းစုဆောင်းမှု ၄၇၈ ဦးတွင် ဧရရမှ ၁၀၁ ဦးဖြင့် အများဆုံး စုဆောင်းခဲ့ပြီး ကရရမှ ၂ ဦးဖြင့် အနည်းဆုံးစုဆောင်းရရှိခဲ့ပါသည်။

(ဋ) နိုဝင်ဘာလအတွင်းစုဆောင်းမှု ၄၄၁ ဦးတွင် မကရမှ ၇၇ ဦးဖြင့် အများဆုံး စုဆောင်းခဲ့ပြီး ကရရနှင့် ရပရ(ရှေ့)တို့မှ ၁ ဦးစီဖြင့် အနည်းဆုံး စုဆောင်း ရရှိခဲ့ပါသည်။

(ဌ) ဒီဇင်ဘာလအတွင်းစုဆောင်းမှု ၄၇၉ ဦးတွင် မကရမှ ၇၅ ဦးဖြင့် အများဆုံး စုဆောင်းခဲ့ပြီး ကရရမှ ၁ ဦးဖြင့် အနည်းဆုံးစုဆောင်းရရှိခဲ့ပါသည်။



၂၀၁၁ ခုနှစ်အတွင်း လအလိုက် ရဲတပ်သားသစ်စုဆောင်းနိုင်မှုမရှိသော တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဇန်နဝါရီလ ကရရမှ စုဆောင်းနိုင်မှုမရှိ
(ခ) ဖေဖော်ဝါရီလ ကယရမှ စုဆောင်းနိုင်မှုမရှိ
(ဂ) မတ်လ ကရရမှ စုဆောင်းနိုင်မှုမရှိ
(ဃ) ဧပြီလ ကရရမှ စုဆောင်းနိုင်မှုမရှိ
(င) မေလ -
(စ) ဇွန်လ ကရရနှင့် ရပရ(ရှေ့)တို့မှ စုဆောင်းနိုင်မှုမရှိ
(ဆ) ဇူလိုင်လ ဧရရမှ စုဆောင်းနိုင်မှုမရှိ
(ဇ) ဩဂုတ်လ -
(ဈ) စက်တင်ဘာလ ရပရ(ရှေ့)မှ စုဆောင်းနိုင်မှုမရှိ
(ည) အောက်တိုဘာလ ခပရမှ စုဆောင်းနိုင်မှုမရှိ
(ဋ) နိုဝင်ဘာလ ရခရမှ စုဆောင်းနိုင်မှုမရှိ
(ဌ) ဒီဇင်ဘာလ -

**၂၀၁၁ ခုနှစ်၊ ပုံရိပ်စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှု**

မြန်မာနိုင်ငံရဲတပ်ဖွဲ့အား အသွင်သဏ္ဌာန်နှင့် အနှစ်သာရပြောင်းလဲရေး ဆောင်ရွက်လျက်ရှိရာ ၂၀၀၃ ခုနှစ်အား အသွင်သဏ္ဌာန်ပြောင်းလဲရေးနှစ်အဖြစ် လည်းကောင်း၊ ၂၀၀၄ ခုနှစ်အား အနှစ်သာရ ပြောင်းလဲရေးနှစ်အဖြစ်လည်းကောင်း ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ၂၀၀၅-၂၀၀၆ ခုနှစ်အား ရဲစည်းကမ်းထိန်းသိမ်းရေးနှစ်အဖြစ် သတ်မှတ်ပြီး၊ ၂၀၀၇ ခုနှစ်တွင် ပုံရိပ်စီမံချက်ချမှတ်၍ ၂၀-၁-၂၀၀၇ နေ့မှ ယနေ့အထိ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

အနာဂတ်နိုင်ငံတော်သစ်ကို ပုံဖော်မည့်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ် ပေါက်လာပြီးဖြစ်ရာ ထိုဥပဒေသစ်ဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သို့ ချီတက်မည်ဖြစ်၍ နိုင်ငံတော်သစ်တည်ဆောက်ရေး၏ အခြေခံကျလှသည့် နိုင်ငံတော်တည်ငြိမ်ရေး၊ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတာဝန်ကို အဓိကတာဝန်ယူဆောင်ရွက်ကြရသည့် ရဲတပ်ဖွဲ့၏ အခန်းကဏ္ဍမှာ အထူးအရေးပါလာမည် ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါအဆင့်များအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ၂၀၁၁ ခုနှစ်တွင် ရဲတပ်ဖွဲ့ဝင်များသည် စိတ်ဓါတ်မြင့်မားခြင်း၊ စည်းကမ်းပြည့်ဝခြင်း၊ စွမ်းရည်ထက်မြက်ခြင်းတို့ဖြင့် လူထုက အမြင်ရှင်းလင်းလျက် ယုံကြည်အားကိုးလောက်ဖွယ် ဖြစ်အောင် လုံ့ခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များကို အရှိန်အဟုန်မြင့်လျက် စွမ်းစွမ်းတမံအလုပ်လုပ်ကြရန် လိုအပ်ပါသည်။ ထို့ကြောင့် တပ်ဖွဲ့ဝင်များ စိတ်ဓါတ်စည်းကမ်းကောင်းမွန်လျက် တပ်ဖွဲ့အပေါ် ပြည်သူ



တနင်္သာရီတိုင်းဒေသကြီးမှ တပ်ဖွဲ့ဝင်တစ်ဦး ရဲတပ်သားသစ်စုဆောင်းရေး စီမံချက်မင်းသား
ဟောပြောဆောင်ရွက်နေစဉ်



မန္တလေးတိုင်းဒေသကြီးမှ တပ်ဖွဲ့ဝင်တစ်ဦး မှုခင်းကျဆင်းရေးနှင့် ရဲတပ်သားသစ်
စုဆောင်းရေး စီမံချက်မင်းသား ဟောပြောဆောင်ရွက်နေစဉ်

လူထုက အမြင်ရှင်းလင်းလျက် ယုံကြည်ကိုးစားမှုများ အတိုင်းအတာတစ်ခုအထိ သိသိသာသာ ရွေ့လျားပြောင်းလဲတိုးတက်လာစေရန်ရည်ရွယ်၍ ပုံရိပ်စီမံချက်အား ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

စီမံချက်တစ်ခုလုံးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ်က ကွပ်ကဲထိန်းချုပ်ပြီး စီမံချက်ကို ရည်မှန်းချက် မပျောက်ပျက်အောင် ထိန်းကျောင်းရန်နှင့် စီမံချက်ကာလအတွင်း အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ လက်အောက်မှတင်ပြသည့် အစီရင်ခံစာများအား စိစစ်သုံးသပ်ခြင်း၊ နည်းဗျူဟာကျင့်သုံးမှုများကို ကြပ်မတ်ခြင်း စသည့်တို့ကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် အောက်ပါအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်-

| | | |
|---|---|---|
| (က) | ရဲဦးစီးအရာရှိချုပ် | အဖွဲ့ခေါင်းဆောင် |
| (ခ) | ညွှန်ကြားရေးမှူး(လုံခြုံ/မှုခင်း) | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူး(ရေး) | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူး(စီမံ/လေ့ကျင့်) | အတွင်းရေးမှူး |
| (င) | ဒုတိယညွှန်ကြားရေးမှူး(ဥပဒေ/စည်းကမ်း) | တွဲဘက်အတွင်းရေးမှူး |

တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပုံရိပ်စီမံချက်ရုံးအဖွဲ့အား အောက်ပါအတိုင်း ဖွဲ့စည်းခဲ့ပါသည်-

| | | |
|---|---|---|
| (က) | ဒုတိုင်းဒေသကြီး/ဒုပြည်နယ်တပ်ဖွဲ့မှူး | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဒုရဲမှူးကြီး | အဖွဲ့ဝင် |
| (ဂ) | ဒုရဲမှူး | အဖွဲ့ဝင် |
| (ဃ) | ရဲအုပ် | အဖွဲ့ဝင် |
| (င) | ဒုရဲအုပ် | အဖွဲ့ဝင် |

ရဲတပ်ဖွဲ့ဝင်များ၏ အုပ်ချုပ်မှုလျော့နည်းဖြစ်စဉ်ဖြစ်ပွားမှုကျဆင်းရေး၊ စည်းကမ်းကောင်းမွန် စေရေးအတွက် ပုံရိပ်စီမံချက်အား အသိပညာပေးခြင်း၊ ရဲလုပ်ငန်းစွမ်းရည်ဖော်ထုတ်ခြင်း၊ အပြစ်ပေးအရေးယူခြင်းစသည့် အပိုင်း(၃)ပိုင်းဖြင့် ဆောင်ရွက်ခဲ့ပြီး ၂၀၁၁ ခုနှစ်ကိုလည်း စီမံချက်ထပ်တိုးကာလအဖြစ်သတ်မှတ် ဆောင်ရွက်လျက် ရှိပါသည်။

ပုံရိပ်စီမံချက်၏ အသိပညာပေးအပိုင်းဖြစ်သော ကွင်းဆင်းဟောပြောခြင်း၊ ပထမအကြိမ်ဆန်းစစ်သုံးသပ် ဖြည့်စွက်ဆောင်ရွက်ခြင်း၊ ဒုတိယအကြိမ် ဆန်းစစ်သုံးသပ်ဖြည့်စွက် ဆောင်ရွက်ခြင်း၊ နောက်ဆုံးအကြိမ် ဆန်းစစ် သုံးသပ်ဖြည့်စွက်ဆောင်ရွက်စေခြင်း စသည့် အဆင့်(၄)ဆင့်ဖြင့် တိုင်းဒေသကြီး/ပြည်နယ်၊ တပ်ဖွဲ့၊ ကျောင်းများမှ ဟောပြောရေးအဖွဲ့များဖြင့် ဆောင်ရွက်သကဲ့သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ရှိ အရာရှိကြီးများမှလည်း ကိုယ်တိုင်ကွင်းဆင်း၍ ဆွေးထွေးစွာ တွေ့ဆုံပညာပေးဟောပြောခြင်း၊ တိုက်ရိုက်ထိတွေ့၍ အခက်အခဲများဖြေရှင်းခြင်း၊ နားလည်သဘောပေါက် စေရန် ထပ်ဆင့်ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပုံရိပ်ကြီးကြပ်ရေးအဖွဲ့က တိုင်းဒေသကြီး/ပြည်နယ်၊ တပ်ဖွဲ့၊ ကျောင်းများသို့ အရက်အလွန်အကျွံသောက်သူ၊ မကြာခဏပြစ်မှုဖြစ်ပွားသူ၊ ဆိုဆုံးမရခက်ခဲသူ၊

စည်းရုံးရေးပျက်သူများ စာရင်း တောင်းခံခဲ့ရာ အရာရှိ(၁၉၄)ဦး၊ အခြားအဆင့်(၂၅၈၂)ဦး၊ ပေါင်း(၂၇၇၆)ဦးရှိကြောင်း စာရင်းရရှိပြီး ၎င်းတပ်ဖွဲ့ဝင် များ၏ တိုးတက်မှုများကို လစဉ်ပေးပို့ခဲ့ရာ ၁၀၀% တိုးတက်သူ ၁၃၅၄ ဦး၊ ၅၀% အထက်တိုးတက်သူ ၆၄၇ ဦး၊ ၅၀% အောက် တိုးတက်သူ ၃၂% ဦး၊ သေဆုံး၊ ထောင်ချ၊ ထုတ်ပယ်၊ ခွင့်၊ ရဲပြေး၊ ပင်စင်၊ ပြောင်းရွှေ့ ၇၄၃ ဦးရှိခဲ့ရာ တိုးတက်မှုရှိကြောင်း တွေ့ရှိရပါသည်။

ပုံရိပ်စီမံချက်ပါ ရဲလုပ်ငန်းစွမ်းရည်ဖော်ထုတ်ပြသနိုင်ရေးအတွက် လောင်းကစားမှု ပပျောက်ရေး ဆောင်ရွက်ရန် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် လောင်းကစားဒိုင်ချုပ်များ၊ ဒိုင်ခွဲများ၊ ကျော်ဇောသတင်းရှိသူများ စာရင်းကောက်ခံခဲ့ရာ လောင်းကစားဒိုင်ချုပ် ၈၄၁ ဦး၊ ဒိုင်ခွဲ ၃၀၄၁ ဦး၊ ကျော်ဇောသတင်းရှိသူ ၅၁၈၃ ဦး၊ လောင်းကစားမှုဖြင့် ထောင်ကျသူ၅၆၆၃ ဦး၊ စုစုပေါင်း ၁၄၇၂၈ ဦး တင်ပြခဲ့ပါသည်။ ၎င်းတင်ပြလာသော စာရင်းများအနက် ဒိုင်ချုပ်များကိုသာ တရားဥပဒေနှင့်အညီ ငွေ၊ ပစ္စည်းနှင့်တကွ ပိုင်နိုင်ခိုင်မာစွာ ဖမ်းဆီးစေခဲ့ပြီး သီးခြားစီမံချက်ဖြင့် ထပ်မံဖမ်းဆီးလိုသော ဒိုင်ချုပ်များရှိပါက ထပ်တိုးအမည်စာရင်းတင်ပြဖမ်းဆီးနိုင်ကြောင်းနှင့် ဖမ်းဆီးရာတွင် ဒိုင်ချုပ်များကိုဖမ်း၍ တောခြောက်သကဲ့သို့မဖမ်းရန်၊ အောက်ခြေဆင်းရဲသား လက်လုပ်လက်စားများကိုမဖမ်းရန် ခိုင်မာသည့်ငွေကြေး၊ သက်သေခံပစ္စည်းများကို ထုထည် ကြီးမားစွာဖြင့် ဖမ်းဆီးရန် ညွှန်ကြားခဲ့ပါသည်။

ပုံရိပ်ကြီးကြပ်ရေးရုံးအဖွဲ့သို့ ရဲတပ်ဖွဲ့ဝင်များအုပ်ချုပ်မှု လျော့နည်းဖြစ်စဉ်အား တိုင်ကြားသည့်အမှုအရေ အတွက် ၃ မှုရှိပြီး ဖြစ်စဉ်မှန်ကန်မှုရှိ/မရှိ စုံစမ်းစစ်ဆေးခဲ့ရာ ၁ မှုမှာ မှန်ကန်မှုမရှိ၍ ဆက်လက်အရေးယူခဲ့ပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား အောက်ခြေအဆင့်အထိ ပုံရိပ်စီမံချက်အား ထပ်မံ ရှင်းလင်းခဲ့သော်လည်း ၂၀၁၁ ခုနှစ်အတွင်း မူးယစ်စည်းကမ်းဖောက်ဖျက်မှု၊ တာဝန်ပေါ့လျော့ ပျက်ကွက်မှု၊ လူမှုရေးဖောက်ပြန်မှု၊ လာဘ်ငွေတောင်းခံရယူမှု၊ အမှုမဖွင့်ပေးမှု၊ လုပ်ထုံးလုပ်နည်း နှင့်မညီ ဆောင်ရွက်မှု၊ ခွင့်မဲ့ပျက်ကွက်မှု၊ ရဲပြေးမှု၊ ခိုးမှုစသည်ဖြင့် အမှုပေါင်း ၁၆၀၅ မှု ဖြစ်ပွား ကြောင်း တွေ့ရှိရပါသည်။

ဖြစ်မှုအမျိုးအစားတွင် ရဲပြေးမှု ၅၂၀ မှုဖြင့် ပထမ၊ တာဝန်ပေါ့လျော့ပျက်ကွက်မှု ၂၉၂ မှုဖြင့် ဒုတိယ၊ မူးယစ်စည်းကမ်းဖောက်ဖျက်မှု ၂၈၇ မှုဖြင့် တတိယအများဆုံး ဖြစ်ပွားခဲ့ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ဖြစ်မှုဖြစ်ပွားမှုတွင် ရန်ကုန်တိုင်းရဲတပ်ဖွဲ့က ၇၈၀ မှုဖြင့်ပထမ၊ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့က ၁၈၇ မှုဖြင့် ဒုတိယ၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့က ၁၂၉ ဖြင့် တတိယအများဆုံး ဖြစ်ပွားပြီး ဖြစ်မှုအနည်းဆုံးဖြစ်ပွားသည့် တိုင်းဒေသကြီး/ ပြည်နယ် များမှာ ကယားပြည်နယ်ရဲတပ်ဖွဲ့ ၂ မှု၊ စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ ၈ မှု၊ ချင်းပြည်နယ် ရဲတပ်ဖွဲ့မှ ၁၀ မှု ဖြစ်ပွားကြောင်း တွေ့ရှိရပါသည်။

အဆင့်လိုက်ဖြစ်မှုဖြစ်ပွားမှုတွင် ရဲတပ်သားအဆင့် ၈၅၉ ဦးဖြင့် ပထမ၊ ဒုတိယရဲအုပ် အဆင့် ၄၀၇ ဦးဖြင့် ဒုတိယ၊ ရဲတပ်ကြပ်အဆင့် ၂၉၃ ဦးဖြင့် တတိယအများဆုံးဖြစ်ပွားကြောင်း တွေ့ရှိရပါသည်။

## မြန်မာနိုင်ငံရဲတပ်ဖွဲ့စည်းရုံးရေးကော်မတီဆောင်ရွက်ချက်များ

မြန်မာနိုင်ငံရဲတပ်ဖွဲ့စည်းရုံးရေးကော်မတီသည် တပ်မတော်စည်းရုံးရေးကော်မတီမှ ချမှတ်ထားသော လုပ်ငန်းစဉ်(၆)ရပ်ကို အကောင်အထည်ဖေါ်ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီး/ပြည်နယ်အဆင့် စည်းရုံးရေး ကော်မတီ (၂၁)ခု၊ ခရိုင်အဆင့်စည်းရုံးရေး ကော်မတီ(၁၀၉)ခု၊ မြို့နယ်အဆင့်စည်းရုံးရေးကော်မတီ(၇၉၃)ခု ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ တိုင်းအဆင့်စည်းရုံးရေးဆိုင်ရာကော်မတီများတွင် ပင်မစည်းရုံးရေးခွင် (၁၈၃၁)ခုနှင့် စံပြစည်းရုံးရေးခွင်(၈၃)ခု စည်းရုံးရေးခွင်များ သတ်မှတ်၍ ပြည်သူလူထုနှင့်တစ်သားတည်းဖြစ်စေရန် တပ်ပြင်စည်းရုံး ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းရုံးရေးကော်မတီလက်အောက်ရှိ တိုင်းဒေသကြီး/ပြည်နယ်အဆင့် စည်းရုံးရေးကော်မတီများ အနေဖြင့် ၂၀၁၁ ခုနှစ်အတွင်း စည်းရုံးရေးဆိုင်ရာ ဆောင်ရွက်ချက် မှတ်တမ်း(၂၀)မျိုးကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

| စဉ် | ဆောင်ရွက်ချက် | ကြိမ် | ဦးရေ |
|---|---|---|---|
| (၁) | တပ်တွင်းဆွေးနွေးပွဲ | ၁၁၇၂၇ | ၅၇၈၄၈၈ |
| (၂) | မိသားစုဝင်များဆွေးနွေးပွဲ | ၂၂၃၈၆ | ၇၄၇၀၁၃ |
| (၃) | အကြီးအကဲများမိန့်ခွန်း | ၉၈၄၀ | ၄၁၀၈၈၁ |
| (၄) | ပြည်တွင်းပြည်ပမမှန်သတင်းထုတ်လွှင့်ချက် | ၉၅၄၉ | ၃၇၉၁၈၁ |
| (၅) | တပ်တွင်းပညာပေး | ၁၂၄၄၀ | ၄၅၃၅၂၄ |
| (၆) | ကျင့်ဝတ်ဆန်းစစ်မှု | ၁၄၁၆၇ | ၅၀၁၉၃၆ |
| (၇) | စည်းကမ်းထိန်းသိမ်းမှု | ၁၂၄၃၄ | ၄၆၀၈၂၂ |
| (၈) | အသိဉာဏ်/စာရိတ္တမြင့်မားရေး | ၁၀၅၁၆ | ၄၀၉၅၈၉ |
| (၉) | သက်သာချောင်ချိရေး | - | ၅၆၈၅၆ ၂၆၉၃၉၀၆၀၈ဒိ/ |
| (၁၀) | မိသားစုအလုပ်အကိုင်ရရှိရေး | ၃၂၃၇ | ၁၈၉၀၂ |
| (၁၁) | သားသမီးပညာရည်မြင့်မားရေး | ၁၄၂၈၂ | ၂၀၇၉၈၅ |
| (၁၂) | စာမတတ်သူပပျောက်ရေး | **စာဖတ်ဝိုင်းများပြုလုပ်၍ စာဖတ်ရှိန်မြင့်တင်ရေး ဆောင်ရွက်ပါသည်။** | |
| (၁၃) | ဆန္ဒဖေါ်ထုတ်ပွဲ | ၁၉၇၆၀ | ၅၇၇၃၁၉ |

## ပြည်သူ့အကျိုးပြုလုပ်ငန်းများ ရည်မှန်းချက်အပေါ် ဆောင်ရွက်ထားရှိမှု

မြန်မာနိုင်ငံရဲတပ်ဖွဲ့စည်းရုံးရေးကော်မတီသည် တပ်ပြင်စည်းရုံးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်(၅)ရပ်ကို အခြေခံ၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ်(၁၂၈၇၀)ကြိမ် ဆောင်ရွက်ခဲ့ပါသည်။

## စိတ်ဓာတ်မြှင့်တင်ရေးဆောင်ရွက်ချက်များ

တပ်ဖွဲ့ဝင်များ စိတ်ဓာတ်မြှင့်တင်ရေးအတွက် နိုင်ငံတော်အရေးနှင့်ပတ်သက်သော အသိပညာပေးရေး၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ ဒို့တာဝန်အရေးသုံးပါး၊ နိုင်ငံတော်ဦးတည်ချက်(၁၂)ရပ်၊ နိုင်ငံတော်အကြီးအကဲများ၏ သြဝါဒများ၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၊ ပြည်ထောင်စု စိတ်ဓာတ်မွေးမြူရေး၊ ကျန်းမာရေး၊ ပညာရေး၊ အထွေထွေဗဟုသုတ စသည့်ခေါင်းစဉ်များဖြင့် တပ်တွင်းဆွေးနွေး ပွဲ(၁၁၇၂၇)ကြိမ်နှင့် မိသားစုဆွေးနွေးပွဲ(၂၂၃၈၆)ကြိမ် ဆောင်ရွက်ခဲ့ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ ဆန္ဒဖော်ထုတ်ပွဲများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ဆန္ဒဖော်ထုတ်ပွဲများ၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဆန္ဒဖော်ထုတ်ပွဲတို့တွင် အထက် အကြီးအကဲများ၏ မူဝါဒများရှင်းလင်း၍ တပ်ဖွဲ့ဝင်နှင့်ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်ချက်များဖြည့်စွက်ဆောင်ရွက်ပေးခြင်းဖြင့် စိတ်ဓာတ်မြှင့်တင်ရေးဆောင်ရွက်ခဲ့ပါသည်။ ဆန္ဒဖော်ထုတ်ပွဲ စုစုပေါင်း(၁၉၇၆၀)ကြိမ် ပြုလုပ်ခဲ့ပါသည်။

## မိသားစု စည်းရုံးရေးနှင့်စည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်ချက်များ

မြန်မာနိုင်ငံရဲတပ်ဖွဲ့ မိသားစုစည်းရုံးရေးနှင့်စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိ မိသားစုများ စည်းလုံးညီညွတ်ရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အဆင့် မိသားစု စည်းရုံးရေးနှင့်စည်းကမ်းထိန်းသိမ်းရေးကော်မတီ(၂၄)ခု နှင့် ခရိုင်အဆင့်မိသားစုစည်းရုံးရေးနှင့် စည်းကမ်း ထိန်းသိမ်း ရေးကော်မတီ(၁၀၉)ခုဖွဲ့စည်းခဲ့ပြီး စည်းရုံးရေးနှင့်စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်း(၁၃)မျိုးကို ညွှန်ကြားချက် များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော တပ်ဖွဲ့ဝင်များ၏မိသားစုများအား မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် မိသားစုစည်းရုံးရေးနှင့်စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ ဦးဆောင်၍ မိသားစုများ၏ ကျန်းမာရေး၊ ပညာရေး၊ ဝင်ငွေတိုးတက်ရေး၊ အလုပ်အကိုင်ရရှိရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင်မိသားစုများ၏နေအိမ်လိုင်းခန်းများအား လစဉ်စစ်ဆေးစေပြီး၊ အိမ်ထောင်သည်

လိုင်းခန်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် ဆုများချီးမြှင့်ခြင်း၊ ကလေးပြိုင်ပွဲ၊ သားကောင်းမိခင် ပြိုင်ပွဲများ ကိုလည်း ကျင်းပပြုလုပ်ပေးခဲ့ပါသည်။ ဘာသာရေးနှင့်ပတ်သက်၍ လပြည့်လကွယ်နေ့ များတွင် ဝတ်ရွတ် ပူဇော်ခြင်း များ ဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၀၁၁ ခုနှစ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် မိသားစုစည်းရုံးရေးနှင့် စည်းကမ်း ထိန်းသိမ်းရေးကော်မတီသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော မိသားစုများ၏ နေအိမ်လိုင်းခန်း များအား လစဉ်စစ်ဆေးပြီး အိမ်ထောင်သည် လိုင်းခန်းသန့်ရှင်းရေး ဆုများအား အောက်ပါအတိုင်း ရွေးချယ်ချီးမြှင့် ပေးခဲ့ပါသည်-

| | | |
|---|---|---|
| (က) | ဒေါ်သန္တာ၊စာရေး(၂)ဦးမျိုးထွန်း၏ဇနီး၊ ထောက်ဌာန<br>အခန်း ၁၄၊ တိုက် ၃၃၃၃၊ ချယ်ရီအိမ်ယာ | ပထမဆု |
| (ခ ) | ဒေါ်သိမ့်သိမ့်ထွေး၊ ဒုရဲအုပ် မောင်မောင်သိန်း၏ဇနီး<br>ယာဉ်ထိန်းတပ်ဖွဲ့၊အခန်း ၄၊ တိုက် ၃၃၅၀၊ ချယ်ရီအိမ်ယာ | ဒုတိယဆု |
| ( ဂ) | ဒေါ်ငြိမ်းငြိမ်းအောင်၊တပ်ကြပ်ကြီး ပွင့်လင်း၏ဇနီးယာဉ်ထိန်းတပ်ဖွဲ့<br>အခန်း ၂၁၊ တိုက် ၃၃၄၄၊ ချယ်ရီအိမ်ယာ | တတိယဆု |
| (ဃ) | ဒေါ်ယုယုခိုင်၊ တပ်ကြပ်ကြီး မင်းရဲနိုင်၏ဇနီး၊ယာဉ်ထိန်းတပ်ဖွဲ့<br>အခန်း ၂၂၊ တိုက် ၃၃၄၅၊ ချယ်ရီအိမ်ယာ | စတုတ္ထဆု |
| (င ) | ဒေါ်နန်းမြမာလာစိုး၊ တပ်ကြပ်ကြီး မြင့်ထွေး၏ဇနီး၊ ထောက်ဌာန<br>အခန်း ၂၆၊ တိုက် ၃၃၃၃၊ ချယ်ရီအိမ်ယာ | ပဉ္စမဆု |
| (စ ) | ဒေါ်ကျော့ခင်နု၊ တပ်ကြပ်ကြီး ကျော်ဝင်း၏ ဇနီး၊ မူးယစ်ဌာန<br>အခန်း ၃၊ တိုက် ၃၃၆၇၊ ချယ်ရီအိမ်ယာ | နှစ်သိမ့်ဆု |
| (ဆ) | ဒေါ်ခင်မျိုးမြင့်၊ တပ်ကြပ်ကြီး သီဟနေအောင်၏ဇနီး၊ ရေးဌာန<br>အခန်း ၁၂၊ တိုက် ၃၃၂၉၊ ချယ်ရီအိမ်ယာ | နှစ်သိမ့်ဆု |
| (ဇ ) | ဒေါ်နွယ်နွယ်ဝင်း၊ တပ်ကြပ် တင်ဝင်း၏ဇနီး၊ ယာဉ်ထိန်းတပ်ဖွဲ့<br>အခန်း ၃၁၊ တိုက် ၃၃၄၇၊ ချယ်ရီအိမ်ယာ | နှစ်သိမ့်ဆု |

တိုင်းဒေသကြီး/ပြည်နယ်အဆင့်စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီများ သည်လည်း မိမိတို့တိုင်းဒေသကြီး/ပြည်နယ်များအလိုက် မိသားစုစည်းရုံးရေးနှင့် စည်းကမ်း ထိန်းသိမ်းရေး လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းတို့၏ ဆောင်ရွက်ချက်များ မှတ်တမ်းများထားရှိကာ လစဉ်တင်ပြစေခြင်း၊ (၄)လပတ် အစည်းအဝေးများတွင် တင်ပြ စေခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ မိသားစုစည်းရုံးရေးနှင့်စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် မိသားစုဝင်များအား ခံယူချက်၊ ယုံကြည်ချက်ပြည့်ဝလာစေရန် အိမ်ထောင်ဦးစီးဖြစ်သည့် ခင်ပွန်းသည်၏ လုပ်ငန်းတာဝန်များအပေါ် နားလည်သဘောပေါက်စေရန်အတွက် မိသားစုဝင်များ၏ အခြေခံလိုအပ်ချက်များနှင့်အညီ ဘက်စုံကဏ္ဍစုံမှ ကူညီပံ့ပိုး ဖြည့်ဆည်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်ဖြစ်ပြီး ၂၀၁၁ ခုနှစ်အတွင်း အောက်ပါအတိုင်း ဆောင်ရွက် နိုင်ခဲ့ပါသည်-

(က) **စည်းရုံးရေးဆိုင်ရာကူညီပံ့ပိုးခြင်း။** မြန်မာနိုင်ငံရဲတပ်ဖွဲ့ မိသားစုစည်းရုံးရေးနှင့် စည်းကမ်း ထိန်းသိမ်းရေးကော်မတီဝင်များအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အသွင်သဏ္ဌာန်၊ အနှစ်သာရ ပြုပြင်ပြောင်းလဲရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများအား ရုပ်ပိုင်းဆိုင်ရာသွင်ပြင်လက္ခဏာ တိုးတက်ပြောင်းလဲမှု၊ စိတ်ပိုင်းဆိုင်ရာယုံကြည်ချက်၊ ခံယူချက်များ၊ တွေးခေါ်မှုများ မြင့်မားလာစေရန် စည်းရုံးခြင်း၊ ဆွေးနွေးပွဲများမှ မိသားစုဝင်များ၏ ဉာဏ်ရည် ဉာဏ်သွေး တိုးတက်လာစေရေး အတွက် မိသားစုဝင်များကိုယ်တိုင်ရှာဖွေ ဆွေးနွေးမှုများ ဆောင်ရွက်စေခဲ့ပါသည်။ ပြည်ထဲရေး ဝန်ကြီးဌာနစည်းရုံးရေး ကော်မတီ၊ ပြည်ထဲရေးဝန်ကြီးဌာနမိသားစုစည်းရုံးရေးနှင့် စည်းကမ်း ထိန်းသိမ်းရေးကော်မတီ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် မိသားစုစည်းရုံးရေးနှင့် စည်းကမ်း ထိန်းသိမ်းရေး ကော်မတီများ၏ ညွှန်ကြားလွှာ၊ ညွှန်ကြားချက်များအား ချပြဆွေးနွေးခြင်း။ အဂတိလိုက်စားမှု လာဘ်ပေးလာဘ်ယူမှုများမဖြစ်ပွားစေရန်၊ ဖြစ်စဉ်များနှင့်တကွ ချပြရှင်းလင်း ခြင်း၊ မိမိတို့ခင်ပွန်းသည် တပ်ဖွဲ့ဝင်များသည် ပြစ်မှုကျူးလွန်လာလျှင် ရဲစည်းကမ်းထိန်းသိမ်းရေး ဥပဒေအပြင် နယ်ဘက်တရားဥပဒေများအရ စွဲချက်တင်ပြလျှက် ပိုမိုပြင်းထန်သည့် ပြစ်ဒဏ်များချမှတ်အရေးယူခြင်း ခံရမည်ကို မိသားစုဝင်များကပါ သိရှိနားလည်ပြီး အပြစ်ပေးအရေးယူခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြား ချက်များအပေါ် ဆွေးနွေးပွဲများတွင် ထည့်သွင်းဆွေးနွေးခြင်း များဆောင်ရွက် ခဲ့ပါသည်။ ၂၀၁၁ ခုနှစ်အတွင်း မိသားစုဆွေးနွေးပွဲ ၁၇၄၄၅ ကြိမ်၊ အကြီးအကဲမိန့်ခွန်းရှင်းလင်းမှု ၅၃၂၉ ကြိမ်၊ ပြည်တွင်းပြည်ပမှထုတ်လွှင့်သော သတင်းအချက်အလက်များနှင့် ပတ်သက်၍ သတင်းမှန်များ ပြန်ကြားခြင်း ၅၀၉၅ ကြိမ်၊ ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်မှု ၈၀၃၁ ကြိမ်နှင့် စည်းကမ်းထိန်းသိမ်းရေးဆောင်ရွက်မှု ၉၉၉၄ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။

(ခ) **ပညာရေးဆိုင်ရာ ကူညီပံ့ပိုးခြင်း။** မြန်မာနိုင်ငံရဲတပ်ဖွဲ့ မိသားစုစည်းရုံးရေးနှင့် စည်းကမ်း ထိန်းသိမ်းရေးကော်မတီ လက်အောက်ရှိ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် မိသားစုစည်းရုံးရေးနှင့် စည်းကမ်း ထိန်းသိမ်းရေးကော်မတီ အဆင့်ဆင့်တွင် မိသားစုဝင်များ၏ (၅)နှစ် အောက်ကလေးများ အတွက် ဌာနပိုင်မူကြိုကျောင်းများ ဖွင့်လှစ်ကြီးကြပ်စောင့်ရှောက်ခြင်း၊ အခြေခံပညာ

မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကလေးများအတွက် ပညာရည်မြှင့်တင်ရေး လုပ်ငန်းများ ဆောင်ရွက် ခြင်း၊ ပညာရေးထူးချွန်သော ကလေးများအား ဆုချီးမြှင့်ခြင်း၊ ကလေးများသော မိသားစုဝင်များ၏ ပညာသင်ကြားရေး အချိန်မပျက်စေရန် ထောက်ပံ့ခြင်း၊ မိသားစုဝင် စာမတတ်သူပပျောက်ရေး ဆောင်ရွက်ခြင်းများ ဆောင်ရွက်စေခဲ့ပါသည်။ ၂၀၁၁ ခုနှစ်အတွင်း ပညာရည်မြှင့်တင်ရေးနှင့် ပတ်သက်၍ ၁၀၉၈၅ ကြိမ်၊ ၂၃၄၆၉၁ ဦးအား ထောက်ပံ့နိုင်ခဲ့ပါသည်။

(ဂ) **ကျန်းမာရေးဆိုင်ရာကူညီပံ့ပိုးခြင်း။** ကျန်းမာရေးအနေဖြင့် ဆေးရုံ၊ ဆေးခန်းတက်ရောက် ရသော မိသားစုဝင်များအား ကြည့်ရှုစောင့်ရှောက် ကူညီခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးသူငယ်များ၏ ကျန်းမာရေးကို စောင့်ရှောက်ကူညီပံ့ပိုးခြင်း၊ ရောဂါများအကြောင်း ဆွေးနွေးခြင်းနှင့် ကုသပေးခြင်းများ၊ အားကစားလှုပ်ရှားမှုများ ပြုလုပ်ဆောင်ရွက်စေခဲ့ရာ တိုင်းဒေသကြီး/ ပြည်နယ် အဆင့် မိသားစုစည်းရုံးရေးကော်မတီများမှ ၂၀၁၁ ခုနှစ် အားကစား လှုပ်ရှားမှု ၉၄၄၆ ကြိမ်၊ ၁၈၃၃၀၇ ဦး၊ ရောဂါများအကြောင်း ဆွေးနွေး မှုနှင့် ကုသမှုအနေဖြင့် ၆၂၀၄ ကြိမ်၊ ၁၈၂၇၂၇ ဦးအား ဆွေးနွေးဆောင်ရွက်ပေး နိုင်ခဲ့ပါသည်။

(ဃ) **လူမှုရေးဆိုင်ရာ ကူညီပံ့ပိုးခြင်း။** လူမှုရေးအနေဖြင့် ၂၀၁၁ ခုနှစ် အတွင်း မိသားစု အလုပ်အကိုင်ရရှိရေးအတွက် ၃၁၉၅ ကြိမ်၊ ၄၃၆၆၅ ဦး၊ ဘာသာရေးဆောင်ရွက်မှုအနေဖြင့် ၈၆၉၅ ကြိမ်၊ ၂၃၈၃၄၀ ဦးဖြင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် တပ်ဖွဲ့ဝင် မိသားစု များအား ကောင်းမွန်သည့်အနာဂတ်အတွက် မိသားစုဝင်များ၏ အခြေခံလိုအပ်ချက်များနှင့်အညီ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သက်သာချောင်ချိရေး စသည့် ကိစ္စအဝဝအပေါ် ယခုထက်ပိုမိုအရှိန်အဟုန်မြှင့် ဆက်လက်ကူညီပံ့ပိုးဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ မိသားစုစည်းရုံးရေးနှင့် စည်းကမ်း ထိန်းသိမ်းရေးကော်မတီ အဆင့်ဆင့်တို့သည် တပ်ဖွဲ့ဝင်မိသားစုများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေး၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများအား အထက်ဌာနများ၏ ညွှန်ကြားချက်များနှင့်အညီ တိုးတက်အောင်မြင်စေရန် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။




မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီ ဥက္ကဋ္ဌ
ရဲချုပ်၏ ဇနီး ဒေါ်စင်မေလတ် က ရန်ကုန်တိုင်းဒေသကြီး မူကြိုကျောင်းမှ
ကလေးသူငယ်များအား ထောက်ပံ့ပစ္စည်းပေးအပ်စဉ်



မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ
ရဲချုပ်၏ ဇနီး ဒေါ်စင်မေလတ်နှင့်အဖွဲ့ ရထားရဲတပ်ဖွဲ့ မိသားစုစိုက်ခင်းများအား
စစ်ဆေးကြည့်ရှုစဉ်



မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်မိသားစုများ ကလေးငယ်များအား
ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးနေစဉ်



အမှတ်(၁) ရဲလေ့ကျင့်ရေးသင်တန်းကျောင်း၊ အိမ်ထောင်သည်လိုင်းအတွင်း ကျန်းမာရေး
စောင့်ရှောက်မှု ပေးနေစဉ်

# လေ့ကျင့်ရေးဖြင့်တည်ဆောက်ခြင်း

## ပြည်တွင်းသင်တန်းများ စေလွှတ်တက်ရောက်မှု

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် မိမိတပ်ဖွဲ့ဝင်များအား အရည်အချင်းပြည့်ဝတောက်ပြောင်သည့် တပ်ဖွဲ့ဝင်များဖြစ်စေရေးအတွက် လေ့ကျင့်ရေးအား တည်ဆောက်ရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ၊ ၂၀၀၉ ခုနှစ်၊ ၂၀၁၀ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်များအတွင်း အခြေခံသင်တန်းများ၊ ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများနှင့် လုပ်ငန်းလိုအပ်ချက်အရဖွင့်လှစ်သော သင်တန်းများသို့ အောက်ပါအတိုင်း စေလွှတ်တက်ရောက်စေခဲ့ပါသည်-

| စဉ် | သင်တန်းအမည် | ၂၀၀၉ ခုနှစ် | | ၂၀၁၀ ခုနှစ် | | ၂၀၁၁ ခုနှစ် | |
|---|---|---|---|---|---|---|---|
| | | ကြိမ် | ဦးရေ | ကြိမ် | ဦးရေ | ကြိမ် | ဦးရေ |
| ၁ | **အခြေခံသင်တန်းများ** | | | | | | |
| | (က) ရဲတပ်သားသစ်သင်တန်း | ၁၃ | ၂၄၈၂ | ၁၇ | ၄၃၁၁ | ၂၈ | ၆၂၉၀ |
| | (ခ) ဒုတိယရဲအုပ်လောင်းသင်တန်း | ၁ | ၂၉၂ | ၂ | ၇၀၁ | ၃ | ၉၄၆ |
| | **စုစုပေါင်း** | **၁၄** | **၂၇၇၄** | **၁၉** | **၅၀၁၁** | **၃၁** | **၇၂၃၆** |
| ၂ | **ကျွမ်းကျင်မှုသင်တန်း** | | | | | | |
| | (က) မြို့နယ်ရဲတပ်ဖွဲ့မှူးသင်တန်း | ၁ | ၂၇ | ၁ | ၃၆ | ၂ | ၉၄ |
| | (ခ) စခန်းမှူးသင်တန်း | ၄ | ၂၃၀ | ၂ | ၁၀၇ | ၂ | ၁၈၉ |
| | (ဂ) အမှုစစ်အရာရှိသင်တန်း | ၅ | ၄၈၆ | ၃ | ၂၉၃ | ၂ | ၂၉၉ |
| | (ဃ) နယ်ထိန်းအရာရှိသင်တန်း | - | - | - | - | ၁ | ၉၉ |
| | (င) စုံထောက်အရာရှိသင်တန်း | - | - | - | - | - | - |
| | (စ) အရာရှိများလုပ်ငန်းခွင်ဝင်သင်တန်း | - | - | ၁ | ၉၁ | ၁ | ၃၁ |
| | (ဆ) မှုခင်းမှတ်တမ်းအရာရှိသင်တန်း | - | - | - | - | ၁ | ၉၈ |
| | **စုစုပေါင်း** | **၁၀** | **၇၄၃** | **၇** | **၅၂၇** | **၉** | **၈၁၀** |
| ၃ | **လုပ်ငန်းလိုအပ်ချက်အရဖွင့်လှစ်သော ရဲတပ်ဖွဲ့ဆိုင်ရာသင်တန်းများ** | | | | | | |
| | (က) ရဲအရာရှိများအထူးမွမ်းမံသင်တန်း | ၁ | ၂၆၄ | ၁ | ၂၁၃ | ၁ | ၂၅၀ |
| | (ခ) အခြေခံအကြမ်းဖက်နှိမ်နင်းရေး | - | - | - | - | ၁ | ၅၀ |
| | (ဂ) ရထားရဲတပ်ဖွဲ့တိုက်ပွဲဝင်မွမ်းမံ | ၂ | ၁၂၀ | ၂ | ၁၀၀ | ၂ | ၉၉ |
| | (ဃ) နည်းပြအရာရှိမွမ်းမံသင်တန်း | - | - | ၁ | ၆၄ | - | - |
| | (င) ကမ္ဘာလှည့်ခရီးသည်များလုံခြုံမှု စောင့်ရှောက်ရေးသင်တန်း | ၁ | ၂၈ | - | - | ၂ | ၆၀ |
| | (စ) အထူးလုံခြုံရေးသင်တန်း | - | - | - | - | ၃ | ၃၂၀ |
| | (ဆ) အခြေခံယာဉ်မောင်းသင်တန်း | - | - | - | - | ၄ | ၄၅၀ |
| | (ဇ) လုပ်ငန်းဝင်ရဲလုပ်ငန်းသင်တန်း | ၁ | ၁၂၀ | - | - | - | - |

| စဉ် | သင်တန်းအမည် | ၂၀၀၉ ခုနှစ် | | ၂၀၁၀ ခုနှစ် | | ၂၀၁၁ ခုနှစ် | |
|---|---|---|---|---|---|---|---|
| | | ကြိမ် | ဦးရေ | ကြိမ် | ဦးရေ | ကြိမ် | ဦးရေ |
| | (ဈ) တိုက်/စည်း(အရာရှိ)သင်တန်း (ပြည်ထဲရေးဝန်ကြီးဌာန၊စုစည်းခန်းမ) | ၄ | ၃၇ | - | - | - | - |
| | (ည) တိုက်/စည်း(အကြပ်/တပ်သား) သင်တန်း (သန်လျင်)၊မန္တလေး၊ မော်လမြိုင်၊ စစ်တွေ | ၈ | ၁၁၂၀ | ၈ | ၁၁၀၀ | ၈ | ၁၁၂၀ |
| | (ဋ) ဂတ်စာရေးသင်တန်း | - | - | - | - | ၂ | ၂၀၀ |
| | (ဌ) အကြပ်ငယ်သင်တန်း | ၂၂ | ၆၅၆ | ၈ | ၃၃၉ | ၂ | ၂၉၅ |
| | (ဍ) အကြပ်လောင်းသင်တန်း | ၂၀ | ၅၉၃ | ၈ | ၂၄၀ | - | - |
| | (ဎ) နယ်ထိန်း(အခြားအဆင့်)မွမ်းမံ | ၂၇ | ၆၄၅ | ၂၈ | ၇၁၀ | ၃၀ | ၁၀၀၀ |
| | (ဏ) အမှုစစ်မွမ်းမံသင်တန်း | ၆ | ၁၉၄ | ၈ | ၂၅၆ | ၁၀ | ၃၂၀ |
| | (တ) သိုင်းမွမ်းမံသင်တန်း | ၅ | ၂၁၂ | ၅ | ၂၀၀ | - | - |
| | (ထ) လက်နက်ငယ်ကျွမ်းကျင်မှုသင်တန်း | ၄ | ၃၁၅ | ၁၆ | ၇၇၀ | ၁၀ | ၁၀၀၀ |
| | (ဒ) ရဲစည်းကမ်းထိန်းသိမ်းရေးမွမ်းမံ | ၂ | ၈၁ | ၃ | ၁၀၀ | - | - |
| | (ဓ) လုံခြုံရေးနှင့်ထောက်လှမ်းရေးမွမ်းမံ | ၁၁ | ၄၈၁ | ၉ | ၃၀၀ | ၁၀ | ၄၀၀ |
| | (န) စစ်နည်းဗျူဟာမွမ်းမံသင်တန်း | ၂ | ၁၈၆ | ၄ | ၃၆၀ | ၆ | ၄၀၀ |
| | (ပ) ကွန်ပျူတာသင်တန်း | - | - | ၄ | ၄ | ၁ | ၁ |
| | (ဖ) အခြေခံကွန်ပျူတာသင်တန်း | ၅ | ၁၀၇ | ၆ | ၁၂၀ | ၈ | ၂၀၀ |
| | (ဗ) ကိုယ်စီစစ်မြေပြင်ကျွမ်းကျင်မှုသင်တန်း | ၄ | ၂၀၀ | ၃ | ၁၅၀ | ၅ | ၂၅၀ |
| | (ဘ) တိုက်ပွဲဝင်မွမ်းမံသင်တန်း | ၂ | ၉၆ | ၃ | ၁၅၀ | ၈ | ၁၀၀ |
| | (မ) စစ်ခရာမွမ်းမံသင်တန်း | ၁ | ၁၀ | ၂ | ၃၀ | ၄ | ၉၀ |
| | (ယ) အဓိကရုဏ်းနှိမ်နင်းရေးကိုယ်လုံ ပညာမွမ်းမံသင်တန်း | ၆ | ၇၁၀ | ၁၀ | ၈၀၀ | ၁၃ | ၁၀၀၀ |
| | (ရ) မိုင်းကျွမ်းကျင်သင်တန်း | - | - | ၃ | ၁၇၉ | ၃ | ၁၈၀ |
| | (လ) မိုင်းနှင့်ထောင်ချောက်သင်တန်း | - | - | - | - | ၅ | ၁၅၀ |
| | (ဝ) နယ်မြေရဲလုပ်ငန်းသင်တန်း | ၅ | ၂၅၀ | ၁၆ | ၈၀၀ | ၁၀ | ၄၀၀ |
| | (သ) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မွမ်းမံသင်တန်း | ၂ | ၈၁ | ၄ | ၁၆၀ | ၂ | ၂၀၀ |
| | (ဟ) ဂျူဒို အာကီဒိုသင်တန်း | - | - | - | - | ၂ | ၆၀ |
| | (ဠ) တပ်ရင်းအဆင့်တိုက်ပွဲဝင်မွမ်းမံ | ၃ | ၁၆၃ | ၁၇ | ၁၇၁၃ | - | - |
| | **စုစုပေါင်း** | **၁၄၄** | **၆၆၆၉** | **၁၆၉၁** | **၈၈၅၀** | **၁၅၂** | **၈၅၉၅** |
| ၄ | **နယ်ဘက်သင်တန်းများ** | | | | | | |
| | (က) စာရင်းကိုင်(ပထမအဆင့်)သင်တန်း | ၃ | ၆ | ၁ | ၂ | - | - |
| | (ခ) အခြေခံစာရေးသင်တန်း | ၆ | ၁၂ | ၄ | ၈ | ၃ | ၁၆ |
| | (ဂ) စာရေးဝန်ထမ်းကြီးကြပ်မှုသင်တန်း | - | - | ၁ | ၃ | ၁ | ၁ |
| | (ဃ) ကွန်ပျူတာသင်တန်း | - | - | ၄ | ၄ | ၁ | ၁ |

| စဉ် | သင်တန်းအမည် | ၂၀၀၉ ခုနှစ် | | ၂၀၁၀ ခုနှစ် | | ၂၀၁၁ ခုနှစ် | |
|---|---|---|---|---|---|---|---|
| | | ကြိမ် | ဦးရေ | ကြိမ် | ဦးရေ | ကြိမ် | ဦးရေ |
| | (င ) အလယ်အလတ်အဆင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်း | - | - | ၂ | ၈ | ၂ | ၈ |
| | (စ ) နိုင်ငံ့ဝန်ထမ်းဆရာများလေ့ကျင့်ရေး သင်တန်း | - | - | ၁ | ၁ | ၁ | ၁ |
| | (ဆ) စာကြည့်တိုက် သင်တန်း | - | - | ၁ | ၁ | ၁ | ၁ |
| | (ဇ ) မြန်မာနိုင်ငံလူ့အခွင့်အရေး တိုးမြှင့်ရေးနှင့် ကာကွယ်ရေးသင်တန်း | - | - | - | - | ၁ | ၅ |
| | (ဈ ) Management and Leadership Skill | - | - | - | - | ၁ | ၁ |
| | (ည) Basic Language and Communication Skills | - | - | - | - | ၁ | ၁ |
| | **စုစုပေါင်း** | **၉** | **၁၈** | **၁၄** | **၂၇** | **၁၂** | **၃၅** |
| ၅ | **တပ်မတော်ဆိုင်ရာသင်တန်းများ** | | | | | | |
| | (က) ခြေလျင်တပ်ခွဲမှူးသင်တန်း | ၁ | ၃ | ၃ | ၇ | ၂ | ၄ |
| | (ခ ) ခြေလျင်တပ်စုမှူးသင်တန်း | ၁ | ၃ | ၁ | ၃ | ၃ | ၈ |
| | (ဂ ) ခြေလျင်ဦးဆောင်ချေမှုန်းရေး သင်တန်း | ၂ | ၁၉ | ၃ | ၃၀ | ၂ | ၁၄ |
| | (ဃ) ကွန်ပျူတာ၊ ဒီပလိုမာ(တပ်ကြပ်ကြီး စာရေး)သင်တန်း | ၁ | ၉၃ | ၁ | ၉၇ | ၁ | ၉၄ |
| | (င ) အရာခံဗိုလ်သင်တန်း | ၄ | ၆ | ၂ | ၃ | ၂ | ၃ |
| | (စ ) အကြပ်ကြီးသင်တန်း | ၁၅ | ၅၀ | ၆ | ၄၂ | ၄ | ၄၀ |
| | (ဆ) အကြပ်ငယ်သင်တန်း | ၁၁ | ၃၄ | ၁၁ | ၄၈ | ၃ | ၁၂ |
| | (ဇ ) အကြပ်လောင်းသင်တန်း | ၂၀ | ၆၃ | ၉ | ၄၃ | ၅ | ၂၇ |
| | (ဈ ) ခြေလျင်ဆေးတပ်စုသင်တန်း | - | - | ၂ | ၂၀ | ၂ | ၁၉ |
| | (ည) စစ်ခရာသင်တန်း | ၁ | ၅ | ၄ | ၂ | ၂ | ၅ |
| | (ဋ ) တိုက်/စည်းနည်းပြ(အရာရှိ) | ၄ | ၁၁ | ၄ | ၁၂ | - | - |
| | (ဌ ) တိုက်/စည်း(အရာရှိ)သင်တန်း | ၃ | ၁၂ | ၄ | ၁၂ | - | - |
| | (ဍ ) တိုက်/စည်း(အရာခံ/အကြပ်ကြီး) | ၆ | ၂၄ | ၆ | ၂၀ | ၇ | ၁၃ |
| | **စုစုပေါင်း** | **၇၀** | **၃၂၃** | **၅၆** | **၃၃၉** | **၃၃** | **၂၃၉** |

**မှတ်ချက်။** တပ်ဖွဲ့ဝင်အင်အားလိုအပ်ချက်အရ တပ်သားသစ်သင်တန်း (ပ-ပိုင်း)များကို လေ့ကျင့်ရေး သင်တန်းကျောင်းများနှင့် ရဲတပ်ရင်းအမှတ်(၄/၅/၁၂/၁၅)၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ (လားရှိုး)တို့တွင် ဖွင့်လှစ်ခဲ့ပြီး တပ်သားသစ်သင်တန်း(ဒု-ပိုင်း)များကို ၂၀၁၂ ခုနှစ် ဩဂုတ်လမှ စတင်၍ ဖွင့်လှစ်ရန်ဆောင်ရွက်လျက်ရှိပါသည်။

## ပြည်ပသင်တန်းများစေလွှတ်တက်ရောက်မှု

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား နိုင်ငံတကာ အတွေ့အကြုံများရရှိစေရန် အတွက် ပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ လေ့လာရေးခရီးများသို့ တပ်ဖွဲ့ဝင် ( ၃၅၂ )ဦးအား စေလွှတ်ခဲ့ပါသည်။

လေ့ကျင့်ရေးပိုင်းဆိုင်ရာအနေဖြင့် ၂၀၁၁ ခုနှစ်အတွင်း အောက်ဖော်ပြပါ အရင်းအမြစ်မွေးထုတ်ပေးမှုနှင့် လေ့ကျင့်ပေးမှုဆိုင်ရာသင်တန်း/ဆွေးနွေးပွဲများသို့ တပ်ဖွဲ့ဝင် (၅၀)ဦး စေလွှတ်ပေးနိုင်ခဲ့ပါသည်-

| စဉ် | သင်တန်းအမည် | ကာလ | | သွားရောက်သောနိုင်ငံ | ဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | မှ | ထိ | | | |
| ၁ | (၂၀)ကြိမ်မြောက် ပူးတွဲအာဆီယံ ရဲအရာရှိကြီးများသင်တန်းနှင့် ကွပ်ကဲရေး ထိန်းချုပ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ 20 th JASPOC ASEAN Senior Police Officer's Course and Command, Control and Coordination $C_3$ Workshop | ၁၃-၂-၁၁ | ၂၄-၂-၁၁ | ကမ္ဘောဒီးယား | ၂ | |
| ၂ | အသိဉာဏ်ပစ္စည်းဆိုင်ရာမှုခင်းညီလာခံ Intellectual Property Crime Conference. | ၁၇-၂-၁၁ | ၁၈-၂-၁၁ | ဩစတြေးလျ | ၁ | |
| ၃ | အာရှနှင့်အာဖရိကနိုင်ငံများအတွက် မှုခင်းနည်းပညာစုံစမ်းစစ်ဆေးရေးသင်တန်း Criminal Investigative Techniques Training Program For Asian and African Countries | ၁၂-၅-၁၁ | ၁-၆-၁၁ | တရုတ် | ၃ | |
| ၄ | မှုခင်းသိပ္ပံဆေးပညာဆွေးနွေးပွဲအစီအစဉ် Seminar Program on Forensic Science | ၁၉-၅-၁၁ | ၄-၆-၁၁ | ကိုရီးယား | ၁ | |
| ၅ | လိင်နှင့်လိင်ကိစ္စအပေါ် အခြေခံသည့် မှုခင်းများ အပေါ်ကုလသမဂ္ဂစံချိန် စံညွှန်းနှင့်အညီ ကာကွယ်ခြင်း စုံစမ်းစစ်ဆေးခြင်းဆိုင်ရာသင်ရိုးညွှန်းတမ်းသင်တန်း UN Police Standardized Training Curriculum on Preventing and Investigating Sexual and Gender-Based Crime. | ၂၀-၆-၁၁ | ၇-၇-၁၁ | ဖိလစ်ပိုင် | ၁ | |
| ၆ | မှုခင်းစုံစမ်းစစ်ဆေးရေးသင်တန်း Crime Investigation Technology | ၂၃-၆-၁၁ | ၇-၇-၁၁ | တရုတ် | ၁၀ | |
| ၇ | ကွန်ပျူတာမှုခင်းစုံစမ်းစစ်ဆေးခြင်း Cyber Crime Investigation | ၁၁-၇-၁၁ | ၂၉-၇-၁၁ | ကိုရီးယား | ၂ | |
| ၈ | ကွန်ပျူတာမှုခင်းအပေါ် တုံ့ပြန်မှုအဆင့် (၁) သင်တန်း Cyber Crime (Incident Response Course) Level -1 | ၁၁-၇-၁၁ | ၁၃-၇-၁၁ | အိန္ဒိယ | ၆ | |
| ၉ | တရုတ်ပြည်တွင်းဆာဗာလုံခြုံရေးဆောင်ရွက်မှု အစီအစဉ် Cyber Security Solution in China | ၁၁-၇-၁၁ | ၁၈-၇-၁၁ | တရုတ် | ၄ | |
| ၁၀ | ကွန်ပျူတာမှုခင်းသိပ္ပံအဆင့်မြင့်သင်တန်း Course on Advance Concepts in Cyber Crime Investigation and Cyber Forensics | ၈-၈-၁၁ | ၁၂-၈-၁၁ | အိန္ဒိယ | ၈ | |

| စဉ် | သင်တန်းအမည် | ကာလ | | သွားရောက်သောနိုင်ငံ | ဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | မှ | ထိ | | | |
| ၁၁ | အာဆီယံနိုင်ငံများဥပဒေစည်းကမ်းနှင့်အညီ ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆက်ဆံရေးအရာရှိသင်တန်း၊ ASEAN Law Enforcement Liaison Officers (ALELO) Program | ၃၀-၈-၁၁ | ၂၉-၈-၁၂ | တရုတ် | ၂ | |
| ၁၂ | (၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ရဲအရာရှိကြီးများ ကွပ်ကဲမှုသင်တန်း 37th International Senior Police Officers Command Course. | ၂၆-၉-၁၁ | ၂၂-၁၀-၁၁ | မလေးရှား | ၁ | |
| ၁၃ | ကွန်ပျူတာမှုခင်းစုံစမ်းစစ်ဆေးခြင်းသင်တန်း အဆင့်(၂) Investigation of Cyber Crime Level -2 | ၂၀-၁၁-၁၁ | ၂၅-၁၁-၁၁ | အိန္ဒိယ | ၈ | |
| ၁၄ | (၁၉)ကြိမ်မြောက်တောင်အာရှဒေသအတွင်း အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှု ဥပဒေရေးရာ ရက်တို ဆွေးနွေးပွဲ အစီအစဉ်၊ 19th South East Asia Tea ching Session on International Humanitarian Law Program | ၂၇-၁၁-၁၁ | ၅-၁၂-၁၁ | အိန္ဒိယ | ၁ | |

## ဘာသာရပ်ပို့ချရန် သင်ခန်းစာများပြုစုပေးခြင်း

ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု သင်တန်းများတွင်ပို့ချရန် “ နိုင်ငံတော်အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပွားချိန်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ လုပ်ငန်းတာဝန်များ ” ဘာသာရပ်အားပြုစုပေးပို့ခဲ့ပါသည်။

ဒေသဖွံ့ဖြိုးရေးအထူးမွမ်းမံသင်တန်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပို့ချပေးရမည့် “ ပြည်ပသို့တရားမဝင်သွား ရောက်သူများအား အရေးယူဆောင်ရွက်ခြင်း ” “ မူးယစ်ဆေးဝါးပပျောက်ရေး ” “ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူ လူထုပူးပေါင်းပါဝင်သောရဲလုပ်ငန်းစနစ် ” “ ရပ်ရွာအေးချမ်းသာယာရေး ” ဘာသာရပ်များအား ပြုစု၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပေးပို့ခဲ့ပါသည်။

## ပြိုင်ပွဲများကျင်းပခြင်း

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ကိုယ်ကာယကြံ့ခိုင်မှုနှင့် စိတ်ဓါတ်၊ စည်းကမ်း ကောင်းမွန်မှုရှိစေရန်အတွက် (၁၇)ကြိမ်မြောက် တောတွင်းခရီးကြမ်း(၅)မိုင် အပြေးတက်ပြိုင်ပွဲကို ၁၀-၁၂-၂၀၁၁ ရက်နေ့တွင် အမှတ်(၁၉) ရဲတပ်ရင်းတွင် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲဦးစီးအရာရှိချုပ် တက်ရောက်မိန့်ခွန်းပြောကြားဖွင့်လှစ် ပေးပြီး ပြိုင်ပွဲဝင်အသင်း(၄၂)သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ

ဆုရရှိသောအသင်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အမှတ်(၉)ရဲတပ်ရင်းအသင်း ပထမဆု

(ခ ) အမှတ်(၆)ရဲတပ်ရင်းအသင်း ဒုတိယဆု

(ဂ ) အမှတ်(၁၃)ရဲတပ်ရင်းအသင်း တတိယဆု

(ဃ) အမှတ်(၁၄)ရဲတပ်ရင်းအသင်း နှစ်သိမ့်ဆု

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ လက်နက်ကိုင်တွယ်မှုကျွမ်းကျင်စေရန်နှင့် ပစ်ခတ်မှုစွမ်းရည်ပြည့်ဝစေရန် ၂၀၁၁ ခုနှစ်၊ ရဲချုပ်တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲကို ၂၈-၁၂-၂၀၁၁ ရက်နေ့ တွင် ရှမ်းပြည်နယ်၊ တောင်လေးလုံး ရဲလေ့ကျင့်ရေး သင်တန်းကျောင်း စက်ပစ်ကွင်း၌ ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ်တက်ရောက်မိန့်ခွန်း ပြောကြား ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်အသင်း (၂၉)သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဆုရရှိသော အသင်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အသင်း တံခွန်စိုက်ဒိုင်းဆု

(ခ ) ဒုရဲအုပ်သိန်းသန်းစိုး အကောင်းဆုံးသေနတ်သမားဆု
(မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့)

**မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုဇာတ်လမ်းရိုက်ကူးထုတ်လွှင့်ခြင်း**

ပြည်သူများ မှုခင်းအသိပညာကြွယ်ဝစေရေးအတွက် (၄၇)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြု ဖြစ်ရပ်မှန် မှုခင်းဇာတ်လမ်း " အမှောင်ခွင်းမည့် အလင်းမြား " ကို ရိုက်ကူး၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့မှ ထုတ်လွှင့်ပြသခဲ့ပါသည်။

**နှစ်လည်မဂ္ဂဇင်းရိုက်နှိပ်ဖြန့်ဝေခြင်း**

တပ်ဖွဲ့ဝင်များ စိတ်ဓါတ်၊ စည်းကမ်းကောင်းမွန်စေရေးနှင့် ပြည်သူများမှုခင်း အသိပညာများ ရရှိစေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ၂၀၁၁ ခုနှစ်၊ နှစ်လည်မဂ္ဂဇင်းကို ၁-၁၀-၂၀၁၁ ရက်နေ့တွင် ရိုက်နှိပ်ဖြန့်ချိခဲ့ပါသည်။



မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ် ကျော်ကျော်ထွန်း ဒုတိယရဲအုပ်လောင်းသင်တန်းဆင်းပွဲတွင်
ထူးချွန်ဆုရသင်တန်းသား(၁)ဦးအား ဆုချီးမြှင့်စဉ်



မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒုတိယရဲချုပ် ရဲမှူးချုပ် ဇော်ဝင်း ဗဟိုလေ့ကျင့်ရေးကျောင်း
သင်တန်းသားအိပ်ဆောင်များအား ကြည့်ရှုစစ်ဆေးစဉ်



ရဲချုပ်ဒိုင်းသေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ်
ရဲချုပ် ကျော်ကျော်ထွန်းအား  ပြိုင်ပွဲဝင်အသင်းများမှ အလေးပြုစဉ်



(၁၇)ကြိမ်မြောက် တောတွင်းခရီးကြမ်း(၅)မိုင် အပြေးတက်ပြိုင်ပွဲ ပြိုင်ပွဲဝင်များ
ပန်းဝင်လာရာ ကြိုဆိုအားပေးသူ တပ်ဖွဲ့ဝင်မိသားစုများနှင့် အတူတွေ့ရစဉ်



ဒုရဲအုပ်လောင်းသင်တန်းသားများ မြန်မာ့ရိုးရာ သိုင်းပညာလေ့ကျင့်နေစဉ်



ရဲတပ်သားသစ်သင်တန်းသားများ တင်းပုတ်ဖြင့် ကြံ့ခိုင်ရေး လေ့ကျင့်နေစဉ်

## သက်သာချောင်ချိရေးဖြင့်တည်ဆောက်ခြင်း

### စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ခြင်း

#### စိုက်ပျိုးရေးလုပ်ငန်း

(က) **စပါးစိုက်ပျိုးရေး။** မိုးစပါးလျာထားဧက (၈၅၅၈. ၀၅)ဧကတွင် စိုက်ပြီးဧက (၈၀၈၆. ၈၀) ဧကရှိရာ ရိတ်သိမ်းဧက(၇၁၈၉. ၁၃)ဧကတွင် ထွက်ရှိတင်းပေါင်း(၂၇၀၈၂၉) တင်း ထွက်ရှိခဲ့ပါ သည်။

(ခ ) **ရာသီသီးနှံစိုက်ပျိုးရေး။** ပဲအမျိုးမျိုး( ၁၆၆. ၉၅)ဧက၊ ပြောင်း(၃၉. ၅၀)ဧက၊ ကြံ (၅၇၀. ၃၂)ဧက၊ နှမ်း(၃၅. ၇၀)ဧက၊ အခြားသီးနှံ (၉၉၄. ၈၅)ဧက၊ ချဉ်ပေါင် (၁၀၉၀၄၈၉)ပင်၊ မုံညင်း (၉၆၄၄၂)ပင်၊ ခရမ်း (၉၈၉၈၈၆)ပင်၊ ငရုတ် (၈၅၄၃၇၈)ပင်၊ ရုံးပတီ (၄၂၁၅၇၆)ပင်၊ အခြားသီးနှံ(၅၁၁၂၁၂၀)ပင်တို့ စိုက်ပျိုးထားရှိခဲ့ရာ စိုက်ဧက စုစုပေါင်း (၁၈၀၇. ၃၂) ဧကနှင့် အပင်ပေါင်း (၈၅၆၄၈၉၁)ပင် စိုက်ပျိုးထားပါသည်။

(ဂ ) **နှစ်ရှည်သီးနှံစိုက်ပျိုးရေး။** အုန်း(၂၅၄၃၂)ပင်၊ ငှက်ပျော (၁၆၂၁၇၈)ပင်၊ သရက် (၇၆၄၁၁)ပင်၊ သံပုရာ (၉၇၇၂၈)ပင်၊ ကော်ဖီ (၃၄၉၀)ပင်၊ မာလကာ(၁၇၂၀၁)ပင်၊ ပိန္နဲ (၁၆၇၆၄)ပင်၊ သီဟိုဠ် (၂၁၈၈၁)ပင်၊ လက်ဖက် (၁၁၂. ၂၅)ဧကနှင့် (၂၃၆၄၀)ပင်၊ ဒန့်သလွန် (၂၅၅၉၃)ပင်၊ သနပ်ခါး (၂၅၈၂၉၂)ပင်၊ သပြေ (၂၀၈၉၁)ပင်၊ အခြားနှစ်ရှည်သီးနှံ (၁၂၉၀၃၃၃) ပင် စိုက်ပျိုးထားရှိခဲ့ရာ စိုက်ဧက စုစုပေါင်း (၁၁၂. ၂၅)ဧကနှင့် အပင်ပေါင်း (၂၀၃၉၈၃၄)ပင် စိုက်ပျိုးထားပါသည်။

(ဃ) **စီးပွားဖြစ် သီးနှံစိုက်ပျိုးရေး။** စီးပွားဖြစ် သီးနှံများအနေဖြင့် ထန်းပင် (၃၅၆၄၀)ပင်၊ မန်ကျည်းပင်(၁၂၆၅၈၉)ပင်၊ သစ်ဆိမ့်ပင်(၅၆၁၂၆)ပင်၊ ဆီးပင်(၃၈၃၆၆)ပင်၊ တမာပင် (၂၁၇၈၆) ပင်၊ ဝါးပင် (၅၁၈၆၂)ပင်တို့ စိုက်ပျိုးထားရှိပါသည်။

(င ) **ရာဘာပင် စိုက်ပျိုးရေး။** ရာဘာစိုက်ပျိုးရေးအနေဖြင့် စိုက်ဧက (၁၇၁၀. ၀၅)ဧကတွင် အပင်ပေါင်း(၃၄၈၀၈၇)ပင် စိုက်ပျိုးထားပြီး ပျိုးပင် (၇၀၈၄၀)ပင် ပျိုးထောင်ထားရှိပါသည်။

(စ ) **ငရုတ်ကောင်း စိုက်ပျိုးရေး။** ငရုတ်ကောင်းစိုက်ပျိုးရေးအနေဖြင့် စိုက်ဧက (၂၁၀. ၄၅) ဧကတွင် အပင်ပေါင်း (၁၇၅၈၈၁)ပင် စိုက်ပျိုးထားပြီး ပျိုးပင် (၅၈၀၀)ပင် ပျိုးထောင် ထားရှိပါသည်။

(ဆ ) **ရတနာတန်းဝင်ပင်စိုက်ပျိုးရေး။** ကျွန်း (၄၆၁၇၂)ပင်၊ ပျဉ်းကတိုး(၈၅၉၀)ပင်၊ အင် (၂၀၃၂၅)ပင် စိုက်ပျိုးထားပါသည်။

(ဇ) **အရိပ်ရလေကာပင်စိုက်ပျိုးရေး။** ဗန်ဒါ (၁၆၉၆)ပင်၊ ပိတောက် (၈၃၂၀)ပင်၊ ကုက္ကိုလ် (၇၆၆၄)ပင်၊ မယ်ဇလီ (၂၆၉၈၀)ပင်၊ ပေါက်ပန်းဖြူ (၄၇၅၅)ပင်၊ ခရေ (၂၂၇၂)ပင်၊ စိန်ပန်း (၉၁၇၉)ပင်၊ ယူကလစ် (၈၀၉၆)ပင် စိုက်ပျိုးထားပါသည်။

(ဈ) **ကြက်ဆူပင် စိုက်ပျိုးရေး။** ကြက်ဆူပင်စိုက်ပျိုးရေးအနေဖြင့် ခြံစည်းရိုး ကြက်ဆူပင် စိုက်ပြီးဧက (၃၆၇၇. ၀၀)ဧကနှင့်အပင်ပေါင်း (၅၇၇၉၇၃၆)ပင်၊ မြေလွတ်မြေရိုင်း ကြက်ဆူပင် စိုက်ပြီးဧက (၁၉၉၈၉. ၉၅)ဧကနှင့်အပင်ပေါင်း (၂၂၆၂၃၂၆၁)ပင်၊ စုစုပေါင်း (၂၃၆၆၆. ၉၅)ဧကနှင့် အပင်ပေါင်း (၂၈၄၀၂၉၉၇)ပင် စိုက်ပျိုးထားပါသည်။

(ည) **ရဲချုပ်ရုံး၏ ပန်းအလှပင်၊ သီးပင်၊ စားပင် စိုက်ပျိုးရေး။**
**ပန်းအလှပင်** များအနေဖြင့် ခရာဝါအသေး(၂၀၀)ပင်၊ စိန်ပန်းသေး(၉၀)ပင်၊ စက္ကူပန်း (၂၄၀)ပင်၊ ရွက်လှ (၁၂၀၀)ပင်၊ မြေခွေးမြီး (၂၃)ပင်၊ ကွမ်းနီ (၈)ပင်၊ ဗိုလ်ကတော်မျက်ခုံး (၁၂၃၀၀၀)ပင်၊ မောနင်းကလိုရီ (၁၀၀)ပင်၊ နှင်းဆီပန်း(၁၀၀)ပင်၊ ရွှေဝါ (၅)ပင်၊ ကစ္စမီ (၂၄)ပင်၊ ဆိုဒ်ပရပ် (၃)ပင်၊ စက်ဘီးပူကွမ်း(၆၅)ပင်၊ ပုလဲသွယ် (၁၂၀၀၀)ပင် စိုက်ပျိုးထားပါသည်။ **နှစ်ရှည်ပင်**များအနေဖြင့် ကုက္ကိုလ်(၁၇၅)ပင်၊ ပိန္နဲ(၅၉)ပင်၊ တမာ(၁၇)ပင်၊ ခရေ(၁၀၅)ပင်၊ အုန်း(၅၈)ပင်၊ မဟော်ဂနီ(၃၃၃)ပင်၊ ပျဉ်းကတိုး(၃၂၈)ပင်၊ ကျွန်း(၄၈၆)ပင်၊ မယ်ဇလီ (၁၀၀)ပင် စိုက်ပျိုးထား ပါသည်။ **သီးပင်၊ စားပင်**များအနေဖြင့် စိန်တစ်လုံးသရက်(၁၀၇)ပင်၊ ဒညင်း(၃၅)ပင်၊ သဘော် (၁၂၀၀)ပင်၊ ကြောင်လျှာ(၄၀)ပင်၊ စပျစ်(၃၀၀၀)ပင် ၊ ငွေးတောက်(၆၀)ပင်၊ ပဲတိုင်ထောင် (၅၀၀)ပင်၊ ပေါက်ပန်းဖြူ (၆၀)ပင်၊ ဗူး (၃၀)စင်၊ ကင်ပွန်းချဉ် (၁၂၀)ပင်၊ နဂါးမောက် (၄၀၀၀)ပင် စိုက်ပျိုးထားပါသည်။

**မွေးမြူရေးလုပ်ငန်း**

(က) **တပ်ဖွဲ့ပိုင်မွေးမြူရေး။** တပ်ဖွဲ့ပိုင်မွေးမြူရေးအနေဖြင့် ငါး (၅၁၅၉၂၀၀) ကောင်၊ ပုစွန်ကန်ဧက(၁၄၇၇. ၅၈)ဧက၊ ကြက်/ဘဲ (၉၅၉၀၀)ကောင်၊ ဝက်(၄၆၉၈)ကောင်၊ ဆိတ်(၇၃၀၇)ကောင်နှင့် ကျွဲ/နွား (၁၄၅၄)ကောင် မွေးမြူထားပါသည်။

(ခ) **တစ်ပိုင်တစ်နိုင်မွေးမြူရေး။** တစ်ပိုင်တစ်နိုင်မွေးမြူရေးအနေဖြင့် ကြက်/ဘဲ(၁၃၇၀၁၆) ကောင်၊ ဝက်(၁၄၁၈၀)ကောင်၊ ဆိတ်(၂၅၄၄)ကောင်နှင့် ကျွဲ/နွား(၇၂၂)ကောင် မွေးမြူထားရှိပါသည်။

**သာရေး/နာရေး/လူမှုရေးရန်ပုံငွေဆောင်ရွက်မှု**

(က ) **စိုက်ပျိုးရေးလုပ်ငန်း။** စိုက်ပျိုးရေးလုပ်ငန်းများအနေဖြင့် စပါးစိုက်ပျိုးရေးလုပ်ငန်း၊ ရာဘာစိုက်ပျိုးရေးလုပ်ငန်း၊ ငရုတ်ကောင်း စိုက်ပျိုးရေးလုပ်ငန်း၊ လက်ဖက်စိုက်ပျိုးရေးလုပ်ငန်း၊ အခြားနှစ်ရှည်သီးနှံ စိုက်ပျိုးရေးလုပ်ငန်းများအတွက် မတည်ငွေ(၈၃၁. ၅၉)ကျပ်သန်း ရင်းနှီးခဲ့ရာ တစ်နှစ်ပတ်လုံးဝင်ငွေ(၁၀၉၈. ၇၆)ကျပ်သန်း ရရှိခဲ့ပါသည်။

(ခ ) **မွေးမြူရေးလုပ်ငန်း။** မွေးမြူရေးလုပ်ငန်းများအနေဖြင့် ငါးမွေးမြူရေး၊ ပုစွန်မွေးမြူရေး၊ ကြက်/ဘဲမွေးမြူရေး၊ ဝက်မွေးမြူရေး၊ ဆိတ်မွေးမြူရေး၊ ကျွဲ/နွားမွေးမြူရေးလုပ်ငန်းများအတွက် (၈၄၃. ၆၁)ကျပ်သန်း မတည်ရင်းနှီးခဲ့ရာ တစ်နှစ်ပတ်လုံးဝင်ငွေ (၁၇၉၇. ၇၅)ကျပ်သန်း ရရှိခဲ့ပါသည်။

(ဂ ) **ကုန်ထုတ်လုပ်ငန်း။** ကုန်ထုတ်လုပ်ငန်းများအနေဖြင့် အုတ်၊ သဲ၊ ကျောက်၊ ထုံး၊ ထင်း၊ မီးသွေး၊ ဝါး၊ ဓနိလုပ်ငန်းများ၊ ဖယောင်းတိုင်၊ အမွှေးတိုင် လုပ်ငန်းများ၊ အကျိုးတူလုပ်ငန်း၊ အခြေခံစားကုန်ဆိုင်ရောင်းချခြင်းလုပ်ငန်းများနှင့် အခြားကုန်ထုတ်လုပ်ငန်းများအတွက် (၃၇၈၀. ၂၉) ကျပ်သန်းမတည်ရင်းနှီးခဲ့ရာ တစ်နှစ်ပတ်လုံး ဝင်ငွေ (၇၂၁၉. ၄၀)ကျပ်သန်း ရရှိခဲ့ပါသည်။

(ဃ) **အရင်းမပျောက်မတည်ငွေ ထုတ်ပေးခြင်း။** မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်မှ တိုင်းဒေသကြီး၊ ပြည်နယ်/တပ်ရင်း/တပ်ဖွဲ့/သင်တန်းကျောင်းများနှင့် နေပြည်တော်ရဲစခန်းများသို့ အရင်းမပျောက်မတည်ငွေများအနေဖြင့် (၃၁၂. ၆၉) ကျပ်သန်း ထုတ်ပေးခဲ့ရာ (၁၆. ၆၂)ကျပ်သန်း ဝင်ငွေရရှိခဲ့ပါသည်။

**သာရေး/နာရေး/လူမှုရေးရန်ပုံငွေထောက်ပံ့မှု**

(က) **ရင်းနှီးမြှုပ်နှံမှု။** မြန်မာနိုင်ငံရဲတပ်ဖွဲ့တစ်ခုလုံး၏ ရင်းနှီးမြှုပ်နှံမှု အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | |
|---|---|---|
| (၁) | အရင်းမပျောက်မတည်ငွေပေါင်း | ၁၈၀. ၇၃ ကျပ်သန်း |
| (၂) | အတိုးမဲ့ချေးငွေပေါင်း | ၁၂၇. ၄၆ ကျပ်သန်း |
| (၃) | သက်သာသောအတိုးနှုန်းဖြင့်ချေးငွေပေါင်း | ၄. ၅၀ ကျပ်သန်း |
| (၄) | တပ်ဖွဲ့အားလုံး၏ ရင်နှီးမြှုပ်နှံငွေပေါင်း | ၅၅၅၁. ၂၅ ကျပ်သန်း |
| (၅) | တပ်ဖွဲ့အားလုံး၏ လက်ကျန်ငွေပေါင်း | ၃၀၁၀. ၈၄ ကျပ်သန်း |
| | **စုစုပေါင်း** | **၈၈၇၄. ၇၈ ကျပ်သန်း** |

(ခ ) **ထောက်ပံ့မှု။** မြန်မာနိုင်ငံရဲတပ်ဖွဲ့တစ်ခုလုံး၏ ထောက်ပံ့မှု အခြေအနေများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

| | | |
|---|---|---|
| (၁) | ငွေသားထောက်ပံ့မှု | ၄၄၄၄၃၁၀၀၂၀/- |
| (၂) | ပညာသင်စရိတ် | ၁၃၉၃၃၄၃၂၅/- |
| (၃) | ခရီးစရိတ် | ၁၅၇၆၂၁၉၇၆/- |
| (၄) | သင်တန်းစရိတ် | ၁၃၄၀၅၁၉၁၆/- |
| (၅) | ကျန်းမာရေးနှင့်သာ/နာရေးထောက်ပံ့မှု | ၇၀၀၅၂၀၉၉၉/- |
| (၆) | အခြေခံစားကုန်ထောက်ပံ့မှု | ၉၆၂၇၄၂၁၃၇/- |
| (၇) | အားကစားထောက်ပံ့မှု | ၁၆၀၈၃၇၉၇/- |
| | **စုစုပေါင်းထောက်ပံ့မှုပေါင်း** | **၆၅၅၄၆၆၅၁၇၀/-** |
| | **တပ်ဖွဲ့ဝင်ဦးရေ** | **၅၉၀၈၄ ဦး** |
| | **တစ်ဦးပျမ်းမျှလစဉ်ထောက်ပံ့မှု** | **၉၂၄၅/-** |

(ဂ) **တပ်ဖွဲ့ဝင်တစ်ဦးငွေ(၁၀၀၀၀/-)ထောက်ပံ့နိုင်မှုအခြေအနေတင်ပြခြင်း။** ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလတွင် တပ်ဖွဲ့ဝင်တစ်ဦး ငွေ(၁၀၀၀၀/-)ပြည့်မီအောင် ထောက်ပံ့နိုင်ရေး ညွှန်ကြားခဲ့ရာ တပ်ဖွဲ့(၃)ဖွဲ့၊ သင်တန်းကျောင်း(၁)ကျောင်း၊ ကွပ်ကဲမှုရုံး(၁)ရုံး၊ ရစကရုံး (၂)ရုံး၊ တိုင်းဒေသကြီး/ပြည်နယ်(၇)ရုံး၊ ခရိုင်ရုံး (၂၈)ရုံး၊ မြို့နယ်ရုံး (၁၁၄)ရုံး၊ မြို့နယ်ခွဲရုံး (၃၃)ရုံးတို့တွင် ငွေ(၁၀၀၀၀/-) ပြည့်မီအောင် ထောက်ပံ့နိုင်ပြီးဖြစ်ပါသည်။

(ဃ) **ရာ(၃)ရာပြည့်မီရေးဆောင်ရွက်မှု။** ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလအထိ ရာ(၃)ရာ ပြည့်မီအောင်ဆောင်ရွက်နိုင်သော တပ်ဖွဲ့များအနေဖြင့်တပ်ဖွဲ့(၂)ဖွဲ့၊ သင်တန်းကျောင်း (၁) ကျောင်း ၊ ရဲတပ်ရင်း(၁၀)ရင်း၊ တိုင်းဒေသကြီး/ပြည်နယ်ရုံး(၁၀)ရုံး၊ ခရိုင်ရုံး (၂၈)ရုံး၊ မြို့နယ်ရုံး(၁၀၀)ရုံး တို့ပြည့်မီစွာ ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါသည်။



ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ပိုင် ကြက်ခြံတွင် ဥစားကြက်များ မွေးမြူထားစဉ်



ကချင်ပြည်နယ်ရဲတပ်ဖွဲ့၊ မိသားစုပိုင် ဝက်များ မွေးမြူထားစဉ်



အမှတ်(၈) ရဲတပ်ရင်းမှ တပ်ဖွဲ့ဝင်များ တပ်ဖွဲ့ပိုင် နွေစပါးစိုက်ခင်းအား
စုပေါင်းရိတ်သိမ်းနေစဉ်



အမှတ်(၂) ရဲလေ့ကျင့်ရေးသင်တန်းကျောင်း တပ်ဖွဲ့ပိုင် နွားခြံအား တွေ့ရစဉ်

## အားကစားဆောင်ရွက်ချက်များ

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြုအားကစားအဖွဲ့များသည် ၂၀၁၁ ခုနှစ်အတွင်း ပြည်တွင်း/ပြည်ပ အားကစားပြိုင်ပွဲများအား ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အောက်ပါအတိုင်း ဆုတံဆိပ်များ အသီးသီး ရရှိခဲ့ပါသည်-

| စဉ် | ပြိုင်ပွဲအမျိုးအစား | [illegible] | | | [illegible] | | |
|---|---|---|---|---|---|---|---|
| | | ရွှေ | ငွေ | ကြေး | ရွှေ | ငွေ | ကြေး |
| ၁ | မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလားကျား/မ ဘောလီဘော်ပြိုင်ပွဲ | | | | | ၂ | |
| ၂ | (၁၀)ကြိမ်မြောက်အမျိုးသမီးအကြီးတန်း ဘော်လုံးပြိုင်ပွဲ | | | | | ၁ | |
| ၃ | အပြည်ပြည်ဆိုင်ရာလက်ဝှေ့ပြိုင်ပွဲ (ကျား၊ မ) | | | | ၁ | ၁ | ၁ |
| ၄ | စတုတ္ထအကြိမ်နေပြည်တော်ဝန်ကြီးဌာန ပေါင်းစုံ အမျိုးသမီးဘောလီဘောပြိုင်ပွဲ | | | | | ၁ | |
| ၅ | (၁၆)ကြိမ်မြောက်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ | | | | ၃ | ၂ | ၁ |
| ၆ | ၂၀၁၁ ခုနှစ်၊ အိုလံပစ်နေ့အထိမ်းအမှတ် သေနတ်ပစ်ပြိုင်ပွဲ | | | | | ၁ | |
| ၇ | (၅၉)ကြိမ်မြောက်၊ အမျိုးသားတံခွန်စိုက် (ဝန်ကြီးဌာနပေါင်းစုံ)ပြေးခုန်ပစ်ပြိုင်ပွဲ | | | | ၁၀ | ၇ | ၈ |
| ၈ | အဌမအကြိမ်၊ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ဖလားအမျိုးသားပတ်လည်အမှတ်ပေး ဟော်ကီပြိုင်ပွဲ | | | | | | ၁ |
| ၉ | (၄၂)ကြိမ်မြောက်၊ ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားတံခွန်စိုက်၊ အမျိုးသမီးဘတ် စကက် ဘောပြိုင်ပွဲ | | | | | | ၁ |
| ၁၀ | နဝမအကြိမ်မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလားမြန်မာ့သိုင်းပြိုင်ပွဲ | | | | ၅ | ၂ | ၇ |
| ၁၁ | ၂၀၁၁ ခုနှစ်၊ အိုလံပစ်နေ့အထိမ်းအမှတ် မြားပစ်ပြိုင်ပွဲ | | | | ၃ | | |
| ၁၂ | အဖွဲ့ချုပ်ဥက္ကဋ္ဌဖလားအမျိုးသားတံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲနှင့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ လူရွေးပွဲ | | | | | | ၆ |
| ၁၃ | ၂၀၁၁ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံစားပွဲတင် တင်းနစ်ပြိုင်ပွဲ | | | | ၂ | | ၄ |
| ၁၄ | (၄၄)ကြိမ်မြောက်၊ ဌာနပေါင်းစုံပြေးခုန်ပစ် ပြိုင်ပွဲ | | | | ၆ | ၆ | ၅ |
| ၁၅ | အဌမအကြိမ်၊ ဂျပန်သံအမတ်ကြီးဖလား | | | | ၃ | ၂ | ၅ |

| စဉ် | ပြိုင်ပွဲအမျိုးအစား | ပြည်ပပြိုင်ပွဲ | | | ပြည်တွင်းပြိုင်ပွဲ | | |
|---|---|---|---|---|---|---|---|
| | | ရွှေ | ငွေ | ကြေး | ရွှေ | ငွေ | ကြေး |
| ၁၆ | (၃၇)ကြိမ်မြောက်၊ ဝန်ကြီးဌာနပေါင်းစုံ၊ စစ်ဘုရင်ပြိုင်ပွဲ | | | | ၄ | | |
| ၁၇ | ၂၀၁၁ ခုနှစ်၊ ပထမအကြိမ်၊ ကမ္ဘာ့အဆင့် သတ်မှတ်ရေးအာရှပတ်လည်မြားပစ်ပြိုင်ပွဲ (ထိုင်းနိုင်ငံ) | | | ၁ | | | |
| ၁၈ | ထိုင်းနိုင်ငံတံခွန်စိုက်၊ ပြေးခုန်ပစ်ပြိုင်ပွဲ (ထိုင်းနိုင်ငံ) | | | ၁ | | | |
| ၁၉ | ၂၀၁၁ ခုနှစ်၊ ဒုတိယအကြိမ်၊ ကမ္ဘာ့အဆင့် သတ်မှတ်ရေးအာရှပတ်လည်မြားပစ်ပြိုင်ပွဲ (လာအိုနိုင်ငံ) | | ၁ | ၁ | | | |
| ၂၀ | ၂၀၁၁ ခုနှစ်၊ မဲခေါင်ဒေသနိုင်ငံများ ချစ်ကြည်ရေး အားကစားပြိုင်ပွဲ(ထိုင်းနိုင်ငံ) | | | | | | |
| | - ဘော်လီဘော | ၁ | | | | | |
| | - ပြေးခုန်ပစ် | ၂ | ၃ | ၂ | | | |
| ၂၁ | တတိယအကြိမ်၊ အရှေ့တောင်အာရှ ပန်ကြပ်ဆီလတ်ပြိုင်ပွဲ(မလေးရှားနိုင်ငံ) | ၁ | | | | | |
| ၂၂ | အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို အာဆီယံ စစ်ဘုရင်ပြိုင်ပွဲ(အင်ဒိုနီးရှားနိုင်ငံ) | | ၁ | | | | |
| ၂၃ | မလေးရှားတံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲ (မလေးရှားနိုင်ငံ) | ၁ | | | | | |
| ၂၄ | (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲ(အင်ဒိုနီးရှားနိုင်ငံ) | | | | | | |
| | - ပြေးခုန်ပစ် | | | | | | |
| | - မြားပစ် | | | ၁ | | | |
| | - ဘတ်စကက်ဘော | | ၁ | ၁ | | | |
| | - လက်ဝှေ့ | | | | | | |
| | - ကရာတေးဒို | | ၁ | ၁ | | | |
| | - တိုက်ကွမ်ဒို | | | | | | |
| | - ဂျူဒို | | | | | | |
| | - လက်သိုင်း | | ၁ | | | | |
| | - ပိုက်ကျော်ခြင်း | | | | | | |
| | - ဘော်လီဘော | ၂ | ၁ | ၂ | | | |
| | - ဖူဆယ်ဘောလုံး | | | ၁ | | | |
| | | | | ၁ | | | |



(၂၅)ကြိမ်မြောက် ရဲချုပ်တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဒိုင်းဆုရအသင်းအား ဆုချီးမြှင့်စဉ်



(၂၂)ကြိမ်မြောက် ရဲချုပ်တံခွန်စိုက်ဒိုင်း မြန်မာ့သိုင်း ကရာတေးဒို၊ တိုက်ကွမ်ဒိုပြိုင်ပွဲတွင် မြန်မာ့သိုင်း ယှဉ်ပြိုင်နေစဉ်

## အုပ်ချုပ်ရေးဖြင့် တည်ဆောက်ခြင်း

### အထက်အကြီးအကဲများ စစ်ဆေးခြင်း

အကြီးအကဲများ တပ်ရင်း၊ တပ်ဖွဲ့၊ ကျောင်း၊ ရုံး/ရဲစခန်းစစ်ဆေးမှုအခြေအနေမှာ နိုင်ငံတော်အကြီး အကဲများ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ရဲချုပ်၊ ဒုတိယရဲချုပ်၊ ရဲမှူးချုပ်များ၏ တိုင်းဒေသကြီး/ပြည်နယ်၊ တပ်ဖွဲ့၊ တပ်ရင်း၊ ကျောင်းများသို့ သွားရောက် စစ်ဆေးခဲ့သည့် ခရီးစဉ်မှတ်တမ်းပါ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ပြီး စီးမှုရှိ/မရှိ ကြပ်မတ်လျက် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေ များကို အောက်ပါအတိုင်း တင်ပြဆောင်ရွက်ခဲ့ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး သည် ၁၀-၆-၂၀၁၁ ရက်နေ့မှ ၁၁-၆-၂၀၁၁ ရက်နေ့အထိ ရန်ကုန်တိုင်းဒေသကြီး ခရီးစဉ်တွင် မင်္ဂလာဒုံ လေဆိပ်ရဲစခန်းအား ရောက်ရှိ စစ်ဆေး ညွှန်ကြားချက်များ အပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေ များအား ပြည်ထဲရေးဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးသို့ တင်ပြပြီး ဖြစ်ပါသည်။

(ခ ) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုသည် ၁၀-၄-၂၀၁၁ ရက်နေ့ တွင် ရန်ကုန်တိုင်းဒေသကြီးခရီးစဉ်တွင် ပြည်ထဲရေးဝန်ကြီး ရုံးဟောင်း(ရန်ကုန်)၊ ပဲခူးတိုင်းဒေသကြီး၊ တောကျွဲအင်းရဲစခန်း၊ ဖြူးရဲစခန်း၊ ဖြူးအမြန်လမ်းရဲစခန်း၊ အုတ်တွင်းရဲစခန်း၊ အုတ်တွင်းအမြန်လမ်း ရဲစခန်း၊ ၂၄-၄-၂၀၁၁ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ ၂၅-၄-၂၀၁၁ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ ထောက်ပံ့အကူတပ်ဖွဲ့ အခြေစိုက်အလုပ်ရုံ၊ အကောက်ခွန်ဂိုဒေါင်၊ ၂-၁၁-၂၀၁၁ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ လေဆိပ်ရဲစခန်း၊ ဆိပ်ကမ်းရဲစခန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ ကျိုက္ကဆံရဲရိပ်သာ၊ မာန်အောင် ရဲရိပ်သာနှင့် ၂၆-၁၁-၂၀၁၁ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ အောက်မြန်မာပြည် မှုခင်းတပ်ဖွဲ့မှူးရုံးသို့ ရောက်ရှိစစ်ဆေးညွှန်ကြားချက်များအပေါ် လိုက်နာ ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးရုံးသို့ တင်ပြပြီးဖြစ်ပါသည်။

(ဂ ) ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့် သည် ၂၀-၅-၂၀၁၁ ရက်နေ့တွင် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး၊ အကောက်ခွန်ဂိုဒေါင်၊ ပန်းဝါအိမ်ယာ၊ ပြည်ထဲရေးဝန်ကြီးရုံးဟောင်းနှင့် ၂၈-၁၀-၂၀၁၁ ရက်နေ့မှ ၂-၁၁-၂၀၁၁ ရက်နေ့အထိ ရှမ်းပြည်နယ်၊ မူဆယ်၊ ကျောက်မဲခရိုင်ရဲတပ်ဖွဲ့မှူးရုံးများသို့ ရောက်ရှိစစ်ဆေးညွှန်ကြားချက်များအပေါ် လိုက်နာ ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးသို့ တင်ပြပြီးဖြစ်ပါသည်။



ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို
အမှတ်(၁၇)ရဲတပ်ရင်း ဆောက်လုပ်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးစဉ်



ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို ရှမ်းပြည်နယ်ရဲတပ်ဖွဲ့၊
တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ် အမှတ်(၂) ရဲစခန်း ဗဟိုကင်း စစ်ဆေးနေစဉ်



ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဇံမြင့် မူဆယ်ရဲစခန်း
နေအိမ်လိုင်းခန်းများကြည့်ရှုစစ်ဆေးစဉ်



ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဇံမြင့် မူဆယ်သတင်းတပ်ဖွဲ့ရုံးအား
ကြည့်ရှု စစ်ဆေးစဉ်



မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ရဲချုပ် ကျော်ကျော်ထွန်း ကလောရဲစခန်း မိသားစု
နေအိမ်လိုင်းခန်းများအား စစ်ဆေးစဉ်



မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ရဲချုပ် ကျော်ကျော်ထွန်း အမှတ်(၃) ရဲတပ်ရင်း မိသားစု
နေအိမ်လိုင်းခန်းများအား စစ်ဆေးနေစဉ်



မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ရဲချုပ် ကျော်ကျော်ထွန်း  တောင်ငူခရိုင်အမှတ်(၃)ရဲစခန်း
အခင်းအကျင်းအား စစ်ဆေးနေစဉ်



မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒုတိယရဲချုပ် ရဲမှူးချုပ် ဇော်ဝင်း မွန်ပြည်နယ်၊ ကျိုက်ထိုရဲစခန်း
မိသားစုနေအိမ်လိုင်းခန်းများအား ကြည့်ရှုစစ်ဆေးစဉ်



ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် ခင်မောင်စီ အမှတ်(၂) ရဲလေ့ကျင့်ရေးသင်တန်းကျောင်းသို့
ရောက်ရှိ စစ်ဆေးစဉ်



ရဲရေးချုပ် ရဲမှူးချုပ် သိန်းတင့် အမှတ်(၁)ရဲတပ်ရင်း ပျိုးဥယျာဉ်အား ကြည့်ရှုစစ်ဆေးစဉ်



**ရဲထောက်ချုပ်၊ ရဲမှူးချုပ် ဝင်းစိုး ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး ဘေးပတ်လည် ဆောက်လုပ်ရေးလုပ်ငန်းခွင်များ၏ မြေတူးဆွမှုကြောင့် ရုံးပျက်စီးမှု အခြေအနေအား ကြည့်ရှုစစ်ဆေးစဉ်**

(ဃ) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ် ကျော်ကျော်ထွန်းသည် ၁၂-၄-၂၀၁၁ ရက်နေ့တွင် အမှတ်(၁)ရဲလေ့ကျင့် ရေးသင်တန်းကျောင်း(ရမည်းသင်း)၊ ၅-၅-၂၀၁၁ ရက်နေ့မှ ၉-၅-၂၀၁၁ ရက်နေ့အထိ ရဲဗဟို လေ့ကျင့်ရေးကျောင်း၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်၊ အမှတ်(၄) (၁၄)(၁၆)ရဲတပ်ရင်း၊ ၂၅-၅-၂၀၁၁ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ဘောနတ်ကြီးအမြန်လမ်း ရဲစခန်း၊ ၂၈-၅-၂၀၁၁ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးခရီးစဉ်တွင် ထောက်ပံ့ အကူတပ်ဖွဲ့၊ ပင်မအလုပ်ရုံ၊ ၄-၆-၂၀၁၁ ရက်နေ့တွင် အမှတ်(၃)(၅)ရဲတပ်ရင်း၊ ၂-၇-၂၀၁၁ ရက်နေ့တွင် ၉-၇-၂၀၁၁ ရက်နေ့အထိ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ၂၆-၇-၂၀၁၁ ရက်နေ့မှ ၃၁-၁၂-၂၀၁၁ ရက်နေ့အထိ ရန်ကုန်တိုင်းဒေသကြီး၊ မှုခင်းတပ်ဖွဲ့(အင်းစိန်)၊ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေး ရုံး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ၁၃-၁၀-၂၀၁၁ ရက်နေ့မှ ၁၄-၁၀-၂၀၁၁ ရက်နေ့အထိ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၅) ရဲတပ်ရင်း၊ ၁၅-၁၁-၂၀၁၁ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၇) ရဲတပ်ရင်း၊ ၁၁-၁၂-၂၀၁၁ ရက်နေ့တွင် ရှမ်းပြည်နယ်၊ ကျိုင်းတုံ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ ၂၆-၁၁-၂၀၁၁ ရက်နေ့တွင် ရဲဗဟိုလေ့ကျင့်ရေးကျောင်း၊ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့နှင့် တောင်လေးလုံး ရဲလေ့ကျင့်ရေးသင်တန်းကျောင်း တို့အား သွားရောက်စစ်ဆေးညွှန်ကြားချက်များ

အပေါ် လိုက်နာဆောင်ရွက် ပြီးစီးမှုအခြေအနေများအား တင်ပြဆောင်ရွက်ပြီး ဖြစ်ပါသည်။

(င) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒုတိယရဲချုပ် ရဲမှူးချုပ် ဇော်ဝင်းသည် ၂၃-၆-၂၀၁၁ ရက်နေ့တွင် မွန်ပြည်နယ်၊ ကရင်ပြည်နယ်ရဲတပ်ဖွဲ့၊ အမှတ်(၁၅)ရဲတပ်ရင်းနှင့် ရဲတပ်သားသစ်သင်တန်းသို့ ရောက်ရှိ စစ်ဆေးညွှန်ကြားချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေများအားတင်ပြ ဆောင်ရွက်ပြီးဖြစ်ပါသည်။

(စ) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် ခင်မောင်စိုးသည် ၂၉-၆-၂၀၁၁ ရက်နေ့တွင် နေပြည်တော်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် ၄-၉-၂၀၁၁ ရက်နေ့မှ ၁၃-၉-၂၀၁၁ ရက်နေ့အထိ ပဲခူးတိုင်း ဒေသကြီး၊ ပြည်ခရိုင်၊ သာယာဝတီခရိုင်နှင့် အမှတ်(၂)ရဲလေ့ကျင့်ရေးသင်တန်းကျောင်း၊ ဝက်ထီးကန်တို့သို့ ရောက်ရှိ စစ်ဆေးညွှန်ကြားချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေများအား တင်ပြဆောင်ရွက်ပြီး ဖြစ်ပါသည်။

(ဆ) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲထောက်ချုပ် ရဲမှူးချုပ် ဝင်းစိုးသည် ၂၁-၈-၂၀၁၁ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ ပေပင်လေးရဲစခန်းသို့ ရောက်ရှိ စစ်ဆေးညွှန်ကြားချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေများအား တင်ပြဆောင်ရွက်ပြီးဖြစ်ပါသည်။

**ပြည်နယ်/တိုင်း တပ်ဖွဲ့မှူးများ၏ ၂၀၁၁ ခုနှစ်အတွင်း ရုံး/ရဲစခန်း စစ်ဆေးမှု။** အောက်ပါအတိုင်း စစ်ဆေးဆောင်ရွက်ခဲ့ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် ရဲတပ်ဖွဲ့များ | စစ်ဆေးချက် | | | စစ်ဆေးမှုအမျိုးအစား | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | ရုံး | ရဲစခန်း | ပေါင်း | ရှောင် | သာ | တိ | |
| ၁ | ကချင်ပြည်နယ် | ၂၃ | ၅၁ | ၇၄ | - | ၁၁၁ | ၈၅ | |
| ၂ | ကယားပြည်နယ် | ၁၀ | ၁၄ | ၂၄ | - | ၅၉ | ၄၂ | |
| ၃ | ကရင်ပြည်နယ် | ၁၂ | ၃၂ | ၄၄ | - | ၁၆၁ | ၆၁ | |
| ၄ | ချင်းပြည်နယ် | ၁၂ | ၂၇ | ၃၉ | - | ၇၃ | ၄၈ | |
| ၅ | စစ်ကိုင်းတိုင်း | ၄၆ | ၁၂၄ | ၁၇၀ | - | ၁၇၅ | ၁၈၈ | |
| ၆ | တနင်္သာရီတိုင်း | ၁၄ | ၃၃ | ၄၇ | - | ၁၀၅ | ၈၆ | |
| ၇ | ပဲခူးတိုင်း | ၃၃ | ၉၇ | ၁၃၀ | - | ၁၂၁ | ၁၅၇ | |
| ၈ | မွန်ပြည်နယ် | ၁၃ | ၄၂ | ၅၅ | - | ၆၃ | ၆၄ | |
| ၉ | မကွေးတိုင်း | ၃၁ | ၁၀၆ | ၁၃၇ | - | ၁၄၆ | ၁၆၆ | |
| ၁၀ | မန္တလေးတိုင်း | ၄၀ | ၁၁၆ | ၁၅၆ | - | ၂၅၄ | ၁၉၇ | |
| ၁၁ | ရခိုင်ပြည်နယ် | ၂၂ | ၇၅ | ၉၇ | - | ၁၁၅ | ၁၀၁ | |
| ၁၂ | ရှမ်းပြည်နယ် | ၄၆ | ၁၂၂ | ၁၆၈ | - | ၂၅၆ | ၁၁၀ | |
| ၁၃ | ရန်ကုန်တိုင်း | ၅၀ | ၈၆ | ၁၃၆ | - | ၁၁၉ | ၁၄၀ | |
| ၁၄ | ဧရာဝတီတိုင်း | ၃၂ | ၁၁၇ | ၁၄၉ | - | ၂၂၅ | ၁၈၆ | |

## ပြည်သူလူထုပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း

ပြည်သူလူထုပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နယ်မြေရဲကင်းများသည် မူခင်းကျဆင်းရေးနှင့် ပညာပေးသတင်း ထုတ်ပြန်ရေးကော်မတီ၏ စီမံပံ့ပိုးမှုဖြင့် မှုခင်းကျဆင်းရေးလုပ်ငန်းစဉ်(၅) ရပ်၊ မှုခင်းကျဆင်းရေး သော့ချက်(၅)ချက်ဖြင့် Home Visit ခေါ် အိမ်တိုင်ရာရောက် ရဲလုပ်ငန်းစနစ်အား တွင်ကျယ်စွာ ကျင့်သုံးလျက် ရပ်ရွာအေး ချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှောင်ခိုမရှိစေရေး၊ ချဲထီ၊ နှစ်လုံးထီအပါအဝင် လောင်းကစားမှုများ မရှိစေရေး၊ သတ်မှတ်နေရာများ၌သာ လောင်စာဆီရောင်းချရေး၊ နယ်မြေ အတွင်း မီးလောင်ဆုံးရှုံးမှုမရှိစေရေး၊ မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ယူရောင်းချသုံးစွဲမှု မရှိစေရေး တာဝန်ရှိသူ အဆင့်ဆင့်မှ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အကြီးအကဲ များ၏ ဦးဆောင်မှုဖြင့် ပုံရိပ်စီမံချက် ဆောင်ရွက်မှုများ ချပြရှင်းလင်းခြင်း၊ မှုခင်းကင်းလွတ်နယ်မြေ Crime Free Zone ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် နယ်မြေရဲကင်းပေါင်း (၇၇၆၉)ခု ဖွင့်လှစ်၍ ပြည်သူ့ဘဝလုံခြုံရေး၊ လယ်ယာမြေလုပ်ငန်းခွင် လုံခြုံရေး၊ မှုခင်းကျဆင်းရေးလုပ်ငန်းနှင့် တပ်တွင်း/တပ်ပြင်စည်းရုံးရေး လုပ်ငန်းများကို အောက်ပါ အတိုင်း တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်-

| **စဉ်** | **တိုင်းဒေသကြီး/ပြည်နယ်** | **ရဲကင်း** |
|---|---|---|
| (၁) | ကချင်ပြည်နယ် | ၃၀ |
| (၂) | ကယားပြည်နယ် | ၄ |
| (၃) | ကရင်ပြည်နယ် | ၂၄ |
| (၄) | ချင်းပြည်နယ် | ၈ |
| (၅) | မွန်ပြည်နယ် | ၄ |
| (၆) | ရခိုင်ပြည်နယ် | ၂၆ |
| (၇) | ရှမ်းပြည်နယ် | ၅၃ |
| (၈) | စစ်ကိုင်းတိုင်း | ၁၈၄ |
| (၉) | တနင်္သာရီတိုင်း | ၁၁ |
| (၁၀) | ပဲခူးတိုင်း | ၇၇ |
| (၁၁) | မကွေးတိုင်း | ၄၄ |
| (၁၂) | မန္တလေးတိုင်း | ၈၁ |
| (၁၃) | ရန်ကုန်တိုင်း | ၂၁၃ |
| (၁၄) | ဧရာဝတီတိုင်း | ၁၇ |
| | **စုစုပေါင်း** | **၇၇၆၉** |



ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ  တပ်ဖွဲ့ဝင်တစ်ဦး မှုခင်းကျဆင်းရေး ပညာပေးဟောပြောစဉ်



ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ လုံခြုံရေးဆောင်ရွက်စဉ်

**ပြည်သူလူထု အမှန်တကယ်အသိအမှတ်ပြုသော ရဲအစစ်ဖြစ်ရေးဆောင်ရွက်ခြင်း**

ပြည်သူလူထု အမှန်တကယ်အသိအမှတ်ပြုသော ရဲအစစ်ဖြစ်ရေးအတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရန် ရည်မှန်းချက်တာဝန်တွင် ဖော်ပြပါရှိပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့လုပ်ငန်းတာဝန်တစ်ခုအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် နိုင်ငံတော်စီမံကိန်းဝင်လုပ်ငန်းကြီးများတွင်လည်းကောင်း၊ အများနှင့်သက်ဆိုင်သော ပညာရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပြီး အခါကြီးရက်ကြီးရက်များတွင် အထိမ်းအမှတ် ကြိုဆိုဂုဏ်ပြုခြင်းအဖြစ် လုပ်အားပေးပွဲများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ အခြားဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများ ပြည်သူလူထုများနှင့်ပေါင်းစပ်၍ အားကစားလှုပ်ရှားမှု ပြိုင်ပွဲများကျင်းပပြုလုပ်ခြင်းတို့ဆောင်ရွက်လျက်ရှိပါသည်။

**ဖွဲ့စည်းရေးဆိုင်ရာ ဆောင်ရွက်ချက်များ**

၁။ **အထူးခရိုင်ရဲတပ်ဖွဲ့မှူးရုံးဖွဲ့စည်းခြင်း**

- ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင်ကျင်းပသော အစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၄၈/၂၀၁၀)၏ ခွင့်ပြုချက်အရ ကရင်ပြည်နယ်၊ ဖာပွန်ခရိုင်တွင် ဖာပွန်အထူးခရိုင်ရဲတပ်ဖွဲ့မှူးရုံး ၁ ရုံး (တစ်မြို့နယ်တစ်ခရိုင်) အသစ်တိုးချဲ့ဖွဲ့စည်းခြင်းအား ၁၀-၁-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁၀၀၁( ၃ )/၅၀၁/ ဦး ၅ ဖြင့် ဖွဲ့စည်းမိန့်ထုတ်ပြန် ထားပါသည်။

၂။ **တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးများ ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်း၊ ပယ်ဖျက်ခြင်း**

(က) ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင်ကျင်းပသော အစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၂၂/၂၀၁၁)၏ ခွင့်ပြုချက်အရ တွဲဘက်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) များအားပြင်ဆင် ခြင်းနှင့် ပြောင်းလဲခေါ်ဝေါ်ခြင်း၊ ဒုတိယရဲမှူးကြီး ၂ ဦးအား ထပ်မံတိုးချဲ့ခန့်ထားခွင့်ပြုခြင်းအား ၂၈-၁၀-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁၀၀၁( ၅၇ )/၅၀၁/ ဦး ၅ ဖြင့် ဖွဲ့စည်းမိန့်ထုတ်ပြန်ထားပါသည်။

(ခ) ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင်ကျင်းပသော အစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၂၂/၂၀၁၁)၏ ခွင့်ပြုချက်အရ တွဲဘက်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ ပဲခူးတိုင်း(အနောက်ပိုင်း)အား ပယ်ဖျက်ခွင့်ပြုခြင်းအား ၂၈-၁၀-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁၀၀၁( ၅၆ )/၅၀၁/ ဦး ၅ ဖြင့် ဖွဲ့စည်းမိန့်ထုတ်ပြန်ထားပါသည်။

(ဂ) ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင်ကျင်းပသော အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂၂/၂၀၁၁)၏ ခွင့်ပြုချက်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိ (ခ)အဆင့်ခရိုင်ရဲတပ်ဖွဲ့မှူး(ရဲမှူး)နေရာများတွင် ဒုတိယရဲမှူးကြီး အဆင့် တိုးမြှင့် ခန့်ထားခွင့်ပြုခြင်းအား ၂၈-၁၀-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁၀၀၁ ( ၅၅ )/၅၀၁/ ဦး ၅ ဖြင့် ဖွဲ့စည်းမိန့်ထုတ်ပြန်ထားပါသည်။

(ဃ) ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင်ကျင်းပသော အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၃၃/၂၀၁၁)၏ ခွင့်ပြုချက်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးများတွင် ဦးစီး(ပ)(ဦး၊ ရေး၊ ထောက်) ဒုတိယရဲမှူးကြီး ၁ ဦးစီ ဖြည့်စွက် ဖွဲ့စည်းခြင်းအား ၂၇-၁၂-၂၀၁၁ ရက်စွဲ ပါစာအမှတ်၊ ၁၀၀၁( ၅ )/၅၀၁/ ဦး ၅ ဖြင့် ဖွဲ့စည်းမိန့်ထုတ်ပြန် ထားပါသည်။

၃။ **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများတွင် လုံခြုံရေးအဖွဲ့များ အသစ်တိုးချဲ့ခြင်း၊ ရဲစခန်းများ အဆင့်တိုးမြှင့်ခြင်း**

(က) ၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့တွင်ကျင်းပသော အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၃၄/၂၀၁၀)၏ ခွင့်ပြုချက်အရ ရှမ်းပြည်နယ်၊ လားရှိုးခရိုင်အတွင်းရှိ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းမှ ပန်ဆန်း(ပန်ခမ်း)နှင့် မိုင်းမော(ဂ)အဆင့်ရဲစခန်းများအား (က)အဆင့်သို့ အဆင့်တိုးမြှင့် ဖွဲ့စည်းခြင်းအား ၁၀-၁-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁၀၀၁( ၄ )/၅၀၁/ ဦး ၅ ဖြင့် ဖွဲ့စည်းမိန့်ထုတ်ပြန်ထားပါသည်။

(ခ) ၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့တွင်ကျင်းပသော အစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၃၄/၂၀၁၀)၏ ခွင့်ပြုချက်အရ ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပလောင်ဒေသမှ **နမ့်ဆန်မြို့နယ်၊ နမ့်ဆန်(ဂ)အဆင့်ရဲစခန်းအား (က)အဆင့်သို့ အဆင့်တိုးမြှင့် ဖွဲ့စည်းခြင်းအား** ၁၀-၁-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁၀၀၁( ၅ )/၅၀၁/ ဦး ၅ ဖြင့် ဖွဲ့စည်းမိန့် ထုတ်ပြန်ထားပါသည်။

၄။ ၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့တွင်ကျင်းပသော အစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၃၆/၂၀၁၀)၏ ခွင့်ပြုချက်အရ ရှမ်းပြည်နယ်၊ ကွမ်းလုံခရိုင်အတွင်းရှိ “ဝ”ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းမှ ဟိုပန်မြို့နယ်၊ ဟိုပန် (ဂ)အဆင့်ရဲစခန်းအား (က)အဆင့်သို့ အဆင့်တိုးမြှင့် ဖွဲ့စည်းခြင်းအား ၁၀-၁-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁၀၀၁( ၆ )/၅၀၁/ ဦး ၅ ဖြင့် ဖွဲ့စည်းမိန့် ထုတ်ပြန်ထားပါသည်။

၅။ ၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့တွင်ကျင်းပသော အစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၃၄/၂၀၁၀)၏ ခွင့်ပြုချက်အရ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်အတွင်းရှိ ပအိုဝ်း

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ဟိုပုံးမြို့နယ်၊ ဟိုပုံး(ဂ) အဆင့်ရဲစခန်းအား (က)အဆင့်သို့ အဆင့်တိုးမြှင့် ဖွဲ့စည်းခြင်းအား ၁၀-၁-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁၀၀၁( ၇ )/၅၀၁/ ဦး ၅ ဖြင့် ဖွဲ့စည်းမိန့် ထုတ်ပြန်ထားပါသည်။

၆။ ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင်ကျင်းပသော အစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၄၈/၂၀၁၀)၏ ခွင့်ပြုချက်အရ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နာဂဒေသမှ လဟယ်မြို့နယ်၊ လဟယ် (ဂ)အဆင့်ရဲစခန်းအား (က) အဆင့်သို့ အဆင့်တိုးမြှင့် ဖွဲ့စည်းခြင်းအား ၁၀-၁-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁၀၀၁( ၈ ) /၅၀၁/ ဦး ၅ ဖြင့် ဖွဲ့စည်းမိန့် ထုတ်ပြန်ထားပါသည်။

၇။ ၂၀၁၁ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင်ကျင်းပသော အစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၁၂/၂၀၁၁)၏ ခွင့်ပြုချက်အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများရှိသည့် တိုင်းဒေသကြီး/ ပြည်နယ်များဖြစ်သော စစ်ကိုင်းတိုင်း ဒေသကြီးရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် လုံခြုံရေးတပ်ဖွဲ့ ၁ ဖွဲ့၊ ရှမ်းပြည်နယ်ရှိ ပအိုဝ်းကိုယ် ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် လုံခြုံရေးတပ်ဖွဲ့ ၁ ဖွဲ့၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လုံခြုံရေးတပ်ဖွဲ့ ၁ ဖွဲ့၊ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ ၁ ဖွဲ့၊ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လုံခြုံရေးတပ်ဖွဲ့ ၁ ဖွဲ့၊ ပလောင် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတွင် လုံခြုံရေးတပ်ဖွဲ့ ၁ ဖွဲ့များအား အကူတပ်ဆွယ်များတွင် အင်အား ထပ်မံတိုးချဲ့ဖွဲ့စည်းခြင်းနှင့် အသစ်တိုးချဲ့ဖွဲ့စည်းခြင်းအား ၂၀-၅-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁၀၀၁ ( ၂၁ )/၅၀၁/ ဦး ၅ ဖြင့် ဖွဲ့စည်းမိန့် ထုတ်ပြန်ထားပါသည်။

## ၈။ ပြည်နယ်မြို့တော်ရုံးစိုက်ရာနေရာတွင် ရဲစခန်းများ အဆင့်တိုးမြှင့်ဖွဲ့စည်းခြင်း

(က) ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင်ကျင်းပသော အစိုးရအဖွဲ့အစည်း အဝေး အမှတ်စဉ် (၄၈/၂၀၁၀)၏ ခွင့်ပြုချက်အရ ကယားပြည်နယ်မြို့တော် ရုံးစိုက်ရာ လွိုင်ကော်ခရိုင်၊ လွိုင်ကော်မြို့နယ်၊ လွိုင်ကော်မြို့ရှိ (ခ)အဆင့် ရဲစခန်းအား (က)အဆင့်သို့ အဆင့်တိုးမြှင့် ဖွဲ့စည်းခြင်းအား ၁၀-၁-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁၀၀၁( ၉ )/၅၀၁/ ဦး ၅ဖြင့် ဖွဲ့စည်းမိန့်ထုတ်ပြန် ထားပါသည်။

(ခ) ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင်ကျင်းပသော အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၄၈/၂၀၁၀)၏ ခွင့်ပြုချက်အရ ချင်းပြည်နယ်မြို့တော် ရုံးစိုက်ရာ ဖလမ်းခရိုင်၊ ဟားခါးမြို့နယ်၊ ဟားခါးမြို့ရှိ(ခ) အဆင့် ရဲစခန်းအား (က)အဆင့်သို့ အဆင့်တိုးမြှင့်ဖွဲ့စည်းခြင်းအား ၁၀-၁-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁၀၀၁( ၁၀ )/၅၀၁/ ဦး ၅ ဖြင့် ဖွဲ့စည်းမိန့်ထုတ်ပြန်ထားပါသည်။

## ၉။ မြို့နယ်ခွဲရဲစခန်းများ အသစ်တိုးချဲ့ခြင်း၊ အဆင့်တိုးမြှင့်ခြင်း

(က) ၂၀၁၀ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင်ကျင်းပသော အစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၃၃/၂၀၁၀)၏ ခွင့်ပြုချက်အရ ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ ချီဖွေမြို့နယ်အတွင်း အသစ်ဖွင့်လှစ်သည့် ပန်ဝါမြို့နယ်ခွဲတွင် ပန်ဝါ (က)အဆင့်ရဲစခန်းအသစ် တိုးချဲ့ဖွဲ့စည်းခြင်းအား ၁၀-၁-၂၀၁၁ ရက်စွဲပါ စာအမှတ်၊ ၁၀၀၁( ၁၁ )/၅၀၁/ ဦး ၅ ဖြင့် ဖွဲ့စည်းမိန့်ထုတ်ပြန်ထားပါသည်။

(ခ) ၂၀၁၀ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင်ကျင်းပသော အစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၃၃/၂၀၁၀)၏ ခွင့်ပြုချက်အရ ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ ဝိုင်းမော်မြို့နယ်အတွင်း အသစ်ဖွင့်လှစ်သည့် ကန်ပိုက်တီမြို့နယ်ခွဲတွင် ကန်ပိုက်တီ (က)အဆင့်ရဲစခန်းအသစ် တိုးချဲ့ဖွဲ့စည်းခြင်းအား ၁၀-၁-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁၀၀၁( ၁၂ )/၅၀၁/ ဦး ၅ ဖြင့် ဖွဲ့စည်းမိန့်ထုတ်ပြန် ထားပါသည်။

(ဂ) ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင်ကျင်းပသော အစိုးရအဖွဲ့အစည်း အဝေး အမှတ်စဉ် (၇/၂၀၁၀)၏ ခွင့်ပြုချက်အရ ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့နယ်အတွင်း အသစ်ဖွင့်လှစ်သည့် ဝေါလေ မြို့နယ်ခွဲတွင် ဝေါလေ (က)အဆင့်ရဲစခန်းအသစ် တိုးချဲ့ဖွဲ့စည်းခြင်းအား ၆-၄-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁၀၀၁( ၅၆ )/၅၀၁/ ဦး ၅ ဖြင့် ဖွဲ့စည်းမိန့်ထုတ်ပြန်ထားပါသည်။

(ဃ) ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင်ကျင်းပသော အစိုးရအဖွဲ့အစည်း အဝေး အမှတ်စဉ် (၇/၂၀၁၀)၏ ခွင့်ပြုချက်အရ ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ လှိုင်းဘွဲ့မြို့နယ်အတွင်း အသစ်ဖွင့်လှစ်သည့် ရှမ်းရွာသစ် မြို့နယ်ခွဲတွင် ရှမ်းရွာသစ် (င)အဆင့်ရဲစခန်းအား (က)အဆင့်သို့ အဆင့်တိုးမြှင့် ဖွဲ့စည်း ခြင်းအား ၆-၄-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁၀၀၁( ၅၆ )/၅၀၁/ ဦး ၅ဖြင့် ဖွဲ့စည်းမိန့်ထုတ်ပြန်ထားပါသည်။

(င) ၂၀၁၀ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင်ကျင်းပသော အစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၃၃/၂၀၁၀)၏ ခွင့်ပြုချက်အရ ရှမ်းပြည်နယ်၊ မူဆယ်ခရိုင်၊ မူဆယ်မြို့နယ်အတွင်းအသစ်ဖွင့်လှစ်သည့် ပန်ဆိုင်း(ကြူကုတ်) မြို့နယ်ခွဲတွင် ပန်ဆိုင်း(ကြူကုတ်) (ဃ)အဆင့်ရဲစခန်း အား(က)အဆင့်သို့ တိုးမြှင့်ဖွဲ့စည်းခြင်း အား ၁၀-၁-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁၀၀၁( ၁၃ )/၅၀၁/ ဦး ၅ ဖြင့် ဖွဲ့စည်း မိန့်ထုတ်ပြန်ထားပါသည်။

(စ) ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင်ကျင်းပသော အစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၄၇/၂၀၁၀)၏ ခွင့်ပြုချက်အရ ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ ကွန်ဟိန်းမြို့နယ်အတွင်း အသစ်ဖွင့်လှစ်သည့် ကာလိ မြို့နယ်ခွဲတွင် ကာလိ

(က)အဆင့်ရဲစခန်းအသစ် တိုးချဲ့ဖွဲ့စည်းခြင်းအား ၁၀-၁-၂၀၁၁ ရက်စွဲပါ စာအမှတ်၊ ၁၀၀၁( ၁၄ )/၅၀၁/ ဦး ၅ ဖြင့် ဖွဲ့စည်းမိန့်ထုတ်ပြန်ထားပါသည်။

(ဆ) ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင်ကျင်းပသော အစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၄၇/၂၀၁၀)၏ ခွင့်ပြုချက်အရ ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်အတွင်း အသစ်ဖွင့်လှစ်သည့် ခိုလန်မြို့နယ်ခွဲတွင် ခိုလန်(င) အဆင့်ရဲစခန်းအား (က)အဆင့်သို့ တိုးမြှင့်ဖွဲ့စည်းခြင်းအား ၁၀-၁-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁၀၀၁( ၁၅ )/၅၀၁/ ဦး ၅ ဖြင့် ဖွဲ့စည်းမိန့်ထုတ်ပြန် ထားပါသည်။

(ဇ ) ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင်ကျင်းပသော အစိုးရအဖွဲ့အစည်း အဝေး အမှတ်စဉ် (၄၈/၂၀၁၀)၏ ခွင့်ပြုချက်အရ ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ မိုင်းရှူးမြို့နယ်အတွင်း အသစ်ဖွင့်လှစ်သည့် မိုင်းစံ(မုန်းဆန်း) မြို့နယ်ခွဲတွင် မိုင်းစံ(မုန်းဆန်း)(က)အဆင့်ရဲစခန်းအသစ် တိုးချဲ့ဖွဲ့စည်းခြင်းအား ၁၀-၁-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁၀၀၁( ၁၆ )/၅၀၁/ ဦး ၅ ဖြင့် ဖွဲ့စည်းမိန့်ထုတ်ပြန် ထားပါသည်။

(ဈ ) ၂၀၁၁ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၁၇ ရက်နေ့တွင်ကျင်းပသော အစိုးရအဖွဲ့အစည်း အဝေး အမှတ်စဉ် (၇/၂၀၁၀)၏ ခွင့်ပြုချက်အရ ရှမ်းပြည်နယ်၊ လောက်ကိုင် ခရိုင်၊ ကုန်းကြမ်းမြို့နယ်အတွင်း အသစ်ဖွင့်လှစ်သည့် မော်ထိုက် မြို့နယ်ခွဲတွင် မော်ထိုက်(ဃ)အဆင့် ရဲစခန်းအား (က)အဆင့်သို့ အဆင့်တိုးမြှင့်ဖွဲ့စည်းခြင်း အား ၆-၄-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁၀၀၁( ၅၆ )/၅၀၁/ ဦး ၅ ဖြင့် ဖွဲ့စည်း မိန့်ထုတ်ပြန်ထားပါသည်။

(ည) ၂၀၁၁ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၁၇ ရက်နေ့တွင်ကျင်းပသော အစိုးရအဖွဲ့အစည်း အဝေး အမှတ်စဉ် (၇/၂၀၁၀)၏ ခွင့်ပြုချက်အရ ရှမ်းပြည်နယ်၊ လားရှိုးခရိုင်၊ ပန်ဆန်း(ပန်ခမ်း)မြို့နယ်အတွင်း အသစ်ဖွင့်လှစ်သည့် မန်ကန် မြို့နယ်ခွဲတွင် မန်ကန်(က)အဆင့်ရဲစခန်းအသစ် တိုးချဲ့ ဖွဲ့စည်းခြင်းအား ၆-၄-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁၀၀၁( ၅၆ )/၅၀၁/ ဦး ၅ ဖြင့် ဖွဲ့စည်းမိန့်ထုတ်ပြန် ထားပါသည်။

(ဋ ) ၂၀၁၁ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၁၇ ရက်နေ့တွင်ကျင်းပသော အစိုးရအဖွဲ့အစည်း အဝေး အမှတ်စဉ် (၇/၂၀၁၀)၏ ခွင့်ပြုချက်အရ ရှမ်းပြည်နယ်၊ ကွမ်းလုံခရိုင်၊ ဟိုပန်မြို့နယ်အတွင်း အသစ်ဖွင့်လှစ်သည့် ပန်လုံမြို့နယ်ခွဲတွင် ပန်လုံ(ဃ)အဆင့် ရဲစခန်းအား (က)အဆင့်သို့ အဆင့်တိုးမြှင့်ဖွဲ့စည်းခြင်းအား ၆-၄-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁၀၀၁( ၅၆ )/၅၀၁/ ဦး ၅ ဖြင့် ဖွဲ့စည်းမိန့်ထုတ် ပြန်ထား ပါသည်။

## ၁၀။ ရဲစခန်းများ အသစ်တိုးချဲ့ခြင်း၊ အဆင့်တိုးမြှင့်ခြင်း

(က) ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင်ကျင်းပသော အစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၄၈/၂၀၁၀)၏ ခွင့်ပြုချက်အရ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ညောင်လေးပင်မြို့နယ်၊ ညောင်လေးပင် (ခ)အဆင့် ရဲစခန်းအား (က)အဆင့် သို့ တိုးမြှင့်ဖွဲ့စည်းခြင်းအား ၁၀-၁-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁၀၀၁( ၁၇ )/၅၀၁/ ဦး ၅ ဖြင့် ဖွဲ့စည်းမိန့်ထုတ်ပြန်ထားပါသည်။

(ခ ) ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင်ကျင်းပသော အစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၉/၂၀၁၁)၏ ခွင့်ပြုချက်အရ ရခိုင်ပြည်နယ်အတွင်း (င)အဆင့်ရဲစခန်းများဖြစ်သည့် သံတွဲမြို့နယ်မှ ဂျိတ်တော၊ ရွှေလေ့၊ တောင်ကုတ် မြို့နယ်မှ ရွာမနှင့် မာန်အောင်မြို့နယ်မှ ဆားချက်ရဲစခန်းများအား (ဃ)အဆင့် ရဲစခန်းသို့လည်းကောင်း၊ ရမ်းဗြဲမြို့နယ်မှ အောင်လှပြင်ကျေးရွာတွင် (င)အဆင့် ရဲစခန်းအသစ် ၁ ခုကိုလည်းကောင်း၊ အဆင့်တိုး မြှင့်/ အသစ်တိုးချဲ့ ဖွဲ့စည်းခြင်း အား ၁၀-၁-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁၀၀၁( ၁၈ )/၅၀၁/ ဦး ၅ ဖြင့် ဖွဲ့စည်းမိန့်ထုတ်ပြန်ထားပါသည်။

(ဂ ) ၂၀၁၁ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင်ကျင်းပသော အစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၉/၂၀၁၀)၏ ခွင့်ပြုချက်အရ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ် ခရိုင်၊ ထားဝယ်အထူးစီးပွားရေးဇုံတွင် (က)အဆင့် ရဲစခန်းအသစ် တိုးချဲ့ဖွဲ့စည်း ခြင်း၊ ထီးခီး (မီးသတ်စခန်း) တွင် (ဃ)အဆင့်ရဲစခန်း အသစ်တိုးချဲ့ ဖွဲ့စည်းခြင်း၊ ဆင်ဖြူတိုင်တွင် (ဃ)အဆင့်ရဲစခန်းအသစ်တိုးချဲ့ဖွဲ့စည်းခြင်း၊ အိုင်ဝိုင်းတွင် (င)အဆင့်ရဲစခန်း အသစ် တိုးချဲ့ ဖွဲ့စည်းခြင်းအား ၆-၄-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁၀၀၁( ၅၈ ) /၅၀၁/ ဦး ၅ ဖြင့် ဖွဲ့စည်းမိန့် ထုတ်ပြန်ထားပါသည်။

(ဃ) ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင်ကျင်းပသော အစိုးရအဖွဲ့အစည်း အဝေး အမှတ်စဉ် (၂၂/၂၀၁၁)၏ ခွင့်ပြုချက်အရ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်ရှိ (ဃ)အဆင့်ရဲစခန်း (၁၁)ခုအား (က)အဆင့်သို့ တိုးမြှင့် ဖွဲ့စည်းခြင်းအား ၂၈-၁၀-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁၀၀၁( ၅၈ )/၅၀၁/ ဦး ၅ ဖြင့် ဖွဲ့စည်းမိန့် ထုတ်ပြန်ထားပါသည်။

(င ) ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင်ကျင်းပသော အစိုးရအဖွဲ့အစည်း အဝေး အမှတ်စဉ် (၂၂/၂၀၁၁)၏ ခွင့်ပြုချက်အရ တိုင်းဒေသကြီး/ပြည်နယ် များတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးစိုက်ရာ မြို့မရဲစခန်း ၂၂၂ ခုအား (က)အဆင့်သို့ တိုးမြှင့်ဖွဲ့စည်းခြင်းအား ၂၈-၁၀-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁၀၀၁( ၅၄ )/၅၀၁/ ဦး ၅ ဖြင့် ဖွဲ့စည်းမိန့်ထုတ်ပြန်ထားပါသည်။

(စ) ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင်ကျင်းပသော အစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၃၂/၂၀၁၁)၏ ခွင့်ပြုချက်အရ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ နဂါးမောက်ကျေးရွာအုပ်စု၊ သောက်ရေခပ်(၂) ရေအား လျှပ်စစ်စီမံကိန်းဧရိယာအတွင်းရှိ ထုံးဘိုကျေးရွာတွင် (က)အဆင့် ရဲစခန်းအသစ် တိုးချဲ့ဖွဲ့စည်း ခြင်းအား ၂၆-၁၂-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁၀၀၁( ၃ )/၅၀၁/ ဦး ၅ ဖြင့် ဖွဲ့စည်းမိန့် ထုတ်ပြန်ထားပါသည်။

## ၁၁။ ရဲတပ်ရင်းများကွပ်ကဲမှု အဖွဲ့မှူးရုံး၊ ရဲတပ်ရင်းစုကွပ်ကဲမှုရုံးနှင့် ရဲတပ်ရင်းများ အသစ်တိုးချဲ့ ဖွဲ့စည်းခြင်း

(က) ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ကျင်းပသော အစိုးရအဖွဲ့အစည်း အဝေး အမှတ်စဉ် (၈/၂၀၁၁)၏ ခွင့်ပြုချက်အရ ရဲတပ်ရင်းများဒုတိယ ကွပ်ကဲရေးမှူးရုံး ၁ ရုံးနှင့် အမှတ်(၁၇) ရဲတပ်ရင်းအား လယ်ဝေးမြို့နယ်၊ သာဝတ္ထိတွင်လည်းကောင်း၊ အမှတ်(၁၈)ရဲတပ်ရင်းအား ပုပ္ပသီရိမြို့နယ်၊ ဖြုတ်ခွဲတွင်လည်းကောင်း၊ အမှတ်(၁၉)ရဲတပ်ရင်း အား ရေတာရှည်မြို့နယ်၊ သာဂရတွင်လည်းကောင်း အသစ်တိုးချဲ့ ဖွဲ့စည်းခြင်းအား ၆-၄-၂၀၁၁ ရက်စွဲပါ စာအမှတ်၊ ၁၀၀၁(၅၇)/ ၅၀၁/ ဦး ၅ဖြင့် ဖွဲ့စည်း မိန့်ထုတ် ပြန်ထားပါသည်။

(ခ) ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ကျင်းပသော အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂၂/၂၀၁၁)၏ ခွင့်ပြုချက်အရ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တွင် လက်ရှိရဲတပ်ရင်းများကွပ်ကဲမှုအဖွဲ့မှူး ရုံး ၁ ရုံးအား ဖွဲ့စည်းပုံ ပြင်ဆင်ခြင်းနှင့် ပြင်ဆင်ပြီးဖွဲ့စည်းပုံအတိုင်း ရဲတပ်ရင်းများကွပ်ကဲမှု အဖွဲ့မှူးရုံး ၂ ရုံး အသစ်တိုးချဲ့ဖွဲ့စည်းခြင်းအား ၂၈-၁၀-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁၀၀၁(၅၃)/၅၀၁/ ဦး ၅ ဖြင့် ဖွဲ့စည်းမိန့်ထုတ်ပြန်ထားပါသည်။

(ဂ) ၂၀၁၁ ခုနှစ်၊ စက်တင်ဘာ ၁၅ ရက်နေ့တွင် ကျင်းပသော အစိုးရအဖွဲ့အစည်း အဝေး အမှတ်စဉ် (၂၂/၂၀၁၁)၏ ခွင့်ပြုချက်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် လက်ရှိဒုတိယရဲတပ်ရင်းများကွပ်ကဲမှု အဖွဲ့မှူးရုံး ၃ ရုံးအား ရဲတပ်ရင်းစုကွပ်ကဲမှု ရုံးဟု ခေါ်ဝေါ်သတ်မှတ်ပြီး ဖွဲ့စည်းပုံပြင်ဆင်ခြင်းနှင့် ပြင်ဆင်ပြီး ဖွဲ့စည်းပုံ အတိုင်း ရဲတပ်ရင်းစုကွပ်ကဲ မှုရုံး ၆ ရုံး အသစ်တိုးချဲ့ ဖွဲ့စည်းခြင်းအား ၂၈-၁၀-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁၀၀၁(၅၂)/၅၀၁/ ဦး ၅ ဖြင့် ဖွဲ့စည်းမိန့်ထုတ်ပြန် ထားပါသည်။

(ဃ) ၂၀၁၁ ခုနှစ်၊ စက်တင်ဘာ ၁၅ ရက်နေ့တွင် ကျင်းပသော အစိုးရအဖွဲ့အစည်း အဝေး အမှတ်စဉ် (၂၂/၂၀၁၁)၏ ခွင့်ပြုချက်အရ အမှတ်(၅)ရဲတပ်ရင်း (မှော်ဘီ)၊ ရန်ကုန်တိုင်းဒေသကြီးအား ရှမ်းပြည်နယ်၊ လားရှိုးမြို့သို့ နေရာပြောင်း

ရွှေ့ခွင့်ပြုခြင်းအား ၂၈-၁၀-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁၀၀၁(၅၁)/၅၀၁/ ဦး ၅ ဖြင့် ဖွဲ့စည်းမိန့်ထုတ်ပြန်ထားပါသည်။

(င) ၂၀၁၁ ခုနှစ်၊ စက်တင်ဘာ ၁၅ ရက်နေ့တွင် ကျင်းပသော အစိုးရအဖွဲ့အစည်း အဝေး အမှတ်စဉ် (၂၂/၂၀၁၁)၏ ခွင့်ပြုချက်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ရဲတပ်ရင်း ၁၁ ရင်း၊ အသစ်တိုးချဲ့ဖွဲ့စည်းခြင်း အား ၂၈-၁၀-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁၀၀၁(၅၁)/၅၀၁/ ဦး ၅ ဖြင့် ဖွဲ့စည်းမိန့်ထုတ်ပြန် ထားပါသည်-

- အမှတ်(၂၀) ရဲတပ်ရင်း(တပ်ကုန်း)၊ နေပြည်တော်
- အမှတ် (၂၁) ရဲတပ်ရင်း( ပဲခူး)၊ ပဲခူးတိုင်းဒေသကြီး
- အမှတ်(၂၂) ရဲတပ်ရင်း (ဘားအံ)၊ ကရင်ပြည်နယ်
- အမှတ်(၂၃) ရဲတပ်ရင်း(ထားဝယ်)၊ တနင်္သာရီတိုင်းဒေသကြီး
- အမှတ်(၂၄) ရဲတပ်ရင်း(ပုသိမ်)၊ ဧရာဝတီတိုင်းဒေသကြီး
- အမှတ်(၂၅) ရဲတပ်ရင်း(မကွေး)၊ မကွေးတိုင်းဒေသကြီး
- အမှတ်(၂၆) ရဲတပ်ရင်း(တောင်ကြီး)၊ ရှမ်းပြည်နယ်
- အမှတ်(၂၇) ရဲတပ်ရင်း(လွိုင်ကော်)၊ ကယားပြည်နယ်
- အမှတ်(၂၈) ရဲတပ်ရင်း(မုံရွာ)၊ စစ်ကိုင်းတိုင်းဒေသကြီး
- အမှတ်(၂၉) ရဲတပ်ရင်း(ကလေး)၊ စစ်ကိုင်းတိုင်းဒေသကြီး
- အမှတ်(၃၀) ရဲတပ်ရင်း(မြစ်ကြီးနား)၊ ကချင်ပြည်နယ်

## ၁၂။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ၁-၁-၂၀၁၁ မှ ၃၁-၁၂-၂၀၁၁ ရက်နေ့ထိမောင်းပြန် လက်နက် တပ်ဆင်ထားရှိမှု အခြေအနေ

(က) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့၊ အထူးလုံခြုံရေး တပ်ဖွဲ့များနှင့် ရဲတပ်ရင်းများသို့ ၁-၁-၂၀၁၁ မှ ၃၁-၁၂-၂၀၁၁ ရက်နေ့ထိ မောင်းပြန်လက်နက်တပ်ဆင်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) ကချင်ပြည်နယ်ရဲတပ်ဖွဲ့တွင် ကန်ပိုက်တီ၊ ပန်ဝါ မြို့နယ်ခွဲရဲစခန်း(၂)ခု၊ ကရင် ပြည်နယ်ရဲတပ်ဖွဲ့တွင် စုကလိ၊ ဝေါလေ၊ ရှမ်းရွာသစ်မြို့နယ်ခွဲ ရဲစခန်း(၃)ခု၊ စစ်ကိုင်းတိုင်း ဒေသကြီးရဲတပ်ဖွဲ့တွင် ထန်ပါခွေ၊ ဒုံဟီး၊ ကျောက်မြောင်း၊ မိုပိုင်းလွတ်မြို့နယ်ခွဲရဲစခန်း(၄)ခု၊ ရှမ်းပြည်နယ် ရဲတပ်ဖွဲ့တွင် မိုင်းလုံ၊ မုန်းထ၊ ကာလိ၊ မိုင်းစံ(မုန်းဆန်း)၊ ခိုလန်၊

ပန်ဆိုင်း(ကြူကုတ်)၊ မော်ထိုက်၊ မန်ကန်၊ ပန်လုံမြို့နယ်ခွဲရဲစခန်း(၉)ခု၊ စုစုပေါင်းမြို့နယ်ခွဲရဲစခန်း(၁၈)ခုတွင် . ၃၈ ခြောက်လုံးပြူး ၁၆၀ လက်၊ . ၃၀၃ရိုင်ဖယ် ၂၈၄ လက်၊ အမ်-၁၆(၂၁၆)လက်၊ ဘီအေ ၉၄ (၂၄၄)လက်၊ အမ် ၂၁ (၆၀)လက်၊ အမ် ၂၂ (၅၄)လက်၊ တီ ၅၆-၁ (၄၀)လက်၊ အမ် ၂၃ (၄)လက် . ၃၀၃ စက်ကလေး (၁၀)လက်၊ ၆၀မမ မော်တာ (၁၈)လက်၊ စုစုပေါင်း (၁၀၉၀) လက် တပ်ဆင်ပြီးဖြစ်ပါသည်။

(၂) စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့နှင့် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ရုံးစိုက်မည့် မြို့များရှိ အဆင့်တိုးမြှင့် ဖွင့်လှစ်သည့် လဟယ်၊ ဟိုပုန်း၊ ပင်းတယ၊ ပန်ဆန်း၊ မိုင်းမော၊ ဟိုပန်၊ နမ့်ဆန်၊ (က)အဆင့်ရဲစခန်း (၇)ခုတွင်. ၃၈ ခြောက်လုံးပြူး ၄၆ လက်၊ တီ ၅၆ (၄၁)လက်၊ အိပ်ချ်ကေ ၃၃ (၁၆၂)လက်၊ အမ် ၂၁ (၃၈)လက်၊ အမ် ၂၂ (၃၅)လက်၊ အမ် ၂၃ (၂)လက်၊ ၄၁ မမဗုံးပစ်လောင်ချာ (၄)လက်၊ စုစုပေါင်း (၃၂၈) လက် တပ်ဆင်ပြီးဖြစ်ပါသည်။

(၃) နိုင်ငံတော်အကြီးအကဲ လုံခြုံရေးဆောင်ရွက်မည့် အထူးလုံခြုံရေး တပ်ဖွဲ့အတွက် . ၃၈ ခြောက်လုံးပြူး ၉၁ လက်၊ ၉ မမပစ္စတို (MA-5) (၄၉)လက်၊ အမ် ၁၆ (၁၄၀)လက်၊ စုစုပေါင်း (၂၈၀) လက် တပ်ဆင်ပြီးဖြစ်ပါသည်။

(၄) နေပြည်တော်တွင်အသစ်ဖွင့်လှစ်သည့် အမှတ်(၁)ရဲတပ်ရင်းစု ကွပ်ကဲမှုရုံးနှင့် လွှတ်တော်အပါအဝင် အရေးကြီးနေရာများ လုံခြုံရေးဆောင်ရွက်မည့် အမှတ်(၁၇၊ ၁၈၊ ၁၉)ရဲတပ်ရင်း ၃ ရင်းအတွက် . ၃၈ ခြောက်လုံးပြူး (၄၃) လက်၊ အမ် ၁၆ (၃၇၆)လက်၊ ဘီအေ ၉၄ (၃၃၂)လက်၊ အမ် ၂၃ (၅၂)လက်၊ ၁၂ ဘိုးပြောင်းချော (၁၀၈)လက်၊ ၄၀ မမဗုံးပစ်သေနတ်(အမိကရုဏ်း) (၁၀၈)လက်၊ ၆၀ မမမော်တာ (၆)လက်၊ စုစုပေါင်း (၁၀၂၅) လက် တပ်ဆင်ပြီးဖြစ်ပါသည်။

(၅) တိုင်းဒေသကြီး/ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများရှိ ဝန်ကြီးချုပ်၊ လွှတ်တော် ဥက္ကဋ္ဌ၊ ဝန်ကြီးများ၊ ဦးစီးအဖွဲ့များ၏ နေအိမ်နှင့် ခရီးစဉ်လုံခြုံရေး တာဝန်ယူ ဆောင်ရွက်ရသော အကူတပ်ဆွယ်လုံခြုံရေးတပ်ဖွဲ့ ၂၀ ဖွဲ့အတွက် . ၃၈ ခြောက်လုံးပြူး (၁၀)လက်၊ ဘီအေ ၉၄(၈၀)လက်၊ အမ် ၂၂ (၈၀)လက်၊ တီ ၅၆-၁ (၈၈)လက်၊ အမ် ၂၃ (၆၀)လက်၊ ၁၂ ဘိုးပြောင်းချော (၁၇၆) စုစုပေါင်း (၄၉၄) လက် တပ်ဆင်ပြီး ဖြစ်ပါသည်။

## ၁၃။ ရဲဝတ်တန်ဆာဝတ်စားဆင်ယင်မှု

- ရဲဝတ်တန်ဆာဝတ်စားဆင်ယင်မှုနှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတရုံး၏ ၂၉-၉-၂၀၁၁ ရက်စွဲပါစာအမှတ် ၂(၇)/၇ /သမ္မတရုံးနှင့် ပြည်ထဲရေးဝန်ကြီး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၏ ၃၀-၉-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁၀၀ /အထ(၃၉၃၄)/ ပထရ တို့အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၏ ၃၀-၉-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁၃၈၆(၆)/၅၀၆/ဦး ၅ ဖြင့် ဒုတိယရဲအုပ်နှင့် အထက် အရာရှိအားလုံး ၁-၁၀-၂၀၁၁ ရက်နေ့မှစ၍ တာဝန်ချိန်ဝတ်စုံများ ဝတ်ဆင်ရာတွင် အဆင့်တံဆိပ်များကို နက်ပြာပခုံးဒေါက်အမာ ( Epaulette ) ဖြင့် အောက်ပါအတိုင်း တပ်ဆင် ခွင့်ပြုခဲ့ပါသည်-




### ဆက်သွယ်ရေးဆောင်ရွက်ချက်များ

**(က) ဆက်သွယ်ရေးစက်ထပ်မံဖြည့်တင်းမှု။** ၂၀၁၁ ခုနှစ်အတွင်း ဆက်သွယ်ရေးစက်များထပ်မံဖြည့်တင်းမှုမှာ ကချင်ပြည်နယ်ရဲတပ်ဖွဲ့ နယ်မြေအတွင်း ကိုယ်ထူကိုယ်ထစနစ်ဖြင့် ခရီးတိုအထိုင်စက်(၄)လုံးအား ဆက်သွယ်မှုလွယ်ကူစွာ ရရှိစေရေး တပ်ဆင်ဆောင်ရွက်ခြင်း၊ ရှမ်းပြည်နယ် ရဲတပ်ဖွဲ့နယ်မြေအတွင်း မိုင်းဆတ်ခရိုင်၊ မိုင်းတုံမြို့နယ်၊ မုံးထမြို့နယ်ခွဲ ရဲစခန်းအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်မှ ခရီးတိုအထိုင်စက် (၁)လုံး ဖြည့်တင်းတပ်ဆင်မှုကိစ္စရပ်များအား ကြီးကြပ်ဆောင်ရွက်ပါသည်။

**(ခ) ချို့ယွင်းဆက်သွယ်ရေးစက်များ ပြင်ဆင်မှု။** မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ဗဟိုဆက်သွယ်ရေးဌာနခွဲ လက်အောက်ခံများဖြစ်သည့် တောင်ပိုင်း ဆက်သွယ်ရေး တပ်ဖွဲ့ခွဲ(ရန်ကုန်)၊ မြောက်ပိုင်းဆက်သွယ်ရေးတပ်ဖွဲ့ခွဲ (မန္တလေး)တို့ရှိ

စက်ပြင်ဌာနများမှ ၂၀၁၁ ခုနှစ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့၊ ကျောင်းများရှိ ချို့ယွင်းဆက်သွယ်ရေးစက်များအား အောက်ပါအတိုင်း ပြုပြင်ထုတ်ပေးနိုင်ခဲ့ပြီး ဆက်သွယ်မှု ကောင်းမွန်စွာ ရယူဆောင်ရွက်လျက်ရှိပါသည်-

**(၁) တောင်ပိုင်းဆက်သွယ်ရေးတပ်ဖွဲ့ခွဲ(ရန်ကုန်)**

(ကက) ကယရ - ရှားတောမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး (VX-1210)

(ခခ) မကရ - မင်းတုန်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး (VX-1210)

(ဂဂ) မပရ - လမိုင်းမြို့နယ်ခွဲရဲစခန်း (Ic-718)

(ဃဃ) ရပရ - ရွာငံမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး (VX-1210)

- နောင်တရားမြို့နယ်ခွဲရဲစခန်း (Ic-718)
- လွိုင်လင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး (Sc-120)
- မိုင်းရှူးမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး (RCA)

**(၂) မြောက်ပိုင်းဆက်သွယ်ရေးတပ်ဖွဲ့ခွဲ (မန္တလေး)**

(ကက) ခပရ - ကျီခါးမြို့နယ်ခွဲရဲစခန်း(Sc-120)

- ဆမီးရဲစခန်း(RF)
- မတူပီမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး (RF)၊
- တီးတိန်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး (RF)
- ရိဒ်မြို့နယ်ခွဲရဲစခန်း (RF)
- ထန်တလန်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး (SR-206)

(ခခ) စကရ - ထီးချိုင့်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး (RF)

- ဗန်းမောက်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး (RF)

(ဂဂ) မတရ - ကျောက်ပန်းတောင်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး (VX-1210)

- ကျောက်ဆည်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး (VX-1210)
- မြင်းခြံခရိုင်ရဲတပ်ဖွဲ့မှူးရုံး (VX-1210)

(ဂ) **ဝှက်စာဖြန့်ခွဲထားရှိမှု**။ ဆက်သွယ်မှုစနစ်လုံခြုံမှုရှိစေရန်နှင့် အရေးကြီးကြေးနန်းစာများ ပြင်ပသို့ပေါက်ကြားမှု မရှိစေရေး လျှို့ဝှက် အဆင့်သတ်မှတ်၍ ဝှက်စာနည်းဖြင့် ပေးပို့နိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ဗဟိုဆက်သွယ်ရေးဌာနခွဲမှ ဝှက်စာများတီထွင်ပြီး တိုင်းဒေသကြီး/ပြည်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့၊ ကျောင်းများသို့ ဖြန့်ခွဲအသုံးပြုလျက်ရှိရာ ၂၀၀၉ ခုနှစ်မေလ

၁၅ ရက်နေ့မှ စတင် အသုံးပြုခဲ့သော ပေါက်ကျိုင်းမင်းသား ဝှက်စာအား ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့၌ သုံးစွဲခြင်းမှရပ်ဆိုင်း၍ ပုဂံ၊ ညောင်ဦးဝှက်စာအား လက်ရှိသုံးအဖြစ် သုံးစွဲစေခဲ့ပြီး ကနောင်၊ ညောင်ရမ်း ဝှက်စာအား အရန်အဖြစ် တိုင်းဒေသကြီး/ပြည်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့၊ ကျောင်းများ သို့သိမ်းဆည်းထားရန် ညွှန်ကြားဆောင်ရွက်ခဲ့ပါသည်။

(ဃ) **လေယာဉ်၊ မီးရထား၊ သင်္ဘောတို့ဖြင့် ချောစာပို့ရှင်းမှု။** မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ဗဟိုဆက်သွယ်ရေးဌာနခွဲမှ ကြီးကြပ်၍ တောင်ပိုင်းဆက်သွယ်ရေးတပ်ဖွဲ့ခွဲ (ရန်ကုန်)နှင့် မြောက်ပိုင်းဆက်သွယ်ရေးတပ်ဖွဲ့ခွဲ (မန္တလေး)ရှိ တပ်ဖွဲ့ဝင်များမှ မီးရထား၊ သင်္ဘောတို့ဖြင့်လိုက်ပါ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ ချော လမ်းကြောင်းများအလိုက် ချောစာများ ပုံမှန်ပို့ရှင်းပေးလျက်ရှိရာ ၂၀၁၁ ခုနှစ်အတွင်း လေယာဉ်၊ မီးရထား၊ သင်္ဘောတို့ဖြင့် ချောစာအိတ်ရေ စုစုပေါင်း (၄၁၂၄၄၇)အား ပို့ရှင်းဆောင်ရွက်ခဲ့ပါသည်။

(င) **ခရီးဝေးဆက်သွယ်ရေးစက်ဖြင့် ကြေးနန်းစာပို့ရှင်းမှု။**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ဗဟိုဆက်သွယ်ရေးဌာနခွဲ၊ တောင်ပိုင်းဆက်သွယ်ရေးတပ်ဖွဲ့ခွဲ(ရန်ကုန်)နှင့် မြောက်ပိုင်းဆက်သွယ်ရေးတပ်ဖွဲ့ခွဲ(မန္တလေး)ရှိ ခရီးဝေးဆက်သွယ်ရေး စက်များဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်၊ တပ်ဖွဲ့၊ တပ်ရင်း၊ ကျောင်းများရှိ ဦးစီး စက်ဆွယ်များနှင့် ကြေးနန်းစာများအားပို့ရှင်းခဲ့ရာ ၂၀၁၁ ခုနှစ်အတွင်း ရိုးရိုး/လျှို့ဝှက် ကြေးနန်းစာ ပို့ရှင်းမှုအဝင် (၁၂၃၀၅)စောင်၊ အထွက် (၆၈၇၈)စောင်နှင့် စုစုပေါင်းစောင်ရေ (၁၉၁၈၃)စောင်အား ပို့ရှင်းလက်ခံဆောင်ရွက်ခဲ့ပါသည်။

(စ) **E-mail ဖြင့် သတင်းအချက်အလက် ပေးပို့ခြင်း။** e-Government လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သို့ အရေးကြီး၊ အရေးပေါ် အခြေနေများတွင် သတင်းအချက် အလက်များကို E-mail ဖြင့် ပေးပို့လက်ခံမှုများ ဆောင်ရွက်လျက်ရှိပြီး ခရိုင်/မြို့နယ် အဆင့်အထိ E-mail ဖြင့် ပေးပို့/လက်ခံမှုများ လုပ်ဆောင်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

(ဆ) **Network စနစ်ချိတ်ဆက်ဆောင်ရွက်ခြင်း။** မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်အတွင်းရှိဌာနများတွင် e-Government လုပ်ငန်း၏ အခြေခံ လိုအပ်ချက်များဖြစ်သော ကွန်ပျူတာများ တပ်ဆင်အသုံးပြုခြင်း၊ ဆာဗာခန်း တည်ဆောက်ပြီး ဌာနချုပ်အတွင်း Local Area Network Lan ဖြင့် ချိတ်ဆက်၍

ဒုတိယညွှန်ကြားရေးမှူးနှင့် အထက် အရာရှိကြီးများအား Internet သုံးစွဲခွင့်ပြုခြင်းများ ဆောင်ရွက်လျက် ရှိပါသည်။

(စ) **ကွန်ပျူတာစနစ်သုံး ရုံးလုပ်ငန်းများဆောင်ရွက်နိုင်မှု၊** မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သည် ဌာနတွင်း ရုံးစာများ၊ ဝန်ကြီးဌာနများသို့ တင်ပြသော ရုံးစာများအား၊ မြန်မာ ယူနီကုဒ်ဖေါင့် အသုံးပြု၍ ပေးပို့ခြင်း၊ ကွန်ပျူတာ ပရင်တာများ အသုံးပြုခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်များနှင့် ၂၄ နာရီ ပတ်လုံး E-mail ပေးပို့ဆောင်ရွက်မှုများ ပြုလုပ်နိုင် ခြင်းကို ဆောင်ရွက်လျက်ရှိပြီး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများ၊ မှုခင်းကြိုတင် ကာကွယ်ရေး လုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပြည်သူ့ထံသို့ အမြန်ဆုံးနည်းနှင့် ပေးပို့နိုင်ရန် Internet Website လွှင့်တင်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖေါ်ရန် စတင်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။

(ဆ) **Multi Band Jammer များဖြင့် လုံခြုံရေးဆောင်ရွက်ခြင်း။** မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ဗဟိုဆက်သွယ်ရေးဌာနခွဲမှ အရာရှိဦးစီး၍ တပ်ဖွဲ့ဝင်များဖြင့် လူပုဂ္ဂိုလ်၊ အခမ်းအနား၊ အဆောက်အဦလုံခြုံရေးတို့အတွက် မြန်မာ့ရိုးရာ နှစ်သစ်ကူး သင်္ကြန်ရက်များတွင် ရွှေဇည့်သည်ဟိုတယ် ရေကစားမဏ္ဍပ်နှင့် ရွှေပြည်တော်ဟိုတယ်ရေကစား မဏ္ဍပ်များ၊ အပြည်ပြည်ဆိုင်ရာ မြန်မာကွန်ဗင်းရှင်း ဗဟိုဌာန (MICC)တွင် ဆောင်ရွက်ခဲ့သည့် နိုင်ငံတော် အခမ်းအနားများ၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့ လွှတ်တော်၊ အမျိုးသား လွှတ်တော်တို့တွင် လွှတ်တော်အစည်းအဝေးများကျင်းပစဉ် Multi Band Jammer များဖြင့် လုံခြုံရေး ဆောင်ရွက်ခဲ့ပါသည်။ ၎င်းအပြင် အထူးတာဝန်တပ်ဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်အကြီးအကဲများ၏ လုံခြုံရေးလုပ်ငန်း တာဝန်များတွင် Vehicle Multi Band Jammer များ တပ်ဆင်ခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

(ဇ) **Public Address System (PA System) ဆောင်ရွက်ခြင်း။** ပြည်ထဲရေးဝန်ကြီး ဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်အတွင်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတကာအစည်း အဝေးများ၊ ဌာနများ၏ အစည်းအဝေးများတွင် အရာရှိနှင့် တပ်ဖွဲ့ဝင်များ ဦးစီး၍ PA System တပ်ဆင်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

## ဘွဲ့ထူး/ဂုဏ်ထူးနှင့်ဆုချီးမြှင့်မှု

၂၀၁၁ ခုနှစ်အတွင်း စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော တိုင်းဒေသကြီး/ ပြည်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့၊ သင်တန်းကျောင်းများမှ တပ်ဖွဲ့ဝင်နှင့်စာရေးဝန်ထမ်းများအား ဂုဏ်ထူးဆောင်တံဆိပ်များကို အောက်ပါအတိုင်း ချီးမြှင့်ခဲ့ပါသည်-

| | | | |
|---|---|---|---|
| (က) | ရဲသီဟတံဆိပ် | ၁ | ဦး |
| (ခ) | ရဲသူရတံဆိပ် | ၂ | ဦး |
| (ဂ) | ရဲမှုထမ်းကောင်းတံဆိပ် | ၅၉ | ဦး |
| (ဃ) | နိုင်ငံတော်ရဲမှုထမ်းတံဆိပ် | ၅၀၉ | ဦး |
| (င) | ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် | ၂ | ဦး |
| (စ) | ပြည်သူ့ဝန်ထမ်းတံဆိပ် | ၃၆ | ဦး |
| (ဆ) | ငြိမ်ဝပ်ပိပြားရေးနှင့်တရားဥပဒေစိုးမိုးရေးတံဆိပ် | ၁၆၄၅ | ဦး |

၂၀၁၁ ခုနှစ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့၊ ကျောင်းများမှ မှုခင်းဖော်ထုတ်နိုင်မှု၊ မူးယစ်ဆေးဝါးဖော်ထုတ်ဖမ်းဆီးနိုင်မှု၊ လုပ်ငန်းတာဝန်ကျေပွန်မှု၊ အားကစားထူးချွန်မှုများအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က အောက်ပါအတိုင်းဆုချီးမြှင့်ခဲ့ပါသည်-

| | | |
|---|---|---|
| (က) | ရာထူးအဆင့်(၃)ဆင့်တိုးမြှင့်ပေးခြင်း(အခြားအဆင့်) | ၃ ဦး |
| (ခ ) | ရာထူးအဆင့်(၂)ဆင့်တိုးမြှင့်ပေးခြင်း(အခြားအဆင့်) | ၄ ဦး |
| (ဂ ) | ရာထူးအဆင့်တိုးမြှင့်ပေးခြင်း(အရာရှိ) | ၂၃ ဦး |
| (ဃ) | ရာထူးအဆင့်တိုးမြှင့်ပေးခြင်း(အခြားအဆင့်) | ၇၁ ဦး |
| (င ) | ရဲချုပ်၏အမှုထမ်းကောင်းလက်မှတ်နှင့်ဆုငွေချီးမြှင့်ခြင်း(အရာရှိ) | ၁ ဦး |
| (စ ) | ရဲချုပ်၏အမှုထမ်းကောင်းလက်မှတ်ချီးမြှင့်ခြင်း(အရာရှိ) | ၆၆ ဦး |
| (ဆ) | ရဲချုပ်၏အမှုထမ်းကောင်းလက်မှတ်ချီးမြှင့်ခြင်း(အခြားအဆင့်) | ၅၅ ဦး |
| (ဇ ) | ရဲချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ် ချီးမြှင့်ခြင်း(အရပ်သား) | ၉ ဦး |
| (ဈ ) | ရဲချုပ်၏ ဆုငွေချီးမြှင့်ခြင်း(အရာရှိ) | ၁၁ ဦး |
| (ည) | ရဲချုပ်၏ ဆုငွေချီးမြှင့်ခြင်း(အခြားအဆင့်) | ၁၃ ဦး |

# ထောက်ပံ့ရေးဆိုင်ရာ ဆောင်ရွက်ချက်များ

## ရဲစခန်းများ မြေဂရန် ရရှိရေး၊ ရေ/မီးရရှိရေး ဆောင်ရွက်ပေးမှု

မြန်မာနိုင်ငံရဲတပ်ဖွဲ့ တိုင်းဒေသကြီး/ ပြည်နယ်များရှိ ရဲစခန်းများ၊ ရုံးများ၊ တပ်ရင်း/ တပ်ဖွဲ့နှင့် ကျောင်းများ၏ မြေကွက်စုစုပေါင်း ၅၄၀ ရှိပြီး တပ်ဖွဲ့ပိုင် အမည်ပေါက် ရရှိပြီး မြေကွက်ပေါင်းမှာ ၅၁၉ ခုဖြစ်ပါသည်။ ကျန်ရှိသည့် မြေကွက် ၂၁ ကွက်အား တပ်ဖွဲ့ပိုင် အမည်ပေါက် ဂရန် ရရှိရေးအတွက် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် နေပြည်တော် ကောင်စီသို့ အမှုတွဲများ ပြုစု၍ တင်ပြဆောင်ရွက်ထားပါသည်။ ရေရှိရေးအတွက် စက်ရေတွင်း ၅၆၆ တွင်း၊ တုံကင်တွင်း ၄၆၉ တွင်း၊ ရိုးရိုးရေတွင်း ၅၄၅ တွင်း ၊ မြစ်ရေသွယ်တန်းမှု ၂၂ ခု၊ ရေလှောင်ကန် ၁၃၃၇ ခုတို့ဖြင့် ရေရှိရေး ဆောင်ရွက်ပေးခဲ့ပါသည်။ ရဲစခန်းများ မီးရရှိရေးနှင့် ပတ်သက်၍လည်း အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ လျှပ်စစ်မီးလုံလောက်စွာရရှိရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။

## အဆောက်အဦများဆောက်လုပ်ခြင်း

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ၂၀၁၁-၂၀၁၂ခုနှစ်၊ဘဏ္ဍာရေးနှစ်အတွင်း နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ်/တပ်ရင်း/တပ်ဖွဲ့နှင့် ကျောင်းများသို့ဆောင်ရွက် ခွင့်ပြုခဲ့သော လုပ်ငန်းများမှာ တိုင်းရဲတပ်ဖွဲ့မှူးရုံး (၄)လုံး၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး(၆)လုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး/တပ်ဆွယ်ရုံး(၂၂)လုံး၊ စခန်းရုံး(အချုပ်ခန်းပါ) (၂၉)လုံး၊ တိုင်းရဲတပ်ဖွဲ့မှူး နေအိမ်(၄)လုံး၊ ခရိုင်ရဲတပ်ဖွဲ့မှူး နေအိမ်(၂၁)လုံး၊ (၆)ခန်းတွဲနေအိမ်(၁၆၄)လုံး၊ (၄)ခန်းတွဲနေအိမ် (၇၄)လုံး၊(၂)ခန်းတွဲနေအိမ်(၂၂)လုံး၊ (၃၀)ဆန့်လူပျိုဆောင်(၂၅)လုံး ဆောက်လုပ်ခြင်းနှင့်အထွေထွေလုပ်ငန်းများဖြစ်သည့်အကြီးစား မွမ်းမံခြင်း၊ရေမီး၊ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများအတွက်စုစုပေါင်းရန်ပုံငွေကျပ်သန်း (၅၁၅၃၁. ၉၁၂၁) အားခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။လုပ်ငန်းအားလုံးသတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်းပြီးစီးရေး ဆောင်ရွက်လျက်ရှိပါသည်။(အဆိုပါခွင့်ပြုလုပ်ငန်းများတွင် မြေငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သည့် ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်၊တာလေမြို့နယ်ခွဲရဲစခန်း၏ စခန်းရုံး (အချုပ်ခန်းပါ)သံကူကွန်ကရစ်(၁)လုံး၊၆ခန်းတွဲ(၁)ထပ်(၃)လုံး၊ ရဲစခန်းလူပျိုဆောင်(၁)လုံး အသစ်ဆောက်လုပ်ခြင်းလုပ်ငန်းများအပါအဝင်ဖြစ်ပါသည်။)

၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ်အတွင်း သာမန်ပြင်ဆင်ထိန်းသိမ်းစရိတ်ငွေစာရင်းမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အဆောက်အဦပြင်ဆင်ခြင်းလုပ်ငန်းများအတွက် ကျပ်သန်း(၃၃. ၃၂၉)၊ အမှတ်(၇)ရဲတပ်ရင်းတွင်ဖွင့်လှစ်သော အထူးလုံခြုံရေးသင်တန်း၏ အဆောက်အဦပြင်ဆင်ခြင်း

လုပ်ငန်းများအတွက် ကျပ်သန်း(၃. ၀၉၆)၊ မှုခင်းတပ်ဖွဲ့ခွဲ (အောက်မြန်မာနိုင်ငံ) အဆောက်အဦ ပြင်ဆင်ခြင်း လုပ်ငန်းများအတွက်ကျပ်သန်း(၂. ၅၀၀) နှင့်အမှတ်(၁) ရဲတပ်ရင်းမှအမှတ်(၁၆) ရဲတပ်ရင်း အထိ မိုးမကျမီ အဆောက်အဦပြင်ဆင်ခြင်း လုပ်ငန်းများအတွက် တပ်ရင်း(၁)ရင်းလျှင် ကျပ်သန်း(၁. ၀၀၀)ဖြင့် တပ်ရင်း(၁၆)ရင်းအတွက် စုစုပေါင်းကျပ်သန်း(၁၆. ၀၀၀) ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ တိုင်းဒေသကြီး/ပြည်နယ်/ တပ်ရင်း/ တပ်ဖွဲ့နှင့် ကျောင်းများမှ လုပ်ငန်းလိုအပ်ချက်အရ ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ခဲ့သော လုပ်ငန်းများအတွက် ကုန်ကျခဲ့သည့်ရန်ပုံငွေမှာ ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှ ကျပ်သန်း(၁၂၄. ၇၅၈)၊ ချင်းပြည်နယ် ရဲတပ်ဖွဲ့မှ ကျပ်သန်း(၀. ၄၁၁)၊ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှကျပ်သန်း(၅. ၈၅၃)၊ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ကျပ်သန်း(၁. ၇၂၅)၊ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ ကျပ်သန်း (၃၀. ၃၆၄)၊ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ကျပ်သန်း(၈၀. ၁၄၆)၊ အမှတ်(၇)ရဲတပ်ရင်းစု ကွပ်ကဲမှုရုံး(ရွှေစာရံ)မှ ကျပ်သန်း(၁. ၈၂၆)၊ အမှတ်(၁)ရဲတပ်ရင်းမှ ကျပ်သန်း(၁. ၆၄၉)၊ အမှတ်(၄)ရဲတပ်ရင်းမှ ကျပ်သန်း (၁. ၇၇၇)၊အမှတ်(၁၂)ရဲတပ်ရင်းမှ ကျပ်သန်း(၀. ၁၂၀)၊ အမှတ်(၁၄) ရဲတပ်ရင်းမှ ကျပ်သန်း (၀. ၃၉၉)၊ အမှတ်(၂)ရဲလေ့ကျင့်ရေးသင်တန်းကျောင်း (ဝက်ထီးကန်)မှ ကျပ်သန်း(၀. ၄၇၈)ဖြင့် ကျပ်သန်းပေါင်း (၂၄၉. ၅၀၆) ဖြစ်ပါသည်။

**မော်တော်ယာဉ်နှင့်ဆိုင်ကယ်များရရှိခြင်း**

၂၀၁၁-၂၀၁၂ခုဘဏ္ဍာရေးနှစ်အတွင်း အောက်ပါလုပ်ငန်းများအသုံးပြုရန်အတွက် မော်တော်ယာဉ် နှင့်ဆိုင်ကယ်များကို ယှဉ်တွဲပါအတိုင်းရရှိခဲ့ပါသည်-

| | | | |
|---|---|---|---|
| (က) | နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့အကြီးအကဲများ၏ မြို့တွင်း/မြို့ပြင်ခရီးစဉ်လုံခြုံရေးဆောင်ရွက်ရန်အတွက် ရရှိသည့် မော်တော်ယာဉ် | ၂၂ | စီး |
| (ခ) | နေပြည်တော်ရှိ လွှတ်တော်နှင့်ဆက်စပ်နယ်မြေများ လုံခြုံရေး အတွက် ရရှိသည့်မော်တော်ယာဉ် | ၂၀ | စီး |
| (ဂ ) | တိုင်းဒေသကြီး/ပြည်နယ်၊ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ရဲတပ်ဖွဲ့များအတွက် ရရှိသည့် မော်တော်ယာဉ် | ၂၀ | စီး |
| (ဃ) | ရန်ကုန်တိုင်းအစိုးရအဖွဲ့၏ တင်ပြချက်အရရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့မှူးရုံး(ရန်ကုန်)မှရဲဒေသမှူးကြီးများသုံးရန်ရရှိသည့်မော်တော်ယာဉ် | ၄ | စီး |

(င ) ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ လုပ်ငန်းအသုံးပြုရန်အတွက် ရရှိသည့်ကရိန်း မော်တော်ယာဉ် ၁ စီး

(စ ) ပြည်ထဲရေးဝန်ကြီးဌာနမှ ဝယ်ယူဖြည့်တင်းပေးသည့် ဝန်ထမ်း ကြို/ပို့ ၄၅ယောက်စီး စီးတီးဘတ်(စ်)ယာဉ် ၃ စီး

(ဆ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ အစီအစဉ်ဖြင့် ဝယ်ယူရရှိသည့် ဝန်ထမ်းကြို/ပို့ ၄၅ယောက်စီး စီးတီးဘတ်(စ်)ယာဉ် ၂ စီး

(ဇ ) နေပြည်တော်ဒေသလုံခြုံရေး တိုင်းဒေသကြီး/ပြည်နယ် များမှ လွှတ်တော် ဝန်ကြီးချုပ်နေအိမ်၊ဝန်ကြီးနေအိမ် များနှင့် ဆက်စပ်နယ်မြေများ လုံခြုံရေးဆောင်ရွက်ရန် အတွက်ရရှိသည့် မော်တော်ဆိုင်ကယ်မျိုးစုံ ၁၈၀ စီး

(ဈ ) တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် ရှေ့ပြေး မော်တော်ဆိုင်ကယ်(ဧည့်သည်ယာဉ်တန်းအသုံးပြု) ၄၀ စီး

(ည) နိုင်ငံတော်အဆင့်အခမ်းအနားများသုံးရန် ရရှိသည့် မော်တော်ယာဉ်မျိုးစုံ(ရှေ့ပြေးမီးတန်းယာဉ်(ဆလွန်း)၂၀စီး၊ ရှေ့ပြေးမီးတန်း ၂၈ စီး၊ ယာဉ်(ဗင်)လုံခြုံရေးယာဉ် (ဟွန်ဒါစီအာဗွီ)၇စီး၊လုံခြုံရေးယာဉ်(ပါဂျဲရိုး) ၃၀စီး၊ Commandယာဉ် (ဒေါင်ဖန်း) ၁၅စီး) ၁၀၀ စီး

(ဋ ) နေပြည်တော်ဒေသ လုံခြုံရေးဆောင်ရွက်ရန်အတွက်ရရှိသည့် မော်တော်ဆိုင်ကယ်မျိုးစုံ ၅၃ စီး

**လက်နက်ခဲယမ်းများတပ်ဆင်ထုတ်ပေးခြင်း**

ပြည်ထောင်စု/တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲများ၏ လုံခြုံရေးဆောင်ရွက်ရန်၊ ဖွဲ့စည်းပုံတိုးချဲ့ရဲစခန်းနှင့် ရဲတပ်ရင်းများအသုံးပြုရန်နှင့် လေ့ကျင့်ရေးကျောင်းမှ သင်တန်းသားများအသုံးပြုရန် ၂၀၁၁ခုနှစ်အတွင်းလက်နက်မျိုးစုံ ႀ ၃၈ဘို့ခြောက်လုံးပြူး (၃၆၁)လက်၊ဇမမပစ္စတို (၅၉)လက်၊ဇမမစတင်း(၃)လက်၊ ဇမမစတင်း(ဘီအေ-၉၄) (၆၅၆) လက်၊ ႀ ၃၀ကာဘိုင် (၇၂)လက်၊ ႀ ၃၀၃ရိုင်ဖယ် (၃၈၅)လက်၊အမ်-၁၆ မောင်းပြန်ရိုင်ဖယ် (၇၃၂)လက်၊အိပ်ချ်ကေ-၃၃မောင်းပြန်ရိုင်ဖယ် (၁၂၆)လက်၊အမ်-၂၁မောင်းပြန်ရိုင်ဖယ် (၉၈)လက်၊အမ်-၂၂မောင်းပြန်ရိုင်ဖယ် (၂၃၇)လက်၊ဘီအေ-၆၃မောင်းပြန်ရိုင်ဖယ် (၄၈)လက်၊အမ်-၂၁(တီ-၅၆) မောင်းပြန်ရိုင်ဖယ် (၂၀၄)လက်၊၁၂-ဘို့ပြောင်းချော (၂၈၄)လက်၊၄၀မမလောင်ချာ

(၁၀၈)လက်၊၄၁မမလောင်ချာ (၄)လက်၊. ၃၀၃စက္ကလေး (၁၅)လက်၊အမ်-၂၃စက္ကလေး (၁၁၈)လက်၊၆၀မမမော်တာ (၂၄)လက်၊စုစုပေါင်း လက်နက်မျိုးစုံ (၃၅၃၄)လက်နှင့်ခဲယမ်းမျိုးစုံ . ၃၈ဘို့ခြောက်လုံးပြူးကျည် (၃၉၀၀)တောင့်၊၉မမကျည်(LV) (၈၈၂)တောင့်၊၉မမကျည်(HV) (၇၆၃၀၀)တောင့်၊ . ၃၀ကာဘိုင်ကျည်(၉၀၅၀)တောင့်၊. ၃၀၃ကျည် (၃၇၇၅၀)တောင့်၊ ၅. ၅၆မမကျည် (၇၂၂၀၀)တောင့်၊၇. ၆၂×၅၁မမကျည် (၆၁၀၀)တောင့်၊၇. ၆၂×၃၉မမကျည် (၉၃၆၀၀)တောင့်၊ ၁၂ဘို့ကျည် (၁၃၉၁၃)တောင့်၊. ၃၀၃ပိုကျည် (၁၆၀၀)တောင့်၊၄၁မမဗုံးသီး (၈၀)လုံး၊၄၀မမဗုံးသီး (၁၉၄၄)လုံး၊၆၀မမဗုံးသီး (၅၇၆)လုံး၊ပလပ်စတစ်လက်ပစ်ဗုံး (၁၀၀)လုံး၊မီးခိုးဖြူလက်ပစ်ဗုံး (၁၆၂၀)လုံး၊စုစုပေါင်း ခဲယမ်းမျိုးစုံ (၃၁၉၆၁၅)တောင့်တို့အား ထုတ်ပေးတပ်ဆင်ခဲ့ပါသည်။

**စက်ကိရိယာပစ္စည်းများဝယ်ယူဖြည့်ဆည်းခြင်း**

၂၀၁၁ခုနှစ်အတွင်း ၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ်ဝယ်ယူခွင့်ပြုစက်ကိရိယာများအနက် ကျပ်သန်း (၁၇၀. ၂၉၄၅)တန်ဘိုးရှိစက်နှင့်စက်ကိရိယာ၊မှုခင်းဖြစ်ရပ်သုံး ပစ္စည်းကိရိယာ (၂)မျိုး၊ဓါတုဗေဒစစ်ဆေးရေး သုံးပစ္စည်းကိရိယာ(၉)မျိုး၊ကွန်ပျူတာနှင့်ဆက်စပ် ပစ္စည်း(၁၇)မျိုးနှင့် ရုံးသုံးစက်ကိရိယာ(၁၁)မျိုး စုစုပေါင်း(၃၉)မျိုး ဝယ်ယူဖြည့်ဆည်းခဲ့ပြီးဖြစ်ပါသည်။

**စက်သုံးဆီခွဲတမ်းတိုးမြှင့်ရရှိခြင်း**

နိုင်ငံတော်သမ္မတ၊ဒုသမ္မတနှင့်လွှတ်တော်ဥက္ကဋ္ဌများ၏ လုံခြုံရေးမော်တော်ယာဉ်(၂၂)စီး အသုံးပြုရန် အတွက် စွမ်းအင်ဝန်ကြီးဌာနမှ ၂၀၁၁ခုနှစ်၊ဇွန်လမှစတင်၍ ဒီဇယ်ဆီ(၈၀၀)ဂါလံ အားလည်းကောင်း၊ နိုင်ငံတော်သမ္မတ၊ဒုသမ္မတနှင့်လွှတ်တော်ဥက္ကဋ္ဌများ၏ လုံခြုံရေးမော်တော် ယာဉ်(၂၂)စီးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လွှတ်တော်လုံခြုံရေးဆောင်ရွက်သည့် မော်တော်ယာဉ် (၂၀)စီး စုစုပေါင်း(၄၂)စီးအတွက် ၂၀၁၁ခုနှစ်၊ ဒီဇင်ဘာလမှစ၍ ဒီဇယ်ဆီ (၂၀၀၀)ဂါလံအား လည်းကောင်း လစဉ်ရရှိစက်သုံးဆီခွဲတမ်းတိုးမြှင့်ပေးခဲ့ပါသည်။

**ရိက္ခာငွေ (၅၀၀ိ/-)ကျပ် တိုးမြှင့်ခံစားခွင့်ပြုခြင်း**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ရသုံးခန့်မှန်းခြေ ငွေစာရင်းဦးစီးဌာန၏ ၁၇-၆-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ဘ- ၃(၉)/ ဘတ်ဂျက်(၁၃/၂၀၁၁) အရ တပ်ဖွဲ့ဝင်များ၏ ရိက္ခာစရိတ်ငွေ များအား တိုးမြှင့်ခံစားခွင့်ပြုခဲ့ပါသည်။



တပ်ကုန်းမြို့နယ်ရဲတပ်ဖွဲ့ မိသားစုနေအိမ်လိုင်းခန်း ဆောက်လုပ်ပြီးစီးမှုအား တွေ့ရစဉ်




အမှတ်(၁) ရဲတပ်ရင်းစုမှူးရုံး ရုံးအဆောက်အဦ ဆောက်လုပ်ပြီးစီးမှုအား တွေ့ရစဉ်




**လုံခြုံရေးဆောင်ရွက်ရန်အတွက် နိုင်ငံတော်မှ ရဲတပ်ဖွဲ့သို့ထုတ်ပေးထားသော မော်တော်ယာဉ်များ**

## နိဂုံး

မြန်မာနိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဦးတည်လျှောက်လှမ်းလျက်ရှိပေသည်။ ယင်းသို့လျှောက်လှမ်းရာတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတော်မှ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များချမှတ်ဆောင်ရွက်လျက်ရှိရာ အံ့မခန်းလောက် အောင်ပင် အောင်မြင်မှုများ ရရှိနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေကြရပါသည်။ နိုင်ငံ တစ်ဝှမ်းလုံးတွင် နိုင်ငံရေး တည်ငြိမ်မှုရရှိပြီး လမ်းပန်းဆက်သွယ်ရေးများကောင်းမွန်ကာ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို နိုင်ငံခေါင်းဆောင်များ၏ ဦးဆောင်မှု၊ တာဝန်ရှိသူအဆင့်ဆင့်၏ ကြိုးကြပ်ကွပ်ကဲမှု၊ တိုင်းရင်းသား လုပ်သားပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် နေ့မအား ညမနား ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့်လည်း ပြည်သူ တစ်ရပ်လုံးနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတာဝန်တို့ကို ပင်မတာဝန်တစ်ရပ်အနေဖြင့် တာဝန်ယူ ဆောင်ရွက်နေရပြီး လိုအပ်ပါက နိုင်ငံတော်လုံခြုံရေး တာဝန်ကို တပ်မတော်နှင့် ညီနောင်တပ်ဖွဲ့အသွင် လက်တွဲဆောင်ရွက်ရမည့် အဖွဲ့အစည်းဖြစ်ရာ တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး ဥပဒေ၏ အရိပ်အောက်တွင် အေးချမ်းပျော်ရွှင်စွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရန်အတွက် အစဉ်နိုးကြားတက်ကြွစွာ တာဝန်ထမ်းဆောင်နေသော အဖွဲ့အစည်းဖြစ်သည့် အားလျော်စွာ ပြည်သူတစ်ရပ်လုံး အေးချမ်းသာယာစွာ နေထိုင်နိုင်မည့် စည်းကမ်းပြည့်ဝသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်မှုတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ရင်း နိုင်ငံတော်နှင့် ပြည်သူ၏အကျိုးကို ထာဝစဉ် ကာကွယ်စောင့်ရှောက် သွားမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့





